# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။

အတွဲ (၅၂)
အမှတ် (၁၇၀)

Established in 1914

**Myanma Alinn Daily**

၁၃၇၃ ခုနှစ်၊ တပေါင်းလဆန်း ၈ ရက်

၂၀၁၂ ခုနှစ်၊ မတ် ၁၉ရက်၊ အင်္ဂါနေ့။


## နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ကိုရီးယားသမ္မတနိုင်ငံဝန်ကြီးချုပ်ထံ ဝမ်းမြောက်ကြောင်းသဝဏ်လွှာပေးပို့

နေပြည်တော် မတ် ၁၈

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံမှ ကိုရီးယားသမ္မတနိုင်ငံဝန်ကြီးချုပ်အဖြစ် ခန့်အပ်ခံရသည့် မစ္စတာ ဂျောင်ဟုန်ဝန်ထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။

(သတင်းစဉ်)

# စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုနှင့် ပြည်သူများချမ်းသာလာစေရန် ကုန်သွယ်ရေးနှင့် ရင်းနှီးမြှုပ်နှံမှုများကို တံခါးဖွင့်ပေးနိုင် ဩစတြေးလျနှင့် မြန်မာနိုင်ငံတို့အကြား မိတ်ဖက်ဖြစ်မှု၊ ရင်းနှီးချစ်ကြည်မှုများအတွက် စာမျက်နှာသစ်ဖွင့်လှစ်နိုင်ခဲ့

နေပြည်တော် မတ် ၁၈

**ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် မတ် ၁၈ ရက် နံနက်ပိုင်းတွင် ဩစတြေးလျနေသဟာယနိုင်ငံ ကင်ဘာရာမြို့တော်ရှိ ပါလီမန်အဆောက်အအုံအတွင်းရှိ ဝန်ကြီးချုပ်ရုံး၌ ဩစတြေးလျနေသဟာယနိုင်ငံ ဝန်ကြီးချုပ် မစ္စဂျူလီယားဂေးလာ့ဒ်နှင့်တွေ့ဆုံ၍ နှစ်နိုင်ငံပိုမိုပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ ကိစ္စရပ်များကို ဆွေးနွေးကြသည်။**

ရှေးဦးစွာ နိုင်ငံတော်သမ္မတသည် ဝန်ကြီးချုပ်ရုံးသို့ရောက်ရှိလာရာ ဩစတြေးလျနေသဟာယနိုင်ငံ ဝန်ကြီးချုပ် မစ္စဂျူလီယားဂေးလာ့ဒ်က ရင်းနှီးခင်မင်စွာ ကြိုဆိုနှုတ်ဆက်သည်။

ထို့နောက် နိုင်ငံတော်သမ္မတနှင့် ဩစတြေးလျနေသဟာယနိုင်ငံ ဝန်ကြီးချုပ်နှင့်အတူ မှတ်တမ်းတင် ဓာတ်ပုံရိုက်ကြပြီးနောက် ဧည့်သည်တော်မှတ်တမ်းစာအုပ်၌ လက်မှတ်ရေးထိုးသည်။

ယင်းနောက် နိုင်ငံတော်သမ္မတနှင့်ဩစတြေးလျနေသဟာယနိုင်ငံဝန်ကြီးချုပ်တို့သည် သီးသန့်ဧည့်ခန်း၌ တွေ့ဆုံဆွေးနွေးကြသည်။

တွေ့ဆုံရာတွင် နိုင်ငံတော်သမ္မတနှင့် ဩစတြေးလျနိုင်ငံဝန်ကြီးချုပ်တို့သည် နှစ်နိုင်ငံအကျိုးတူ ပူးပေါင်းဆောင်ရွက်နိုင်မည့်ကဏ္ဍများကို အပြန်အလှန်အမြင်ချင်းဖလှယ်ခဲ့ကြသည်။

တွေ့ဆုံပွဲအပြီးတွင် နိုင်ငံတော်သမ္မတနှင့် ဩစတြေးလျနိုင်ငံဝန်ကြီးချုပ်တို့သည် ဝန်ကြီးချုပ်ရုံး၌ ပူးတွဲ သတင်းစာရှင်းလင်းပွဲတစ်ရပ်ကျင်းပပြီး သတင်းထောက်များ၏ မေးမြန်းချက်များကို ဖြေကြားခဲ့သည်။

သတင်းစာရှင်းလင်းပွဲ၌ ဩစတြေးလျနေသဟာယနိုင်ငံဝန်ကြီးချုပ်က ပြောကြားရာတွင် သမ္မတကြီး၏ အလည်အပတ်ခရီးစဉ်သည် ၂၀၁၁ ခုနှစ်မှစ၍ မြန်မာနိုင်ငံတွင် အရပ်သားအစိုးရ ပေါ်ထွန်းခဲ့ပြီးနောက် ဆောင်ရွက်ခဲ့သော ပြုပြင်ပြောင်းလဲရေးလုပ်ငန်းစဉ်များကို ထင်ဟပ်ပေါ်လွင်စေပါကြောင်း။

အဆိုပါလုပ်ငန်းစဉ်များကြောင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုနှင့် ပြည်သူများ ချမ်းသာကြွယ်ဝလာစေရန် အဆွေတော်အနေဖြင့် ကုန်သွယ်ရေးနှင့် ရင်းနှီးမြှုပ်နှံမှုကဏ္ဍများကို တံခါးဖွင့်ပေးနိုင်ခဲ့ပြီး အနာဂတ်တွင် ဒေသတွင်း၌ မြန်မာနိုင်ငံအား နေရာမှန်သို့ ရောက်ရှိစေရန်လည်း တွန်းပို့ပေးနိုင်ခဲ့ပါကြောင်း။

*စာမျက်နှာ ၃ ကော်လံ ၁* ✻

နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့် ဩစတြေးလျ နေသဟာယနိုင်ငံဝန်ကြီးချုပ် မစ္စဂျူလီယားဂေးလာ့ဒ်တို့ ဝန်ကြီးချုပ်ရုံး၌ ပူးတွဲသတင်းစာရှင်းလင်းပွဲ ကျင်းပစဉ်။ (သတင်းစဉ်)

**မြန်မာနိုင်ငံသည်လည်း ဩစတြေးလျနိုင်ငံကဲ့သို့ ငြိမ်းချမ်းမှုရှိစွာဖြင့် ဒီမိုကရေစီထွန်းကားပြီး ချမ်းသာကြွယ်ဝသည့် နိုင်ငံတစ်နိုင်ငံဖြစ်ရန် မိမိအနေဖြင့် စိတ်ရင်း စေတနာမှန်ဖြင့် ယုံကြည်မျှော်လင့်။**

## ခရမ်းသီးပုံမှန်စားသုံးလျှင် အရေပြားရောဂါဖြစ်ပွားမှုလျော့ကျနိုင်

ခရမ်းသီး စားသုံးပေးခြင်းသည် အရေပြားရောဂါနှင့် ဦးခေါင်းကိုက်ခြင်းရောဂါများ ဖြစ်ပွားမှုကို လျော့ကျစေနိုင်ကြောင်း အိန္ဒိယနိုင်ငံမှ ကျန်းမာရေး သုတေသနပညာရှင်များက ပြောကြားသည်။ခရမ်းသီးတွင် အမျှင်ဓာတ်၊ ပရိုတိန်း၊ ဗီတာမင် B6၊ ဗီတာမင်စီ၊ ကယ်လ်ဆီယမ်၊ သံဓာတ်၊ မဂ္ဂနီဆီယမ်၊ ဖော့စပရပ်စ်၊ ပိုတက်ဆီယမ်နှင့် ဇင့်ဓာတ်များပါရှိသည်။ ထို့ကြောင့် အစာအိမ်ရောဂါနှင့် သွေးပေါင်ချိန်မြင့်တက်မှုများကိုလည်း လျော့ကျစေနိုင်သည်။

အိန္ဒိယနိုင်ငံရှိ အမျိုးသား အမျိုးသမီး ၂၀၀၀ ကျော်ကို နှစ်အတန်ကြာ လေ့လာသုတေသနပြုခဲ့ရာ အရေပြားရောဂါ၊ အစာအိမ်ရောဂါနှင့် ဦးခေါင်းကိုက်ခြင်းရောဂါများ ဖြစ်ပွားမှု အလွန်နည်းပါးကြောင်း တွေ့ရှိခဲ့သည်။

ထို့အပြင်ဘရာဇီးနိုင်ငံမှ ကျန်းမာရေးဆိုင်ရာ သုတေသနပညာရှင်များ၏ လေ့လာသုတေသနပြုချက်အရ ခရမ်းသီးကို သီတင်းတစ်ပတ်လျှင် သုံးကြိမ်ခန့် စားသုံးပေးပါက နှလုံးရောဂါဖြစ်ပွားမှုကို လျော့ကျစေနိုင်ကြောင်း ဖော်ပြထားသည်။ တစ်ဖန် ခရမ်းသီးကို ပုံမှန်စားသုံးသူများသည် ခန္ဓာကိုယ်၌ ကိုလက်စထရောများ ကျဆင်းစေပြီး ကိုယ်အလေးချိန်များပြားမှုကိုလျှော့ချရာတွင်လည်း အထောက်အကူပြုနိုင်ကြောင်း ဘရာဇီးနိုင်ငံမှ ကျန်းမာရေးဆိုင်ရာ သုတေသနပညာရှင်များက ပြောကြားသည်။ **(ဆင်ဟွာ)**

➤ **မောင်ကြည်ဆွေ-ရေးသည်** ➤


အေကိုဇော - ဂျီ ခရင်(မ်)

ဘက်တီးရီးယားနှင့် မှိုရောဂါ အမျိုးမျိုးကြောင့် ဖြစ်ပေါ်သော အရေပြားရောင်ရမ်းခြင်းနှင့်ယားနာခြင်း အမျိုးမျိုး တို့အတွက်အကောင်းဆုံး လိမ်းဆေး

For Dermatomycosis

ACOZOL-G Cream

## မြန်မာ့အလင်း အယ်ဒီတာ့အာဘော်

### လိုရာပစ်ခွင်း မြားတစ်စင်း

မြားပစ်သမားတစ်ဦးအနေဖြင့် ပြိုင်ပွဲတိုင်းတွင် မိမိပစ်လိုက်သောမြားတစ်စင်း ပစ်မှတ်ဗဟိုချက်တည့်တည့်ကို ထိမှန်အောင်ပစ်ကြရသည်။ ထိုသို့ ဗဟိုချက်ကို ထိမှန်အောင် ပစ်ခတ်နိုင်ရေးသည် လွယ်ကူလှသည့်အလုပ်မဟုတ်။ အလေ့အကျင့်နှင့် အာရုံစူးစိုက်ခြင်းမရှိလျှင် ဗဟိုချက်ကို ထိမှန်အောင် ပစ်နိုင်လိမ့်မည်မဟုတ်၊ မြားပစ်သမားတိုင်း လိုရာပစ်မှတ်ကို ထိမှန်အောင် ပစ်နိုင်ရေးတွင် အာရုံစူးစိုက်မှုသည် အရေးအကြီးဆုံးအချက်ပင်ဖြစ်သည်။

ထိုနည်းငှင်းပင် ကျွန်ုပ်တို့အနေဖြင့် လိုရာပစ်မှတ်များကို ထိမှန်အောင်ပစ်နိုင်ရေး၌ အာရုံစူးစိုက်မှု အပြည့်ရှိရန်လိုအပ်သည်ကို တွေ့ရပေ၏။ ကျွန်ုပ်တို့ပစ်မှတ်များသည်ကား မြားပစ်သမားများ၏ ဗဟိုစက်ဝိုင်းပစ်မှတ်များမဟုတ်။ မိမိတို့လုပ်ကိုင်နေသော အလုပ်အကိုင်များ၊ လုပ်ငန်းကိုင်ငန်းများ၊ လိုအင်ဆန္ဒများ၊ ရည်မှန်းချက်၊ ရည်ရွယ်ချက်များပင်ဖြစ်သည်။ လုပ်ငန်းကိုင်ငန်းများ အောင်မြင်ပြီးမြောက်ရန်သော်လည်းကောင်း၊ ရည်မှန်းချက် ရည်ရွယ်ချက်များ အောင်မြင်ပေါက်မြောက်ရန်သော်လည်းကောင်း၊ လိုအင်ဆန္ဒများ ပြည့်ဝစေရန်သော်လည်းကောင်း၊ အာရုံစူးစိုက်လုပ်ကိုင်ခြင်းမှတစ်ပါး အခြားမရှိနိုင်။ အာရုံစူးစိုက်လုပ်ကိုင်ရေးသည် အရေးအကြီးဆုံး အချက်တစ်ခုပင်ဖြစ်သည်။

တစ်နည်းအားဖြင့် အာရုံစူးစိုက်လုပ်ကိုင်ခြင်းသည် စိတ်ဝင်တစားလုပ်ကိုင်ခြင်းပင်ဖြစ်သည်။ အလုပ်တစ်ခုကို စိတ်ဝင်စားစွာလုပ်ကိုင်ခြင်းနှင့် စိတ်ဝင်စားမှုမရှိခြင်းတို့သည် မည်ရွေ့မည်မျှ ကွာခြားသည်ကို လူတိုင်းပင်သိကြသည်။

မြားပစ်သမားတစ်ဦးတစ်ယောက်က ပစ်မှတ်ကို အာရုံစူးစိုက်ခြင်းမရှိဘဲပစ်လိုက်သော မြားတစ်စင်းသည် ပစ်မှတ်ထဲမဝင်ဘဲ လွဲချော်သွားနိုင်သည်။ မည်မျှပင်လေ့ကျင့်မှု အားကောင်းသည့် မြားပစ်သမားဖြစ်လင့်ကစား အာရုံစူးစိုက်ခြင်း (သို့မဟုတ်) စိတ်ဝင်စားမှုမရှိလျှင် ပစ်မှတ်နှင့်လွဲချော်သွားနိုင်သည်။

ကျွန်ုပ်တို့အနေဖြင့်လည်း မိမိတို့ လုပ်ကိုင်သော အလုပ်အကိုင်များ၊ ရည်မှန်းချက်၊ ရည်ရွယ်ချက်များတွင် စိတ်ဝင်စားမှု၊ အာရုံစူးစိုက်မှုမရှိသော် ရည်မှန်းချက်များအောင်မြင်ပြီးမြောက်ရန် ဝေးနေမည်သာဖြစ်ပြီး အလွဲလွဲအချော်ချော် အမှားမှား အယွင်းယွင်း ဖြစ်နေမည်မှာ သေချာသည်။

ထို့ကြောင့် မိမိတို့လုပ်ကိုင်နေသော ရည်မှန်းချက် ရည်ရွယ်ချက်များ၊ လိုအင်ဆန္ဒများ အောင်မြင်ပြီးမြောက်စေရန်အတွက် မြားပစ်သမားကောင်းတစ်ဦးကဲ့သို့ လိုရာပစ်မှတ်ကို ထိမှန်အောင်ပစ်နိုင်ရန် အာရုံစူးစိုက်လုပ်ကိုင်ရေးသည် အထူးအရေးကြီးသည် ဖြစ်ပေကြောင်း။ ။

အမြို့မြို့ အနယ်နယ် ပျံ့သည့် သတင်းစာ မြန်မာ့အလင်း တွင် ကြော်ငြာပါ။

ပြည်တွင်းသတင်း

## သုတေသနပူးပေါင်းဆောင်ရွက်ရေး နားလည်မှုစာချွန်လွှာ လက်မှတ်ရေးထိုး

**ရန်ကုန် မတ် ၁၈**

နိုင်ငံတကာတက္ကသိုလ်များနှင့် ပူးပေါင်းဆောင်ရွက်ရေး လုပ်ငန်းစဉ်တစ်ရပ်အဖြစ် ပညာရေးဝန်ကြီးဌာန ပုသိမ်တက္ကသိုလ်နှင့် ဂျပန်နိုင်ငံ အမျိုးသားနည်းပညာ အကဲဖြတ်တက္ကသိုလ် (National Institute of Technology and Evaluation) အကြား သုတေသန ပူးပေါင်းဆောင်ရွက်ရေး နားလည်မှုစာချွန်လွှာ လက်မှတ်ရေးထိုးပွဲအခမ်းအနားကို မတ် ၁၇ ရက် နံနက် ၁၀ နာရီတွင် ရန်ကုန်မြို့ အဆင့်မြင့်ပညာဦးစီးဌာန (အောက်မြန်မာပြည်)၌ ကျင်းပရာ အဆင့်မြင့်ပညာဦးစီးဌာန (အောက်မြန်မာပြည်) ညွှန်ကြားရေးမှူးချုပ် ဦးဇော်ငွေနှင့် ဂျပန်နိုင်ငံ အမျိုးသားနည်းပညာ အကဲဖြတ်တက္ကသိုလ်မှ President Dr. Itaru YASUI တို့က ဇီဝအရင်းအမြစ်များ ထိန်းသိမ်းရေးနှင့် ရေရှည်အသုံးပြုရေးအတွက် သုတေသန ပူးပေါင်းဆောင်ရွက်ရေး နားလည်မှုစာချွန်လွှာ (MoU)ကို လက်မှတ်ရေးထိုးကြပြီး ပုသိမ်တက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာညွန့်ဖေနှင့် ဂျပန်နိုင်ငံ အမျိုးသားနည်းပညာ အကဲဖြတ်တက္ကသိုလ်မှ ညွှန်ကြားရေးမှူးချုပ် Mr. Junichi Nakagawa တို့က စီမံကိန်းသဘောတူညီချက်ကို လက်မှတ်ရေးထိုးကြသည်။

အဆိုပါသုတေသန ပူးပေါင်းဆောင်ရွက်ရေး နားလည်မှုစာချွန်လွှာမှာ ၂၀၀၄ ခုနှစ်က ချုပ်ဆိုခဲ့သော နားလည်မှုစာချွန်လွှာကို အသစ်တစ်ဖန် လက်မှတ်ရေးထိုးခြင်းဖြစ်ပြီး ပုသိမ်တက္ကသိုလ်နှင့် ဂျပန်နိုင်ငံ အမျိုးသားနည်းပညာ အကဲဖြတ် တက္ကသိုလ်တို့အကြား ဇီဝအရင်းအမြစ်များ ထိန်းသိမ်းရေးနှင့် ရေရှည်အသုံးပြုရေး သုတေသနလုပ်ငန်းများ ပူးပေါင်းဆောင်ရွက်ကြမည်ဖြစ်ကြောင်း သိရသည်။ **(သတင်းစဉ်)**

## အမှိုက်စွန့်ချောင်းလေး

ထင်သာမြင်သာ ပြုပြင်စရာ

ပုသိမ်မြို့ အမှတ်(၅)ရပ်ကွက် တက်ဆိပ်ချောင်းကလေးသည် တစ်ချိန်က မြို့ကျက်သရေဆောင် သဘာဝ အလှအပပေးထားသော ချောင်းလေး တစ်ခုအဖြစ် တည်ရှိသည်။ ပုသိမ်အနောက်ပိုင်းနှင့် အရှေ့ပိုင်းခြမ်းရှိ ကျေးလက်နေပြည်သူများ ဆန်စပါး၊ ထင်းမီးသွေး၊ သစ်၊ ဝါး၊ ဓနိ သယ်ယူပို့ဆောင်/ရောင်းဝယ်ဖောက်ကားမှု ဖွံ့ဖြိုးစည်ပင်ခဲ့သော စက်လှေဆိပ်ဖြစ်ခဲ့သည်။ မီးဘေးအန္တရာယ်ကာကွယ်ရေးအပြည့်အဝ အားထားရသော ချောင်းလည်းဖြစ်သည်။

သို့သော်လည်း တက်ဆိပ်ချောင်း၏ ဝဲယာတွင် မှီတင်းနေထိုင်ကြသော စည်းကမ်းမဲ့ပြည်သူအချို့က အိမ်မြေချဲ့ထွင်ဆောက်လုပ်ခြင်း၊ အိမ်သာများတည်ဆောက်ခြင်း၊ ညစ်ညမ်းအမှိုက်များ စွန့်ပစ်ခြင်းတို့ကြောင့် တက်ဆိပ်ချောင်း၏ မြင်ကွင်းသည် အကျည်းတန် အရုပ်ဆိုးနေသည်ကို မြင်တွေ့ရသဖြင့် ထင်သာမြင်သာ တင်ပြလိုက်ရပါသည်။

**(ပုသိမ်-လှကြည်)**



## ဗန်ကောက်အပြည်ပြည်ဆိုင်ရာ ဖက်ရှင်ပြပွဲ မြန်မာဒီဇိုင်နာများ ပါဝင်ပြသ

**ရန်ကုန် မတ် ၁၈**

ထိုင်းနိုင်ငံ ဗန်ကောက်မြို့တွင် မတ် ၁၃ ရက်မှ ၁၇ ရက်အထိကျင်းပသည့် ထိုင်းနိုင်ငံ ဗန်ကောက်အပြည်ပြည်ဆိုင်ရာဖက်ရှင်ပြပွဲသို့ တက်ရောက်၍ ဖက်ရှင်ဒီဇိုင်းအဝတ်အထည်များကို ခင်းကျင်းပြသရန်အတွက် မမဥ္စူဦးဆောင်သည့် အဖွဲ့ဝင်ငါးဦးပါ မြန်မာဖက်ရှင်ဒီဇိုင်နာအဖွဲ့သည် မတ် ၁၁ ရက်က ရန်ကုန်မြို့မှ လေကြောင်းဖြင့် ထွက်ခွာသွားခဲ့သည်။

ထိုင်းနိုင်ငံ ဗန်ကောက်မြို့ အပြည်ပြည်ဆိုင်ရာဖက်ရှင်ပြပွဲသို့ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် ဦးဆောင်မှုဖြင့် နှစ်စဉ်ပါဝင်ပြသလေ့ရှိသည့် အဆိုပါပြပွဲသို့ အာဆီယံနိုင်ငံများနှင့် အာရှနိုင်ငံများတို့မှ ပါဝင်ပြသပြီး မြန်မာနိုင်ငံမှ ရွှေကုံ့ကော်၊ Mode၊ မြပွင့်ဖြူ၊ အိုင်းရစ်၊ ကောင်းမြတ်နှင့် မေမျိုးတို့ပါဝင်ပြီး ၎င်းတို့တီထွင်ထုတ်လုပ်ထားသော မြန်မာလက်မှုအနုပညာဒီဇိုင်းများ၊ ခေတ်ပေါ်ဒီဇိုင်းများဖြင့် ဖက်ရှင်ဒီဇိုင်း အဝတ်အထည်များကို မြန်မာနိုင်ငံကိုယ်စားပြုကာ ခင်းကျင်းပြသခဲ့ကြောင်း သိရှိရသည်။

**(အောင်သူရ)**

**Organization to Promote Japanese Restaurant Abroad (JRO)နှင့် ဂျပန်နိုင်ငံခြားရေးဝန်ကြီးဌာန (MOFA)တို့၏ ဖိတ်ကြားချက်အရ မြန်မာနိုင်ငံ စားသောက်ဆိုင်လုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌ ဦးဉာဏ်လင်း၊ ဒုတိယဥက္ကဋ္ဌများဖြစ်ကြသော ဦးခင်အောင်ထွန်း၊ ဦးဆန်နီအောင်ခင်၊ ဦးအေးကြည်၊ အထွေထွေအတွင်းရေးမှူး ဦးကျော်မြတ်မိုးတို့ပါဝင်သော ကိုယ်စားလှယ်များသည် မတ် ၁၇ ရက်က ဂျပန်နိုင်ငံ တိုကျိုမြို့သို့ မထွက်ခွာမီ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ တွေ့ရစဉ်။**

သတင်းထောက်သန်းဆွေ (ပန်းဘဲတန်း)

## ရန်ကုန်တိုင်းဒေသကြီး တရားသူကြီးချုပ် တရားရုံးများသို့ သွားရောက်ကြည့်ရှုစစ်ဆေး

**ရန်ကုန် မတ် ၁၈**

ရန်ကုန်တိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီးချုပ် ဦးဝင်းဆွေသည် မတ် ၁၆ ရက်က ရန်ကုန်မြောက်ပိုင်းခရိုင်တရားရုံးနှင့် တိုက်ကြီးမြို့နယ်တရားရုံး၊ မှော်ဘီမြို့နယ်တရားရုံးများသို့ သွားရောက်၍ တရားစီရင်ရေး၊ စီမံခန့်ခွဲရေးကိစ္စရပ်များကို ကြည့်ရှုစစ်ဆေးသည်။

### ကြိုးပမ်းဆောင်ရွက်

ထိုသို့ ကြည့်ရှုစစ်ဆေးပြီးနောက် သက်ဆိုင်ရာတရားရုံးများမှ တရားသူကြီးများ၊ ရုံးဝန်ထမ်းများနှင့်တွေ့ဆုံ၍ တည်ဆဲဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်းများကို တိကျစွာလိုက်နာဆောင်ရွက်ကြရန်၊ အမှုများကို လာဘ်ပေးလာဘ်ယူကင်းရှင်းစွာဖြင့် ဥပဒေပြဋ္ဌာန်းချက်များနှင့်အညီ မှန်မှန်နှင့်မြန်မြန် စစ်ဆေးစီရင်ဆုံးဖြတ်ရန်၊ ကြန့်ကြာမှုခင်းများ အမြန်ပြီးပြတ်ရေး ဦးစားပေးဆောင်ရွက်ရန်၊ အမှုသည်များ၊ ရှေ့နေများနှင့် တာဝန်အရ ပြောဆိုဆက်ဆံရာတွင် သိမ်မွေ့စွာ ပြောဆိုဆက်ဆံကြရန်၊ ဝန်ထမ်းစည်းမျဉ်း၊ စည်းကမ်းများကို လိုက်နာဆောင်ရွက်ကြရန်နှင့် ပြည်သူအများ ယုံကြည်ကိုးစားသည့် တရားရုံးများဖြစ်စေရေး ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြရန် ဆွေးနွေးမှာကြားခဲ့သည်။

**(မြန်မာ့အလင်း)**

ပြည်တွင်းသတင်း

# နိုင်ငံတော်သမ္မတဦးသိန်းစိန်အား ဩစတြေးလျ ဓနသဟာယနိုင်ငံ ဘုရင်ခံချုပ် ဂုဏ်ပြုကြိုဆို

# ဆင်းရဲနွမ်းပါးမှုလျှော့ချရေးနှင့် ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးတို့ကို အမြင်ချင်းဖလှယ်

နေပြည်တော် မတ် ၁၈

**ဩစတြေးလျ ဓနသဟာယနိုင်ငံ ကင်ဘာရာမြို့တော်၌ ရောက်ရှိနေသော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်အား ဩစတြေးလျ ဓနသဟာယနိုင်ငံ ဘုရင်ခံချုပ် မစ္စကွင်တင်ဘရိုက်စ် အေစီစီဗီအိုက မတ် ၁၈ ရက် နံနက်ပိုင်းတွင် ကင်ဘာရာမြို့တော်ရှိ အစိုးရအိမ်တော်၌ ဂုဏ်ပြုကြိုဆိုသည်။**

## ရင်းနှီးခင်မင်စွာ ကြိုဆို

ရှေးဦးစွာ နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် ဂုဏ်ပြုကြိုဆိုပွဲ အခမ်းအနားသို့ ရောက်ရှိလာရာ ဩစတြေးလျ ဓနသဟာယနိုင်ငံ ဘုရင်ခံချုပ် မစ္စကွင်တင်ဘရိုက်စ် အေစီစီဗီအိုက ရင်းနှီးခင်မင်စွာ ကြိုဆိုသည်။

ယင်းနောက် နိုင်ငံတော်သမ္မတသည် ဂုဏ်ပြုတပ်ဖွဲ့၏အလေးပြုခြင်းကိုခံယူပြီး ဂုဏ်ပြုတပ်ဖွဲ့ကို စစ်ဆေးသည်။

ထို့နောက် နိုင်ငံတော်သမ္မတနှင့် ဩစတြေးလျ ဓနသဟာယနိုင်ငံ ဘုရင်ခံချုပ်တို့သည် ဂုဏ်ပြုကြိုဆိုပွဲ အခမ်းအနားသို့ တက်ရောက်လာကြသူများအား အပြန်အလှန် မိတ်ဆက်ပေးပြီးနောက် ဂုဏ်ပြုတပ်ဖွဲ့၏ အလေးပြုခြင်းကို ခံယူကြသည်။

ယင်းနောက် နိုင်ငံတော်သမ္မတနှင့် ဩစတြေးလျဓနသဟာယနိုင်ငံ ဘုရင်ခံချုပ်တို့သည် မှတ်တမ်းတင် ဓာတ်ပုံရိုက်ကြပြီးနောက် နိုင်ငံတော်သမ္မတသည် ဧည့်သည်တော် မှတ်တမ်းစာအုပ်တွင် လက်မှတ်ရေးထိုးသည်။

ထို့နောက် နိုင်ငံတော်သမ္မတနှင့် ဩစတြေးလျဓနသဟာယနိုင်ငံ ဘုရင်ခံချုပ်တို့သည် အစိုးရအိမ်တော် သီးသန့်ဧည့်ခန်းမ၌ တွေ့ဆုံဆွေးနွေးကြသည်။

## တက်ရောက်

ဆွေးနွေးပွဲသို့ နိုင်ငံတော်သမ္မတနှင့်အတူ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးတင်အေး၊ ညှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီး လှဌေးဝင်း၊ ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်၊ ဦးတင်နိုင်သိန်း၊ ဦးအုန်းမြင့်၊ ဦးခင်ရီ၊ ဒေါက်တာမြအေး၊ ဒေါက်တာမြင့်အောင်၊ ဒေါက်တာကံဇော်၊ ဒေါက်တာကိုကိုဦးနှင့် ဒုတိယဝန်ကြီးများတက်ရောက်ကြပြီး ဩစတြေးလျ ဓနသဟာယနိုင်ငံ ဘုရင်ခံချုပ်နှင့်အတူ အဆင့်မြင့်အရာရှိကြီးများ တက်ရောက်ကြသည်။

တွေ့ဆုံရာ၌ အမျိုးသမီးအခွင့်အရေး၊ ကလေးငယ်များကူညီစောင့်ရှောက်ရေး၊ ဆင်းရဲနွမ်းပါးမှုလျှော့ချရေးနှင့် ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးတို့ကို အမြင်ချင်းဖလှယ်ခဲ့ကြသည်။ ထို့နောက် နိုင်ငံတော်သမ္မတနှင့် အဖွဲ့ဝင်များအား ဩစတြေးလျ ဓနသဟာယနိုင်ငံ ဘုရင်ခံချုပ်က အစိုးရအိမ်တော်၌ ဂုဏ်ပြုနေ့လယ်စာစားပွဲဖြင့် တည်ခင်းဧည့်ခံခဲ့သည်။

**(သတင်းစဉ်)**

**ဂုဏ်ပြုတပ်ဖွဲ့ စစ်ဆေး**

ဂုဏ်ပြုကြိုဆိုပွဲအခမ်းအနားတွင် နိုင်ငံတော် သမ္မတ ဦးသိန်းစိန် ဂုဏ်ပြုတပ်ဖွဲ့ကို စစ်ဆေးစဉ်။

(သတင်းစဉ်)

**နိုင်ငံတော်သမ္မတဦးသိန်းစိန်နှင့် ဩစတြေးလျဓနသဟာယနိုင်ငံဝန်ကြီးချုပ် မစ္စဂျူလီယားဂေးလာ့ဒ်တို့ သီးသန့်ဧည့်ခန်း၌ တွေ့ဆုံဆွေးနွေးစဉ်။** (သတင်းစဉ်)

❋ ရှေ့ဖုံးမှ

မြန်မာနိုင်ငံ၏ ကြီးမားသော အသွင်ကူးပြောင်းရေး လုပ်ငန်းစဉ်များတွင် ခက်ခဲသောစိန်ခေါ်မှုများစွာနှင့် ရင်ဆိုင်ရမည်ဖြစ်သောကြောင့် ကြိုးစားအားထုတ်မှုနှင့်အတူ ကြံ့ကြံ့ခံနိုင်ရန် လိုအပ်မည်ဖြစ်ပါကြောင်း။

မြန်မာနိုင်ငံအတွက် ဩစတြေးလျနိုင်ငံသည် လက်ကမ်းကြိုဆိုနေသော မိတ်ဖက်နိုင်ငံတစ်နိုင်ငံဖြစ်ပြီး အရပ်သားအစိုးရ ခိုင်မာစွာပေါ်ထွန်းလာရေး၊ မြန်မာနိုင်ငံသားများ၏ အခွင့်အရေးများကို စောင့်ရှောက်ပေးရေး၊ အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေးနှင့် တိုင်းရင်းသားလူမျိုးစုများအကြား ငြိမ်းချမ်းရေးကို မြှင့်တင်ပေးရေးနှင့် ကမ္ဘာလုံးဆိုင်ရာ ချူကလီးယားမပြန့်ပွားရေး သတ်မှတ်ချက်များကို လေးစားလိုက်နာနိုင်ရေးတို့အတွက် အားပေးကူညီသွားမည်ဖြစ်ပါကြောင်း။

မိမိတို့အနေဖြင့် ချစ်ကြည်ရင်းနှီးမှုကို နှုတ်ဖြင့်သာမက လက်တွေ့ကျသည့် ကူညီပံ့ပိုးမှုများဖြင့်လည်း ကမ်းလှမ်းခဲ့ပါကြောင်း၊ ဩစတြေးလျစီးပွားရေးလုပ်ငန်းများ မြန်မာနိုင်ငံတွင် လုပ်ကိုင်နိုင်ရေးအတွက် မိမိတို့၏ဩစတြေးလျ ကုန်သွယ်မှုဌာနကိုလည်း ဖွင့်လှစ်ထားရှိပြီးဖြစ်ပါကြောင်း၊ လာမည့်ရက်အနည်းငယ်အတွင်း ကုန်သွယ်ရေးရုံး အကြီးအကဲကို ခန့်အပ်သွားမည်ဖြစ်ပါကြောင်း၊ ဇန်နဝါရီလအတွင်း အနောက်နိုင်ငံများအနက် ပထမဆုံးသောနိုင်ငံအဖြစ် မြန်မာနိုင်ငံနှင့် ဖွံ့ဖြိုးရေးအတွက် ပူးပေါင်းဆောင်ရွက်ခြင်းဆိုင်ရာ သဘောတူညီချက်ကို မိမိတို့လက်မှတ်ရေးထိုးနိုင်ခဲ့ပါကြောင်း၊ အဆိုပါသဘောတူညီချက်ကြောင့် ၂၀၁၅ ခုနှစ်တွင် မြန်မာနိုင်ငံသို့ပေးအပ်နေသည့် ဩစတြေးလျနိုင်ငံ၏ အထောက်အပံ့များ ဒေါ်လာသန်း ၁၀၀ အထိ မြင့်တက်လာစေမည်ဖြစ်ပြီး မြန်မာနိုင်ငံသားများ၏ လူနေမှုဘဝများကို တိုးတက်လာစေမည်ဖြစ်ပါကြောင်း။

ဥပမာအနေဖြင့် ကလေးငယ် ၃၄၀၀၀ အတွက် ကျောင်းနေနိုင်ခွင့်၊ ကျောင်းဆရာ ဆရာမ ၉၅၀၀ အား လေ့ကျင့်သင်ကြားပေးခြင်းနှင့် မူလတန်းကျောင်းသားပေါင်း ၆၂၀၀၀၀ အတွက် လိုအပ်သည့်ကျောင်းအသုံးအဆောင်များ ထောက်ပံ့ပေးသွားမည်ဖြစ်ပါကြောင်း။

မိမိတို့၏ အရေးကြီးသော ထောက်ပံ့မှုအစီအစဉ် တစ်စိတ်တစ်ပိုင်းဖြစ်သည့် မြန်မာ-ဩစတြေးလျ ပြုပြင်ပြောင်းလဲရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုအစီအစဉ်ကို မိမိတို့အနေဖြင့် ဝမ်းမြောက်စွာ ယနေ့အသိပေးကြေညာလိုပါကြောင်း၊ အဆိုပါအစီအစဉ်တွင် ဒေါ်လာသန်း ၂၀ ထောက်ပံ့ရန် ကတိကဝတ်ပြုထားပြီး မြန်မာနိုင်ငံ၌ ဒီမိုကရေစီနှင့် ပတ်သက်သည့်အဖွဲ့အစည်းများ၊ လူ့အခွင့်အရေးဆိုင်ရာ လေ့ကျင့်သင်ကြားမှုများ၊ စီးပွားရေးအုပ်ချုပ်မှုစနစ် ကောင်းမွန်စေရေးနှင့် တရားဥပဒေစိုးမိုးမှု ကောင်းမွန်စေရေးတို့အတွက် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း။

ကာကွယ်ရေးပူးပေါင်းဆောင်ရွက်မှုတွင် ကန့်သတ်ချက်များကို ဖြေလျှော့သွားရန် ကာကွယ်ရေးဝန်ကြီးနှင့် မိမိတို့သဘောတူခဲ့ကြကြောင်းကို ယနေ့အသိပေးပြောကြားလိုပါကြောင်း၊ ဩစတြေးလျအစိုးရသည် မြန်မာနိုင်ငံ၌ ရုံးစိုက်သည့် မြန်မာနိုင်ငံဆိုင်ရာ ဩစတြေးလျ စစ်သံမှူး ခန့်အပ်သွားရန်နှင့် မြန်မာ့တပ်မတော်နှင့် ထိတွေ့ဆက်ဆံမှုများတိုးမြှင့်ပြုလုပ်သွားရန် ဆုံးဖြတ်ထားပါကြောင်း၊ ကာကွယ်ရေးနှင့် ပတ်သက်သည့် ပူးပေါင်းဆောင်ရွက်မှုများတွင် ကန့်သတ်မှုများ ဖြေလျှော့သွားမည်ဖြစ်ပါကြောင်း။

ထိုသို့ လုပ်ဆောင်ခြင်းဖြင့် ငြိမ်းချမ်းရေးထိန်းသိမ်းမှု အစီအစဉ်များ၊ လူသားချင်းစာနာထောက်ထားသည့်အကူအညီများနှင့် သဘာဝဘေးကယ်ဆယ်ရေးလုပ်ငန်းများအပြင် ဒုတိယလမ်းကြောင်း လုပ်ရှားမှုများနှင့် နိုင်ငံတကာမျက်နှာစာများတွင် မြန်မာ့တပ်မတော်အနေဖြင့် ပါဝင်ဆောင်ရွက်နိုင်ခွင့်များ ရရှိလာမည်ဖြစ်ပါကြောင်း၊ ယနေ့တွင် မိမိတို့အနေဖြင့် ပထမဦးဆုံးနှင့် အရေးကြီးဆုံးသောအဆင့်ကို စတင်နိုင်ခဲ့ပြီ ဖြစ်ပါကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်က ပြန်လည်ပြောကြားရာတွင် ဩစတြေးလျနိုင်ငံနှင့် မြန်မာနိုင်ငံသည် မိတ်ဖက်နိုင်ငံများအနေဖြင့် ကာလရှည်ကြာ တည်ရှိလာခဲ့ပြီး ဩစတြေးလျ ပြည်သူပြည်သားတွေနှင့် မြန်မာနိုင်ငံသူ နိုင်ငံသားများသည် မိတ်ဆွေရင်းများအနေဖြင့် ဆက်ဆံလာခဲ့ပါကြောင်း။

မြန်မာနိုင်ငံသည်လည်း ဩစတြေးလျနိုင်ငံကဲ့သို့ ငြိမ်းချမ်းမှုရှိစွာဖြင့် ဒီမိုကရေစီထွန်းကားပြီး ချမ်းသာကြွယ်ဝသည့် နိုင်ငံတစ်နိုင်ငံဖြစ်ရန် မိမိအနေဖြင့် စိတ်ရင်းစေတနာမှန်ဖြင့် ယုံကြည်မျှော်လင့်ပါကြောင်း၊ မိမိတို့နိုင်ငံအနေဖြင့် ဩစတြေးလျနိုင်ငံ၏ နမူနာကိုယူပြီး လေ့လာစရာများရှိနေပါကြောင်း၊ ဩစတြေးလျနိုင်ငံကလည်း မိမိတို့နိုင်ငံ၏ ဒီမိုကရေစီခရီးလမ်းအတွက် လိုအပ်သည်များကူညီထောက်ပြပေးစရာများကို ကူညီပေးနိုင်မည်၊ အတွေ့အကြုံများကိုလည်း ဖလှယ်နိုင်မည်ဟု မိမိအနေဖြင့် ယုံကြည်မျှော်လင့်ပါကြောင်း၊ ယနေ့အချိန်အခါသည် ဩစတြေးလျနိုင်ငံနှင့် မြန်မာနိုင်ငံတို့အကြား မိတ်ဖက်ဖြစ်မှု၊ ရင်းနှီးချစ်ကြည်မှုများအတွက် စာမျက်နှာသစ် ဖွင့်လှစ်နိုင်ခဲ့သည့်အချိန်ဟု ဆိုရမည်ဖြစ်ပါကြောင်း၊ ဩစတြေးလျပြည်သူများနှင့် ဩစတြေးလျအစိုးရတို့သည် မြန်မာနိုင်ငံ၏ လူ့အခွင့်အရေးဆိုင်ရာ ကိစ္စရပ်များအပေါ် နှစ်ပေါင်းများစွာ စိုးရိမ်ပူပန်ခဲ့မှုများကို မိမိတို့အနေဖြင့် သိရှိနားလည်ပါကြောင်း၊ မိမိအနေဖြင့် ယခုခရီးစဉ်တွင် မြန်မာနိုင်ငံ၏ လက်ရှိပြောင်းလဲမှုများအကြောင်းသာမက မိမိနိုင်ငံ၏ ငြိမ်းချမ်းပြီး သာယာဝပြောသည့် ဒီမိုကရေစီနိုင်ငံသို့ အသွင်ကူးပြောင်းသည့် ခရီးစဉ်ချောမွေ့နိုင်ရန်အတွက် အဆွေတော်တို့၏ ကူညီထောက်ပံ့မှုများ လိုအပ်နေကြောင်းကို ပြောကြားလိုပါကြောင်း၊ မိမိတို့ရင်ဆိုင်နေရသည့် ပြုပြင်ပြောင်းလဲမှုများသည် ယနေ့ကမ္ဘာကြီးတွင် မကြုံဖူးသေးသည့် သုံးပွင့်ဆိုင်အပြိုင် ပြုပြင်ပြောင်းလဲမှုများဟု ဆိုချင်ပါကြောင်း၊ မိမိတို့နိုင်ငံသည် စစ်အုပ်ချုပ်ရေးစနစ်မှ ဒီမိုကရေစီစနစ်သို့ ပြောင်းလဲနေသည်နှင့် တစ်ပြိုင်နက်တည်းတွင် နှစ်ပေါင်း ၆၀ကြာ ပြည်တွင်းလက်နက်ကိုင်ပဋိပက္ခများချုပ်ငြိမ်းပြီး ငြိမ်းချမ်းရေးရရှိစေရန် ဗဟိုချုပ်ကိုင်မှုများနှင့် အထီးကျန် ခေတ်နောက်ကျခဲ့မှု စီးပွားရေးစနစ်မှ ပြည်သူများအားလုံးကို ဆင်းရဲတွင်းမှ ရုန်းထွက်နိုင်သည့် ခေတ်မီစီးပွားရေးစနစ်တစ်ခု ဖြစ်ပေါ်လာစေရန် အလွန်အရေးကြီးသည့် လုပ်ငန်းသုံးခုကို အပြိုင်ကြိုးပမ်းနေရပါကြောင်း၊ တစ်ခေတ်တစ်ခါက အာရှတွင် အလှဆုံးဖြစ်ခဲ့သည့် ရန်ကုန်မြို့တော်ကြီးကို ယခုအခါ မြို့ပြအင်္ဂါရပ်နှင့်အညီ ရှေးဟောင်းအဆောက်အအုံများ ပြုပြင်ထိန်းသိမ်းခြင်း၊ မြို့ပြစီမံကိန်းရေးဆွဲခြင်းများကိုပြုလုပ်နေပါကြောင်း၊ ရန်ကုန်မြို့ပြ ပြုပြင်ထိန်းသိမ်းရေး လုပ်ငန်းများ လုပ်ဆောင်ရန်အတွက် အသစ်ဖွဲ့စည်းလိုက်သည့် Yangon Heritage Trust ကိုလည်း ဩစတြေးလျနိုင်ငံမှ ကူညီထောက်ပံ့မှုများ ပေးသည့်အတွက် အလွန်ပင်ကျေးဇူးတင်ဝမ်းမြောက်မိပါကြောင်း၊ ဩစတြေးလျနိုင်ငံသို့ လာရောက်သည့် ခရီးစဉ်အတွင်းမှာလည်း ကင်ဘာရာမြို့နှင့် ဆစ်ဒနီမြို့တို့၏ မြို့ပြအလှများမှ မိမိတို့၏ မြို့တော်များကို ထိန်းသိမ်းစောင့်ရှောက်ရာတွင် များစွာ အထောက်အပံ့ဖြစ်လိမ့်မည်ဟု ယုံကြည်ပါကြောင်း၊ မိမိတို့အနေဖြင့် သတ္တုကဏ္ဍ လုပ်ကိုင်ဆောင်ရွက်မှုများကိုလည်း ကောင်းမွန် မှန်ကန်စွာ ဆောင်ရွက်လိုပါကြောင်း၊ ၎င်းကဏ္ဍကိုလည်း စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု ဖော်ဆောင်သည့် ယန္တရားတစ်ရပ်ဖြစ်စေရန် အဆွေတော်တို့၏ ထောက်ခံကူညီမှု၊ အသိပညာနှင့် လေ့ကျင့်ပေးမှုများ ရယူသွားမှာဖြစ်ပါကြောင်း၊ မိမိအနေဖြင့် ဩစတြေးလျနိုင်ငံ၏ မြန်မာနိုင်ငံပြည်သူများအတွက် ကျန်းမာရေးစောင့်ရှောက်မှု၊ ပညာရေးနှင့် သက်မွေးဝမ်းကျောင်းမှုကဏ္ဍများတွင် တိုက်ရိုက်ကူညီမှုအတွက် အထူးကျေးဇူးတင်ရှိပါကြောင်း။

မိမိ၏နိုင်ငံတကာနှင့် ပုံမှန်ဆက်ဆံရေး ပြန်လည်တည်ဆောက်နိုင်ရန် ကြိုးပမ်းရာတွင်လည်း ဩစတြေးလျ၏ အကူအညီကို ရယူလိုပါကြောင်း၊ ကမ္ဘာ့ကုလသမဂ္ဂတွင် နိုင်ငံတစ်ခုတည်းကို ဦးတည်ချမှတ်သော Resolution သည် မြန်မာနိုင်ငံအတွက် မလိုအပ်တော့ပါဟု ယုံကြည်ပါကြောင်း၊ ထို့ကြောင့် ၂၀၁၃ ခုနှစ် အထွေထွေညီလာခံတွင် မြန်မာနိုင်ငံတစ်ခုတည်း ဦးတည်ချမှတ်သည့် Resolution မရှိသင့်တော့ပါကြောင်းကို ဝိုင်းဝန်းကူညီပြောကြားပေးစေလိုပါကြောင်းဖြင့် ပြောကြားခဲ့သည်။

ယင်းနောက် မီဒီယာများ၏ မေးမြန်းချက်များကို ပြန်လည်ရှင်းလင်းဖြေကြားခဲ့ကြသည်။ **(သတင်းစဉ်)**

နိုင်ငံတကာသတင်း

# ထိုင်းဝန်ကြီးချုပ် ရင်လပ်ရှင်နာဝပ် နယူးဇီလန်သို့ ခရီးထွက်မည်

**ဝယ်လင်တန် မတ် ၁၈**

ထိုင်းနိုင်ငံဝန်ကြီးချုပ် ရင်လပ်ရှင်နာဝပ်ထရာသည် ယခုသီတင်းပတ်အကုန်၌ နယူးဇီလန်နိုင်ငံသို့ ပထမဆုံးအကြိမ်အဖြစ် တရားဝင်ချစ်ကြည်ရေး ခရီးစဉ်အဖြစ် သွားရောက်မည်ဖြစ်ကြောင်း ထိုင်းအရာရှိများက မတ် ၁၈ ရက်၌ သတင်းထုတ်ပြန်ခဲ့သည်။

ထိုင်းဝန်ကြီးချုပ် ရင်လပ်ရှင်နာဝပ်ထရာ **(ယာပုံ)**သည် နယူးဇီလန်နိုင်ငံသို့ အလည်အပတ်ခရီးသွားရောက်စဉ် နယူးဇီလန်ဝန်ကြီးချုပ် ဂျွန်ကီးနှင့် အော့ကလန်မြို့၌ တွေ့ဆုံကာ ဆွေးနွေးမှုများ ပြုလုပ်မည်ဖြစ်သည်။

**ဆွေးနွေး**

ထိုင်းနှင့် နယူးဇီလန်နိုင်ငံတို့သည် ရင်းနှီးနွေးထွေးသောဆက်ဆံမှုများ ရှိနေပြီး နှစ်နိုင်ငံဆက်ဆံရေး ပိုမိုဖြစ်ထွန်းစေရန်နှင့် နယ်ပယ်ကဏ္ဍအသစ်များတွင် ပူးပေါင်းဆောင်ရွက်ကြရေးကိုလည်း ခေါင်းဆောင်များ ဆွေးနွေးကြမည်ဖြစ်သည်။

အထူးသဖြင့် လုံခြုံရေး၊ စီးပွားရေး၊ သိပ္ပံနှင့် နည်းပညာနယ်ပယ်များတွင် တိုးတက်ဖွံ့ဖြိုးလာစေရန် အတူတကွပူးပေါင်းဆောင်ရွက်မှုလည်း စိတ်ဝင်စားမှုရှိနေကြသည်။ ထို့အပြင် နယူးဇီလန်နိုင်ငံ၏ ပညာရေးကဏ္ဍဖွံ့ဖြိုးတိုးတက်နေမှုကို ထိုင်းနိုင်ငံက စိတ်ဝင်စားလျက်ရှိသည်။

ထို့အတူ အပြန်အလှန်ကုန်သွယ်ရေး တိုးတက်ဖြစ်ထွန်းလာစေရန် နှစ်နိုင်ငံစီးပွားရေးလုပ်ငန်းများ နီးနီးကပ်ကပ် ပူးပေါင်းဆောင်ရွက်မှု မြှင့်တင်ရန် လိုအပ်မှုများကိုလည်း နှစ်နိုင်ငံခေါင်းဆောင်များ ဆွေးနွေးကြမည်ဖြစ်သည်။ **(ဆင်ဟွာ)**

# တောင်ပိုင်းကျွန်းများတွင် နေထိုင်သူများ နေရာရွှေ့ပြောင်းရန် မြောက်ကိုရီးယားက သတိပေး

**ပြုံယမ်း မတ် ၁၈**

မြောက်ကိုရီးယားနိုင်ငံက တောင်ပိုင်းကျွန်းများနှင့် နယ်စပ်ဧရိယာများတွင် နေထိုင်သည့် ပြည်သူများကို ၄င်းတို့၏နေအိမ်များမှ ပြောင်းရွှေ့နေထိုင်ရန် သတိပေးခဲ့ကြောင်း ပြုံယမ်း၏ဝက်ဘ်ဆိုက်တစ်ခုတွင် ဖော်ပြထားသည်။

ယွန်ပြွန်အပါအဝင် တောင်ပိုင်းကျွန်းများသည် အန္တရာယ်ဇုန်အတွင်း၌ ရှိနေသည်ဟု မြောက်ကိုရီးယားပိုင် ယူရီမင်ဇိုကီရိဝက်ဘ်ဆိုက်က မတ် ၁၆ ရက်တွင် သတိပေးဖော်ပြထားသည်။ တောင်ကိုရီးယား၏ စစ်ရေးလေ့ကျင့်မှုများကြောင့် တိုက်ခိုက်မှုများ ပိုမိုအရှိန်မြင့်လာနိုင်ကြောင်း အဆိုပါဝက်ဘ်ဆိုက်တွင် ဖော်ပြထားသည်။

နယ်စပ်တစ်လျှောက်နှင့် အနောက်ပိုင်းကျွန်းငါးကျွန်းတွင် နေထိုင်သူများအတွက် ထိခိုက်ပျက်စီးမှုများ ပိုမိုများနိုင်ကြောင်း ယင်းဝက်ဘ်ဆိုက်တွင် ထပ်မံဖော်ပြသည်။ ပင်လယ်ဝါအတွင်းရှိသည့် ယွန်ပြွန်ကျွန်းသည် တောင်ကိုရီးယားနှင့်မြောက်ကိုရီးယားအကြား ရှည်လျားသောအမှတ်အသားတစ်ခု အဖြစ် ရှိခဲ့သည်။

ကိုရီးယားကျွန်းဆွယ်ပေါ်တွင် စစ်ရေးတင်းမာမှုများ မြင့်မားလာသည့် တစ်ချိန်တည်းမှာပင် ကိုရီးယားစစ်ပွဲကို အဆုံးသတ်ခဲ့သည့် နှစ်ပေါင်း ၆၀ ရှိ နှစ်ဦးနှစ်ဖက်စစ်ပွဲရပ်ဆိုင်းရေးသဘောတူညီချက်ဖျက်သိမ်းခဲ့မှုကို မြောက်ကိုရီးယားက မတ် ၁၃ ရက်တွင် အတည်ပြုခဲ့သည်။ ပြုံယမ်းက သတိပေးခဲ့သော်လည်း ဆိုးလ်နှင့်ဝါရှင်တန်တို့သည် ကိုရီးယားကျွန်းဆွယ်အနီး တစ်ပတ်ကြာ ပူးပေါင်းစစ်ရေးလေ့ကျင့်မှုကို စတင်ခဲ့ပြီး နှစ်ရက်အကြာတွင် အဆိုပါထုတ်ပြန်ချက် ထွက်ပေါ်လာခဲ့သည်။ **(ပရက်စ်တီဗွီ)**

၂၀၁၀ ခုနှစ်က တောင်ကိုရီးယားနှင့် မြောက်ကိုရီးယားတို့ အပြန်အလှန်ပစ်ခတ်မှုဖြစ်ပွားခဲ့စဉ်က ပေါက်ကွဲမှုများဖြစ်ပွားနေသည်ကို မြင်တွေ့ရစဉ်။

# ပါကစ္စတန်နှင့်တူရကီ လေကြောင်းစစ်ရေးလေ့ကျင့်

**အစ္စလာမ္မာဘတ် မတ် ၁၈**

ပါကစ္စတန်နှင့် တူရကီနှစ်နိုင်ငံတို့သည် လေကြောင်းတိုက်ခိုက်မှုစွမ်းရည် မြင့်မားလာစေရန်အတွက် ပူးတွဲလေကြောင်းလေ့ကျင့်မှုကို ပြုလုပ်ခဲ့ကြကြောင်း ပါကစ္စတန်လေတပ်က မတ် ၁၈ ရက်တွင် သတင်းထုတ်ပြန်သည်။

**လေ့ကျင့်**

ပါကစ္စတန်လေတပ် အခြေစိုက်စခန်းတစ်ခု၏ ဝေဟင်၌ တူရကီလေတပ်နှင့် ပါကစ္စတန်လေတပ်တို့ ပူးတွဲစစ်ရေးလေ့ကျင့်မှု ပြုလုပ်နေခြင်းဖြစ်ပြီး တူရကီလေတပ်မှ အက်ဖ်-၁၆ တိုက်လေယာဉ်ငါးစင်းနှင့် တပ်ဖွဲ့ဝင်များ၊ ပါကစ္စတန်လေတပ်မှ တပ်ဖွဲ့ဝင်များနှင့် တိုက်လေယာဉ်များက မတ် ၄ ရက်မှ ၁၆ ရက်အထိ ပူးတွဲစစ်ရေးလေ့ကျင့်မှု ပြုလုပ်ခဲ့ကြခြင်းဖြစ်သည်။

ထိုသို့ လေ့ကျင့်ရာတွင် ပုံမှန်လေ့ကျင့်ပျံသန်းမှု၊ ပျံသန်းစဉ် တိုက်ခိုက်ချေမှုန်းမှု၊ မြေပြင်တိုက်ခိုက်ရေးတပ်များနှင့် အပြန်အလှန် ပူးတွဲစစ်ဆင်ရေးများ ဆောင်ရွက်မှုတို့ကို ပြုလုပ်ခဲ့ကြသည်။ အင်ဒက်စ်ဗီပါ-၂ ဟု အမည်ပေးထားသော ယင်းလေတပ်ပူးတွဲစစ်ရေးလေ့ကျင့်မှုသည် ပါကစ္စတန်နှင့် တူရကီနှစ်နိုင်ငံတို့အတွက် ဒုတိယအကြိမ်မြောက်ဖြစ်သည်။

ပါကစ္စတန်နိုင်ငံ လေတပ်သည် အိန္ဒိယနိုင်ငံနှင့်လည်း ပုံမှန်ပူးတွဲကာ လေကြောင်းစစ်ရေးလေ့ကျင့်မှုများ ပြုလုပ်လျက်ရှိသည်။

**ပြုလုပ်**

ထို့အတူ ပါကစ္စတန်လေတပ်သည် အမေရိကန်လေတပ်၊ အီတလီလေတပ်၊ တူရကီလေတပ်နှင့် အခြားမိတ်ဆွေနိုင်ငံများမှ လေတပ်များနှင့်လည်း ပူးတွဲစစ်ရေးလေ့ကျင့်မှု ပြုလုပ်လျက်ရှိသည်။ **(ဆင်ဟွာ)**

**တင်မောင်လွင်**
**စုစည်းသည်**

# ဆိုမာလီတောင်ပိုင်းရှိ ဟူဒါမြို့ကို အယ်လ်ရှာဘတ်တို့ တိုက်ခိုက်သိမ်းပိုက်

**ဟူဒါ မတ် ၁၈**

**ဆိုမာလီနိုင်ငံအတွင်းရှိ အယ်လ်ရှာဘတ်တိုက်ခိုက်ရေးသမားများသည် အီသီယိုးပီးယားတပ်ဖွဲ့ဝင်များ ထွက်ခွာသွားပြီးနောက် နိုင်ငံတောင်ပိုင်းရှိ ဟူဒါမြို့ကို တိုက်ခိုက်သိမ်းယူခဲ့ကြောင်း ဒေသခံများ၏ပြောကြားချက်ကို မတ် ၁၈ ရက်က ပရက်စ်တီဗွီသတင်းတွင် ဖော်ပြသည်။**

မတ် ၁၆ ရက် နှောင်းပိုင်းက အီသီယိုးပီးယားတပ်ဖွဲ့ဝင်များ နောက်ဆုံးထွက်ခွာသွားပြီးနောက် ဆိုမာလီတောင်ပိုင်းရှိ ဟူဒါမြို့သည် ယခုအခါ အယ်လ်ရှာဘတ်တိုက်ခိုက်ရေးသမားများ၏ ထိန်းချုပ်မှုအောက်သို့ ရောက်ရှိခဲ့ကြောင်း ဒေသခံတစ်ဦး၏ ပြောကြားချက်အရ သိရသည်။

ဆိုမာလီအစိုးရတပ်ဖွဲ့ဝင်များသည် အီသီယိုးပီးယားတပ်ဖွဲ့ဝင်များ၊ အရပ်သားအချို့နှင့်အတူ ထွက်ခွာသွားခဲ့ကြောင်း အခြားဒေသခံတစ်ဦး၏ ပြောကြားချက်အရ သိရသည်။

ဆိုမာလီရှိ အယ်လ်ရှာဘတ်တိုက်ခိုက်ရေးသမားများ။

အာဖရိကသမဂ္ဂ(အေယူ) တပ်ဖွဲ့ဝင်များနှင့် ဆိုမာလီအစိုးရတပ်ဖွဲ့ဝင်များသည် အယ်လ်ရှာဘတ်တိုက်ခိုက်ရေးသမားများ၏ ယခင်ခံတပ်မြို့ဟောင်းဖြစ်သည့် ဘူဟာကာဘာမြို့ကို ဖေဖော်ဝါရီ ၂၇ ရက်က တိုက်ခိုက်သိမ်းပိုက်ခဲ့ပြီး အဆိုပါဖြစ်ရပ်ဖြစ်လာခဲ့သည်။

**တည်ရှိ**

ယင်းဘူဟာကာဘာမြို့သည် မိုဂါဒစ်ရှူးမြို့တောင်ဘက် ကီလိုမီတာ ၁၉၀ ခန့်အကွာတွင် တည်ရှိသည်။

အယ်လ်ရှာဘတ် တိုက်ခိုက်ရေးသမားများသည် ဆိုမာလီနိုင်ငံ၏ အသွင်ကူးပြောင်းရေး ဗဟိုအစိုးရဟောင်း၏ အမျိုးမျိုးသောဖွဲ့စည်းပုံစနစ်များကို ပြိုလဲစေရန် ၂၀၀၆ ခုနှစ် ဒီဇင်ဘာလမှ စတင်ကြိုးပမ်းခဲ့ကြသည်။ **(ပရက်စ်တီဗွီ)**

# အီရန်နိုင်ငံက ဖျက်သင်္ဘောတစ်စင်း ထပ်မံရေချမည်

**တီဟီရန် မတ် ၁၈**

အီရန်နိုင်ငံက ၎င်း၏ရေတပ်စွမ်းရည်မြင့်မားရန် ကြိုးပမ်းမှုအနေဖြင့် ဂျာမာရန်-၃ ဟုခေါ်သော ပြည်တွင်းလုပ် ဖျက်သင်္ဘောတစ်စင်းကို ထပ်မံရေချသွားမည်ဖြစ်ကြောင်း အီရန်စစ်ဘက်ဆိုင်ရာ ထိပ်တန်းအရာရှိတစ်ဦးက ပြောကြားခဲ့သည်။

အဆိုပါ ဂျာမာရန်-၃ ဖျက်သင်္ဘောကို မတ် ၂၁ ရက်တွင် စတင်ရေချမည်ဖြစ်ကြောင်း အီရန်ကာကွယ်ရေးဝန်ကြီးဌာနအောက်ရှိ စက်မှုနှင့်သုတေသနအဖွဲ့ခေါင်းဆောင် မိုဟာမက်အီစလာမီက မတ် ၁၇ ရက်တွင် ပြောကြားခဲ့သည်။ ဂျာမာရန်-၂ ဖျက်သင်္ဘောကို ဘန်ဒါအင်န်ဇလီမြို့ဆိပ်ကမ်း မြောက်ပိုင်းကက်စပီယံပင်လယ်အနီးတွင် မတ် ၁၇ ရက်က စတင်ရေချခဲ့သည်။ ယင်းရေယာဉ်စတင်ရေချသည့်အခမ်းအနားသို့ အီရန်သမ္မတ မာမွတ်အာမက်ဒီနီဂျက်နှင့် ကာကွယ်ရေးဝန်ကြီး ဗိုလ်မှူးချုပ် အာမက်ဗာဟီဒီတို့ တက်ရောက်ခဲ့သည်။ **(ဆင်ဟွာ)**

ကန္တာရမင်းရှုပ် Travels & Tours
Exploring to the edge of the globe

| | | |
|---|---|---|
| ပုဂံ-ပုပ္ပါး-မန္တလေး-ပြင်ဦးလွင် | (၅ ညအိပ်-၆ရက်) | ၂.၂ သိန်း |
| တောင်ကြီး-အင်းလေး-ပင်းတယ-ကလော | (၄ ညအိပ်-၅ရက်) | ၁.၈ သိန်း |
| မန္တလေး-ထားဝယ်-မူဆယ်-ရွှေလီ | (၇ ညအိပ်-၈ရက်) | ၃.၁ သိန်း |
| မုံရွာ-အလောင်းတော်ကဿပ-ပြင်ဦးလွင် | (၅ ညအိပ်-၆ရက်) | ၂.၅ သိန်း |
| မန္တလေး-မိုးကုတ် | (၅ ညအိပ်-၆ရက်) | ၂.၅ သိန်း |
| ဖော်လမြိုင်-ကျိုက်ထီးရိုး-ဇက်ခဲ-ထားဝယ် | (၅ ညအိပ်-၆ရက်) | ၂.၈ သိန်း |
| ကျိုင်းတုံ-မိုင်းလား-တာချီလိတ်-မယ်ဆိုင် | (၄ ညအိပ်-၅ရက်) | ၃.၅ သိန်း |

No.67, Baho Rd, Sanchaung. Ph: 01-519292, 519293, 519360, 500191, 510281
E/1, 35 Rd, Bet 72&73 St, Mandalay. Ph: 02-73062. Hot Line: 09-73003772
outboundgandawin@gmail.com, www.myanmartravel.org Call Center : 1875

**ခြံရောင်းမည် ပေ(၅၀×၉၀)**
ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်၊
ကျောက်ကုန်း၊ ကျောက်ကုန်းလမ်းမကြီးပေါ်ရှိ
မျက်နှာစာနှစ်ခု၊ ဖုန်း၊ ရေ၊ မီး-အစုံ
အနှစ် ၆၀ ဂရန်အမည်ပေါက်
**ဆက်သွယ်ရန် ဖုန်း-၀၉-၄၄၈၀၂၀၀၃၅၊ ၀၁-၅၄၀၅၆၁**

သင် JAPAN နိုင်ငံမှာ အလုပ်လုပ်လိုလျှင်

ဂျပန်နိုင်ငံရှိ CHIBA KAN, MIYAKE KAN, IBARAKI KAN မြို့များရှိ ရေထွက်ကုန်ထုတ်လုပ်ငန်း စက်ရုံကြီးများတွင် တာဝန်ထမ်းဆောင်ရန်အတွက် ၂၀၁၃ ခုနှစ်၏ ပထမအကြိမ်အဖြစ် အမျိုးသား ၂၀ဦး အမျိုးသမီး ၃၀ဦး၊ အသက် ၂၀ မှ ၃၀ ကြား ကျန်းမာသန်စွမ်းသူ အထွေထွေလုပ်သားများ အမြန်အလိုရှိသည်။

ဂျပန်စကားပြောတတ်သူ ဦးစားပေးမည်။

**အလုပ်ချိန်** - တစ်နေ့ ၈ နာရီ

**လစာ** - တစ်နာရီ ယန်း(၇၀၀)+အချိန်ပို

၂၅-၃-၂၀၁၃ ရက်မှ ၃၁-၃-၂၀၁၃ ရက်အတွင်း ဂျပန်နိုင်ငံမှ လုပ်ငန်းရှင်ကိုယ်တိုင် လာရောက်လူတွေ့စစ်ဆေးပါမည်။

**(အသေးစိတ်သိရှိလိုပါက ရုံးချိန်အတွင်း ကုမ္ပဏီရုံးခန်းသို့ လာရောက်စုံစမ်းနိုင်သည်)**

# တရုတ်ခေါင်းဆောင်အပြောင်းအလဲနှင့် တိုးတက်ဖွံ့ဖြိုးမှုအလားအလာ

ကမ္ဘာ့လူဦးရေ အများဆုံးနိုင်ငံဖြစ်ပြီး စီးပွားရေးအရှိန်အဟုန်နဲ့ တိုးတက်နေတဲ့ တရုတ်နိုင်ငံရဲ့နိုင်ငံ့ခေါင်းဆောင်အပြောင်းအလဲကို ကမ္ဘာတစ်ဝန်းက စောင့်ကြည့်လေ့လာနေခဲ့ကြပါတယ်။ ခေါင်းဆောင်သစ် ပြောင်းလဲမှုဟာ တရုတ်နိုင်ငံရဲ့ လက်ရှိကျင့်သုံးနေတဲ့ နိုင်ငံရေး၊ စီးပွားရေးမူဝါဒတွေအပေါ် ဘယ်လောက်အထိ ရိုက်ခတ်နိုင်မလဲဆိုတာ အကဲခတ်နေကြပြီဖြစ်ပါတယ်။

မကြာခင် ရက်ပိုင်းအတွင်း (၁၂) ကြိမ်မြောက် တရုတ်အမျိုးသားပြည်သူ့ကွန်ဂရက်က တရုတ်သမ္မတအဖြစ် အသက် ၆၀ အရွယ်ရှိတဲ့ ရှီကျင့်ဖျင်ကို တစ်ခဲနက် ရွေးချယ်တင်မြှောက်ခဲ့ကြပါတယ်။ မှန်ကန်တဲ့ ခေါင်းဆောင်သစ်တွေကိုအဆက်ဆက် ရွေးချယ်တင်မြှောက်ကာ နိုင်ငံရဲ့ စီးပွားရေး၊ နိုင်ငံရေးနဲ့ လူမှုရေးစတဲ့ နယ်ပယ်ကဏ္ဍအသီးသီးမှာ အောင်မြင်မှုရအောင် စွမ်းဆောင်နိုင်ဖို့အတွက် ကြိုးပမ်းဆောင်ရွက်နေတဲ့ တရုတ်အမျိုးသားပြည်သူ့ကွန်ဂရက်နဲ့ တရုတ်ထိပ်တန်း ခေါင်းဆောင်တွေကို အသိအမှတ်ပြုရမှာ ဖြစ်ပါတယ်။

တရုတ်နိုင်ငံရဲ့ ခေါင်းဆောင်သစ်ဖြစ်လာတဲ့ ရှီကျင့်ဖျင်ဟာ တရုတ်နိုင်ငံသားတွေရဲ့ အိပ်မက်တွေကို အတတ်နိုင်ဆုံး စွမ်းဆောင်ကာ အကောင်အထည်ဖော် ဆောင်ရွက်သွားမယ်လို့ဆိုပါတယ်။ တရုတ်ပြည်သူတွေအတွက် ပိုမိုကောင်းမွန်တဲ့ဘဝကို ရရှိစေဖို့အတွက် ရိုးသားတဲ့စိတ်ဓာတ်နဲ့ လေးနက်တဲ့ ရည်ရွယ်ချက်တွေကို စိတ်ဓာတ်ခွန်အား အပြည့်အဝနဲ့ စွမ်းဆောင်အားထုတ်သွားမယ်လို့လည်း ပြောကြားနေပါတယ်။

ဒါ့အပြင် မိမိတို့ဟာ သာမန်အောင်မြင်မှုမျိုးနဲ့ ရောင့်ရဲတင်းတိမ်ကျေနပ်မနေဘဲ အလုပ်ကို ဖိဖိစီးစီး အလေးအနက်ထား လုပ်ကိုင်သွားကြရမှာဖြစ်တယ်လို့ တရုတ်အမျိုးသားပြည်သူ့ကွန်ဂရက်ရဲ့ ပိတ်ပွဲနေ့မှာ တရုတ်သမ္မတသစ် ရှီကျင့်ဖျင်က ထုတ်ဖော်ပြောကြားခဲ့ပါတယ်။

တရုတ်ပြည်သူတွေဟာ နှုတ်ပျိုလန်းဆန်းတဲ့အိပ်မက်တွေကို အောင်မြင်စေဖို့အတွက် ပြည်သူအားလုံး ကြီးမားတဲ့ဖွဲ့လုံ့လတွေနဲ့ ကြိုးစားအားထုတ်ပြီး တရုတ်ပြည်သူတွေရဲ့ ပင်ကိုအရည်အသွေး မြင့်မားမှုတွေနဲ့အတူ အနာဂတ်ကာလမှာ အောင်မြင်မှုတွေ ရယူဆုပ်ကိုင်နိုင်ဖို့ အတူတကွ ဆက်လက်ကြိုးစားသွားရမယ်လို့လည်း နှိုးဆော်ထားပါတယ်။

**မောင်မဟာ ရေးသည်**

ဒီလိုအိပ်မက်တွေ အကောင်အထည်ပေါ်လာဖို့အတွက် တရုတ်နိုင်ငံဟာ တရုတ်နိုင်ငံရဲ့ လမ်းစဉ်အတိုင်းသာ ဆောင်ရွက်သွားမယ်လို့လည်း တရုတ်သမ္မတ ရှီကျင့်ဖျင်က ထုတ်ဖော်ပြောကြားခဲ့ပါတယ်။

(၁၂)ကြိမ်မြောက် အမျိုးသားပြည်သူ့ကွန်ဂရက် (အင်န်ပီစီ)က တရုတ်နိုင်ငံရဲ့ ၂၀၁၃ ခုနှစ် အမျိုးသားစီးပွားရေးနဲ့ လူမှုရေးဖွံ့ဖြိုးတိုးတက်မှုလမ်းစဉ်ကိုလည်း ရွေးချယ်သတ်မှတ်အတည်ပြုပေးနိုင်ခဲ့ပါတယ်။ အင်န်ပီစီကိုယ်စားလှယ် ၃၀၀၀ ခန့်က တရုတ်နိုင်ငံရဲ့ အမျိုးသားစီးပွားရေး တိုးတက်မှုနဲ့လူနေမှုဘဝ မြင့်မားတိုးတက်စေဖို့အတွက် အတည်ပြုပေးခဲ့တာ ဖြစ်ပါတယ်။

တရုတ်ပြည်သူ သန်းပေါင်းများစွာအတွက် အိမ်ရာတည်ဆောက်ရေးစီမံကိန်းတွေကို ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်သွားမှာဖြစ်ပြီး ဝင်ငွေနည်းပါးတဲ့ တရုတ်ပြည်သူတွေအတွက် ကောင်းမွန်တဲ့လူမှုဘဝ ပိုင်ဆိုင်စေဖို့ အိမ်ရာတွေကို တည်ဆောက်ပေးသွားမှာဖြစ်ပါတယ်။

အဲဒီအိမ်ရာစီမံကိန်းက နေအိမ်အခန်းပေါင်း သန်း ၃၀ ခန့်ရှိပြီး ပြီးခဲ့တဲ့ ငါးနှစ်တာ ကာလကတည်းက တည်ဆောက် အကောင်အထည်ဖော်ဆောင်ရွက်နေတာဖြစ်ပါတယ်။ အဲဒီစီမံကိန်းဟာ အခုဆိုရင် အိမ်ခန်းပေါင်း ၁၇ သန်းကျော် ပြီးစီးနေပြီဖြစ်တာမို့ တရုတ်ပြည်သူ သန်းပေါင်းများစွာရဲ့လူနေမှုဘဝ မြင့်မားရေးကို အထောက်အကူပြုစေမှာ ဖြစ်ပါတယ်။

ဒါ့အပြင် တရုတ်နိုင်ငံတစ်ဝန်းမြို့ပြနဲ့ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်မှု ကွာဟချက်ကျဉ်းမြောင်းရေးနဲ့ ဆင်းရဲချမ်းသာကွာဟချက် လျှော့ချရေးတွေကိုလည်း အနီးကပ်ကြီးကြပ်ပြီး ဆောင်ရွက်သွားဖို့ အစီအစဉ်တွေချထားပါတယ်။

လာမယ့် ငါးနှစ်တာကာလအတွင်းမှာ ကျေးလက်နေပြည်သူ ၁၀ သန်းကို အိမ်ရာသစ်တွေ ပိုင်ဆိုင်စေဖို့ ဆောင်ရွက်နေပြီး နောက်ထပ်ဒုတိယအဆင့်အနေနဲ့ ပြည်သူ သန်း ၁၀၀ ခန့်ကို လက်ရှိနေထိုင်မှုထက် ပိုမိုကောင်းမွန်တဲ့ အိမ်ရာစီမံကိန်းတွေ ဆောင်ရွက်ပေးသွားဖို့ စီစဉ်နေပါတယ်။

ဒါ့အပြင် နိုင်ငံခြားရေးမူဝါဒမှာလည်း အမေရိကန်နိုင်ငံအပြင် အခြားဥရောပနိုင်ငံတွေနဲ့ ဆက်ဆံရေး တိုးတက်ကောင်းမွန်အောင် ကြိုးစားသွားမှာဖြစ်ပြီး ကမ္ဘာ့ငြိမ်းချမ်းရေးနဲ့ တည်ငြိမ်ရေးလုပ်ငန်းစဉ်တွေမှာ တက်တက်ကြွကြွဆောင်ရွက်သွားဖို့လည်း ရှိနေပါတယ်။ အာရှ-ပစိဖိတ်ဒေသ တည်ငြိမ်အေးချမ်းရေးနဲ့ ကိုရီးယားကျွန်းဆွယ် တည်ငြိမ်အေးချမ်းမှုကိုလည်း အတတ်နိုင်ဆုံး ကြိုးစားဆောင်ရွက်သွားမယ်လို့ ဆိုနေတာမို့ တရုတ်ခေါင်းဆောင် အပြောင်းအလဲဟာ ကမ္ဘာ့စီးပွားရေးနဲ့ တည်ငြိမ်အေးချမ်းမှုကို လက်တွဲဖော်ဆောင်သွားနိုင်မှာဖြစ်ပါတယ်။ ။

# နေဂြိုဟ်တွင် ပေါက်ကွဲမှုဖြစ်ပွား ကမ္ဘာသို့ အလင်းတန်းများကျရောက်



နေဂြိုဟ်သည် မတ် ၁၆ ရက်နှင့် ၁၇ ရက်များက ပေါက်ကွဲမှုများဖြစ်ပေါ်ခဲ့ရာ နေဂြိုဟ်မှထွက်ပေါ်လာသော စူးရှပြင်းထန်သည့် အလင်းတန်းများသည် ကမ္ဘာဂြိုဟ်သို့ ကျရောက်ခဲ့ကြောင်း အမေရိကန်အာကာသရေးရာသုတေသနပညာရှင်များက ပြောကြားသည်။ **(ယာပုံ)**

နေဂြိုဟ်ပေါက်ကွဲမှုမှ ထွက်ပေါ်လာသော အလင်းလှိုင်းများသည် အာကာသအတွင်းဖြတ်သန်းကျဆင်းခဲ့မှုကြောင့် ဂြိုဟ်တုဆက်သွယ်ရေးစနစ်များ အနှောင့်အယှက် ဖြစ်ပေါ်စေခဲ့သည်။ ထို့အပြင် လျှပ်စစ်ဖြန့်ဖြူးရေးစနစ်များကိုလည်း ထိခိုက်မှုဖြစ်ပေါ်စေခဲ့သည်။

**သတိပေး**

ထို့အတူ နေဂြိုဟ်ပေါက်ကွဲမှုကြောင့် အာကာသအတွင်းဒြပ်မှုန်များစွာပါဝင်သော အလင်းလှိုင်းများလွင့်ပျံ့သွားခဲ့ရာ အာကာသဟင်းလင်းပြင် အနေအထားကို ဆိုးကျိုးများဖြစ်ပေါ်စေခဲ့ကြောင်း၊ အာကာသအတွင်း ရာသီဥတုအနေအထားအပြောင်းအလဲများ ဖြစ်ပေါ်စေနိုင်ကြောင်း ၎င်းတို့က သတိပေးပြောကြားသည်။

ယခုအခါ နာဆာနှင့်ဥရောပအာကာသအေဂျင်စီတို့က လေ့လာရေးယာဉ်များလွှတ်တင်ကာ အာကာသအတွင်း စမ်းသပ်မှုများ ပြုလုပ်လျက်ရှိသည်။ ကမ္ဘာမြေပြင်သို့ မည်မျှရိုက်ခတ်မှုရှိသည်ကိုလည်း လေ့လာမှုများပြုလုပ်နေသည်။ ထို့အတူ အခြားဂြိုဟ်များအပေါ် မည်သို့အကျိုးသက်ရောက်မှုရှိသည်ကိုလည်း နာဆာက လွှတ်တင်ထားသော လေ့လာရေးယာဉ်များဖြင့် လေ့လာမှုများပြုလုပ်သွားမည်ဖြစ်သည်။ **(ဆင်ဟွာ)**

**အာကာဟိန်း - ရေးသားသည်**

နိုင်ငံတကာသတင်း

## ဆီးရီးယားကိုတိုက်ရန် အိုဘားမားကိုဖိအားပေးမည်

အစ္စရေးသို့ မကြာမီလာရောက်လည်ပတ်မည့် အမေရိကန်သမ္မတ ဘားရက်အိုဘားမားအား ဆီးရီးယားကိုတိုက်ရန် ဖိအားပေးသွားမည်ဖြစ်ကြောင်း အစ္စရေးတာဝန်ရှိသူများက ပြောကြားသည်။ အစ္စရေးတို့အနေဖြင့် ဇန်နဝါရီလနှောင်းပိုင်းကတည်းက ဆီးရီးယားကိုတိုက်ရန် အသင့်ဖြစ်နေပြီဖြစ်ကြောင်း သမ္မတ အိုဘားမားအနေဖြင့် မီးစိမ်းပြလိုက်သည်နှင့် ဆီးရီးယားကို ဝင်တိုက်နိုင်ကြောင်း အစ္စရေးတို့က ပြောကြားသည်။ အမေရိကန်သမ္မတ အိုဘားမားအနေဖြင့် မတ် ၂၀ ရက်တွင် အစ္စရေးခရီးစဉ်ကို စတင်မည်ဖြစ်သည်။

## ကွန်ဂိုသူပုန်ခေါင်းဆောင် ရဝမ်ဒါသို့ ထွက်ပြေး

နိုင်ငံတကာရာဇဝတ်မှုခုံရုံး (အိုင်စီစီ)က လိုလားနေသော ကွန်ဂိုသူပုန်ခေါင်းဆောင် ဗိုလ်ချုပ်ကြီး ဘော့စကိုတာဂန်ဒါသည် အိမ်နီးချင်းရဝမ်ဒါနိုင်ငံသို့ နယ်စပ်မှတစ်ဆင့် ထွက်ပြေးသွားပြီဖြစ်ကြောင်း ကွန်ဂိုဒီမိုကရက်တစ် သမ္မတနိုင်ငံအစိုးရ (ဒီအာရ်စီ)က ပြောသည်။ သူသည် မတ် ၁၆ ရက်က နယ်စပ်ကို ဖြတ်ကျော်ဝင်လာခဲ့ကြောင်း၊ ယခု ရဝမ်ဒါနိုင်ငံသို့ ရောက်ရှိနေပြီဖြစ်ကြောင်း ကွန်ဂိုအစိုးရ ပြောရေးဆိုခွင့်ရှိသူ လမ်းဘတ်မန်ဒီက အေအက်ဖ်ပီသို့ မတ် ၁၇ ရက်က ပြောကြားသည်။ သို့သော်လည်း ရဝမ်ဒါက ယင်းသတင်းကို ငြင်းဆိုထားသည်။

## အီရန်ရေတပ် အတ္တလန္တိတ်သမုဒ္ဒရာကို ရွက်လွှင့်မည်

အီရန်ရေတပ်သည် ပစိဖိတ်သမုဒ္ဒရာအတွင်းနှင့် အီကွေတာဖြတ်သန်းခြင်းတို့ကို အောင်မြင်စွာထမ်းဆောင်ခဲ့ပြီးနောက် အတ္တလန္တိတ်သမုဒ္ဒရာကို ဆက်လက်ရွက်လွှင့်မည်ဖြစ်ကြောင်း အီရန်ရေတပ် တပ်မှူးတစ်ဦးက ပြောကြားခဲ့သည်။ ပစိဖိတ်သမုဒ္ဒရာနှင့် တရုတ်ပင်လယ်အတွင်း အီရန်ရေတပ်ချထားခြင်းဖြင့် နိုင်ငံတကာရေပိုင်တွင် အီရန်နိုင်ငံ၏ရပ်တည်မှုကို မြှင့်တင်ပေးခဲ့ကြောင်း အီရန်ရေတပ်မှတပ်မှူး ရီယာအက်မီရယ်ဟာဘီလိုလပ်က မတ် ၁၆ ရက်တွင် ပြောကြားခဲ့သည်။

အဆိုပါအီရန်ရေယာဉ်စုသည် ရက်ပေါင်း ၄၀ အတွင်း ကီလိုမီတာ ၁၃၀၀၀ ကို ရွက်လွှင့်လာခဲ့ပြီးနောက် တရုတ်နိုင်ငံ ကျန်ကျင်းအန် ဆိပ်ကမ်းသို့ မတ် ၄ ရက်က ဆိုက်ကပ်ခဲ့သည်။

သုံးရက်ကြာပြီးနောက် ယင်းရေယာဉ်စုသည် မလက္ကာရေလက်ကြားတွင် စစ်ရေးလေ့ကျင့်ရန်အတွက် တရုတ်ဆိပ်ကမ်းမှ ထွက်ခွာလာခဲ့သည်။

**မြင့်မောင်စိုး - စုစည်းသည်**

## အိတ်ချ်အိုင်ဗွီပိုးကူးစက်စတွင် ဆေးဝါးအမြန်ကုသမှုပေးပါက အေအိုင်ဒီအက်စ်ရောဂါအတွက် ထိရောက်သောကုထုံးတစ်ရပ်ဖြစ်

အေအိုင်ဒီအက်စ်ရောဂါဖြစ်ပွားစေသည့် အိတ်ချ်အိုင်ဗွီပိုး စတင်ကူးစက်ချိန်အစောပိုင်းတွင် ဆေးဝါးကုသမှုအလျင်အမြန်ပြုလုပ်ပေးခြင်းဖြင့် ထိရောက်အကျိုးရှိသော လက်တွေ့ကုထုံးတစ်ရပ်အဖြစ် အသုံးချနိုင်ဖွယ်ရှိသည်။

အိတ်ချ်အိုင်ဗွီပိုးကူးစက်စလူနာသည် ရောဂါနုစဉ် ပိုးပျံ့နှံ့မှုနည်းပါးစအချိန်တွင် ဆေးဝါးကုသမှုခံယူပါက ရောဂါဖြစ်ပွားမှုကို အချိန်ကြာမြင့်စွာ ဟန့်တားထားနိုင်သည်ကို သုတေသနပြု တွေ့ရှိချက်တစ်ရပ်အရ သိရသည်။

ပြင်သစ်ဆေးသိပ္ပံပညာရှင်တစ်စုက ပိုးကူးစက်စလူနာ ၁၄ ဦးကို ချက်ချင်းအိတ်ချ်အိုင်ဗွီကုသဆေးများထိုးသွင်းကာ ကုသမှုပေးသည်။ ယင်းနောက် ကုသမှုကို ရပ်ပစ်လိုက်ပြီး ခုနစ်နှစ်ကြာမျှအထိ စောင့်ကြည့်သော်လည်း အိတ်ချ်အိုင်ဗွီပိုးများပျံ့နှံ့သည့် အရိပ်လက္ခဏာများ မတွေ့ရှိရဟု ဆိုသည်။

" အကြိုကုသမှုပေး ရောဂါထိန်းယူမှု" ဟု သတ်မှတ်ထားသည့် ယခုကုထုံးဖြင့် ကုသမှုပေးခဲ့သည့်လူနာများအား နှစ်အတန်ကြာ ဆေးဝါးတိုက်ကျွေးကုသမှုမပေးသော်လည်း သွေးအတွင်း ရောဂါပိုးထပ်ပွားပျံ့နှံ့မှုကို မတွေ့ရှိရပါ" ဟု နစ်ကာဆေးရုံနှင့် ပါရီဒီစကာတီတက္ကသိုလ်မှ ပါမောက္ခဖြစ်သူ ခရစ္စတင်းရောဇီအော့က ပြောကြားသည်။ ပါမောက္ခခရစ္စတင်းသည် လွန်ခဲ့သည့် နှစ် ၃၀ အကြာက အိတ်ချ်အိုင်ဗွီပိုးအတည်ပြုဖော်ထုတ်ခဲ့သည့် ကနဦးပညာရှင်အဖွဲ့တွင် ပါဝင်ခဲ့သူတစ်ဦးဖြစ်သည်။

စောစီးစွာ လက်ဦးမှုယူကုသနိုင်ခြင်းသည် ရောဂါပိုးကိန်းအောင်းပြန့်ပွားမှုကို အကန့်အသတ်ရှိစေကြောင်း၊ ပိုးမွှားများ သန္ဓေပြောင်းလဲမှု အတိုင်းအတာကိုလည်း ထိန်းထားနိုင်ကြောင်း ပါမောက္ခခရစ္စတင်းတို့အဖွဲ့က ဂျာနယ်တွင် ရေးသားတင်ပြခဲ့သည်။

" အကြိုကုသမှုပေးရောဂါထိန်းယူမှုနည်းက လူကိုယ်ခံအားစနစ်ကို မူလအတိုင်း ထိန်းထားပေးပါတယ်။ သွေးအတွင်း အိတ်ချ်အိုင်ဗွီပိုး ပြန့်ပွားနေခြင်းကိုလည်း နောက်တွန့်သွားစေတဲ့ကုထုံးတစ်ရပ်မို့ လက်တွေ့အသုံးချကုထုံးတစ်ရပ်လို့ပဲ ညွှန်းချင်ပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ အခုလိုကုသမှုပေးပြီးနောက် ဆေးဝါးဆက်လက်ကုသမပေးလည်း ကူးစက်ဝင်ရောက်စပိုး အနည်းအကျဉ်းကို မပွားစေဘဲ ဟန့်တားထားနိုင်တာမို့ပါပဲ" ဟု ခရစ္စတင်းကပင် ဆက်လက်ပြောကြားသည်။ သို့သော်လည်း အိတ်ချ်အိုင်ဗွီပိုးမှာ ခန္ဓာကိုယ်သွေးအတွင်း ရှင်းရှင်းပပျောက်သွားခြင်းမဟုတ်ဘဲ ကိန်းအောင်းရှိနေဦးမည်သာဖြစ်ကြောင်း သိရသည်။ ကမ္ဘာပေါ်ရှိ အေအိုင်ဒီအက်စ်ရောဂါသည် ၃၄ သန်းတွင် များစွာသောရောဂါသည်များသည် အသက်ရှင်နေသမျှကာလပတ်လုံး ဆေးထိုးဆေးစားမပြတ်ရသည့် အေအိုင်ဒီအက်စ်ရောဂါကုထုံးကို ခံယူနေရလျက်ရှိကြောင်း သိရသည်။

**မောင်သံဆင့် - ရေးသားသည်**

ကျန်းမာရေးကဏ္ဍဆောင်းပါး

# ရခိုင်ပြည်နယ်အတွင်း ပိုလီယိုကာကွယ်ဆေးတိုက်ကျွေးမှုအောင်မြင်ရေး ဝိုင်းဝန်းကူညီဆောင်ရွက်ပေး

လေးဝတီထွန်းစောခိုင်

မကြာမီကာလတွင်ရခိုင်ဒေသအများစု ပိုလီယိုကာကွယ်ဆေးတိုက်ကျွေးခြင်းလုပ်ငန်း (Catch Up Immunization)ကို ဆောင်ရွက်ကြမည်ဖြစ်သည်။ ဤသို့ ကာကွယ်ဆေးတိုက်ကျွေးရခြင်းသည်လည်း ၂၀၁၂ အရေးအခင်း၏ ကျန်းမာရေးဆိုးမွေပြဿနာများ မပေါ်ပေါက်စေရေးအတွက် နိုင်ငံတော်အစိုးရ၊ ရခိုင်ပြည်နယ်အစိုးရနှင့် INGOs များ အနေဖြင့် မေတ္တာတရားအလေးထားကာ ကာကွယ်ဆေးဖြင့် ရောဂါတားဆီးခြင်းပင်ဖြစ်ပေသည်။ သက်ဆိုင်ရာအာဏာပိုင်အဖွဲ့များ၏ ကြီးကြပ်မှု၊ ကျန်းမာရေးဝန်ထမ်းများ၏ ဆောင်ရွက်မှု၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း၊ ကြက်ခြေနီအသင်းကဲ့သို့သော စေတနာ့ဝန်ထမ်းလူမှုရေးအဖွဲ့အစည်းများ၏ ကူညီဆောင်ရွက်မှုများဖြင့် အရေးအခင်းဖြစ်ပွားခဲ့သော မြို့နယ် ၁၂ ခုတွင် ပိုလီယိုကာကွယ်ဆေး တိုက်ကျွေးပေးမည်ဖြစ်သည်။ ဤကာကွယ်ဆေးတိုက်လုပ်ငန်းများတွင် အဓိကကူညီထောက်ပံ့ပေးသော အဖွဲ့အစည်းများမှာ ကမ္ဘာ့ကျန်းမာရေးအဖွဲ့(WHO)၊ကုလသမဂ္ဂအပြည်ပြည်ဆိုင်ရာကလေးများ အရေးပေါ်ရန်ပုံငွေအဖွဲ့ (UNICEF)တို့ဖြစ်သည်။

ရခိုင်ဒေသအများစု ပိုလီယိုကာကွယ်ဆေးတိုက်ကျွေးမှုလုပ်ငန်းဆောင်ရွက်ရာတွင် ၂၀၁၃ ခုနှစ် မတ် ၂၆ ရက်မှ ၃၀ ရက်အထိ (ပထမအကြိမ်)၊ ၂၀၁၃ ခုနှစ် ဧပြီလ ၂၆ ရက်မှ ၃၀ ရက်အထိ(ဒုတိယအကြိမ်)အဖြစ် မွေးကင်းစမှ အသက်ငါးနှစ်အထိကလေးတိုင်းအား လူမျိုးမရွေး၊ ဘာသာမရွေး၊ ဆင်းရဲချမ်းသာမရွေးတိုက်ကျွေးပေးသွားမည်ဖြစ်သည်။ ပိုလီယိုကာကွယ်ဆေးတိုက်ကျွေးမည့် မြို့နယ်များမှာ အရေးအခင်းဖြစ်ပွားခဲ့သော စစ်တွေ၊ ကျောက်တော်၊ မြောက်ဦး၊ မင်းပြား၊ ပေါက်တော၊ ပုဏ္ဏားကျွန်း၊ မြေပုံ၊ ကျောက်ဖြူ၊ ရမ်းဗြဲ၊ ရသေ့တောင်၊ ဘူးသီးတောင်နှင့် မောင်တောမြို့နယ်များဖြစ်သည်။

## မြန်မာနိုင်ငံနှင့်ပိုလီယိုရောဂါပိုးတွေ့ရှိမှု

မြန်မာနိုင်ငံတွင် ၁၉၉၆ ခုနှစ်မှ စတင်၍ ပိုလီယိုအကြောသေရောဂါ လုံးဝပပျောက်ရေး ဆောင်ရွက်ခဲ့သည်။ သို့သော် ပိုလီယိုအကြောသေရောဂါ အမြစ်တွယ်ဖြစ်ပွားနေသော အိမ်နီးချင်းနိုင်ငံများမှတစ်ဆင့် နယ်နိမိတ်ချင်း ဆက်စပ်လျက်ရှိသည့် ရခိုင်ပြည်နယ်မြောက်ပိုင်းဒေသများတွင် ပိုလီယိုအရိုင်းပိုး (Wild Polio Virus) ဝင်ရောက်လှည့်ပတ်ကူးစက်မှုများကို တွေ့ရှိခဲ့ရသည်။ ၁၉၉၉ ခုနှစ်တွင် မောင်တောမြို့နယ်မှ နှစ်ဦးနှင့် ဘူးသီးတောင်မြို့နယ်မှ နှစ်ဦးတွင်လည်းကောင်း၊ ၂၀၀၀ ပြည့်နှစ်တွင် ပေါက်တောမြို့နယ်မှတစ်ဦးနှင့် ကျောက်တော်မြို့နယ်မှ တစ်ဦးတွင်လည်းကောင်း ပိုလီယိုအရိုင်းပိုး (Wild Polio Virus) ပိုးတွေ့ရှိခဲ့သည်။

၂၀၀၆ ခုနှစ်တွင် မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်မြို့နယ်မှ လက်တလော ပျော့ခွေအကြောသေလူနာတစ်ဦးတွင် ပိုလီယိုကာကွယ်ဆေးမှ အသွင်ပြောင်းသော ပိုလီယိုရောဂါပိုး (Vaccine Derived Polio Virus -VDPV) ကို တွေ့ရှိခဲ့သည်။ ၂၀၀၇ ခုနှစ်တွင် မောင်တောမြို့နယ်မှ ၁၀ ဦးနှင့် ဘူးသီးတောင်မြို့နယ်မှ တစ်ဦးတွင်လည်း ပိုလီယိုအရိုင်းပိုးတွေ့ရှိခဲ့ပြီး ကူးစက်ဖြစ်ပွားခဲ့သည်။ ထို့အပြင် ရန်ကုန်တိုင်းဒေသကြီး ခရမ်းမြို့နယ်မှ လတ်တလောပျော့ခွေအကြောသေလူနာတစ်ဦး၊ ပဲခူးတိုင်းဒေသကြီး အရှေ့ဖြူးမြို့နယ်မှ လူနာတစ်ဦးနှင့် ကရင်ပြည်နယ် ဘားအံမြို့နယ်မှ လူနာတစ်ဦး၊ မွန်ပြည်နယ် ချောင်းဆုံမြို့နယ်မှတစ်ဦးတွင် ကာကွယ်ဆေးမှ အသွင်ပြောင်းလာသော ပိုလီယိုရောဂါပိုး တွေ့ရှိခဲ့သည်။

၂၀၁၀ ခုနှစ်တွင် မန္တလေးတိုင်းဒေသကြီး ရမည်းသင်းမြို့နယ်၌ ကာကွယ်ဆေးအသွင်ပြောင်းပိုလီယိုပိုးကြောင့် လတ်တလောပျော့ခွေအကြောသေလူနာတစ်ဦးကို တွေ့ရှိခဲ့သည်။

၂၀၁၂ ခုနှစ်တွင် ရှမ်းပြည်နယ် လောက်ကိုင်မြို့၌ ပိုလီယိုကာကွယ်ဆေးမှ အသွင်ပြောင်းလာသော ပိုလီယိုရောဂါပိုးကြောင့် လတ်တလောပျော့ခွေအကြောသေလူနာတစ်ဦးကို တွေ့ရှိခဲ့သည်။

အထက်ပါတွေ့ရှိမှုအရ မြန်မာနိုင်ငံတစ်နိုင်ငံလုံးတွင် ပိုလီယိုရောဂါပိုးတွေ့ရှိသူ ၂၄ ဦးအနက် ရခိုင်ပြည်နယ်မြောက်ပိုင်းတွင် ၁၇ ဦးတွေ့ရှိရပေသည်။ ၄င်း ၁၇ ဦးသည် ပိုလီယိုအရိုင်းပိုး (Wild Polio Virus) ကူးစက်ခံရသူများဖြစ်သည်။ ကျောက်တော်မြို့နယ်မှတစ်ဦး၊ ပေါက်တောမြို့နယ်မှတစ်ဦးနှင့် ဘူးသီးတောင်မြို့နယ်မှ သုံးဦးဖြစ်နေပြီး နယ်စပ်မြို့ဖြစ်သော မောင်တောမြို့နယ်မှ ၁၂ ဦးဖြစ်နေသည်ကို ကြည့်ခြင်းအားဖြင့် အိမ်နီးချင်းနိုင်ငံများမှတစ်ဆင့် နယ်နိမိတ်ထိစပ်နေသောဒေသများတွင် ပိုလီယိုရောဂါကူးစက်နိုင်ကြောင်း သိသာထင်ရှားပေသည်။

ထို့အပြင် ရိုးမအရှေ့ဒေသများတွင် တွေ့ရသော ခုနစ်ဦးမှာလည်း ကာကွယ်ဆေးမှ အသွင်ပြောင်းလာသော ပိုလီယိုရောဂါပိုး (Vaccine Derived Polio Virus) များသာဖြစ်သည်။

## ပိုလီယိုအကြောသေရောဂါ လုံးဝပပျောက်ရေးနည်းဗျူဟာများ

ပိုလီယိုအကြောသေရောဂါ လုံးဝပပျောက်ရေးအတွက် အောက်ပါ နည်းဗျူဟာ(၄)ရပ်ဖြင့် ဆောင်ရွက်နေကြသည်။ ၎င်းတို့မှာ-

(၁) ပုံမှန်ကာကွယ်ဆေးတိုက်ကျွေးခြင်း (EPI)

(၂) အမျိုးသားကာကွယ်ဆေးတိုက်နေ့များ ($NID_s$)နှင့် ဒေသအလိုက် အမျိုးသားကာကွယ်ဆေးတိုက်နေ့များ (Sub-$NID_s$) ကျင်းပဆောင်ရွက်ခြင်း

(၃) ရောဂါစောင့်ကြပ်ကြည့်ရှုခြင်း (AFP Waiting)

(၄) အိမ်တိုင်ရာရောက် ကောက်သင်းကောက် ကာကွယ်ဆေးတိုက်ကျွေးခြင်း (Mopping Up) တို့ ဖြစ်သည်။

ဤသို့ ဆောင်ရွက်ရာတွင် မွေးစမှ အသက်ငါးနှစ်အထိ ကလေးတိုင်းအား ပိုလီယိုရောဂါကာကွယ်ဆေးများကို တိုက်ကျွေးခြင်းနှင့် အသက် ၁၅ နှစ် အောက်ကလေးများတွင် လတ်တလောပျော့ခွေအကြောသေရောဂါ (AFP) စောင့်ကြပ်ကြည့်ရှုခြင်းလုပ်ငန်းလည်း ပါဝင်ပေသည်။ ဤနည်းဗျူဟာ (၄)ရပ်ကို ဟန်ချက်ညီညီ စနစ်တကျဆောင်ရွက်ပေးနိုင်မှသာ ပိုလီယိုအကြောသေရောဂါဆိုးကြီး လုံးဝပပျောက်သွားမည်ဖြစ်သည်။

## Catch Up Immunization ဟူသည်

ရောဂါခုခံအားနည်းသော အသက်အုပ်စုအလိုက်ရွေးချယ်ပြီး သတ်မှတ်စုရပ်၌ ဆေးတိုက်အဖွဲ့များက ပိုလီယိုကာကွယ်ဆေးတိုက်ကျွေးခြင်းဖြစ်သည်။ ပိုလီယိုကာကွယ်ဆေးနှစ်ကြိမ် တိုက်ကျွေးမည်ဖြစ်ပြီး တစ်ကြိမ်နှင့် တစ်ကြိမ်လေးပတ်ခြား တိုက်ကျွေးမည်ဖြစ်သည်။

ဖြစ်ပွားခဲ့သော လူမှုရေးပဋိပက္ခအခြေအနေအရ ပြည်သူ့ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများမှာ အခိုက်အတန့်အားဖြင့် ယာယီရပ်ဆိုင်းထားခဲ့ရာမှ ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် ကာကွယ်ဆေးထိုးနှံတိုက်ကျွေးခြင်းလုပ်ငန်းအပါအဝင် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကို ဆောင်ရွက်ရမည်ဖြစ်သည်။ ကာကွယ်ဆေးထိုးလုပ်ငန်း စီမံချက်အနေဖြင့် ပိုလီယိုကာကွယ်ဆေးတိုက်ကျွေးခြင်းကို သင်တန်းပို့ချထားပြီးသော ဒေသခံစေတနာ့ဝန်ထမ်းကူညီသူများ၊ လုပ်အားပေးများ၏ အကူအညီဖြင့် ဆောင်ရွက်မည်ဖြစ်သည်။ ပိုလီယိုရောဂါ ကာကွယ်ဆေးသည် ရည်မှန်းကလေးအားလုံးကို တစ်ယောက်မကျန် တိုက်ကျွေးခြင်းဖြင့် ငါးနှစ်အောက်ကလေးငယ်များ၏ ရောဂါခုခံစွမ်းအားကို မြင့်မားလာပြီး ပိုလီယိုအကြောသေရောဂါဖြစ်ပွားမှုကို ကာကွယ်တားဆီးနိုင်မည်ဖြစ်သည်။

## ရခိုင်ပြည်နယ် ၁၂ မြို့နယ် ပိုလီယိုကာကွယ်ဆေးတိုက်ကျွေးရေး

၂၀၁၂ ခုနှစ် ရခိုင်ပြည်နယ်အတွင်း ဖြစ်ပွားခဲ့သော လူမှုရေးပဋိပက္ခဖြစ်ရပ်ကြောင့် ၁၂ မြို့နယ်ရှိ ဒေသအချို့တွင် ၂၀၁၂ခုနှစ် ဇွန်လမှစ၍ ပိုလီယိုကာကွယ်ဆေးအပါအဝင် အခြားသော ကာကွယ်ဆေးများကို ထိုးနှံတိုက်ကျွေးရန် အခက်အခဲရှိခဲ့သည်။ ဤအခြေအနေကြောင့် ရခိုင်ပြည်နယ်အတွင်းရှိ ကလေးငယ်တိုင်းသည် ပိုလီယိုရောဂါအပါအဝင် ကာကွယ်ဆေးဖြင့် ကာကွယ်နိုင်သည့် အခြားသောရောဂါများကြောင့် သေဆုံးခြင်း၊ ရာသက်ပန်ဒုက္ခိတဖြစ်ရခြင်း စသည့်အန္တရာယ်ဆိုးတို့၏ ခြိမ်းခြောက်ခြင်းကို ရင်ဆိုင်ကြုံတွေ့နိုင်သည်။ မြန်မာနိုင်ငံအနောက်ဘက်နယ်စပ်သည် ပိုလီယိုပိုးတွေ့ရှိရာဒေသတစ်ခုလည်းဖြစ်သည်။

ပိုလီယိုအကြောသေရောဂါ အမြစ်တွယ်ဖြစ်ပွားနေသော ပါကစ္စတန်၊ အာဖဂန်နစ္စတန်နှင့် နိုင်ဂျီးရီးယားနိုင်ငံများအပြင် အာဖရိကတိုင်းပြည်အချို့တွင် ပိုလီယိုရောဂါပိုးကူးစက်လည်ပတ်မှု ဆက်လက်ဖြစ်ပွားနေဆဲဖြစ်သည်။ သို့ဖြစ်ရာ မြန်မာနိုင်ငံ၏ အနောက်ဘက်နယ်နိမိတ်ကို ဖြတ်ကျော်၍ လူအများ ကူးသန်းသွားလာနေမှုများကြောင့် အဆိုပါ နိုင်ငံများမှတစ်ဆင့် မြန်မာနိုင်ငံအတွင်းသို့ ပို လီယိုရောဂါပိုးဝင်ရောက်ကူးစက်နိုင်ခြေရှိပါသည်။

မြန်မာနိုင်ငံ၏ အနောက်ဘက် နယ်စပ်တစ်လျှောက်တွင် ပြည်သူများအတွင်း ပိုလီယိုအကြောသေရောဂါ စွမ်းအားမြင့်မားတည်တံ့စေခြင်းဖြင့် ပိုလီယိုရောဂါပိုးဝင်ရောက်ကူးစက်မှုကို ကာကွယ်တားဆီးနိုင်ပြီး အရှေ့တောင်အာရှဒေသကြီးကို၂၀၁၄ ခုနှစ်တွင် ပိုလီယိုရောဂါကင်းစင်သောဒေသအဖြစ် အမြန်ရောက်ရှိစေရန် များစွာအထောက်အပံ့ဖြစ်စေမည်ဖြစ်သည်။ သို့ဖြစ်၍ ကျန်းမာရေးဝန်ကြီးဌာနသည် WHO၊ UNICEF နှင့်အခြားသော INGO များနှင့်ပူးပေါင်းစေကာ ရခိုင်ပြည်နယ်ရှိ အသက်ငါးနှစ်အောက်ကလေးအားလုံးကို ပိုလီယိုကာကွယ်ဆေးတိုက်ကျွေးပေးမည်ဖြစ်သည်။ ရခိုင်ပြည်နယ်အစိုးရအဖွဲ့၏ ဦးဆောင်လမ်းညွှန်မှု၊ မြို့နယ်အုပ်ချုပ်ရေးအဖွဲ့များ၏ ပူးပေါင်းပံ့ပိုးမှုများဖြင့် ကျန်းမာရေးဝန်ထမ်းများ၊ စေတနာ့ဝန်ထမ်းများက ပိုလီယိုကာကွယ်ဆေးတိုက်ကျွေးခြင်းကို လွှမ်းခြုံမှု မြင့်မားအောင် ဆောင်ရွက်မည်ဖြစ်သည်။

## ကူညီဆောင်ရွက်အားလုံးအတွက်

ပိုလီယိုအကြောသေရောဂါသည် ကူးစက်ရောဂါဖြစ်သည်။ သို့သော်လည်း ကာကွယ်ဆေးများဖြင့် ကာကွယ်၍ရသည်။ ယခုရခိုင်ပြည်နယ် ၁၂ မြို့နယ်တွင် တိုက်ကျွေးမည့် ပိုလီယိုကာကွယ်ဆေးတိုက်ကျွေးမှုလုပ်ငန်းသည် ရခိုင်ပြည်နယ်အတွက်သာမက နိုင်ငံတော်အတွက်ပါ အရေးပါသော လုပ်ငန်းတစ်ရပ်ဖြစ်သည်။ မြန်မာတစ်မျိုးသားလုံးနှင့် သက်ဆိုင်သည်။ အထူးသဖြင့် ဒေသအတွင်းရှိ ပြည်သူအားလုံးနှင့် သက်ဆိုင်၍ လူတိုင်းကူညီဆောင်ရွက်သင့်ပါသည်။ မိမိတို့၏ အနာဂတ်မျိုးဆက်သစ်များ ပိုလီယိုအကြောသေဒုက္ခိတဘဝမှ ကင်းဝေးစေရေးအတွက် ကလေးများအပေါ် မေတ္တာထားကာ အားလုံးဝိုင်းဝန်းကူညီဆောင်ရွက်ပေးကြပါရန် တိုက်တွန်းနှိုးဆော်ရေးသားလိုက်ရပါသည်။

---

## Sumitomo Mitsui Banking Corporation ၏ စီမံကိန်းချေးငွေဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲဖွင့်

**ရန်ကုန် မတ် ၁၈**

ဂျပန်နိုင်ငံအခြေစိုက် Sumitomo Mitsui Banking Corporation ၏ စီမံကိန်းချေးငွေဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲ (Seminar on Project Finance) ဖွင့်ပွဲအခမ်းအနားကို မတ် ၁၁ ရက် နံနက်ပိုင်းတွင် ရန်ကုန်မြို့ရှိ Park Royal Hotel ၌ ကျင်းပရာ မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးသိန်းဇော်က နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဆိုင်ရာ ကိစ္စရပ်များ၊ စီမံကိန်းချေးငွေဆိုင်ရာ ကိစ္စရပ်များ၊ နိုင်ငံခြားရင်းနှီးမြှုပ်နှံသူများ အနေဖြင့်မြန်မာနိုင်ငံ၏ဘဏ်လုပ်ငန်းနှင့် ငွေရေးကြေးရေးဆိုင်ရာအဖွဲ့အစည်းများအပေါ် ယုံကြည်မှုရှိစေရေးဆိုင်ရာ ကိစ္စရပ်များ၊ မြန်မာနိုင်ငံတော် ဗဟိုဘဏ်မှ ထိန်းချုပ်ထားသည့် နိုင်ငံခြား ငွေလဲလှယ်နှုန်းဆိုင်ရာ ကိစ္စရပ်များနှင့် ဘဏ်လုပ်ငန်းဆိုင်ရာ ကိစ္စရပ်များကို ဆွေးနွေးပြောကြားသည်။ ဆက်လက်၍ Sumitomo Mitsui Banking Corporation မှ Director and Head of Asia Pacific Division, Mr. Masayuki Shimura က ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားပြီး Group Head, Project Finance Asia , Mr.Mark Giblett က စီမံကိန်းချေးငွေအပေါ် အားသာချက်၊ အားနည်းချက်များ၊ စိန်ခေါ်မှုများနှင့်ပတ်သက်၍ ဆွေးနွေးသည်။

အလုပ်ရုံဆွေးနွေးပွဲသို့ မြန်မာနိုင်ငံတော်ဗဟိုဘဏ်နှင့် အခြားဘဏ်များမှ တာဝန်ရှိသူများ၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင် အသင်းချုပ်၊ မြန်မာ့ဆိပ်ကမ်း အာဏာပိုင်၊ မြန်မာ့လေကြောင်း၊ မြန်မာကုမ္ပဏီများနှင့် ဂျပန်ကုမ္ပဏီများမှ တာဝန်ရှိသူများ၊ သင်တန်းသား သင်တန်းသူများ တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

---

## ရန်ကုန်မြို့တော် မဟာသင်္ကြန်ပွဲတော်တွင် ရေဆက်သွယ်ကစားလိုသူများ ခွင့်ပြုမိန့်လျှောက်ထားနိုင်

**ရန်ကုန် မတ် ၁၈**

မြန်မာသက္ကရာဇ် ၁၃၇၄ ခုနှစ် မဟာသင်္ကြန်ပွဲတော်ရက်များအတွင်း ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီပိုင် ရေပိုက်လိုင်း၊ အင်းလျားကန်နှင့် ကန်တော်ကြီးတို့မှ ရေကို ဆက်သွယ်ကစားလိုသည့် ကိစ္စရပ်များ စိစစ်ဆောင်ရွက်ပေးနိုင်ရန် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ အင်ဂျင်နီယာဌာန (ရေနှင့်သန့်ရှင်းမှု)သို့ ဧပြီ ၁၃ ရက် (သင်္ကြန်အကြိုနေ့) မွန်းတည့် ၁၂ နာရီနောက်ဆုံးထား၍ ယာယီရေဆက်သွယ်ရန်အတွက် ခွင့်ပြုမိန့်လျှောက်ထားကြရမည်။ ယာယီ ရေဆက်သွယ်ခွင့်လျှောက်လွှာများကို မြို့နယ်အုပ်ချုပ်ရေးမှူးရုံးရှိ မြို့နယ် (ရေ/သန့်) တာဝန်ခံရုံးများနှင့် ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ မြို့တော်ခန်းမ ဒုတိယထပ်ရှိ အင်ဂျင်နီယာဌာန (ရေနှင့် သန့်ရှင်းမှု) ရုံးခန်းတွင် အခမဲ့ ထုတ်ယူနိုင်သည်။

ခွင့်ပြုမိန့်လျှောက်ထားရာ၌ သတ်မှတ်လျှောက်လွှာတွင် သက်ဆိုင်ရာ မြို့နယ်စည်ပင်သာယာ အုပ်ချုပ်ရေးမှူးများနှင့်မြို့နယ်(ရေ/သန့်)တာဝန်ခံတို့၏ မှတ်ချက်ရယူပြီး အင်ဂျင်နီယာဌာန (လမ်းနှင့် တံတား)မှ မဏ္ဍပ်ဆောက်လုပ်ခွင့်တို့ ပူးတွဲ၍ တင်ပြလျှောက်ထားရမည်ဖြစ်သည်။

ရေဆက်သွယ်မှုကို မြို့နယ်စည်ပင်သာယာ အုပ်ချုပ်ရေးမှူးရုံးရှိ အင်ဂျင်နီယာဌာန (ရေနှင့်သန့်ရှင်းမှု) ဝန်ထမ်းများက ရေဆက်သွယ်သူများ လိုက်နာဆောင်ရွက်ရန် စည်းကမ်းချက်များနှင့်အညီ ရေကစားမဏ္ဍပ်သို့ ရေဆက်သွယ်ပေးမည်ဖြစ်ပြီး ခွင့်ပြုချက်မရှိဘဲ ကော်မတီပိုင်ရေပိုက်လိုင်းများ၊ အင်းလျားကန်၊ ကန်တော်ကြီးနှင့် အခြားမြေစိုက်ကန်များမှ ရေကိုဆက်သွယ်၍ ရေကစားခြင်းမပြုရန်နှင့် ကော်မတီပိုင် မီးသတ်ပိုက်ခေါင်းများမှ ဆက်သွယ်၍ ရေကစားခြင်း လုံး၀ (လုံး၀) မပြုရန်နှင့်ပြုလုပ်ပါက ဥပဒေ စည်းကမ်းများနှင့်အညီ အရေးယူဆောင်ရွက်သွားမည် ဖြစ်ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

---

**၂၀၁၂ -၂၀၁၃ ဘဏ္ဍာနှစ် ပြည်တွင်းအခွန်များ ဦးစီးဌာနမှ စည်ပင်သာယာရေးဦးစီးဌာနသို့ ဒုတိယသုံးလပတ်နှင့်တတိယသုံးလပတ်အတွက် ငါးရာခိုင်နှုန်းဝင်ငွေခွန် လွှဲပြောင်းပေးအပ်ပွဲအခမ်းအနားကို ဖေဖော်ဝါရီ ၉ရက်က ဖြူးမြို့နယ်၌ကျင်းပရာ မြို့နယ်အခွန်ဦးစီးဌာနမှူး ဦးကျော်လှိုင်က မြို့နယ်စည်ပင်အမှုဆောင်အရာရှိ ဦးအောင်မြင့်ဌေးထံသို့ ဝင်ငွေခွန် ကျပ် ၂၇၉၄၂၀၈ အားလွှဲပြောင်းပေးအပ်စဉ်။** (ကျော်လှိုင်)

---

## ရေး-မော်လမြိုင်လူစီးရထားနှင့် ထော်လာဂျီတိုက်မိ

**မော်လမြိုင် မတ် ၁၈**

ရေးမှ မော်လမြိုင်သို့ စက်ခေါင်းမောင်း ဦးဇော်လွင်မောင်းနှင်ပြီး ရထားထိန်း ဦးမြင့်အောင် လိုက်ပါတာဝန်ထမ်းဆောင်လာသော အမှတ်(၁၇၄) အစုန် လူစီးရထားသည် မတ် ၉ ရက် နံနက် ၈ နာရီခန့်က သံဖြူဇရပ်ဘူတာနှင့် ကမာဝက်ဘူတာအကြား ရထားလမ်းမိုင်တိုင်အမှတ် ၂၀၅/ ၂၁ နှင့် ၂၀၅/ ၂၂ ကြားတွင် ဦးအောင်မြင့်(၄၈)နှစ်နှင့် မုဒုံမြို့နယ် ဒိုမားကျေးရွာနေသူ မောင်းနှင်ပြီး မောင်မြင့်သူ ၁၁ နှစ် တတိယတန်းကျောင်းသား စီးနင်းလိုက်ပါလာသော ထော်လာဂျီ ယာဉ်အမှတ် ၈၅/----သည် ရထားလမ်းကူးကို ဖြတ်သန်းမောင်းနှင်ရာ အမှတ်(၁၇၄)အစုန် လူစီးရထားနှင့် တိုက်မိခဲ့သည်။ ရထားတိုက်မှုကြောင့် မောင်မြင့်သူသည် ယာဘက်ပေါင်ပြတ်သွားသဖြင့် မော်လမြိုင်အထွေထွေရောဂါကုဆေးရုံကြီးသို့ တင်ပို့ကုသထားရသည်။ ယင်းဖြစ်စဉ်နှင့်ပတ်သက်၍ မော်လမြိုင်မီးရထားရဲစခန်းမှ ဦးအောင်မြင့်အပေါ် ရထားစီးခရီးသွားများ ဘေးအန္တရာယ်ဖြစ်စေရန် လုပ်ဆောင်မှုအရ အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

**တင်ထွန်း(မော်လမြိုင်)**

# ဥပ္ပါတသန္တိစေတီတော်မြတ်ကြီး ပဉ္စမအကြိမ် ဗုဒ္ဓပူဇနိယပွဲတော် အသံမစဲမဟာပဌာန်းရွတ်ဖတ်ပူဇော်ပွဲ ဖွင့်ပွဲအခမ်းအနားကျင်းပ

**နေပြည်တော် မတ် ၁၈**

နေပြည်တော်ဥပ္ပါတသန္တိစေတီတော်မြတ်ကြီး ပဉ္စမအကြိမ် ဗုဒ္ဓပူဇနိယပွဲတော် (၃၈)ကြိမ်မြောက် အသံမစဲမဟာပဌာန်းရွတ်ဖတ်ပူဇော်ပွဲ ဖွင့်ပွဲအခမ်းအနားကို ယနေ့ နံနက် ၁၀ နာရီတွင် စေတီတော်လိုဏ်တော်အတွင်း၌ကျင်းပသည်။

ဖွင့်ပွဲတွင် ဂေါပကအဖွဲ့ဝင်များက ဆရာတော် သံဃာတော်များအား ပဌာန်းကျမ်းစာအုပ်နှင့် ပဌာန်းအိုးများကို ဆက်ကပ်လှူဒါန်းကြသည်။ ထို့နောက် ဆရာတော်များဦးဆောင်၍ ပဌာန်းပစ္စယုဒ္ဒေသ ပါဠိတော်ကို (၃)ကြိမ်ရွတ် ဖတ်ပူဇော်ကြကာ မတ် ၂၂ ရက်အထိ ငါးရက်တိုင်တိုင် သံဃာတော် ၁၈ ပါးတို့က စေတီတော်မြတ်ကြီး၌ အသံမစဲမဟာပဌာန်းတရားတော်များ ရွတ်ဖတ်ပူဇော်ကြမည်ဖြစ်သည်။

ပျော်ပွဲရွှင်ပွဲ၊ ကြည့်ချင်ပွဲများအဖြစ် စေတီတော်ဝတ္တကမြေပွဲတော်ကွင်းတွင် မတ် ၁၈ ရက်မှ ၁၉ ရက်ထိ မဟာရန်ကုန် သဘင့်အစွမ်းမိုးဆန်းပန်း အဆင့်မြင့်ဇာတ်သဘင်အဖွဲ့ကြီး၊ ၂၀ ရက်မှ ၂၂ ရက်ထိ သစ္စာမေတ္တာရွှေမန်းသဘင် ရွှေမန်းတင်မောင်၏ မြေးများ ရွှေမန်းဝင်းဗိုလ်၏ ရင်သွေးငယ်မင်းသားလေးများ စည်သူဗိုလ်၊ သူရဗိုလ်၊ ရာဇာဗိုလ်တို့ညီအစ်ကိုအဖွဲ့၊ ၂၃ ရက်မှ ၂၄ ရက်ထိ မဟာရန်ကုန်အဆင့်မြင့် ဇာတ်သဘင်၊ အောင်ကျော်ဆန်းကတဲ့ မင်းသားလေးများဇာတ်ပွဲ၊ ၂၅ ရက်တွင် ယဉ်ကျေးမှုဝန်ကြီးဌာနအငြိမ့်၊ ၂၆ ရက်တွင် ရန်ကုန်တိုင်းစစ်ဌာနချုပ်အငြိမ့်၊ ၂၇ ရက်တွင် မဟာရန်ကုန်ဂီတရုပ်ရှင်ဇာတ်သဘင်အဖွဲ့တို့က ဖျော်ဖြေသွားမည်ဖြစ်ကြောင်း သိရသည်။ **(သတင်းစဉ်)**

# လွှတ်တော်သို့လာရောက် လေ့လာကြည့်ရှု

**နေပြည်တော် မတ် ၁၈**

ကယားပြည်နယ် ဒီးမော့ဆိုမြို့နယ်မှ မဲဆန္ဒရှင်ပြည်သူလူထုနှင့် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီဝင် ၅၂ ဦး၊ မန္တလေးတိုင်းဒေသကြီး မလှိုင်မြို့နယ်မှ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီဝင်များနှင့် ရပ်မိရပ်ဖ ၁၁၃ ဦးနှင့် ရန်ကုန်တိုင်းဒေသကြီး လှည်းကူးမြို့နယ်မှ မဲဆန္ဒရှင် ပြည်သူလူထု ၁၃၇ ဦးတို့သည် ယနေ့နံနက် ၁၀ နာရီတွင် ပထမအကြိမ် ပြည်ထောင်စုလွှတ်တော် ဆဋ္ဌမပုံမှန် အစည်းအဝေး (၂၁) ရက်မြောက်နေ့ကျင်းပနေပုံနှင့် လွှတ်တော်အဆောက်အအုံများသို့လည်းကောင်း၊ Myanmar Egress ၏ Social Entrepreneurship (E002) သင်တန်းမှ သင်တန်းသားများနှင့် ဝန်ထမ်း ၈၄ ဦးတို့သည် လွှတ်တော်အဆောက်အအုံများသို့လည်းကောင်း လှည့်လည်ကြည့်ရှု၍ ပြန်လည်ထွက်ခွာသွားကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# မြန်မာ-ထိုင်း နှစ်နိုင်ငံနယ်စပ် ဘုရားသုံးဆူစစ်ဆေးရေးဂိတ် ပြန်လည်ဖွင့်လှစ်နိုင်ရေး လုပ်ငန်းညှိနှိုင်းစည်းဝေး

**နေပြည်တော် မတ် ၁၈**

မြန်မာ-ထိုင်းနှစ်နိုင်ငံ ချစ်ကြည်ရင်းနှီးမှုနှင့် ဒေသဖွံ့ဖြိုးမှုပိုမိုတိုးတက်စေရေးရည်ရွယ်ချက်ဖြင့် ကရင်ပြည်နယ် ဘုရားသုံးဆူမြို့နယ်ရှိ နယ်စပ်စစ်ဆေးရေးဂိတ် ပြန်လည်ဖွင့်လှစ်နိုင်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို မတ် ၁၄ ရက် ညနေ ၄ နာရီခွဲတွင် ဘုရားသုံးဆူမြို့နယ် အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်ကျော်ဝင်းက မြန်မာနိုင်ငံနှင့် နယ်နိမိတ်ချင်း ထိစပ်နေသည့် အိမ်နီးချင်းနိုင်ငံများနှင့် နယ်စပ်စစ်ဆေးရေးဂိတ်များ တရားဝင်ဖွင့်လှစ်ဆောင်ရွက်နေမှု၊ ဘုရားသုံးဆူစစ်ဆေးရေးဂိတ်ပြန်လည်ဖွင့်လှစ်နိုင်ခြင်းကြောင့် နှစ်နိုင်ငံကုန်စည်စီးဆင်းမှုပိုမိုမြန်ဆန်၍ အလုပ်အကိုင်အခွင့်အလမ်းများ ရရှိမှု၊ လူမှုဘဝဖွံ့ဖြိုးတိုးတက်မှု၊ နိုင်ငံခြားသားများအား နယ်စပ်ဒေသများတွင်သာမက ပြည်တွင်းအခြား မြို့နယ်များသို့ပါ အလွယ်တကူဝင်ထွက်သွားလာနိုင်ရေး စီစဉ်ဆောင်ရွက်နေမှု၊ လုပ်ငန်းလိုအပ်ချက်များအပေါ် အခြားဆက်စပ်ဌာနများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်သွားမည့် အစီအစဉ်များနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

ထို့နောက် တာဝန်ရှိသူများက ဘုရားသုံးဆူ နယ်စပ်စစ်ဆေးရေးဂိတ် ပြန်လည်ဖွင့်လှစ်နိုင်ရေးအတွက် ဌာနအလိုက် ဆောင်ရွက်နေမှုများနှင့် လိုအပ်ချက်များကို ရှင်းလင်းတင်ပြခဲ့ကြကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# အလုပ်သမားဆေးရုံကြီး(ရန်ကုန်) မှ အထူးကုဆရာဝန်ကြီးများအဖွဲ့ ကွင်းဆင်းဆေးကုသ

**ရန်ကုန် မတ် ၁၈**

မတ် ၁၄ ရက် နံနက်ပိုင်းတွင် အလုပ်သမားဆေးရုံကြီး(ရန်ကုန်)မှ ဆေးရုံအုပ်ကြီး ဒေါက်တာ ဒေါ်ခင်ဖြူဝင်း ဦးဆောင်သော ဆရာဝန်ကြီးများနှင့်သူနာပြုများ စုစုပေါင်း ၃၀ ခန့်သည် အမှတ် ၂၂၈ သိမ်ဖြူလမ်းဗိုလ်တထောင် မြို့နယ်ရှိ ပုံနှိပ်ရေးနှင့်စာ အုပ်ထုတ်ဝေရေးလုပ်ငန်း၊ စုဝေးခန်းမကြီး၌ ဝန်ထမ်းများအား ကျန်းမာရေးစစ်ဆေးပေးခြင်း၊ ဆေးများအခမဲ့ပေးဝေခြင်း၊ မေးခိုင်ရောဂါကာကွယ်ဆေးထိုးပေးခြင်းများ ဆောင်ရွက်ပေးခဲ့သည်။ ဆေးရုံအုပ်ကြီးက လူမှုဖူလုံရေးနှင့်ပတ်သက်၍ ဝန်ထမ်းများ၏ အကျိုးခံစားခွင့်နှင့် အလုပ်သမားဆေးရုံ၏ လုပ်ငန်းဆောင်ရွက်မှုသိကောင်းစရာများအကြောင်း ဟောပြော၍ ဝန်ထမ်းများ၏ မေးမြန်းချက်များကို ပြန်လည်ရှင်းလင်းဖြေကြားခဲ့သည်။ **(ဖြူဖြူ)**

**သစ်ပင်စိုက်လျှင် ဒို့ဝန်းကျင် စိမ်းစိုလှပ ကြည်နူးရ**

## မြန်မာပြည်အဝန်းငြိမ်းချမ်းတိုးတက်စေကြောင်း ဆရာတော်ကြီး ဘဒ္ဒန္တ ဉာဏစက္ကမေတ္တာလောင်း၍ ကြွချီမည့်အကြောင်း ကုသိုလ်ယူနိုင်ပါရန်

ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာဒုံမြို့နယ်၊ ရွှေနံ့သာအုပ်စု၊ ဉာဏရပ်ကွက်ရှိ မင်္ဂလာသီရိမဟာသတိပဋ္ဌာန်ကျောင်းတိုက် ပဓာနနာယကနှင့် တစ်နိုင်ငံလုံးရှိ စိတ္တသုခကမ္မဋ္ဌာန်းကျောင်းတိုက်များ၏ ပဓာနနာယက ဖြစ်တော်မူသော ဆရာတော်ကြီး ဘဒ္ဒန္တဉာဏစက္က(ရခိုင်ကျောင်းဆရာတော်ကြီး)သည် သက်တော် ၉၀ ပြည့် အထိမ်းအမှတ်ရခိုင်ပြည်နယ်သံဃာ့နာယကအဖွဲ့၊ ရခိုင်ပြည်နယ်အစိုးရ၊ မြို့နယ် ၁၇ မြို့နယ်မှ ရဟန်းရှင်လူတို့၏ ပင့်လျှောက်မှုအရ ရခိုင်ပြည်နယ်သို့ မကြာမီရက်များတွင် ဒေသစာရီကြွချီတော်မူမည်ဖြစ်ပါကြောင်း ကုသိုလ်ယူနိုင်ပါရန် အသိပေးနှိုးဆော်အပ်ပါသည်။

**Air Bagan ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌ မိသားစုများ၊ ဒေင်မိသားစု၊**
**Fortune Enterprise မိသားစု၊ Global Net မိသားစု၊**
**ဦးစံရွှေအောင်-ဒေါ်အေးအေးသန်း မိသားစု**

## လွှတ်တော်ရေးရာကဏ္ဍ

❀ *ပြည်ထောင်စုလွှတ်တော်မှ*

ထို့နောက် လွှတ်တော်နှစ်ရပ်သဘောကွဲလွဲသည့် **နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုနည်းဥပဒေ**နှင့် စပ်လျဉ်း၍

**ပြည်ထောင်စုဝန်ကြီး ဦးဝင်းရှိန် အဆိုတင်သွင်းစဉ်။** (သတင်းစဉ်)

လွှတ်တော်ကိုယ်စားလှယ် (၈) ဦးက ပြင်ဆင်ချက် အဆိုတင်သွင်းဆွေးနွေးကြပြီး သက်ဆိုင်ရာအပိုဒ်အလိုက် အတည်ပြုဆုံးဖြတ်ခဲ့သည်။

ပြင်ဆင်ချက် အဆိုတင်သွင်းရခြင်းနှင့်ပတ်သက်၍ ရှမ်းပြည်နယ် မဲဆန္ဒနယ် အမှတ်(၉)မှ **ဦးနေဝင်းထွန်း**က "လွှတ်တော် နှစ်ရပ်သဘောကွဲလွဲတာကတော့ ပြည်သူ့လွှတ်တော်က နိုင်ငံခြား မတည်ငွေရင်းအချိုးကို

**ရခိုင်ပြည်နယ် မဲဆန္ဒနယ် အမှတ်(၁)မှ ဒေါက်တာအေးမောင်။** (မြန်မာ့အလင်း)

(၄၉)ရာခိုင်နှုန်းထက် မကျော်စေရလို့ အဆိုပြုခဲ့ပြီး အမျိုးသားလွှတ်တော်က နိုင်ငံခြားမတည်ငွေရင်းအချိုး (၈၀) ရာခိုင်နှုန်းထက် မကျော်လွန်စေရ၊ ဥပဒေကြမ်း ပူးပေါင်းကော်မတီက နိုင်ငံခြား မတည်ရင်းနှီးငွေရင်း အချိုး (၄၉) ရာခိုင်နှုန်းထက် မကျော်လွန်စေရဆိုပြီး သဘောကွဲလွဲတာဖြစ်ပါတယ်၊ တိုင်းရင်းသားပြည်သူတွေ ဖွံ့ဖြိုးတိုးတက်ဖို့ နိုင်ငံတော်ရဲ့ ကြိုးပမ်းဆောင်ရွက်မှုအစီအစဉ်မှာ ပြည်သူတွေ လူတန်းစားအလွှာအသီးသီးအားလုံးနီးပါး လက်တွေ့ပါဝင်လာနိုင်မယ့် နည်းဗျူဟာကို နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဥပဒေမှာ ရေးဆွဲချမှတ်ပေးရမယ်လို့ ကျွန်တော့်အနေနဲ့ ယူဆပါတယ်။

နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဥပဒေဟာ တိုင်းရင်းသားပြည်သူတွေရဲ့ အကျိုးစီးပွား၊ အမျိုးသား အကျိုးစီးပွားကို ကာကွယ်ပေးဖို့ဖြစ်တယ်ဆိုတဲ့ ဘုံရည်မှန်းချက်ကတော့ အားလုံးတူညီပြီး တစ်သဘောတည်းရှိကြပါတယ်၊ အမျိုးသား လွှတ်တော်ရဲ့ အတည်ပြုချက်ဖြစ်တဲ့ တာမြစ်ကန့်သတ်လုပ်ငန်းတွေကို နိုင်ငံခြားသားနဲ့ဖက်စပ်လုပ်ကိုင်ပါက နိုင်ငံခြားမတည်ငွေရင်းအချိုးဟာ စုစုပေါင်း ရင်းနှီးမြှုပ်နှံမှု (၈၀) ရာခိုင်နှုန်းထက် မကျော်လွန်စေရဆိုတာ ကိုယ့်နိုင်ငံသားအလွှာပေါင်းစုံ ဆင်းရဲချမ်းသာမရွေး ပါဝင်ရင်းနှီးမြှုပ်နှံနိုင်ဖို့ အခွင့်အလမ်း ပိုမိုရရှိစေဖို့ ဖြစ်ပါတယ်"ဟု ပြောပြခဲ့သည်။

သာပေါင်းမဲဆန္ဒနယ်မှ **ဦးဝင်းသန်း**ကလည်း "မီဒီယာ ကလောင်ရှင်တချို့ရေးသားကြတာက နိုင်ငံခြား

**စုံစမ်းရေးကော်မရှင်၏ အစီရင်ခံစာအပိုင်း(၂)ကို ကော်မရှင်အဖွဲ့ဝင် ဦးစိုင်းထွန်းစိန် ရှင်းလင်းတင်သွင်းစဉ်။** (သတင်းစဉ်)

ရင်းနှီးမြှုပ်နှံမှုမှာ ဖက်စပ်လုပ်ရင် လွှတ်တော်အနေနဲ့ နိုင်ငံသားကို (၅၁) ရာခိုင်နှုန်း ကိုင်ထားစေချင်တယ်ဆိုပြီး လုံးပေါင်းဖော်ပြခဲ့တယ်၊ တကယ့်ဥပဒေပါ ရှေ့က ကန့်သတ်တားမြစ်လုပ်ငန်းတွေမှာဆိုတာ ထည့်မရေးဘဲ ဟိုချွန်၊ ဒီချွန် ချွန်ကာ ပြည်ပဝင်ရောက်မှုကို တားနေတယ်ဆိုပြီး ရေးကြပါ

**သာပေါင်း မဲဆန္ဒနယ်မှ ဦးဝင်းသန်း အဆိုတင်သွင်းစဉ်။** (သတင်းစဉ်)

တယ်၊ တခြားနိုင်ငံတွေက အားလုံးဖွင့်ပေးလို့ ကြီးပွားသွားတယ်လို့ ရေးပြီး ဆိုးကျိုးခံစားရတာတွေတော့ ချန်လှပ်ရေးတတ်ကြတယ်။

ကျွန်တော်တို့လွှတ်တော်ကတော့ ဖိအားရှိတာ၊ မရှိတာထက် ပြည်သူ့အတွက် ဒီနေ့အကျိုးရှိရင် ဒီနေ့ပြဋ္ဌာန်းမယ်၊ ဒီနေ့ပြည်သူ့အကျိုးမဲ့ရင် ဒီနေ့ ပယ်ဖျက်ပစ်မယ်ဆိုတဲ့ မူနဲ့သွားချင်ပါတယ်၊ နိုင်ငံတော်အကြီးအကဲရဲ့ နိုင်ငံအခြေပြု မိန့်ခွန်းတွေမှာ မကြာခဏမိန့်ကြားတာက မူနဲ့သွားမယ်၊ လူနဲ့မသွားဘူးဆိုတဲ့ဩဝါဒပါ၊ ကျွန်တော်တို့ အလေးအနက် ခံယူပါတယ်၊ ဒါကြောင့် တားမြစ်ကန့်သတ်လုပ်ငန်းတွေကို ဖက်စပ်အကျိုးတူလုပ်ရမယ့် နည်းဥပဒေ(၂၀)မှာ (၈၀)ရာခိုင်နှုန်းအထိ ကော်မရှင်ကခွင့်ပြုရင် မူအပေါ် မူတည်တာမဟုတ်၊ လူအပေါ်မူတည်တာ ဖြစ်သွားပါတယ်၊ မူအပေါ် မူတည်ပြဋ္ဌာန်းမယ်ဆိုရင် (၄၉း၅၁) အချိုးနဲ့ ပြတ်ပြတ်သားသားသွားရမယ့် သဘောရှိတယ်လို့ တင်ပြခဲ့တာဖြစ်ပါတယ်" ဟု ပြောပြခဲ့သည်။

အစည်းအဝေးတွင် **၂၀၁၃ ခုနှစ် ပြည်ထောင်စု၏ ဘဏ္ဍာငွေ အရအသုံးဆိုင်ရာ ဥပဒေကြမ်း**ကို ပြည်ထောင်စုလွှတ်တော်၌ဆွေးနွေးရန်ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းရှိန်က အဆိုတင်သွင်းခဲ့သည်။

ယင်းဥပဒေကြမ်း၏မူနှင့်အခြေခံသဘောများကို လွှတ်တော်ကိုယ်စားလှယ် (၅)ဦးက ဆွေးနွေးခဲ့ကြသည်။

ထိုသို့ ဆွေးနွေးကြရာတွင် မလှိုင်မဲဆန္ဒနယ်မှ **ဦးအေးမောက်**က နိုင်ငံတော်အတွင်း အကောင်အထည်ဖော်နေသော စီမံကိန်းအမျိုးမျိုးကို လွှတ်တော်ကိုယ်စားလှယ်များပါဝင်သည့် ဘဏ္ဍာရေးပူးပေါင်းကော်မတီက အမြဲစိစစ်နေရန်လိုသကဲ့သို့ ခရိုင်၊ မြို့နယ်များတွင်လည်း စိစစ်ဆောင်ရွက်ရန် အဖွဲ့များ ဖွဲ့စည်းပေးသင့်ပါကြောင်း၊ လမ်း၊ တံတား၊ ကျောင်း၊ ဆေးရုံ၊ လျှပ်စစ်၊ ရေရရှိရေး စသည့် နယ်မြေဖွံ့ဖြိုးမှုလုပ်ငန်းများကို ပြည်သူ့ထံသို့ ပွင့်လင်းမြင်သာစွာ ချပြသင့်ပါကြောင်း၊ ကုန်ကျမည့် စာရင်းများကိုလည်း အသိပေးသင့် ပါကြောင်း၊ သို့မှသာ မှန်မှန်ကန်ကန်နှင့်လုပ်ငန်းများ ပြီးမြောက်အောင် ဝိုင်းဝန်းကူညီနိုင်မည်ဖြစ်ပါကြောင်းဖြင့် ဆွေးနွေးခဲ့သည်။

မင်းလှမဲဆန္ဒနယ်မှ **ဦးမောင်တိုး**ကဆွေးနွေးရာတွင် အသုံးစရိတ်များကို ကာမိရန်အတွက် ရငွေများလုံလောက်စွာ ရရှိရန်လိုအပ်ပါကြောင်း၊ ရငွေများသည် ရေရှည်တွင် အခွန်အကောက်ပေါ်တွင်သာ ရပ်တည်ရမည်ဖြစ်သဖြင့် ပြည်သူများထံမှ အခွန်အကောက်ကောက်ခံသည့် အမိန့်နှင့် ညွှန်ကြားချက်များသည် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်ညီရန် လိုအပ်ပါကြောင်း၊ နေပြည်တော်နယ်မြေတွင် ယစ်မျိုးခွန်ကောက်ခံသည့်စနစ်များ၊ သတ္တုတွင်းဝန်ကြီးဌာနတွင် ဓာတ်သတ္တုခွန်ကောက်ခံနေသည့်စနစ်နှင့်နှုန်းထားများကို ပြန်လည်သုံးသပ်ရန် လိုအပ်ပါကြောင်း၊ တံဆိပ်ခေါင်းခွန်များ ယခင်ကထက် အဆများစွာ တိုးမြှင့်ကောက်ခံနေခြင်းသည် ပြည်သူများကို အခက်အခဲဖြစ်ပေါ်စေကြောင်း ကြားသိရသဖြင့် အမြန်ဆုံးပြန်လည်သုံးသပ်ပြုပြင်ဆောင်ရွက်ရန် လိုအပ်ပါကြောင်း၊ ထို့ပြင် ဖြန့်ဝေခြင်းစနစ်အနေဖြင့် ပြည်သူများ ချောမွေ့အဆင်ပြေစေရန်နှင့် ပြည်သူလူထုယုံကြည်လက်ခံစေရန်အတွက် ထင်သာမြင်သာဖြစ်ရန် လိုအပ်ပါကြောင်းဖြင့် ဆွေးနွေးခဲ့သည်။

**အားပေးသင့်**

လဲချားမဲဆန္ဒနယ်မှ **ဦးစိုင်းမောင်တင်**က ဆွေးနွေးရာတွင် ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်မှစ၍ ကာကွယ်ရေးအသုံးစရိတ်များ လျှော့ချသင့်ပြီး နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်မှု စီမံကိန်းလုပ်ငန်းများတွင် ဖြည့်တင်းသုံးစွဲသွားသင့်ပါကြောင်း၊ ပညာတတ်များ၊ ပညာရှင်များ ပေါ်ထွန်းလာရန် လိုအပ်ပြီး ပညာရေးစနစ်မြင့်မားရန် သုတေသနပြုမှုများ ယခုထက် ပိုမိုလုပ်ဆောင်သင့်ပါကြောင်း၊ အနာဂတ် တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရန်အတွက် မျှော်မှန်းပြီး ပညာရေးအသုံးစရိတ်ကို ယခုထက် ပိုမိုသုံးစွဲသင့်ပါကြောင်း၊ အစိုးရကျောင်းများကို အဆင့်မြှင့်တင်ရမည်ဖြစ်သကဲ့သို့ ကိုယ်ပိုင်ကျောင်းများကိုလည်း အားပေးသင့်ပါကြောင်းဖြင့် ဆွေးနွေးခဲ့သည်။

ယနေ့အစည်းအဝေးကို အစီအစဉ်(၁၁)ခုဖြင့် ဆောင်ရွက်ခဲ့ပြီး အစည်းအဝေး(၂၂)ရက်မြောက်နေ့ကို မတ် ၂၀ ရက်တွင် ကျင်းပပြုလုပ်မည်ဖြစ်သည်။

**(သတင်းစဉ်)**

ပြည်တွင်းသတင်း

ပြည်ထောင်စုဝန်ကြီး ဦးဆန်းဆင့် တိုင်းဒေသကြီးနှင့် ပြည်နယ်သာသနာရေးမှူးများ၏ သာသနာရေးဆိုင်ရာ လုပ်ငန်းဆောင်ရွက်ချက်များ ရှင်းလင်းတင်ပြခြင်း အခမ်းအနားတွင် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

## တိုင်းဒေသကြီးနှင့် ပြည်နယ် သာသနာရေးမှူးများ လုပ်ငန်းဆောင်ရွက်ချက်များ ရှင်းလင်းတင်ပြခြင်းအခမ်းအနားကျင်းပ

**ရန်ကုန် မတ် ၁၈**

တိုင်းဒေသကြီးနှင့် ပြည်နယ် သာသနာရေးမှူးများ သာသနာရေးဆိုင်ရာ လုပ်ငန်းဆောင်ရွက်ချက်များ ရှင်းလင်းတင်ပြခြင်း အခမ်းအနားကို ယနေ့နံနက် ၉နာရီတွင် ရန်ကုန်မြို့ ကမ္ဘာအေး စေတီလမ်းရှိ သာသနာရေးဝန်ကြီးဌာန ဝန်ကြီးရုံး (ရန်ကုန်ရုံးခွဲ)၌ကျင်းပသည်။

ရှေးဦးစွာ တိုင်းဒေသကြီးနှင့် ပြည်နယ်တို့မှသက်ဆိုင်ရာသာသနာရေးမှူးများက သာသနာရေးဆိုင်ရာ လုပ်ငန်း ဆောင်ရွက်မှုများကို အကျဉ်းချုပ်တင်ပြကြပြီး သာသနာရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမိုးဇော်ရွှေက ဖြည့်စွက်တင်ပြကာ နိုင်ငံတော်သမ္မတရုံး အကြံပေးပုဂ္ဂိုလ် ဦးအုံ့မောင်က အကြံပြုဆွေးနွေးသည်။

ယင်းနောက် သာသနာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဆန်းဆင့်က ဝန်ထမ်းများလိုက်နာကျင့်သုံးရမည့် မူဝါဒများကို သိရှိနားလည်ထားကြရမည် ဖြစ်ကြောင်း၊ ပြည်သူ့အစိုးရဖြစ်သည်ကို နားလည်ထားကြရမည်ဖြစ်ကြောင်း၊ ဖွဲ့စည်းပုံအခြေခံဥပဒေ၊ လွှတ်တော်ဥပဒေများကို သိရှိနားလည်ထားကြရန်လိုကြောင်း၊ ပြည်သူ့ဝန်ထမ်းကောင်းဖြစ်ရန်လိုကြောင်း၊ လာဘ်ပေးလာဘ်ယူ ကင်းရှင်းရမည်ဖြစ်ကြောင်း၊ ရာထူးတိုးမြှင့်ရေးကိစ္စရပ်များဆောင်ရွက်ရာတွင် အဖွဲ့ဖြင့် စနစ်တကျဆောင်ရွက်ပေးသွားမည် ဖြစ်ကြောင်း၊ ဝန်ထမ်းများအားလုံး ရိုးသားကြိုးစားကြရန်နှင့် ဝန်ကြီးဌာနနှင့် ဝန်ထမ်းဂုဏ်သိက္ခာ ထိန်းသိမ်းဆောင်ရွက်သွားရန် လိုကြောင်းဖြင့် မှာကြားသည်။ **(သတင်းစဉ်)**

## သစ်စက်လိုင်စင်သက်တမ်းကာလ တိုးမြှင့်ခြင်းနှင့် ပြည်ပတင်ပို့ရန် သစ်တောထွက်ပစ္စည်းစစ်ဆေးခြင်းလုပ်ငန်း လုပ်ထုံးလုပ်နည်းများဖြေလျှော့ပေးမည်

**နေပြည်တော် မတ် ၁၈**

နိုင်ငံသား လုပ်ငန်းရှင်များ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကိုအားပေးသည့်အနေဖြင့် လည်းကောင်း၊ ပြည်သူ့ ဝန်ဆောင်မှုလုပ်ငန်းကို ပိုမိုတိုးမြှင့် ဆောင်ရွက်ပေးရေးအတွက် လည်းကောင်း၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့်သစ်တောရေးရာဝန်ကြီးဌာနအနေဖြင့် သစ်စက် လိုင်စင် သက်တမ်းတိုးမြှင့်ခြင်းနှင့် ပြည်ပတင်ပို့သည့် သစ်တောထွက်ပစ္စည်း စစ်ဆေးခြင်းလုပ်ငန်းများ၏ လုပ်ထုံးလုပ်နည်းများ ဖြေလျှော့ပေးသွားမည်ဖြစ်သည်။

ယခင်က အိမ်တွင်းစက်မှုလက်မှုလုပ်ငန်းများနှင့် ပရိဘောဂလုပ်ငန်းများမှအပ လွှစင်၊ လွှစက်၊ လျှာထိုးစက်၊ အထပ်သားစက်၊ သစ်ပါးလွှာစက် သို့မဟုတ် သစ်အခြေခံအသုံးပြုသည့် စက်များလိုင်စင်အား သက်တမ်းကာလ တစ်နှစ်သတ်မှတ်ခဲ့ရာ ယခုအခါ လိုင်စင်သက်တမ်းကာလအား ငါးနှစ်အထိ တိုးမြှင့်ပေးသွားမည်ဖြစ်သည်။

ထို့အတူ သစ်တောထွက်ပစ္စည်းများ ပြည်ပတင်ပို့ရာတွင် လွယ်ကူလျင်မြန်စေရန်အတွက် လုပ်ငန်းစဉ်နှင့် လုပ်ထုံးလုပ်နည်းများ ဖြေလျှော့ပေးမှုအဖြစ် ယခင်က ကုန်သွယ်ရေးညွှန်ကြားမှုဦးစီးဌာနသို့ ပို့ကုန်လိုင်စင် လျှောက်ထားရန်အတွက် တရားဝင် သစ်တောထွက်ပစ္စည်း မှန်ကန်ကြောင်း ထောက်ခံစာနှင့် အကောက်ခွန်ဦးစီးဌာန အတွက် သစ်တောထွက်ပစ္စည်း မှန်ကန်ကြောင်း ထောက်ခံစာ စုစုပေါင်း နှစ်ကြိမ်ရယူနေရခြင်းမှ အကောက်ခွန်ဦးစီးဌာနအတွက် သစ်တောထွက်ပစ္စည်း မှန်ကန်ကြောင်း ထောက်ခံချက် တစ်ကြိမ်သာ ရယူရန်လိုအပ်ကြောင်း၊ ကုန်သွယ်ရေးညွှန်ကြားမှုဦးစီးဌာနသို့ပို့ကုန်လိုင်စင်အတွက် သစ်တောဦးစီးဌာနမှ တရားဝင်သစ်တောထွက်ပစ္စည်း မှန်ကန်ကြောင်း ဖော်ပြသည့် ထောက်ခံစာ မလိုအပ်တော့ကြောင်း ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာနမှ သတင်းရရှိသည်။

**(သတင်းစဉ်)**

## တိုက်ဂါး၊ မြန်မာ အပျော်တမ်းအိုးပင်းဂေါက်သီးရိုက်ပြိုင်ပွဲ စာနယ်ဇင်းရှင်းလင်း

**ရန်ကုန် မတ် ၁၈**

မြန်မာနိုင်ငံဂေါက်သီးအဖွဲ့ချုပ်က ကြီးမှူး၍ Tiger Golf က အဓိက ကူညီပံ့ပိုးသည့် Tiger Myanmar Amature Open Golf Championship 2013 ဂေါက်သီးရိုက်ပြိုင်ပွဲ ကျင်းပရေးနှင့် စပ်လျဉ်း၍ စာနယ်ဇင်းရှင်းလင်းပွဲကို မတ် ၁၈ ရက် မွန်းလွဲ ၂ နာရီတွင် ရန်ကုန်မြို့ အင်းစိန်မြို့နယ်ရှိ တညင်းကုန်း၊ ရန်ကုန် ဂေါက်ကလပ်၌ ကျင်းပသည်။

ရှေးဦးစွာ စာနယ်ဇင်းရှင်းလင်းပွဲနှင့် ဂေါက်သီးရိုက် အားကစားသမားများတွေ့ဆုံပွဲသို့ တက်ရောက်လာကြသူများအား တစ်ဦးချင်းမိတ်ဆက်ပေးသည်။

ဆက်လက်၍ မြန်မာနိုင်ငံဂေါက်သီးအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဦးအောင်ကြည်က အမှာစကားပြောကြားသည်။

ယင်းနောက် ထိုင်း၊ စင်ကာပူနှင့် ဖိလစ်ပိုင်တို့မှ နိုင်ငံတကာ အပျော်တမ်း ဂေါက်သီးရိုက် အားကစားသမားများနှင့် မြန်မာအပျော်တမ်း ဂေါက်သီးရိုက် အားကစားသမားများ ပြိုင်ပွဲအတွေ့အကြုံများနှင့် ယခုပြိုင်ပွဲ၌ ပါဝင်ယှဉ်ပြိုင်မည့် အခြေအနေများကို တစ်ဦးချင်း ရှင်းလင်း ပြောကြားသွားသည်။

ယင်းနောက် စာနယ်ဇင်းများမှ တာဝန်ရှိပုဂ္ဂိုလ်များ၏ သိရှိလိုသည့် မေးမြန်းချက်များကို မြန်မာနိုင်ငံဂေါက်သီးအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဦးအောင်ကြည်နှင့် အမှုဆောင် ဦးချမ်းဟန်တို့က ပြန်လည်ရှင်းလင်းဖြေကြားသည်။

အဆိုပါပြိုင်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေးအတွက် Srixon/ Imperal Jade Purified Drinking Water/ 100 Plus(Isotonic Drink)/ Yangon Golf Club၊ Elite Express တို့ကလည်း ထပ်မံ၍ ကူညီပံ့ပိုးကြမည်ဖြစ်သည်။

Tiger Myanmar Amature Open Golf Championship 2013 ဂေါက်သီးရိုက်ပြိုင်ပွဲကို မတ် ၁၉ ရက်မှ ၂၂ ရက်အထိ ရန်ကုန်မြို့ အင်းစိန်မြို့နယ်ရှိ တညင်းကုန်း ဂေါက်ကလပ်၌ ကျင်းပသွားမည်ဖြစ်ပြီး ထိုင်း၊ စင်ကာပူနှင့် ဖိလစ်ပိုင်နိုင်ငံတို့မှ အပျော်တမ်းဂေါက်သီးရိုက်အားကစားသမားများ၊ မြန်မာအပျော်တမ်း ဂေါက်သီးရိုက်အားကစားသမားများ အပါအဝင် စုစုပေါင်း ၁၂၇ ဦးပါဝင်ယှဉ်ပြိုင်မည်ဖြစ်ကြောင်း သိရှိရသည်။

**(မြန်မာ့အလင်း)**

## ပြင်ဆင်ဖတ်ရှုပါရန် မေတ္တာရပ်ခံတောင်းပန်ခြင်း

၁၇-၃-၂၀၁၃ ရက်နေ့ထုတ် မြန်မာ့အလင်းသတင်းစာ စာမျက်နှာ (၈)တွင် ဖော်ပြခဲ့သည့် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဒလမြို့နယ်မှ ဒေသခံများနှင့် တွေ့ဆုံခြင်းသတင်း ကော်လံ (၇)၏ တတိယစာပိုဒ်တွင် "တရားဥပဒေစိုးမိုးမှုရှိပါက လက်ရှိ တည်ငြိမ်အေးချမ်းမှု ပျက်ပြားသွားမည်ဖြစ်ကြောင်း"ဟု မှားယွင်းပါရှိသွားခဲ့သည်ကို "တရားဥပဒေစိုးမိုးမှုမရှိပါက လက်ရှိတည်ငြိမ်အေးချမ်းမှု ပျက်ပြားသွားမည်ဖြစ်ကြောင်း" ဟု အမှန်အတိုင်း ပြင်ဆင်ဖတ်ရှုပေးပါရန် အနူးအညွတ် မေတ္တာရပ်ခံတောင်းပန်အပ်ပါသည်။ **(မြန်မာ့အလင်း)**

## (၆၈)နှစ်မြောက် တပ်မတော်နေ့ ဦးတည်ချက်များ

(က) နိုင်ငံတော်၏အမျိုးသားရေးမူဝါဒဖြစ်သော ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး၊ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးဟူသော ဒို့တာဝန်အရေးသုံးပါးကို ကာကွယ်စောင့်ရှောက်ရေး။

(ခ) ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ နိုင်ငံတော်၏ အမျိုးသားနိုင်ငံရေးဦးဆောင်မှုအခန်းကဏ္ဍတွင် တိုင်းရင်းသားပြည်သူတို့နှင့်အတူ လက်တွဲ၍ စစ်မှန်သောမျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ်ဖြင့် ပါဝင်ထမ်းဆောင်ရေး။

(ဂ) ပြည်တွင်း၊ ပြည်ပအဖျက်သမားများ၏ အန္တရာယ်မှန်သမျှကို နိုင်ငံတော်စွမ်းအား၊ ပြည်သူ့စွမ်းအား၊ တပ်မတော်စွမ်းအားတို့ဖြင့် ပူးပေါင်းကာကွယ်တိုက်ဖျက်ရေး။

(ဃ) နိုင်ငံတော်၏ လုံခြုံရေးနှင့် အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးကို ကာကွယ်စောင့်ရှောက်ရန် အင်အားတောင့်တင်းပြီး စွမ်းရည်ထက်မြက်သော ခေတ်မီမျိုးချစ်တပ်မတော်ဖြစ်ပေါ်လာစေရေး။

## သဖန်းဆိပ်ရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံနှင့် ငှက်ပျောဒိုင်းပင်မဓာတ်အားခွဲရုံတို့မှ ဓာတ်အားများဖြန့်ဖြူးပေးနေ

ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်စိုး သဖန်းဆိပ်ရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံအတွင်း ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

**နေပြည်တော် မတ် ၁၈**

စစ်ကိုင်းတိုင်း ဒေသကြီး ကျွန်းလှမြို့နယ်ရှိ သဖန်းဆိပ် ရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံသို့ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်စိုးသည် မတ် ၁၆ ရက် မွန်းတည့် ၁၂ နာရီတွင် သွားရောက်၍ စက်ရုံအတွင်း ဓာတ်အားပေးတာဘိုင်စက်များဖြင့် ဓာတ်အားထုတ်လုပ်ပေးနေမှု၊ တမံအတွင်း ရေဝင်ရောက်မှု၊ ရေသုံးစွဲ ထိန်းသိမ်းထားရှိမှုနှင့် ရေထိန်းတံခါးများ၏ ကြံ့ခိုင်မှုများကို ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ ကန့်ဘလူမြို့နယ်ရှိ ၁၃၂ ကေဗွီ ငှက်ပျောဒိုင်းပင်မဓာတ်အားခွဲရုံသို့ သွားရောက်ပြီး ၁၃၂ ကေဗွီ သဖန်းဆိပ်ဓာတ်အားလိုင်းနှင့် ၁၃၂ ကေဗွီ ဆည်တော်ကြီး၊ လက်ပံလှ ဓာတ်အားလိုင်းများမှ ဓာတ်အားလက်ခံရရှိမှု၊ ၃၃ ကေဗွီ ဓာတ်အားလိုင်းနှစ်လိုင်းဖြင့် ရွှေဘို၊ ခင်ဦး၊ ဒီပဲယင်း၊ တန့်ဆည်၊ ဇီးကုန်း၊ ကန့်ဘလူနှင့် ကျွန်းလှမြို့များသို့ ဓာတ်အားပို့ဖြန့်ဖြူးထားရှိမှု၊Control Room နှင့် Switch Yard များကို ကြည့်ရှုစစ်ဆေးခဲ့သည်။

လျှပ်စစ်စွမ်းအားဝန်ကြီးဌာနအနေဖြင့် နိုင်ငံတော်နှင့် ပြည်သူလူထု၏ ဓာတ်အားလိုအပ်ချက်ကို ရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံ ၁၉ရုံ၊ ကျောက်မီးသွေးဓာတ်အားပေးစက်ရုံတစ်ရုံနှင့် သဘာဝဓာတ်ငွေ့သုံး ဓာတ်အားပေးစက်ရုံများဖြင့် နိုင်ငံတော် ဓာတ်အားစနစ်သို့ ဓာတ်အားပို့လွှတ် ဖြန့်ဖြူးနေသည့်အပြင် ထပ်မံ၍ စီမံကိန်းများ တိုးချဲ့ခြင်း၊ နေအား၊ လေအား အခြားနည်းလမ်းများဖြင့် လျှပ်စစ်ဓာတ်အားတိုးတက်ထုတ်လုပ်ဖြန့်ဖြူးပေးနိုင်ရေး စီမံဆောင်ရွက်လျက်ရှိကြောင်း လျှပ်စစ်စွမ်းအားဝန်ကြီးဌာနမှ သတင်းရရှိသည်။ **(သတင်းစဉ်)**

## လူမှုဖူလုံရေးအဖွဲ့ ဆရာဝန်များ လုပ်ငန်းခွင်စွမ်းဆောင်ရည်မြှင့်တင်ရေးသင်တန်း အမှတ်စဉ်(၁/၂၀၁၃)ဖွင့်

**နေပြည်တော် မတ် ၁၈**

အလုပ်သမား၊ အလုပ်အကိုင်နှင့် လူမှုဖူလုံရေးဝန်ကြီးဌာန လူမှုဖူလုံရေးအဖွဲ့ ဆရာဝန်များ လုပ်ငန်းခွင်စွမ်းဆောင်ရည်မြှင့်တင်ရေးသင်တန်းဖွင့်ပွဲကို ယနေ့ နံနက် ၉ နာရီခွဲတွင် အဆိုပါ ဝန်ကြီးရုံးခန်းမ၌ကျင်းပ ဖွင့်လှစ်ရာ ပြည်ထောင်စုဝန်ကြီး ဦးမောင်မြင့်က လူမှုဖူလုံရေးအဖွဲ့သည် Public နှင့် တိုက်ရိုက်ထိတွေ့မှုပိုမိုများပြားပြီး Public နှင့် ထိတွေ့ရသည့် လူမှုဖူလုံရေးအဖွဲ့ ဆေးရုံသုံးရုံနှင့် ဆေးခန်း ၉၂ ခန်းရှိပြီး ပိုမိုကောင်းမွန်သော ထိတွေ့ဆက်ဆံမှုများဖြင့် ပြုပြင်ပြောင်းလဲရေး (Reform) ပြုလုပ်နိုင်ရေးအတွက် လေ့ကျင့်သင်ကြားမှုများ (Training) ပြုလုပ်ခြင်းဖြစ်ကြောင်း၊ ဒီမိုကရေစီအသွင်ကူးပြောင်းပြီးနောက် နောက်ကျန်မနေခဲ့ရအောင် ပြုပြင်ရန် အချက်များနှင့် စဉ်းစားသုံးသပ်ရန်အချက်များ လိုအပ်လာပြီဖြစ်ကြောင်း၊ ဒီမိုကရေစီစနစ်အရ အားလုံးတွင် တာဝန်ရှိသည့်အတွက် ကိုယ့်တာဝန်ကိုယ်သိရန်လိုကြောင်း၊ ဒီမိုကရေစီစနစ်သို့ လိုက်မီနိုင်အောင် အားလုံးပါဝင်ဆောင်ရွက်ကြရန်လိုအပ်ကြောင်း၊ သင်တန်းသားများအနေဖြင့် အခက်အခဲရှိပါက တင်ပြရန်နှင့် ဂရုစိုက်ပြီး မှတ်သားလေ့လာကြရန် တိုက်တွန်းပြောကြားသည်။

တက်ရောက်

သင်တန်းသို့ လူမှုဖူလုံရေးအဖွဲ့ ဆေးခန်းများမှ တာဝန်ခံဆရာဝန် ၃၃ ဦးတက်ရောက်ပြီး သင်တန်းမှာ ယနေ့မှ မတ် ၂၂ ရက်အထိဖြစ်ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

ဗလငါးတန် ဖွံ့ဖြိုးဖို့ စာအုပ်စာပေ လေ့လာစို့

ပြည်တွင်းသတင်း

# ဆင်းရဲမှုလျှော့ချရေးနှင့် ပြည်သူများအတွက် အလုပ်အကိုင်အခွင့်အလမ်းများ တိုးပွားရေးကို အလေးထားဆောင်ရွက်လျက်ရှိ

**ရန်ကုန် မတ် ၁၈**

သမဝါယမဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်ဆန်းသည် ယနေ့ နံနက် ၉ နာရီတွင် ရန်ကုန်တက္ကသိုလ် ဘွဲ့နှင်းသဘင်ခန်းမ၌ ကျင်းပသည့် သမဝါယမတက္ကသိုလ် (သန်လျင်) ပထမအကြိမ် ဘွဲ့နှင်းသဘင်အခမ်းအနားသို့ တက်ရောက် အမှာစကားပြောကြားရာတွင် ယနေ့ အခမ်းအနားသည် မြန်မာနိုင်ငံအတွက် သမိုင်းမှတ်တမ်းဝင်မည့် သမဝါယမ ဘာသာရပ်ဆိုင်ရာ Bachelor of Business Science (B.B.Sc) ဘွဲ့ကို နိုင်ငံ၏ ပထမဦးဆုံးသော သမဝါယမတက္ကသိုလ်က စတင်ချီးမြှင့်သည့် အခမ်းအနားဖြစ်ပါကြောင်း၊ အနာဂတ်တိုင်းပြည်တည်ဆောက်ရေးတွင် မောင်တို့မယ်တို့၏ ကာယ၊ ဉာဏ၊ စွမ်းအားနှစ်ရပ်နှင့် အစွမ်းကုန်ပါဝင်ကြိုးပမ်းကြရမည်ဖြစ်သည့်အပြင် မိမိတို့၏ ပညာရပ်နယ်ပယ် ပိုမိုကျယ်ပြန့်မြင့်မားအောင် စဉ်ဆက်မပြတ် ကြိုးပမ်းတည်ဆောက်သွားကြရမည် ဖြစ်ကြောင်း။

မိမိကိုယ်ကို တည်ဆောက်ရာတွင် မိမိတို့နှင့် သက်ဆိုင်သည့် အတတ်ပညာများကို ကျွမ်းကျင်နှံ့စပ်တတ်မြောက်အောင် လေ့လာသင်ယူရန် လိုအပ်သလို စာရိတ္တကို တည်ဆောက်ရန်၊ ကျန်းမာရေးကို တည်ဆောက်ရန်၊ ပေါင်းသင်းဆက်ဆံရေးကို တည်ဆောက်ရန်အမျိုးသားရေးစိတ်ဓာတ်နှင့် လူမှုရေးစိတ်ဓာတ်အခြေခံ ပြည့်ဝအောင် တည်ဆောက်ရန်လိုကြောင်း။

ပြည်ထောင်စုဝန်ကြီး ဦးကျော်ဆန်း သမဝါယမတက္ကသိုလ် (သန်လျင်) ပထမအကြိမ် ဘွဲ့နှင်းသဘင် အခမ်းအနားတွင် အမှာစကား ပြောကြားစဉ်။ (သတင်းစဉ်)

နိုင်ငံ ဖွံ့ဖြိုးတိုးတက်ရေးကို အဓိက တွန်းအားပေးကြိုးပမ်းလျက်ရှိရာ ဆင်းရဲမှုလျှော့ချရေးနှင့် ပြည်သူများအတွက် အလုပ်အကိုင်အခွင့်အလမ်းများ တိုးပွားရေးကို အလေးထား ဆောင်ရွက်လျက်ရှိကြောင်း၊ နိုင်ငံတစ်နိုင်ငံကို တည်ထောင်ရာတွင် မျိုးဆက်သစ်တို့၏ အခန်းကဏ္ဍ လွန်စွာအရေးကြီး၍ သမဝါယမဝန်ကြီးဌာန အောက်ရှိ သမဝါယမတက္ကသိုလ်၊ ကောလိပ်၊ သင်တန်းကျောင်းများက မျိုးဆက်သစ်များဖြစ်သည့် မောင်တို့မယ်တို့ကို အဆက်မပြတ် မွေးထုတ်ပေးနေခြင်းဖြစ်ကြောင်း၊ အမိတက္ကသိုလ်က သင်ကြားပေးလိုက်သည့် ဘာသာရပ်ဆိုင်ရာ အတတ်ပညာကျွမ်းကျင်မှုကို အခြေခံပြီး ဆင်ခြင်သုံးသပ်ဝေဖန်တွေးခေါ်နိုင်သည့် အသိတရားနှင့် ပေါင်းစပ်က လုပ်ငန်းအောင်မြင်ရန်၊ ဘဝအောင်မြင်ရန် ကျင့်သုံးရမည့် မဟာဗျူဟာနှင့် နည်းဗျူဟာများ ရရှိလာမည်ဖြစ်ကြောင်း၊ ၎င်းမဟာဗျူဟာ၊ နည်းဗျူဟာများကို Implementation လက်တွေ့အကောင်အထည်ဖော် ဆောင်ရွက်ကြပါက မောင်မယ်တို့၏ လုပ်ငန်းအောင်မြင်မှု၊ ဘဝအောင်မြင်မှုများ မလွဲမသွေ ရရှိကြမည်ဖြစ်ကြောင်း ပြောကြားခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# မြန်မာနိုင်ငံကူးလက်မှတ်လျှောက်ထားမှုတွင် အချိန်ကုန်၊ ငွေကုန်သက်သာမှုများရရှိရန် စနစ်ကျနမှုရှိစေရန်အတွက် ပြေလျှော့မှုများ ပြုလုပ်ပေးလျက်ရှိကြောင်း မြန်မာနိုင်ငံကူးလက်မှတ်ထုတ်ပေးရေးရုံးမှ သတင်းထုတ်ပြန်

**နေပြည်တော် မတ် ၁၈**

မြန်မာနိုင်ငံကူး လက်မှတ်လျှောက်ထားရာတွင် ယခင်က သက်ဆိုင်ရာ ဝန်ကြီးဌာနများမှ ထုတ်ပေးလျက်ရှိသော ပညာရေးကင်းရှင်းချက်၊ အသင်းအဖွဲ့နှင့် အစည်းအရုံး ထောက်ခံစာများ၊ အမြတ်ခွန်ပုံစံ (၁၉)၊ ဝင်ငွေခွန်ပေးဆောင်မှု အထောက်အထားများစသည်ဖြင့် ပူးတွဲလျက်လျှောက်လွှာပုံစံ (၁၄)ရွက်ကို ဖြည့်စွက်၍လျှောက်ထားရကြောင်း၊ အဆင့်ဆင့် စိစစ်ရသောကြောင့် တစ်လခန့်ကြာမှသာ မြန်မာနိုင်ငံကူးလက်မှတ်များကို ထုတ်ပေးနိုင်ခဲ့ကြောင်း၊ ယခုအခါ အဆိုပါ အထောက်အထားများကို ပူးတွဲလျက်လျှောက်ထားရန်မလိုတော့သဖြင့် မြန်မာနိုင်ငံကူးလက်မှတ် လျှောက်ထားသည့် လျှောက်လွှာများကို ပုံစံ (၁၄)ရွက် ဖြည့်သွင်းခဲ့ရာမှ လျှောက်လွှာပုံစံ (၅)ရွက်ထိ လျှော့ချခဲ့ကြောင်း၊ သတ်မှတ်ကာလကိုလည်း ယခင် တစ်လခန့် ကြာမြင့်ခဲ့ရာမှ ယခုအခါ ၁၀ ရက်အတွင်း ထုတ်ပေးနိုင်ရန် စီမံ ဆောင်ရွက်လျက်ရှိကြောင်း၊ ၎င်းအပြင် မြန်မာနိုင်ငံကူး လက်မှတ် လျှောက်ထားရာတွင် ယခုအခါ ၂၃၀၀၀ ကျပ်ခန့်သာ ကုန်ကျတော့မည် ဖြစ်ကြောင်း၊ ယင်းကဲ့သို့ ပြည်ထဲရေးဝန်ကြီးဌာန မြန်မာနိုင်ငံကူးလက်မှတ် ထုတ်ပေးရေးရုံးများမှ ဖြေလျှော့မှုများ ဆောင်ရွက်ပေးလျက်ရှိရာ လျှောက်ထားသူများဘက်မှလည်း မိမိတို့၏ ကိုယ်ရေးမှတ်တမ်း ပုံစံများကို မှန်ကန်စွာဖြည့်စွက် လျှောက်ထားခြင်းအားဖြင့် အမှုတွဲများ မကြန့်ကြာအောင် ဝိုင်းဝန်းဆောင်ရွက်ပေးရန်ဖြစ်ကြောင်း၊ ကြားပွဲစားများဖြင့်ဆောင်ရွက်ခြင်းသည် ကုန်ကျစရိတ်များခြင်း၊ မသမာမှုဖြစ်ပေါ်နိုင်ခြင်းတို့ကြောင့် ကိုယ်တိုင်ဆောင်ရွက်ကြရန်နှင့် ရိုးရှင်းလွယ်ကူသော စနစ်ဖြင့် ဆောင်ရွက်နိုင်ရေးစီမံထားရှိကြောင်း မြန်မာနိုင်ငံကူးလက်မှတ် ထုတ်ပေးရေးအဖွဲ့မှ သတင်းထုတ်ပြန်ထားရှိသည်။

ရန်ကုန်မြို့ ဆရာစံလမ်းနှင့် စက်မှု(၁) လမ်းထောင့်ရှိ ပြည်ထဲရေးဝန်ကြီးဌာနရုံးဟောင်းတွင် ဖွင့်လှစ်ထားသော မြန်မာနိုင်ငံကူးလက်မှတ်ထုတ်ပေးရေးအဖွဲ့ရုံးသစ်၌ နိုင်ငံကူးလက်မှတ် လာရောက်လျှောက်ထားသူများအား တွေ့ရစဉ်။ (သတင်းစဉ်)

ပြည်ထဲရေးဝန်ကြီးဌာန မြန်မာနိုင်ငံကူးလက်မှတ် ထုတ်ပေးရေးအဖွဲ့သည် ပြည်ပသို့သွားရောက်လိုသူများပြားလာသည်နှင့်အမျှ မြန်မာနိုင်ငံကူးလက်မှတ်လျှောက်ထားသူဦးရေ ပိုမိုတိုးတက်များပြားလာခြင်းတို့ကြောင့် နေရာကျယ်ဝန်းပြီး သွားလာမှုလွယ်ကူသည့် ရန်ကင်းမြို့နယ် ပြည်ထဲရေးဝန်ကြီးဌာန(ရုံးဟောင်း) မြေညီထပ်သို့ ၂၀၁၁ ခုနှစ် ဇူလိုင် ၁ ရက်မှစ၍ ပြောင်းရွှေ့ဖွင့်လှစ်ခဲ့သည်။ ထို့အပြင် မန္တလေးတိုင်းဒေသကြီး မြန်မာနိုင်ငံကူးလက်မှတ်ထုတ်ပေးရေး (ရုံးခွဲ) ကိုလည်း ၂၀၁၂ ခုနှစ် ဇူလိုင် ၄ ရက်တွင် တိုးချဲ့ဖွင့်လှစ်ခဲ့သည်။ ယင်းကဲ့သို့ နိုင်ငံတော်သမ္မတ၏ လမ်းညွှန်မှုအပေါ် မြန်မာနိုင်ငံကူးလက်မှတ် ထုတ်ပေးရေးရုံးများ ဖွင့်လှစ်၍ အချိန်နှင့် ငွေကုန်ကျမှုသက်သာအောင် ဖြေလျှော့ဆောင်ရွက်ပေးလျက်ရှိသည့်အပြင် ရန်ကုန်၊ မန္တလေးစည်ပင်သာယာရေး နယ်နိမိတ်အတွင်းရှိ မြို့နယ်များတွင် နေထိုင်ကြသည့် သက်ကြီးရွယ်အိုများ ကျန်းမာရေးမကောင်းသူများနှင့် တိုင်းဒေသကြီး/ ပြည်နယ်အသီးသီးမှ အစုအဖွဲ့ဖြင့် ပြည်ပနိုင်ငံများသို့ ဘုရားဖူးသွားရောက်လိုသူများ စသည်တို့အတွက်လည်း နိုင်ငံကူးလက်မှတ်များ လျှောက်ထားနိုင်ရေး Home Service (အိမ်တိုင်ရာရောက် နိုင်ငံကူးလက်မှတ်များ ဆောင်ရွက်ပေးသည့်စနစ်)ဖြင့် နယ်မြို့များအထိ သွားရောက်၍ ဆောင်ရွက်ပေးလျက်ရှိသည်။ နိုင်ငံကူးလက်မှတ် လျှောက်ထားရာ၌ One Stop Service အဖြစ်နေ့ချင်းပြီး ဆောင်ရွက်ပေးလျက်ရှိပြီး စက်ဖြင့် ဖတ်ရှုစစ်ဆေးခြင်းခံနိုင်သော မြန်မာနိုင်ငံကူးလက်မှတ် (MRP) များကို ခေတ်မီစက်ကိရိယာများဖြင့် ဌာနချင်း ချိတ်ဆက်အသုံးပြုလာနိုင်သောကြောင့် မြန်မာနိုင်ငံကူးလက်မှတ်များအား ၁၀ရက်အတွင်း ထုတ်ပေးနိုင်ပြီဖြစ်ကြောင်း သိရသည်။

**(သတင်းစဉ်)**

**နိုင်ငံအဝန်း သစ်တောစွမ်းဖြင့် စိမ်းလန်းစေရမည်**

# လက်ပံတောင်းတောင် ကြေးနီစီမံကိန်း နယ်မြေအတွင်း ကျေးရွာများသို့ မြေယာလျော်ကြေးဆက်လက်ပေးအပ်

**နေပြည်တော် မတ် ၁၈**

လက်ပံတောင်းတောင် ကြေးနီစီမံကိန်း အစီရင်ခံစာအပေါ် အကောင်အထည်ဖော် ဆောင်ရွက်ရေးကော်မတီက ဖွဲ့စည်းတာဝန်ပေးအပ်ထားသော သိမ်းဆည်းမြေယာများ စိစစ်ရေးအဖွဲ့၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် လူမှုစီးပွားဆိုင်ရာအကောင်အထည်ဖော်ဆောင်ရွက်ရေးအဖွဲ့၊ သာသနိကအဆောက်အအုံများ ရွှေ့ပြောင်းခြင်းနှင့်ပြန်လည်တည်ဆောက်ခြင်းအဖွဲ့များသည် လက်ပံတောင်းတောင် စီမံကိန်းနယ်မြေနှင့် ကျေးရွာများသို့ ဆောင်ရွက်ပေးရန်တို့ကို ကွင်းဆင်းလေ့လာဆောင်ရွက်လျက်ရှိပြီး သိမ်းဆည်းမြေယာများ စိစစ်ရေးအဖွဲ့အနေဖြင့် မတ် ၁၇ ရက်တွင် ဖောင်းကတာနှင့် ရှာရှည်ကျေးရွာအုပ်စုမှ တောင်သူ ၁၁၁ ဦးအား မြေယာလျော်ကြေးငွေကျပ် ၃၃၅၁ သိန်းကျော်ထပ်မံပေးအပ်ခဲ့သဖြင့် မတ် ၁၆ရက်နှင့် ၁၇ရက် နှစ်ရက်အတွင်း စုစုပေါင်း တောင်သူ ၁၆၃ ဦးအား မြေယာလျော်ကြေးငွေကျပ် ၅၅၉၈ သိန်းကျော် ပေးအပ်ခဲ့ပြီးဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

## မြန်မာ့ရုပ်မြင်သံကြား

**၁၃၇၄ခုနှစ်၊ တပေါင်းလဆန်း ၈ ရက် (ဥပုသ်နေ့) ၁၉-၃-၂၀၁၃ (အင်္ဂါနေ့)**

**နံနက်ပိုင်း**

- ၇း၀၀ မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော်
- ၇း၃၀ နံနက်ခင်းသတင်း
- ၈း၂၅ မြန်မာ့ဝေလေ့အလှူပွဲ (ရမည်းသင်းမြို့ ဘုရားကုန်းကျေးရွာ)
- ၈း၄၀ မင်းကွန်းဆရာတော်ကြီး၏ အရပ်ဆယ်မျက်နှာမေတ္တာ ဘာဝနာပွားများခြင်းတရားတော်

**ညပိုင်း**

- ၄း၀၀ ရုပ်မြင်သံကြားအဖွင့်တေး
- ၄း၃၀ အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ (ပထမနှစ်)(ဥပဒေပညာ အထူးပြု)(ဥပဒေပညာ)
- ၅း၁၅ SEA Games (Go for Gold) (ရေကူး)
- ၆း၀၀ ညနေခင်းသတင်း
- ၇း၀၀ ပြည်တွင်းသတင်း
- ၇း၁၀ နိုင်ငံခြားဇာတ်လမ်းတွဲ

**ရှုမငြီးတဲ့ချစ်သမီး (ဒုတိယတွဲ)(အပိုင်း-၃၁)**

- ၈း၀၀ ပြည်တွင်းသတင်း
  - လူကုန်ကူးမှုဆိုင်ရာပညာပေး အစီအစဉ်
  - ကြည်နူးဖူးမြော်သတ္တ သတ္တာဟ မဟာဗောဓိစေတီတော်
- ၁၀း၀၀ ပြည်တွင်းသတင်း

# လမ်းဖြတ်ကူးသူအား အငှားယာဉ်တိုက် ယာဉ်မောင်းသူအား အမှုဖွင့်အရေးယူ

**ရန်ကုန် မတ် ၁၈**

ရန်ကုန်တိုင်းဒေသကြီး ဗဟန်းမြို့နယ် ကမ္ဘာအေးဘုရားလမ်း လမ်းနီလေးမှတ်တိုင်အနီးတွင် မတ် ၁၇ ရက်ည ၈ နာရီခွဲခန့်က ယာဉ်တိုက်မှုဖြစ်ပွားခဲ့ရာ လမ်းဖြတ်ကူးသူအမျိုးသမီးတစ်ဦး သေဆုံးသွားကြောင်း ဗဟန်းရဲစခန်း၌ အမှုဖွင့်တိုင်တန်းချက်အရ သိရသည်။

အဆိုပါ ယာဉ်တိုက်မှုနှင့်ပတ်သက်ပြီး ဆက်လက်စုံစမ်းမေးမြန်းခဲ့ရာ မတ် ၁၇ ရက် ညနေပိုင်းက အဆိုပါ မှတ်တိုင်အနီးတွင်ဒေါ်စန်းစန်းတင့် (၄၉နှစ်)မိခို (ဘ) ဦးမောင်မြင့် ရန်ကင်း (၅)ရပ်ကွက် တိုက်အမှတ် ၃၉၅ နေသူသည် ယာဉ်မောင်းဇင်မင်းကို (၂၉နှစ်) (ဘ) ဦးကိုကို ရန်ကင်း(၉) ရပ်ကွက် မ-၂ အင်ကြင်းမြိုင်လမ်းနေသူ၏ ယာဉ်အမှတ် ကက/... မစ်ဆူဘီရှီ ဆလွန်းကား မီးခိုးပြာရောင်တိုက်ခံရပြီး သေဆုံးသွားကြောင်း သိရသည်။

ဖြစ်စဉ်မှာ မတ် ၁၇ ရက်ည ၈ နာရီခွဲခန့်တွင် ဗဟန်းမြို့နယ် ကမ္ဘာအေးဘုရားလမ်း အတိုင်း မြောက်မှတောင်သို့ ဇင်မင်းကို မောင်းနှင်လာသော မစ်ဆူဘီရှီ ဆလွန်းကား မီးခိုးပြာရောင် အငှားယာဉ်သည် လမ်းနီလေး မှတ်တိုင်အရောက် အရှေ့မှအနောက်သို့ လမ်းဖြတ်ကူးသူ ဒေါ်စန်းစန်းတင့်အား တိုက်မိခဲ့ခြင်းဖြစ်သည်။

ယာဉ်တိုက်မှုဖြစ်ပွားပြီးနောက် ယာဉ်တိုက်ခံရသူအား ရန်ကုန်ဆေးရုံကြီးသို့တင်ပို့ကုသခဲ့ရာ ရရှိထားသောဒဏ်ရာများနှင့် ရန်ကုန်ဆေးရုံကြီး၌ သေဆုံးသွားခဲ့သည်။

အဆိုပါ ယာဉ်တိုက်မှုနှင့်ပတ်သက်ပြီး သက်ဆိုင်ရာမြို့နယ်ယာဉ်ထိန်းတပ်ဖွဲ့က ဗဟန်းရဲစခန်း၌ အမှုဖွင့်တိုင်ကြားခဲ့ကြောင်း၊ ယာဉ်မောင်းဇင်မင်းကိုအား အမှုဖွင့်အရေးယူရန် ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။ **(မြင့်မောင်စိုး)**

# ရှစ်မိုင် မြိုင်ဟေဝန်ပန်းခြံဝင်းရှိ ရှစ်ပေပတ်လည် စည်ပင်လုပ်သားအခန်းတွဲများမီးလောင်

**ရန်ကုန် မတ် ၁၈**

ရန်ကုန်တိုင်းဒေသကြီးအနောက်ပိုင်းခရိုင် မရမ်းကုန်းမြို့နယ် အမှတ် (၅) ရပ်ကွက် ရှစ်မိုင်လမ်းဆုံမီးပွိုင့်အနီး မြိုင်ဟေဝန်ပန်းခြံဝင်း မြို့တော်စည်ပင်သာယာရေးကော်မတီ ပန်းဥယျာဉ်ဌာနပိုင် သွပ်မိုးပျဉ်ခင်း၊ ထရံကာ ရှစ်ပေပတ်လည် နှစ်ခန်းတွဲနေ (ဘ) ဦးစိန်မောင်၏သား ဦးမြင့်သောင်း (၄၈နှစ်)၏ အခန်းမီးသွေး မီးဖိုမီးကြွင်းမီးကျန်မှ မတ် ၁၇ ရက် ညသန်းခေါင်ယံ ၀၀း၁၀ နာရီက မီးစတင်လောင်ကျွမ်းခဲ့သည်။

မီးလောင်စဉ် မီးသတ်ယာဉ် ၂၅ စီး၊ အုပ်ချုပ်မှုယာဉ်သုံးစီး၊ မီးသတ်စက်ယာဉ်နှစ်စီး၊ အထောက်အကူပြုယာဉ်နှစ်စီး၊ သန္ဓေမီးသတ် ၆၅ ဦး၊ အရန်မီးသတ် ၇၀၊ ကြက်ခြေနီတပ်ဖွဲ့ဝင် ၃၅ဦးတို့နှင့်အတူ အချိန်မီ ငြိမ်းသတ်ခဲ့ကြသဖြင့် ၀၀း၃၀ နာရီ မီးထိန်းနိုင်ခဲ့ပြီး ၀၀း၃၅ နာရီတွင် မီးငြိမ်းသွားခဲ့သည်။

မီးလောင်ရာတွင် အိမ်ထောင်စု ၂၀ ခန့်နှင့် ရှစ်ပေပတ်လည် ၁၆ ခန်း၊ အုတ်ညှပ်ပေ (၄၀×၆၀) လက်ဖက်ရည်ဆိုင်ပါရှိပြီး လူတစ်ဦး တစ်ယောက်မျှ ဒဏ်ရာရရှိခြင်း၊ ထိခိုက်ခြင်းမရှိသော်လည်း ဆုံးရှုံးမှုတန်ဖိုးငွေကျပ် ၉၈၀၀၀၀ ရှိကြောင်းနှင့် မီးပေါ်ဆသူအား မရမ်းကုန်းမြို့နယ်ရဲတပ်ဖွဲ့စခန်းတာဝန်မှူး ဒုရဲအုပ်ဝင်းဇော်ဦးက အရေးယူစစ်ဆေးဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**(၀၁၅)**

မန္တလေးနှင့်အထက်မြန်မာပြည်သတင်း

# ပြင်ဦးလွင်ခရိုင်အတွင်း နယ်မြေဖွံ့ဖြိုးရေးလုပ်ငန်းများ အောင်မြင်ရေး ဌာနဆိုင်ရာများနှင့် ဒေသခံပြည်သူများ ပူးပေါင်းဆောင်ရွက်

**မန္တလေး မတ် ၁၈**

မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့အနေဖြင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို အလေးထားဆောင်ရွက်လျက်ရှိကြောင်း၊ ယခုအခါ လုပ်ငန်းများ ပိုမိုထိရောက်စွာ ဆောင်ရွက်နိုင်ရန် တိုင်းဒေသကြီးအတွင်းရှိ မြို့နယ်၊ ရပ်ကွက်၊ ကျေးရွာအသီးသီးတွင် ဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြုကော်မတီများ ဖွဲ့စည်းဆောင်ရွက်လျက်ရှိကြောင်း၊ ပြင်ဦးလွင်ခရိုင်ရှိ သစ်တောကြိုးဝိုင်းအတွင်းရှိ ကျေးရွာများတွင် လုပ်ကိုင်စားသောက်လျက်ရှိသော မြေယာများကို တရားဝင်သတ်မှတ်ပေးနိုင်ရန် သက်ဆိုင်ရာဌာနအသီးသီးက ကွင်းဆင်းတိုင်းတာလျက်ရှိကြောင်း၊ မှန်ကန်မှုရှိစေရေးအတွက် ပြည်သူလူထုမှ ပူးပေါင်းဆောင်ရွက်ကြစေလိုကြောင်းဖြင့် တိုင်းဒေသကြီးအစိုးရအဖွဲ့ဝန်ကြီးချုပ် ဦးရဲမြင့်က မတ် ၁၆ ရက် မွန်းလွဲ ၂ နာရီခွဲတွင် ပြင်ဦးလွင်မြို့နယ် ပန်းဦးတောင်ကျေးရွာအုပ်စု အုတ်ဖိုကျေးရွာ ရွာဦးကျောင်း၌ ကျင်းပသည့် ဒေသခံပြည်သူများနှင့် တွေ့ဆုံပွဲတွင် ပြောကြားသည်။

**တက်ရောက်**

အဆိုပါ တွေ့ဆုံပွဲသို့ ပြင်ဦးလွင်မြို့နယ် မဲဆန္ဒနယ်မြေ (၃) အမျိုးသားလွှတ်တော်ကိုယ်စားလှယ်ဦးတင်မောင်ဝင်း၊ တိုင်းဒေသကြီး လူမှုရေးဝန်ကြီးဌာနဝန်ကြီး ဒေါက်တာဝင်းလှိုင်၊ ပြင်ဦးလွင်ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ခရိုင်အုပ်ချုပ်ရေးမှူး ဦးခင်မောင်လေးနှင့် ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းဝင်များ၊ အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ ပန်းဦးတောင်၊ အုတ်ဖို၊ ဆင်ဖြူအင်း၊ လယ်ပြောင်းပြန်ကျေးရွာများမှ ရပ်မိရပ်ဖများ၊ ကျေးရွာအုပ်ချုပ်ရေးမှူးများနှင့် ဒေသခံပြည်သူ ၃၀၀ ကျော် တက်ရောက်ကြကြောင်း သိရသည်။

**(ခင်မောင်ရီ)**

# မကွေးမြသလွန်စေတီရင်ပြင်တိုးချဲ့၊တန်ဆောင်းတည်ဆောက်

မကွေးတိုင်းဒေသကြီး မကွေးမြို့ ရှေးဟောင်းသမိုင်းဝင် မြသလွန်ရင်ပြင်တော်သည် ကျဉ်းမြောင်းနေ၍ ဘုရားဖူးများအတွက် အာရုံပြုရာတွင် အခက်အခဲများနှင့် တွေ့ကြုံရသဖြင့် ရင်ပြင်တော်ကို တိုးချဲ့ရန်နှင့် အာရုံခံတန်ဆောင်းတော်များ အသစ်တည်ဆောက်ခြင်းလုပ်ငန်းများအတွက် မြသလွန်စေတီတော် ဆရာတော်ကြီးများထံ ဩဝါဒခံယူခဲ့ကြောင်း သိရသည်။ ပထမဦးစွာ အနောက်ဘက်ရင်ပြင်တော်အား အလျားပေ ၁၈၀ နှင့် အကျယ်ချဲ့လုပ်ငန်းကို စတင်ဆောင်ရွက်ခဲ့ရာ ငွေကျပ်သိန်း ၂၀၀၀ ကျော်အကုန်အကျခံပြီး ၂၀၀၉ ခုနှစ် မေလ ၃၁ ရက်တွင် ပြီးစီးခဲ့ပါသည်။ ထို့နောက် မြသလွန်စေတီ၏ တောင်ဘက် မဟာဝိဇယရံသီတန်ဆောင်းတော်နှင့် မြောက်ဘက်မဟာအတုလရံသီတန်ဆောင်းတော်တို့၏ ရင်ပြင်တော် ဧရိယာပိုမိုကျယ်ဝန်းလာစေရန် အာရုံခံတန်ဆောင်းတော်များကို ရွှေ့ပြောင်း၍ အသစ်တည်ဆောက်ခြင်းလုပ်ငန်းနှင့် ရင်ပြင်တော်တိုးချဲ့တည်ဆောက်ရန်အတွက် ပထမအဆင့် မြစ်ဘက်သို့ အနောက်ဘက်ရင်ပြင်တိုးချဲ့စဉ်က စမ်းသပ်ရရှိပြီး အချက်အလက်များပေါ်တွင် အခြေခံ၍ တည်ဆောက်မှုပုံစံများကို တွက်ချက်ရေးဆွဲခဲ့သည်။ ဆောင်ရွက်ရန် High Teach Concrete Technology Co.,Ltd. အား ပေးအပ်တည်ဆောက်စေခဲ့သည်။ ယင်းလုပ်ငန်းများကို ဆောင်ရွက်ရန် ဆောက်လုပ်ရေး ဝန်ကြီးဌာနမှ ပုံထုတ်ခန့်မှန်း သုတေသနဦးစီးဌာနနှင့် ဗိသုကာဦးစီးဌာနမှ ကျွမ်းကျင်အင်ဂျင်နီယာအဖွဲ့များ စေလွှတ်ပြီး အကြိုအင်ဂျင်နီယာ လုပ်ငန်းများ ဆောင်ရွက်ရန် မကွေးမြသလွန်စေတီတော်၏ လက်ရှိရင်ပြင်တော်ကို ကွင်းဆင်းလေ့လာတိုင်းတာကြသည်။

ထို့နောက် မြေသန့်မင်္ဂလာအခမ်းအနားကို ၂၀၁၁ ခုနှစ် အောက်တိုဘာ ၇ ရက်တွင်ကျင်းပ၍ ပန္နက်တင် မင်္ဂလာအခမ်းအနားကို ၂၀၁၁ ခုနှစ် အောက်တိုဘာ ၁၂ ရက်က ကျင်းပခဲ့သည်။ မြောက်ဘက် ရင်ပြင်တော်ရှိ မဟာအတုလရံသီတန်ဆောင်း (အသစ်) မှ အဆောက်အအုံ အလျား ၁၀၈ ပေ၊ အနံ ပေ၃၀၊ အဆောက်အအုံ အမျိုးအစား RC၊ ပထမထပ်အမြင့် ၁၆ ပေ၊ မြေညီထပ်အမြင့် ၁၅ ပေ၊ အုတ်မြစ်အမျိုးအစား၊ ရေတွင်းခွေအုတ်မြစ် (Well Pile Foundation) ဖြစ်ပြီး ၂၀၁၂ ခုနှစ် ဧပြီ ၃၀ ရက်တွင် ပြီးစီးခဲ့ကြောင်း သိရသည်။

မြသလွန်စေတီ၏ တောင်ဘက်ရင်ပြင်တော် မဟာဝိဇယရံသီတန်ဆောင်း(အသစ်) အဆောက်အအုံသည် အလျား ၇၂ပေ၊ အနံ ၄၅ ပေရှိကာ RC အမျိုးအစားဖြစ်ပြီး ၂၀၁၂ ခုနှစ် ဇူလိုင် ၃၁ ရက်က ပြီးစီးခဲ့သည်။ ယခုအခါ ပြည်တွင်း ပြည်ပဘုရားဖူးများမှာ မကွေးမြသလွန်စေတီသို့ တစ်နှစ်ထက်တစ်နှစ် ပိုမိုလာရောက်ဖူးမြော်လျက်ရှိရာ ချဲ့ထွင်ထားသော ရင်ပြင်တော်တွင် စိတ်လက်အေးချမ်းစွာ ဘုရားကို အာရုံပြုနိုင်ကြောင်း သိရှိရသည်။

**(မကွေးလှမြင့်)**

# နွေရာသီယဉ်ကျေးလိမ္မာသင်တန်းဖွင့်

**စစ်ကိုင်း မတ် ၁၈**

စစ်ကိုင်းမြို့တွင် ဗုဒ္ဓဘာသာယဉ်ကျေးလိမ္မာသင်တန်းကို နွေရာသီကျောင်းပိတ်ရက် ကလေးများ လိမ္မာယဉ်ကျေးမှုရှိစေရန် ဆရာတော်ကြီးများက ရပ်ကွက်များရှိ ဓမ္မာရုံများ၌ မတ် ၁၇ ရက်က သင်ကြားပေးလျက်ရှိသည်။

**သင်ကြားပေး**

စစ်ကိုင်းမြို့ ငါးထပ်ကြီးကျောင်းဆရာတော် ဦးပညာဒိပ္ပက ဘုရားပတ်ဝန်းကျင်ရှိ ကလေးများနှင့်ကျေးရွာများရှိ ကလေးပေါင်း ၇၀ ကျော်ကို ငါးထပ်ကြီးဘုရားဝင်း ဓမ္မာရုံ၌ ဗုဒ္ဓအဆုံးအမစာပေများအပြင် အခြားဗဟုသုတရစေမည့်စာပေများပါ သင်ကြားပေးလျက်ရှိကြောင်း သိရသည်။

**(၁၄၀)**

# စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ မျက်စိခွဲစိတ်ဝေဒနာရှင်များအား မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်နှင့် အလှူရှင်များက ငွေလှူဒါန်း

မုံရွာ မတ် ၁၈

**မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်၏ အစီအစဉ်ဖြင့် စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ မျက်စိဝေဒနာရှင်များအား အခမဲ့ခွဲစိတ်ကုသရန် အလှူငွေပေးအပ်ပွဲကို မုံရွာမြို့ ပြည်သူ့ဆေးရုံကြီး ရှင်းလင်းဆောင်တွင် မတ် ၁၇ ရက် မွန်းလွဲ ၂ နာရီက ကျင်းပရာ မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်ဥက္ကဋ္ဌ ဒေါ်မြမြ တက်ရောက် အမှာစကားပြောကြားသည်။**

ယင်းနောက် အမျိုးသမီးရေးရာအဖွဲ့ချုပ် ဥက္ကဋ္ဌ ဒေါ်မြမြနှင့် တာဝန်ရှိသူများ၊ တိုင်းဒေသကြီး အမျိုးသမီးရေးရာအဖွဲ့ချုပ်နာယက ဒေါ်ဝေဝေခိုင်နှင့်တာဝန်ရှိသူများက ဌာနဆိုင်ရာများမှ အလှူရှင်များက အလှူငွေများ ပေးအပ်ကြရာ တာဝန်ရှိသူများက လက်ခံယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်ခဲ့ကြကြောင်း သိရသည်။

**ပြောကြား**

ဆက်လက်ပြီး တိုင်းဒေသကြီး အစိုးရအဖွဲ့ဝင် လူမှုရေးဝန်ကြီး ဒေါက်တာမြင့်သိန်းက မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်၏အစီအစဉ်ဖြင့် ဆောင်ရွက်သော မျက်စိခွဲစိတ်ကုသပေးပွဲတွင် တိုင်းဒေသကြီးအတွင်းရှိ မျက်စိဝေဒနာရှင်များဖြစ်သော အတွင်းတိမ်ဝေဒနာရှင် ၃၁ ဦးအား အောင်မြင်စွာ ခွဲစိတ်ကုသပေးနိုင်ခဲ့ကြောင်း၊ အဆိုပါ ဆောင်ရွက်ချက်သည် တိုင်းဒေသကြီး၏ ကျန်းမာရေးစောင့်ရှောက်မှုကဏ္ဍ တိုးမြှင့်ပေးခြင်း၊ ကျေးလက်လူမှုစီးပွားဖွံ့ဖြိုးတိုးတက်မှု အထောက်အကူပြုခြင်းဖြစ်ကြောင်း၊ ပြည်သူလူထု၏ ကျန်းမာရေးအခက်အခဲများကို ပြေပျောက်အောင် ကျန်းမာရေးဌာနအဆင့်ဆင့်က တိုင်းဒေသကြီး အစိုးရအဖွဲ့၏ ကြီးကြပ်မှုအောက်တွင် အတတ်နိုင်ဆုံး ဆောင်ရွက်ပေးနေကြောင်းဖြင့် ပြောကြားခဲ့သည်။

**ပေးအပ်**

ထို့နောက် မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် ဥက္ကဋ္ဌ ဒေါ်မြမြနှင့်အဖွဲ့ဝင်များက ခွဲစိတ်ပြီး လူနာများအား နေကာမျက်မှန်များ တပ်ဆင်ပေးပြီး ထောက်ပံ့ငွေများ ပေးအပ်ခဲ့သည်။ **(အပေါ်ပုံ)**

အလှူငွေပေးအပ်ပွဲတွင် မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်နှင့် တိုင်းဒေသကြီး အမျိုးသမီးရေးရာအဖွဲ့နှင့် ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များ၏ စုပေါင်းလှူဒါန်းမှုမှာ ငွေကျပ် ၅၅ သိန်းဖြစ်ကြောင်း သိရှိရသည်။

**(ချို့နွယ်ဌေး)**

# မီးသတ်တပ်ဖွဲ့ဝင်များအား ဂုဏ်ပြုဝတ်စုံများပေးအပ်

**ဟုမ္မလင်း မတ် ၁၈**

ဟုမ္မလင်းမြို့ သန္ဓေမီးသတ်တပ်ဖွဲ့ဝင်များနှင့် ရပ်ကွက်အရန်မီးသတ်တပ်ဖွဲ့ဝင်များအား ဂုဏ်ပြုပွဲနှင့် ဝတ်စုံပေးအပ်ပွဲကို မတ် ၁၅ ရက် မွန်းလွဲ ၂ နာရီက ဟုမ္မလင်းမြို့ မြို့မအားကစားခန်းမ၌ ကျင်းပခဲ့သည်။

**ပေးအပ်**

ဂုဏ်ပြုပွဲတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးတင့်လွင်က ဖေဖော်ဝါရီ ၁၇ ရက်တွင် နမ့်တောကျေးရွာ မီးဘေးသင့်ရာတွင် ဌာနဆိုင်ရာများနှင့်အတူ မီးငြိမ်းသတ်ရာ၌ ပါဝင်ခဲ့သည့် သန္ဓေမီးသတ်တပ်ဖွဲ့ဝင်သုံးဦး၊ ရပ်ကွက် အရန်မီးသတ်တပ်ဖွဲ့ဝင်ကိုးဦး၊ အနီးကပ်ကြီးကြပ်ကူညီခဲ့သည့် ဒုတိယဗိုလ်မှူးကြီးနန္ဒာထွေး၊ ဘက်ဟိုးပိုင်ရှင် ဦးငယ်နှင့် ယာဉ်မောင်းနှစ်ဦးတို့အား ကျေးဇူးတင်စကားပြောကြားပြီး ဂုဏ်ပြုမှတ်တမ်းလွှာနှင့် လက်ဆောင်ပစ္စည်းများ ပေးအပ်သည်။

ထို့နောက် မြို့နယ်အုပ်ချုပ်ရေးမှူးက ရပ်ကွက်နှစ်ရပ်ကွက်ရှိ အရန်မီးသတ်တပ်ဖွဲ့ဝင်များအတွက် မီးသတ်ဝတ်စုံ ၆၀ နှင့် ကြက်ခြေနီတပ်ဖွဲ့ဝင်များအတွက် ဝတ်စုံ ၄၀၊ မြို့နယ်ရဲတပ်ဖွဲ့မှူးက ထောက်ပံ့ငွေကျပ်နှစ်သိန်းပေးအပ်ရာ တာဝန်ရှိသူများက လက်ခံယူခဲ့ကြောင်း သိရသည်။

**(၁၁၇)**

# အထက်မြန်မာပြည် လက်ရွေးစင် ဘောလုံးသမားဟောင်းများ သက်ကြီးပူဇော်မည်

**မန္တလေး မတ် ၁၈**

အထက်မြန်မာပြည် လက်ရွေးစင်ဘောလုံးသမားဟောင်းများ အသင်း၏ (၁၀) ကြိမ်မြောက် သက်ကြီးပူဇော်ပွဲကို မန္တလေးမြို့ ဗထူးအားကစားကွင်း အထူးတန်းရှေ့ မြက်ခင်းပြင်၌ ဧပြီ ၇ ရက်ညနေပိုင်းတွင် ကျင်းပမည်ဖြစ်ရာ လက်ရွေးစင်ဘောလုံးသမားဟောင်းများ မပျက်မကွက် တက်ရောက်ကြရန်နှင့် သက်ကြီးပူဇော်ပွဲအတွက် အလှူငွေနှင့် ဂါရဝပစ္စည်းများကို အသင်းအတွင်းရေးမှူး ကိုကျော်သန်းဖုန်း-၀၉-၂၀၃၂၉၈၁၊ ကိုနေအောင် ဖုန်း-၀၉-၄၃၁၉၅၇၄၃၊ ကိုလှမင်းဌေး(ခ)ပဲပြား ဖုန်း-၀၉-၂၀၁၅၄၈၆၊ ဒုတိယဥက္ကဋ္ဌ ဦးမြင့်လွင် ဗထူးအထူးတန်းအနီး၊ ဝင်းရတနာကိတ်-ရေခဲမုန့်အလှူရှင် ကိုညိုဝင်း ဖုန်း-၀၉-၂၀၄၅၁၅၉ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

**(၀၄၀)**

စာအုပ် စာပေ
လူ့မိတ်ဆွေ

# မာလ်တီမီဒီယာ ကျောင်းဆောင်သစ် အလှူရေစက်ချ အောင်ပွဲ ကျင်းပမည်

**နတ်မောက် မတ် ၁၈**

မကွေးတိုင်းဒေသကြီး နတ်မောက်မြို့ ဗိုလ်ချုပ်အောင်ဆန်းအထိမ်းအမှတ် အခြေခံပညာအထက်တန်းကျောင်းဝင်း၌ စစ်ကိုင်းသီတဂူဗုဒ္ဓတက္ကသိုလ် အဓိပတိ မဟာဓမ္မကထိက ဗဟုဇနဟိတဓရ အဂ္ဂမဟာပဏ္ဍိတ ကမ္ဘာ့သာသနာပြုဆရာတော် ဒေါက်တာ အရှင်ဉာဏိဿရ ဦးဆောင်၍ ဘယ်လ်ဂျီယံနိုင်ငံ ဆရာဝန်များအဖွဲ့က လှူဒါန်းသော မာလ်တီမီဒီယာကျောင်းဆောင်သစ် အလှူရေစက်ချအောင်ပွဲသဘင်အခမ်းအနားကို မတ် ၂၈ ရက်တွင် ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

**ရေစက်ချ**

အဆိုပါ ကျောင်းဆောင်သစ်ကို ဒေါက်တာအရှင်ဉာဏိဿရ ဦးဆောင်၍ မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီး ဦးအောင်ကျော်မင်းနှင့် မြို့နယ်ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ရပ်မိရပ်ဖများ၊ ကျောင်းသား ကျောင်းသူများ၊ ဆရာ ဆရာမများနှင့် ဘယ်လ်ဂျီယံနိုင်ငံမှ ဆရာဝန်တစ်ဦးအပါအဝင် မာလ်တီမီဒီယာ ကျောင်းဆောင်သစ်မြေသန့်ပန္နက်တင်တွင်းတော်ဝန်းရတနာအုတ်မြစ်တော်စီ မင်္ဂလာအခမ်းအနားကို ၂၀၁၂ ခုနှစ် ဩဂုတ် ၂၈ ရက် နံနက် ၈ နာရီက ကျင်းပတည်ဆောက်ခဲ့သော မာလ်တီမီဒီယာကျောင်းဆောင်သစ်သည် တစ်ထပ်လုံးချင်းတိုက်ဖြစ်ပြီး အလျားပေ ၁၀၀၊ အနံ ၄၂ ပေ ရှိပြီး အခန်းကြီးသုံးခန်းဖြင့် တည်ဆောက်၍ ၄၅ ပေ × ပေ ၃၀ (Projector) အခန်းတစ်ခန်း၊ ၁၅ ပေ × ပေ ၃၀ ကွန်ပျူတာအလုံး ၄၀ ပါတစ်ခန်း၊ ပေ ၃၀ × ပေ ၃၀ စာသင်ခန်းတစ်ခန်းပါဝင်ပြီး စုစုပေါင်းကျပ်သိန်း ၁၃၀၀ အကုန်အကျခံလှူဒါန်းခဲ့ပြီး စတီးလ်စားပွဲထိုင်ခုံများကို ပညာရေးဌာနအသုံးပြုရန်အတွက် ထပ်မံလှူဒါန်းမည်ဖြစ်ပြီး မတ် ၂၈ ရက်တွင် ကျောင်းဆောင်သစ်အလှူရေစက်ချအောင်ပွဲကို ပွဲလမ်းသဘင်များ ထည့်သွင်းကျင်းပမည်ဖြစ်ကြောင်း သိရသည်။

**(နတ်မောက်သား)**

# သရက်ခရိုင် ဒေသဖွံ့ဖြိုးရေး တိုင်းဒေသကြီး ဝန်ကြီးချုပ် ကြည့်ရှုစစ်ဆေး

**နေပြည်တော် မတ် ၁၈**

မကွေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဘုန်းမော်ရွှေသည် မတ် ၁၄ ရက် နံနက်ပိုင်းတွင် သရက်ခရိုင် မင်းတုန်းမြို့နယ်၌ အရှည်ပေ ၁၀၈၀၊ အကျယ် ၂၄ ပေရှိ သံကူကွန်ကရစ် မင်းတုန်းချောင်းတံတား တည်ဆောက်နေမှု၊ နယ်စပ်ရေးရာဝန်ကြီးဌာနက ဖောက်လုပ်လျက်ရှိသော မင်းတုန်း- ဘူးတောင်း လမ်းအရှည် ၃ မိုင် ၄ ဖာလုံကို ကတ္တရာလမ်းခင်းရန် Soe & Son's ကုမ္ပဏီက ဆောင်ရွက်နေမှု၊ ကံမမြို့နယ် မဒေးရေလှောင်တမံ စီမံကိန်း၌ ပင်မမြောင်းအတွင်း ရေပေးဝေနေမှုနှင့်ရေပေးမြောင်းသစ်များ ဖောက်လုပ်နေမှု၊ ကံမမြို့နယ် ကျောက်မဲကျေးရွာတွင် နွေစပါး ပုလဲ သွယ်စံပြ ၁၀ ဧက စိုက်ပျိုးထားမှုနှင့် မဒေးရေလှောင်တမံ စီမံကိန်းတွင် ပင်မမြောင်းအား စက်ယန္တရားကြီးများဖြင့် တူးဖော်နေမှုတို့ကို ကြည့်ရှုစစ်ဆေးပြီး သတ်မှတ်ချိန်အမီ ပြီးစီးရေးနှင့် မြောင်းပေါင်များ ကျိုးပျက်မှုမရှိစေရေး၊ စံချိန်စံညွှန်းမီအောင် ဆောင်ရွက်ရေးတို့ကို မှာကြားသည်။

မွန်းလွဲပိုင်းတွင် ကံမမြို့နယ် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန မြို့နယ်အုပ်ချုပ်ရေးမှူးရုံး၌ မြို့နယ်အဆင့် ဌာနဆိုင်ရာများအား တွေ့ဆုံပြီး နယ်စပ်ရေးရာ ဝန်ကြီးဌာန ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက တာဝန်ယူဆောင်ရွက်လျက်ရှိသော အရှည် ၇ မိုင် ၆ ဖာလုံရှိ ရေနံ့သာ-ကျီးမီးလမ်းကျောက်ချောလမ်းခင်းနေမှုကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။**(သတင်းစဉ်)**

# ၂၀၁၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာသန်းခေါင်စာရင်း ကောက်ယူခြင်းလုပ်ငန်း အထက်မြန်မာပြည်စာရင်းကောက်သင်တန်းဖွင့်

**မန္တလေး မတ် ၁၈**

၂၀၁၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူခြင်းလုပ်ငန်းအတွက် စမ်းသပ်သန်းခေါင်စာရင်းကောက်ယူရန် အထက်မြန်မာပြည် စာရင်းကောက်သင်တန်းဖွင့်ပွဲ အခမ်းအနားကို ယနေ့ နံနက် ၉ နာရီက မန္တလေးတက္ကသိုလ်လေးထပ်ခန်းမဆောင်၌ ကျင်းပရာ ပြည်သူ့အင်အားဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်ဦးမြင့်ကြိုင်က အမှာစကား ပြောကြားသည်။ **(အပေါ်ပုံ)**

အဆိုပါ သင်တန်းဖွင့်ပွဲအခမ်းအနားသို့ မန္တလေးတိုင်းဒေသကြီး သန်းခေါင်စာရင်းကော်မတီ အတွင်းရေးမှူး မန္တလေးတိုင်းဒေသကြီး ဦးစီးဌာနမှူး ဦးသောင်းဇော်နှင့် ပြည်သူ့အင်အားဦးစီးဌာန ညွှန်ကြားရေးမှူး ဒေါက်တာဦးညီညီနှင့် နည်းပြအဖွဲ့ဝင်များ၊ ကမ္ဘာ့ကုလသမဂ္ဂလူဦးရေရန်ပုံငွေအဖွဲ့မှအကြံပေးပုဂ္ဂိုလ်နှင့် မန္တလေးတိုင်းဒေသကြီးအတွင်းရှိ ခရိုင်သန်းခေါင်စာရင်းကော်မတီနှင့် မြို့နယ်သန်းခေါင်စာရင်းကော်မတီအဖွဲ့ဝင်များ၊ ရွေးကောက်ပွဲကော်မရှင်မှ ကိုယ်စားလှယ်များ စာရင်းစစ်သင်တန်းသား ၁၀ ဦး၊ စာရင်းကောက်သင်တန်းသား ၅၀ စုစုပေါင်း သင်တန်းသား သင်တန်းသူ ၆၀ တက်ရောက်ကြပြီး စမ်းသပ်သန်းခေါင်စာရင်းကောက်ယူဆောင်ရွက်ခြင်းကို အထက်မြန်မာနိုင်ငံရှိ တိုင်းဒေသကြီး/ ပြည်နယ်များမှ ရွေးချယ်ထားသည့် မြို့နယ်များတွင် ၂၀၁၃ ခုနှစ် မတ် ၃၀ ရက်မှ ဧပြီလ ၁၀ ရက်အထိ ၁၂ ရက်ကြာ ဆောင်ရွက်မည်ဖြစ်ကြောင်း သိရှိရသည်။

**တင်မောင် (မန္တလေးကိုယ်ပွား)**

# မြန်မာစစ်တုရင် ဖိတ်ခေါ်

**ရေစကြို မတ် ၁၈**

၂၀၁၃ ခုနှစ် မတ် ၂၇ ရက်တွင်ကျရောက်သည့် (၆၈) နှစ်မြောက် တပ်မတော်နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ရေစကြိုမြို့ အမှတ်(၈) ဖေယျဝတီရပ်ကွက် ဗလငါးတန်စာကြည့်သင်းက ကြီးမှူး၍ မြန်မာစစ်တုရင် ဖိတ်ခေါ်ချစ်ကြည်ရေးလက်ရည်စမ်းပွဲကို မတ် ၁၆ ရက်က ကျင်းပရာ ပြိုင်ပွဲဝင်အဖွဲ့(၁)ကို ဗလငါးတန်စာကြည့်သင်းနာယကဦးအောင်ဆန်းကလည်းကောင်း၊ ပြိုင်ပွဲဝင်အဖွဲ့ (၂)ကို ဗလငါးတန်စာကြည့်သင်း ဥက္ကဋ္ဌ ဦးသက်နိုင်ကလည်းကောင်း၊ ပြိုင်ပွဲဝင်အဖွဲ့ (၃)ကို ဦးစိန်ဝင်း (ဦးစီးမှူး-မွေးကု-ငြိမ်း)ကလည်းကောင်း၊ စစ်သားရုပ် (နယ်ရုပ်)ကို ရွှေ့၍ ဖွင့်လှစ်ပေးကြသည်။

အဆိုပါ ချစ်ကြည်ရေး လက်ရည်စမ်းပွဲတွင် အဖွဲ့(၁) ၌ ရေစကြိုမြို့မှ ဦးထွန်းကြည်နှင့် မုံရွာမြို့မှ ဦးခင်မောင်လေး၊ အဖွဲ့(၂) ၌ ရေစကြိုမြို့မှ ဦးသိန်းကြည်နှင့် မုံရွာမြို့မှ မပုံ့ပုံ့ထွေး၊ အဖွဲ့ (၃)၌ ရေစကြိုမြို့မှ ဦးလှဝင်းအောင်နှင့် မုံရွာမြို့မှ ဦးကျော်စိုးတို့ အသီးသီးလက်ရည်စမ်းယှဉ်ပြိုင်ကြသည်။ **(အောက်ပုံ)**

**(ဖေထွဏ်းဇော်-ရေစကြို)**



# မိခင်နှင့်ရင်သွေးကျန်းမာရေး

**ရင်သွေးငယ်များကျန်းမာဖို့ - အကောင်းဆုံးသည် မိခင်နို့**
**မိခင်နို့ဖြင့်မလုံလောက်လျှင် - နွားနို့၊ ဆိတ်နို့၊ အသုံးဝင်**
**အစဉ်ကျိုချက်တိုက်ကျွေးပေး - အသင့်မြတ်ဆုံးကျန်းမာရေး**

မိခင်နှင့်ရင်သွေးငယ်များ ကျန်းမာရေးအတွက် အထက်ပါပညာပေးစာစုကို နေ့စဉ်ထုတ်သတင်းစာများနှင့် ဂျာနယ်အချို့တို့တွင် အခါအားလျော်စွာ ထည့်သွင်းဖော်ပြနေသည်ကို စာရေးသူဖတ်ရှုခဲ့ရသည်။ စာရေးသူတို့မွေးဖွားချိန်တွင် ယခုကာလကဲ့သို့ နို့မှုန့်များ ပေါပေါလောလောမရှိပါ။ ကျေးလက်ဒေသတွင် မွေးဖွားခဲ့သည့်အတွက် နို့မှုန့်ကို ကြားသာကြားခဲ့ဖူး၏။ မမြင်ဖူးခဲ့ပါ။ မိခင်နို့ရည်သည်သာ မွေးဖွားသည့်ကလေးအတွက် အဓိကအာဟာရဖြစ်သည်။ မိခင်နို့ရည်မလုံလောက်မှု မရှိစေရေးအတွက် မြန်မာ့ဓလေ့ ဟင်းခါးရည်များကိုသာ အတွေ့အကြုံရှိသည့် မိခင်ကြီးတို့က မိခင်ငယ်တို့အား သောက်သုံးစေသည်။ လွန်ခဲ့သည့် နှစ်ငါးဆယ်ကျော်က ကလေးများ သက်ရှည်ကျန်းမာလျက်ရှိနေကြသည်။

မျက်မှောက်ကာလကလေးများ ကျန်းမာဝဖြိုးစေရေးအတွက် အာဟာရအမျိုးမျိုးထုတ်လုပ်ရောင်းချနေကြသည်။ အချို့ကောင်းပါ၏။ အချို့ကောင်းသလိုလိုနှင့် ဘေးထွက်ဆိုးကျိုး နောက်ဆက်တွဲရောဂါများ ဖြစ်နေကြသည်။ သို့အတွက် ယူနီဆက်အပါအဝင် နိုင်ငံတကာအဖွဲ့အစည်းများနှင့် ပြည်တွင်းအဖွဲ့အစည်းများက မိခင်နှင့်ရင်သွေးငယ်တို့ ကျန်းမာရေးအတွက် အခါမလပ်ပညာပေးလှုံ့ဆော်မှုများ ပြုလုပ်လျက်ရှိနေကြသည်။

မိခင်များအနေဖြင့် မိမိရင်သွေးမွေးစမှ လေးလအတွင်း အကောင်းဆုံးအစာအာဟာရမှာ မိခင်နို့ရည်သာဖြစ်ကြောင်း သိထားရမည်။ မိခင်များသည် ရံဖန်ရံခါစားသော ထမင်း၊ နို့ထမင်းနှင့် အခြားသောက်သုံးစရာများကို မိခင်နို့ရည်မလုံလောက်ဟူသော ယုံကြည်ချက်ကြောင့် ကလေးအသက်ခြောက်လအတွင်း တိုက်ကျွေးလေ့ရှိကြသည်။ ၎င်းအစားအသောက်တို့မှာ အာဟာရတန်ဖိုးနိမ့်ကျပြီး ဝမ်းဗိုက်ကို ပြည့်ရုံသာဖြစ်စေပါသည်။ ၎င်းသို့ ဗိုက်ပြည့်နေသော ကလေးငယ်သည် မိခင်နို့ကို မကြာခဏ စို့လိုစိတ်ရှိတော့မည်မဟုတ်ပါ။ ၎င်းသို့မရှိခြင်းကြောင့် မိခင်တွင် ထွက်ရှိသည့် နို့ရည်ပမာဏမှာလည်း နည်းသွားကာ နောက်ဆုံးတွင် နို့ခန်းသွားသည်အထိ ဖြစ်လာနိုင်ပါသည်။ အကျိုးဆက်မှာ ရင်သွေးငယ်သည် မိခင်နို့မှတစ်ပါး အခြားသောအစားအသောက်တို့ကို စားသောက်ခြင်းဖြင့် ကူးစက်ရောဂါများ၊ ဝမ်းလျှောဝမ်းပျက်ရောဂါနှင့် အာဟာရချို့တဲ့ရောဂါများ ရလာမည်ဖြစ်ကြောင်း သိရှိထားရပေမည်။

ရင်သွေးငယ်လေးလကျော်လျှင် သင့်လျော်ရာအစာအာဟာရကျွေးရန် လိုအပ်ပါသည်။ အသက်သုံးနှစ်အောက် ကလေးငယ်သည် တစ်နေ့လျှင် အစာငါးကြိမ်မှ ခြောက်ကြိမ်အထိ စားသုံးရန် လိုအပ်သည်။ ထို့အပြင် ကလေးငယ်တိုင်းသည် ဗီတာမင်အေဓာတ်ကြွယ်ဝသည့် မိခင်နို့၊ စိမ်းလန်းသောဟင်းရွက်နှင့် လိမ္မော်ရောင်ရှိသော ဟင်းသီးနှင့် ဟင်းရွက်များကို စားသောက်ရန် လိုအပ်ကြောင်း သိရသည်။

ရင်သွေးငယ်များ ကျန်းမာဝဖြိုးအလှတိုး၍ ဉာဏ်ရည်ဉာဏ်သွေးကောင်းမွန်ရေးအတွက် မိခင်နှင့် အုပ်ထိန်းသူများအနေဖြင့် သတိထားပြုပြင်ထိန်းကျောင်းပေးရမည့် အထောက်အကူပြု နည်းလမ်းကောင်းများမှာ ကလေးများသည် လူကြီးများ၏ ယုယကြင်နာချစ်ခင်မှု လိုအပ်ပါသည်။ ကလေးများကောင်းစွာ ဖွံ့ဖြိုးဖို့အတွက် ကစားရန် လိုအပ်ပါသည်။ ကလေးတို့သည် အတုမြင် အတတ်သင်တတ်ကြပါသည်။ မိဘများနှင့် ကလေးပြုစုစောင့်ရှောက်သူများသည် ပျော်ရွှင်၍ စိတ်ချမ်းသာသော ကလေးများဖြစ်လာအောင် ကူညီနိုင်ပါသည်။ ကလေးများသည် ချီးကျူးအားပေးခြင်းကို လိုလားကြပါသည်။ ကလေးများကျောင်းတွင် ကောင်းမွန်စွာ သင်ကြားတတ်မြောက်ဖို့ အိမ်တွင် ပြင်ဆင်ပေးရန် လိုအပ်ပါသည်။ ကလေးများ၏ ဖွံ့ဖြိုးတိုးတက်မှုကို အကဲခတ်လေ့လာနေရပါမည်။

အထက်ပါအထောက်အကူပြု အချက်အလက်များကို မိခင်နှင့် အုပ်ထိန်းသူတို့ အလေးထားလိုက်နာဆောင်ရွက်သွားမည်ဆိုပါက မိခင်နှင့် ရင်သွေးကျန်းမာရေးမှသည် အနာဂတ်လူမှုဘဝ ဖွံ့ဖြိုးတိုးတက်သာယာမှုကို များစွာ အထောက်အကူပြုမည်ဖြစ်ကြောင်း ရေးသားတင်ပြလိုက်ရပါသည်။

**အောင်ဝင်း (ဖျာပုံ)**

# မန်းသင်္ကြန်ရေကစားမဏ္ဍပ်များ ဆောက်လုပ်ခွင့်လျှောက်ထားနိုင်

**မန္တလေး မတ် ၁၈**

၂၀၁၃ ခုနှစ် မြန်မာ့ရိုးရာယဉ်ကျေးမှုမဟာသင်္ကြန်ပွဲတော်ကို မန္တလေးမြို့တွင်း ကန်တော်ကြီး ကျုံးပတ်လည်တစ်လျှောက်တို့တွင် စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်သည့်အတွက် သင်္ကြန်မဏ္ဍပ်များကို မြို့နယ်အလိုက် လမ်းမကြီးများနှင့် အခြားယာဉ်လမ်းကြောင်း ပိတ်ဆို့မှုမရှိနိုင်သည့် သတ်မှတ်နေရာများ၌ နေရာချထား ဆောင်ရွက်ပေးသွားမည်ဖြစ်သည်။

ယင်းသို့ ဆောင်ရွက်ပေးရာတွင် သင်္ကြန်မဏ္ဍပ်ဆောက်လုပ်ခြင်းအတွက် ငွေကြေးပေးသွင်းရန်မလိုဘဲ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီအနေဖြင့် မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီအခွန်ဌာနသို့ လာရောက် လျှောက်ထားနိုင်ကြောင်း သိရသည်။ **(မန်းကိုယ်ပွား)**

# တရားမဝင်သယ်ဆောင်လာသည့် နွား ၄၂ ကောင်ဖမ်းမိ

**အင်းတော် မတ် ၁၈**

ကသာခရိုင် ရဲတပ်ဖွဲ့မှူး၏ ညွှန်ကြားချက်အရ ကသာခရိုင်အထူးမှုခင်းနှိမ်နင်းရေးအဖွဲ့ခေါင်းဆောင် ရဲအုပ်မျိုးခိုင်၊ ဒုရဲအုပ်အောင်ကိုမင်း၊ ရဲတပ်ကြပ်စိုးလွင်၊ ရဲဒုတပ်ကြပ်သိန်းထိုက်ဦး၊ မော်လူးရဲစခန်းမှ ဒုရဲအုပ်မင်းသိန်းထွန်း၊ တပ်သားအောင်ကျော်သူ၊ ငွေ့ကြီးကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး ဦးမြင့်ဦး၊ အရန်မီးသတ်တပ်ဖွဲ့ဝင် ဦးမြင့်ဆွေတို့ပါဝင်သော ပူးပေါင်းအဖွဲ့သည် မတ် ၁၇ ရက် မွန်းတည့် ၁၂နာရီခန့်က အင်းတော်မြို့နယ် မော်လူးကျေးရွာအုပ်စု နန့်ရုံကျေးရွာအနီး လှည်းလမ်းပေါ်ရှိ ကျွဲနွားမှောင်ခိုသတင်းအရ စောင့်ဆိုင်းနေစဉ် လူကိုးဦးက နွား ၄၂ ကောင်ကို ပျဉ်ထောင်ကုန်း ကျေးရွာဘက်မှ သယ်ဆောင်မောင်းနှင်လာသည်ကို တွေ့ရှိရသဖြင့် စုံစမ်းစစ်ဆေးခဲ့ကြသည်။

နွားများကို မောင်းနှင်လာသူ ကိုးဦးမှာ အင်းတော်မြို့နယ် ပျဉ်ထောင်ကုန်းရွာနေ ဇော်ဦး ၃၂ နှစ်၊ ခိုင်ထွန်း ၃၂ နှစ်၊ စိန်လွင် ၃၇ နှစ်၊ နန့်ရုံကျေးရွာနေ လင်းအောင် ၃၄ နှစ်၊ ကျော်ဌေး ၄၄ နှစ်၊နိုင်ဝင်း ၃၂ နှစ်၊ စိုးတင့် ၃၆ နှစ်၊ ဇာနည် ၃၂ နှစ်၊ ပဲခူးရွာနေ စန်းဝင်းအောင် ၂၈ နှစ်တို့ဖြစ်ပြီး နွားများ သယ်ဆောင်လာခြင်းနှင့်စပ်လျဉ်း၍ တရားဝင်အထောက်အထား တင်ပြနိုင်ခြင်း မရှိပေ။

ယင်းဖြစ်စဉ်နှင့်ပတ်သက်ပြီး ရဲအုပ်မျိုးခိုင်က တရားလိုပြုလုပ်၍ မော်လူးရဲစခန်းသို့ အမှုဖွင့်တိုင်ကြားခဲ့ရာ တရားခံကိုးဦးကို ဖမ်းဆီးစစ်ဆေးလျက်ရှိကြောင်း သိရှိရသည်။

**စမ်းဦး(ကသာ)**

# ကြက်တောင်ရိုက်ပြိုင်ပွဲ မန္တလေးမြို့၌ကျင်းပ

**မန္တလေး မတ် ၁၈**

၂၀၁၃ ခုနှစ် အောင်ကြက်တောင်ကလပ်ကကြီးမှူး၍ အောင်ကြက်တောင်ရိုက်ပြိုင်ပွဲကို မတ် ၉ ရက်မှ ၁၂ ရက်အထိ မန္တလေးမြို့ အောင်ကြက်တောင်ကလပ် မိုးလုံလေလုံခန်းမတွင် ကျင်းပရာ ပြိုင်ပွဲဝင်ကြက်တောင်အားကစားသမား ၁၅၀ ခန့် ပါဝင်ယှဉ်ပြိုင်ခဲ့ကြသည်။

အဆိုပါ ကြက်တောင်ရိုက်ပြိုင်ပွဲ ဗိုလ်လုပွဲတို့၌ အမျိုးသား အသက် ၁၃ နှစ်အောက် တစ်ဦးချင်းပြိုင်ပွဲတွင် ငြိမ်းချမ်းချစ်(မိုးကုတ်)က ပထမ၊ မင်းသန့်ကျော် (အောင်)က ဒုတိယ၊ နှစ်ယောက်တွဲပြိုင်ပွဲတွင် ဟိန်းကောင်းစံနှင့်အောင်ပြည့်စုံ(တောင်ကြီး) အတွဲက ပထမ၊ ငြိမ်းချမ်းချစ်နှင့် ဝေဖြိုးသန်း (မိုးကုတ်၊အောင်)အတွဲက ဒုတိယ၊ အသက် ၁၆ နှစ်အောက် အမျိုးသား တစ်ဦးချင်းပြိုင်ပွဲတွင် အာကာဘုန်းမြတ်(အောင်)က ပထမ၊ ဟိန်းစည်သူတိုး(မိုးကုတ်)ကဒုတိယ၊ နှစ်ယောက်တွဲပြိုင်ပွဲတွင် အာကာဘုန်းမြတ်နှင့်အောင်နိုင်ဝင်း(အောင်၊တောင်ကြီး)အတွဲက ပထမ၊ သူရတိုးနှင့် မင်းသန့်ဟိန်း (တောင်ကြီး၊အောင်) အတွဲက ဒုတိယ၊ အသက် ၁၆ နှစ်အောက်အမျိုးသမီး တစ်ဦးချင်းပြိုင်ပွဲတွင် ယွန်းမိမိသူ (မိုးကုတ်) က ပထမ၊ ယမင်းနွယ်၊ (မိုးကုတ်)က ဒုတိယ၊ နှစ်ယောက်တွဲပြိုင်ပွဲတွင် ယွန်းမိမိသူနှင့် ငြိမ်းငြိမ်းအောင်(မိုးကုတ်၊အား/ကာ)အတွဲက ပထမ၊ ခိုင်သဇ္ဇာနှင့် ဒေလီယာ (တောင်ကြီး၊ အား/ကာ)အတွဲက ဒုတိယအသီးသီးရရှိကြသည်။

အမျိုးသမီး လူသစ်တန်း(မဲချ) နှစ်ယောက်တွဲပြိုင်ပွဲတွင် ဟန်သီကျော်နှင့် ရွှေဝါဝါသင်း (တောင်ကြီး) အတွဲက ပထမ၊ လွင်လွင်မွန်နှင့် သင်းသီရိအောင်(အောင်)အတွဲက ဒုတိယ၊ လူသစ်တန်း(မဲချ) နှစ်ယောက်တွဲပြိုင်ပွဲတွင် အေးစုဝင်းနှင့် ချမ်းငြိမ်းထက် (အောင်၊မိတ္ထီလာ) အတွဲက ပထမ၊ လှိုင်ဝင်းနှင့် မိုးဇော်(အောင်မြေ၊မြစ်ငယ်) အတွဲက ဒုတိယ၊ လူသစ်တန်း စိတ်ကြိုက် နှစ်ယောက်တွဲပြိုင်ပွဲတွင် ကျော်နေလင်းနှင့် အေးစုဝင်း(အောင်) အတွဲက ပထမ၊ အာလူးနှင့်လူးလူး (မိုးကုတ်အောင်) အတွဲက ဒုတိယရပြီး အသက် ၄၀ နှစ်အထက် စိတ်ကြိုက် နှစ်ယောက်တွဲပြိုင်ပွဲတွင် စိုးမြင့်တင်နှင့် ထွန်းနွယ်လင်း(အောင်) အတွဲက ပထမ၊ တင်မောင်ညွှန့်နှင့် တင်အောင်ညွှန့်(အောင်)အတွဲက ဒုတိယ၊ အသက် ၄၀နှစ်အထက်(မဲချ) နှစ်ယောက်တွဲပြိုင်ပွဲတွင် မြင့်ဝေနှင့်ကိုကြီး (မိုးကုတ်၊အောင်)အတွဲက ပထမ၊ သန်းထွန်းနှင့်မြဝင်း (အောင်) အတွဲက ဒုတိယ၊ အသက် ၅၀ အထက် (မဲချ) နှစ်ယောက်တွဲပြိုင်ပွဲတွင် မြင့်ဝေနှင့်မြဝင်း(မြစ်ငယ်၊အောင်)အတွဲက ပထမ၊ တင်အောင်ညွှန့်နှင့်ကိုကြီး(အောင်) အတွဲက ဒုတိယ၊ အကြီးတန်း(မဲချ) နှစ်ယောက်တွဲပြိုင်ပွဲတွင် အောင်ထွန်းဦးနှင့်လင်းလင်းထွေး (ရွှေစွန်ညို၊အောင်အတွဲက ပထမ၊ မျိုးထက်အောင်နှင့်ထူးထူးရ(အောင်)အတွဲက ဒုတိယ ရရှိကြသည်။ ပြိုင်ပွဲ၌ ပထမ၊ ဒုတိယ၊ တတိယဆုရ အားကစားသမားများအား မန္တလေးတိုင်းဒေသကြီးအားကစားနှင့် ကာယပညာဦးစီးဌာနဒုတိယညွှန်ကြားရေးမှူးဦးဝေဇင်၊ ဦးဝေညွှန့်(အောင်ကလပ်)၊ တိုင်းဒေသကြီး ကြက်တောင်ဆပ်ကော်မတီမှ ဦးထွန်းနွယ်လင်း၊ အောင်ကလပ်ဥက္ကဋ္ဌ ဦးစည်သူဝင်းနှင့် တာဝန်ရှိသူတို့က ဆုတံဆိပ်နှင့် ဆုငွေများ ချီးမြှင့်ပေးအပ်ခဲ့ကြသည်။

**(တင်မောင်-မန္တလေး)**

ပြည်တွင်းသတင်း

# ရွှေကူနီပွဲတော်နှဲ့ပျော်သူတွေ အဆင်ပြေ

**ရေစကြို မတ် ၁၈**

မြန်မာပြည်အနယ်နယ် အရပ်ရပ်မှ ပြည်သူများ ပခန်းကိုကြီးကျော်၏ ရွှေကူနီနတ်နန်းသို့ မော်တော်၊ စက်လှေ၊ ကား၊ ဆိုင်ကယ်များဖြင့် တပေါင်းလဆန်း ၃ ရက် ရေချိုးဆင်းပွဲ မတိုင်မီကတည်းက တဖွဲဖွဲလာရောက် လျက်ရှိနေကြကြောင်း သိရှိရသည်။

**ကျပ် ၁၀၀၀ဖြင့်ပြေးဆွဲ**

ယခုအခါ ရေစကြိုမြို့နယ် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန၊ မြို့နယ် (ပို့/ဆက်)၊ မြို့နယ်မော်တော်ယာဉ်အသင်းတို့က အများပြည်သူ ဘေးကင်းလုံခြုံမှုနှင့် စရိတ်သက်သာစွာဖြင့်သွားလာနိုင်ရန် စီစဉ်ဆောင်ရွက်ပေးမှုကြောင့် မော်တော်စီးခမှာ အသွားအပြန် ကျပ် ၁၀၀၀ဖြင့် ပြေးဆွဲလျက်ရှိသည်။

"ဒီနှစ်တော့ ရေစကြိုဆိပ်ကမ်းကနေ ကိုကြီးကျော်ရဲ့ ရွှေကူနီနတ်နန်းသွားရတာ အရမ်းစိတ်ချမ်းသာတယ်ဗျာ။ ဘာလို့လဲဆိုတော့ ရေစကြို-ကူနီက ရေမိုင် ရှစ်မိုင်လောက်ခရီးကို မော်တော်ခက အသွားအပြန် ကျပ် ၁၀၀၀ပဲ ပေးရတယ်။

**အဆင်ပြေလျက်ရှိ**

"ပခန်းငယ်နဲ့ ကူနီဟိုဘက်ကမ်း၊ ဒီဘက်ကမ်း ကူးတို့ခက လူတစ်ဦး အသွားအပြန် ကျပ် ၁၀၀၀ ယူတော့ ရေစကြိုကသွားရတာ အဆင်လည်း ပြေ စရိတ်လည်းသက်သာတယ်၊ ပြီးတော့ ပို့/ ဆက်က တာဝန်ရှိသူတွေက အတက်အဆင်းကအစ ဂရုလည်းစိုက်၊ စနစ်တကျလည်း လက်မှတ်ရောင်း၊ ကုန်ပို၊ လူပိုမတင်ရအောင် လည်းကြီးကြပ်၊ အန္တရာယ်ကင်းအောင် ဖေးမကူညီကြတော့ ဒီနှစ်ကိုကြီးကျော်ရဲ့ ရွှေကူနီပွဲနှဲ့ရတာ စိတ်ချမ်းသာတယ်ဗျာ"ဟု တမူးနယ်မှ ခရီးသွားတစ်ဦးက ပြောပြသည်။ **(အပေါ်ပုံ)**

**ဖေထွဏ်းဇော်(ရေစကြို)**

# သဲတောင်ပြိုကျမှုကြောင့် သဲတင်ကားနှစ်စီးပိမိ သဲတင်လုပ်သား ခြောက်ဦးသေဆုံး

**နမ့်စန် မတ် ၁၈**

ရှမ်းပြည်နယ်(တောင်ပိုင်း) နမ့်စန်မြို့နယ် အမှတ်(၆)ကျေးရွာအနီးရှိ ကျောက်သဲတောင်ပြိုကျရာမှ လူခြောက်ဦးနှင့် သဲတင်ကားနှစ်စီး ပိမိပြီး သဲတင်လုပ်သားခြောက်ဦး သေဆုံးသည့် ဖြစ်စဉ်ဖြစ်ပွားကြောင်း သတင်းရရှိသည်။

နမ့်စန်မြို့နယ် အမှတ်(၆)ရွာတွင် နေထိုင်သူအချို့သည် ကျောက်သဲတူး၍ရောင်းချပြီး အသက်မွေးဝမ်းကျောင်းကြရာ မတ် ၁၆ ရက် နံနက်ပိုင်းမှစတင်၍ သဲလုပ်သားများသည် ကျောက်သဲတူးခြင်း၊ သဲစုခြင်း၊ သဲတင်ယာဉ်များပေါ်သို့ သဲတင်ခြင်းလုပ်ငန်းများဆောင်ရွက်နေစဉ် ညနေ ၄ နာရီခန့်တွင် အပေါ်သဲတောင်မှ သဲများ ရုတ်တရက်ပြိုကျခြင်းကြောင့် သဲတင်နေသူများဖြစ်သည့် ဒေါ်တင်မြင့်သန်း၊ ဒေါ်မိုးမိုးဆွေ၊ ဦးတင်ဆန်း၊ ဦးကျော်ဝင်း၊ မသီတာအောင်၊ မခင်စောအေးတို့ ခြောက်ဦးနှင့်သဲတင်ယာဉ် လီဖန်းအမျိုးအစား မော်တော်ယာဉ်နှစ်စီး သဲပိမိခဲ့သည်။ ကျေးရွာနှင့် မြို့ပေါ်ရှိပြည်သူများက ဝိုင်းဝန်းတူးဖော်ကြရာ ညနေပိုင်းတွင် သေဆုံးသူ ငါးဦးကိုရရှိပြီး မတ် ၁၇ ရက်တွင် ကျန်သေဆုံးသူတစ်ဦးကို ထပ်မံတူးဖော်ရရှိခဲ့သည်။ ၄င်းသေဆုံးသူများကို မတ် ၁၇ရက် မွန်းလွဲပိုင်းတွင် မီးသဂြိုဟ်ပေးခဲ့ကြောင်း သိရှိရသည်။

အဆိုပါ သဲတောင်မှရရှိသော သဲများကို နမ့်စန်၊ လွိုင်လင်၊ ပင်လုံမြို့နယ်များ၌ အဆောက်အအုံများ ဆောက်လုပ်ရာတွင်လည်းကောင်း၊ ရေမြောင်းပိုက်မျိုးစုံ၊ ဖြန်းသဲအုတ်ရိုက်ခြင်း၊ ခြံစည်းရိုးကျောက်တိုင်များ ပြုလုပ်ခြင်း စသည့်ကွန်ကရစ်လုပ်ငန်းများတွင်လည်းကောင်း အသုံးပြုကြပြီး သဲတင်ယာဉ်တစ်စီးလျှင် လုပ်အားခ ကျပ်နှစ်သောင်းနှစ်ထောင် ရရှိသည်။ တစ်ရက်လျှင် သဲတင်ယာဉ်သုံးစီးမှ လေးစီးအထိတင်နိုင်ပြီး ဝင်ငွေများစွာရရှိကြောင်း သိရသည်။

**ပြန်/ဆက် (လွိုင်လင်)**

# နိုင်ငံအတွက် ရွှေဆုများယူပေးဖို့ကြိုးစားနေတဲ့ နပန်းအဖွဲ့

**သတင်း-ဖေမြင့်ဦး၊ ဓာတ်ပုံ- စိုးညွန့်**

(၂၇)ကြိမ်မြောက် ဆီးဂိမ်းပြိုင်ပွဲတွင် ထည့်သွင်းကျင်းပမည့် အားကစားနည်းများအနက် နပန်းအားကစားနည်းလည်းပါဝင်သည်။ နပန်း အားကစားနည်းသည် မြန်မာတို့နှင့်စိမ်းသည်ဟုဆိုနိုင်သော်လည်း မြန်မာတို့တွင် ယင်းနှင့်ဆင်ဆင်ကစားပုံများရှိနေသည်။ဥပမာ ရခိုင်ရိုးရာ ကျင်ကစားနည်းမျိုးဖြစ်သည်။ ယခုပြိုင်ပွဲ၌ ရိုးရာအားကစားနည်းသည် ရိုးရာအုပ်စုဝင်ကစားနည်းဖြစ်သည်။ ယခုပြိုင်ပွဲ၌ ရိုးရာအားကစားနည်း ရှစ်မျိုးကို ထည့်သွင်းထားရာ ပြိုင်ဘက်အာဆီယံနိုင်ငံများ အချင်းချင်းကြား ချစ်ကြည်ရင်းနှီးမှုကို ဦးတည်ထားခြင်းဖြစ်သကဲ့သို့ အိမ်ရှင်မြန်မာနိုင်ငံ၏ တရားမျှတမှုစိတ်ဓာတ်နှင့် သန့်ရှင်းမွန်မြတ်သည့်စိတ်ဓာတ်တို့ကို ဖော်ကျူးပြသခြင်းလည်းဖြစ်သည်။

ကျွန်တော်တို့အဖွဲ့သည် နပန်းအားကစားအဖွဲ့လေ့ကျင့်ရာ လယ်ဝေးရှိ TC-2သို့ရောက်ခဲ့ကြသည်။ နပန်းအဖွဲ့ချုပ်၏ တွဲဖက်အတွင်းရေးမှူး နပန်းအသင်းအုပ်ချုပ်သူ ဒေါ်နန်းအေးမိစံက ကျွန်တော်တို့ သိလိုသမျှကို ရှင်းပြသည်။ ထိုရှင်းပြချက်များအရ သိရသည်မှာ နပန်းအဖွဲ့ချုပ် ဖွဲ့စည်းတည်ထောင်သည်မှာ မကြာသေးချေ။ ၂၀၁၁ ခုနှစ်အတွင်းက ဖွဲ့စည်းခဲ့ခြင်းဖြစ်သည်။ ထိုနှစ်ကကျင်းပသော (၂၆)ကြိမ်မြောက် အင်ဒိုနီးရှားဆီးဂိမ်းပြိုင်ပွဲအမီဖွဲ့စည်းခဲ့ခြင်းလည်းဖြစ်သည်။ ထို့နောက် နပန်းအသင်းဖွဲ့စည်း လေ့ကျင့်ကာ ပြိုင်ပွဲဝင်ခဲ့ရာ ကြေးတံဆိပ်လေးခု ရရှိခဲ့သည်။ ယခုမှစတင်ဖွဲ့စည်းသော အသင်းတစ်သင်းအတွက် အောင်မြင်သည်ဟု ဆိုရမည်သာဖြစ်သည်။

ထိုအောင်မြင်မှုကို အစပြု၍ မိမိတို့နိုင်ငံက အိမ်ရှင်အဖြစ်လက်ခံမည့် ယခု(၂၇)ကြိမ်မြောက်ပြိုင်ပွဲ၌ အောင်မြင်မှုဖြင့် နိုင်ငံ့ဂုဏ်ဆောင်နိုင်ရန် အထူးရည်မှန်းပြင်ဆင်လျက်ရှိသည်ကိုတွေ့ရသည်။ နပန်းအားကစားနည်းအတွက် ယောကျ်ားလေး ရွှေ ၁၄ဆု၊ မိန်းကလေး ရွှေခုနစ်ဆု၊ စုစုပေါင်း ၂၁ဆု ချီးမြှင့်မည်ဖြစ်၍ ရွှေရင်ခုန်သံတွေ ညံစရာအမှန်ပင်ဖြစ်ရာသူတို့ ပြင်ဆင်လေ့ကျင့်နေပုံများကို မေးမြန်း တင်ဆက်လိုက်ရပါသည်။

**ကျွန်တော်တို့နဲ့ နည်းနည်းစိမ်းတဲ့ နပန်းကစားနည်းအတွက် ဘယ်လိုပြင်ဆင်နေပါသလဲ။**

ပြင်ဆင်တာကတော့ ၂၀၁၁ ခုနှစ်ကတည်းကလို့ ဆိုရမှာပါ။ အဲဒီနှစ်ထဲမှာ ကျွန်မတို့ နပန်းအဖွဲ့ချုပ်ကိုဖွဲ့ဖြစ်တယ်။ ပြီးတော့ (၂၆) ကြိမ်မြောက် အင်ဒိုနီးရှား ဆီးဂိမ်းကိုသွားပြိုင်တယ်။ ယောကျ်ားလေး ငါးဦးပြိုင်တာ ကြေးတံဆိပ် လေးခုရခဲ့ပါတယ်။ ဒါပေမယ့် ကျွန်မတို့ရဲ့ အဓိကရည်မှန်းချက်က ကိုယ့်နိုင်ငံမှာ အိမ်ရှင်လုပ်မယ့် (၂၇) ကြိမ်မြောက် ဆီးဂိမ်းပြိုင်ပွဲအတွက်ပါ။

**ကစားသမားဘယ်နှဦးနဲ့ ဘယ်တုန်းကစပြီး လေ့ကျင့်ခဲ့ပါသလဲ။**

ဒီနပန်း ကစားနည်းမှာရှိတဲ့ ကစားနည်းနှစ်မျိုးအတွက် ကစားသမား ၃၂ ဦးကို ၂၀၁၂ ခုနှစ် ၁၁ လပိုင်းကတည်းက စတင်လေ့ကျင့်နေခဲ့ပါတယ်။ Free Style ကစားနည်းအတွက် ကျား-မ ၂၀၊ Grecon ကစားနည်းအတွက် ယောကျ်ားလေး ၁၂ ဦးဖြစ်ပါတယ်။ Grecon ကစားနည်းက မိန်းကလေးမပါတဲ့ ကစားနည်းပါ။

**ဒါဆိုရင် ဒီနှစ်မျိုးစလုံး ဝင်ပြိုင်မှာပေါ့။**

ဟုတ်ပါတယ်။ နှစ်မျိုးစလုံးကို ဝင်ပြိုင်မှာပါ။

**အဲဒီကစားနည်းတွေမှာ အတန်းလိုက် သတ်မှတ်ချက်တွေရောရှိလား။**

ရှိပါတယ်။ ကစားနည်း တစ်မျိုးတစ်မျိုးမှာ အတန်းခုနစ်တန်းစီ ရှိပါတယ်။ ဒါပေမယ့် အဲဒီခုနစ်တန်းလုံး ဝင်ပြိုင်လို့ မရပါဘူး။ အတန်းငါးတန်းကိုပဲ ဝင်ပြိုင်ခွင့်ရှိပါတယ်။ နောက်ပြီးတော့ Free Style ကစားနည်းမှာ ယောကျ်ားလေး၊ မိန်းကလေးနှစ်မျိုး ပြိုင်လို့ရပြီး Grecon နည်းကတော့ ယောကျ်ားလေးတစ်မျိုးတည်း ပြိုင်ရတဲ့နည်းပါ။ ကျွန်မတို့အနေနဲ့ ကစားနည်းနှစ်မျိုးစလုံးမှာ အတန်းငါးတန်းစလုံး ဝင်ပြိုင်ဖို့ လုပ်ထားပါတယ်။

**နည်းပြဆရာကရော မြန်မာလူမျိုး နည်းပြပဲလား။**

မဟုတ်ပါဘူး။ တူရကီလူမျိုး နည်းပြဆရာပါ။ NUDDIN KURT လို့ ခေါ်ပါတယ်။ တူရကီမှာ နပန်းကစားသမားအဖြစ် အောင်မြင်ခဲ့သူပါ။ နောက်တစ်ဦးကတော့ HAN SAN ဆိုတဲ့ လူငယ်နည်းပြတစ်ဦးပါ။ သူလည်း တူရကီလူမျိုးပါပဲ။

**သူတို့နှစ်ဦး ဘယ်လိုခွဲပြတာလဲ။**

မစ္စတာ NUDDIN KURT က Free Style ကစားနည်းအတွက် တာဝန်ယူပြသပါတယ်။ သူက ၂၀၁၁ အင်ဒိုဆီးဂိမ်းမှာကတည်းက ပြလာတဲ့သူဖြစ်တော့ မြန်မာကစားသမားတွေနဲ့ တော်တော်အသားကျနေပါပြီ။ HAN SAN ကတော့ Grecon ကစားနည်းအတွက် တာဝန်ယူနည်းပြတဲ့သူပါ။

**ဒါဆိုရင် ရွှေမှန်းနိုင်ပြီမဟုတ်လား။**

မှန်းနိုင်ပါတယ်။ ကျွန်မတို့ ရွှေသုံးခုလောက် အနည်းဆုံးရမယ်လို့ မှန်းထားပါတယ်။

**မြန်မာအသင်း ရွှေတွေရဖို့ ဘယ်သူတွေနဲ့ အဓိကပြိုင်ရမယ် ထင်သလဲ။**

ထိုင်း၊ ဗီယက်နမ်၊ အင်ဒိုနီးရှားနဲ့ မလေးရှားအသင်းတွေကို အဓိကပြိုင်ရမယ်ထင်ပါတယ်။

**ဆီးဂိမ်းမတိုင်မီ ပြိုင်ပွဲဝင်ဖို့နဲ့ ပူးတွဲလေ့ကျင့်ဖို့ အစီအစဉ်တွေရောရှိလား။**

ဟုတ်ကဲ့ရှိပါတယ်။ ဧပြီလလောက်ကစပြီး တူရကီ၊ အဇာဘိုင်ဂျန်၊ ဗီယက်နမ်နဲ့ ထိုင်းနိုင်ငံတွေကို သွားဖို့ စီစဉ်ထားပါတယ်။ ဒီကြားထဲမှာ ဖိတ်ခေါ်ပြိုင်ပွဲတစ်ခုစီစဉ်ပြီး အာဆီယံနိုင်ငံအချို့ကို ဖိတ်ခေါ်ပြီး ကစားဖို့ရှိပါတယ်။ နည်းပြကြီးကလည်း ပွဲများများကစားရရင် ဒီထက်ပိုပြီးမျှော်လင့်နိုင်မယ်လို့ ပြောပါတယ်။ ဒါကြောင့် ကျွန်မတို့တစ်ဖွဲ့သားလုံး ကြိုးစားနေကြပါတယ်။

အခုလို ဖြေကြားပေးတဲ့အတွက် ကျေးဇူးတင်ပါတယ်။


GOLDEN STAR

အာရှနဂါး
ချောင်းသာ / ငွေဆောင်
နေ့/ည
Ph : 703790,09-861-9008
707062,09-861-7770

ရွှေနဂါး

ရွှေတွေးလှိုင် ဘုရားဖူးပို့ဆောင်ရေး
Mar-15/19/22/23/24/25
Ph : 09450044434, 09450044436, 377521

သန်းငွေနှင့်ရောင်းရင်းများ
ချောင်းသာ
(Mar- 15/22/23/25)
Mar : 15/22/25/29, Apr : 5/11/12/17/26
Ph : 241863, 380141, 09-43043109

Golden Land

Golden Brothers


## အမြန်ပြန်လာပါ

တစ်စုံတစ်ဦး၏ ဖြားယောင်းသွေးဆောင်မှုကြောင့် မခင်ဖုန်းပြည့် (ခ) ပိုးကလေး ၉/တကန(နိုင်)၁၇၁၇၇၃ (အပေါ်ပုံ)သည် နေအိမ်မှ ၁၅-၃-၂၀၁၃ ရက်တွင် ထွက်သွားပါသည်။ အမြန်ပြန်လာပါ။ အားလုံးခွင့်လွှတ်သည်။ ဖြားယောင်းသွေးဆောင်ထားသူနှင့် လက်ခံထားသူများအား ဥပဒေအရ အရေးယူမည်။ သတင်းပေးသူအား ထိုက်တန်စွာ ကျေးဇူးဆပ်ပါမည်။

**ဖုန်း-၀၉-၄၃၀၄၇၈၁၈၊ ၀၉-၄၂၀၇၃၇၃၂**

## အများသိစေရန်

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဒဂုံမြို့နယ်၊ (၂၄)ရပ်ကွက်၊ မြေကွက်အမှတ် ၇၉၀၊ မြေပေ(၄၀×၆၀)ကို ဦးမောင်ဝင်း-ဒေါ်စိန်စိန်ထံမှ ၁၃ပေ×ပေ၆၀ အား ဝယ်ယူထားသော ဒေါ်သီသီအေး ၁၂/ဒပန(နိုင်)၁၃၈၇၉၅ က အကျိုးခံစားခွင့်အရပ်ရပ်အားလုံး တရားဝင်ပိုင်ရောင်းချခွင့်ရှိသူထံမှ ကျွန်ုပ်၏မိတ်ဆွေက ဝယ်ယူရန်အတွက် စရန်ငွေပေးချေပြီးဖြစ်ပါသည်။ ကန့်ကွက်လိုသူများရှိပါက ခိုင်မာသောအထောက်အထားများနှင့်တကွ ကျွန်ုပ်၏ထံသို့ ကျွန်ုပ်နို့တစ်စာထုတ်သည့်ရက်မှ ခုနစ်ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်မှုမရှိပါက ဥပဒေနှင့်အညီ ဆက်လက်အရောင်းအဝယ်ပြုလုပ်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးဇော်မျိုးထက် LL.B**
**အထက်တန်းရှေ့နေ(စဉ်-၂၉၁၉၁)**
**အမှတ်(၄၀၅/ခ)၊ အောင်သိဒ္ဓိ ၄လမ်း၊ (၂၀)ရပ်ကွက်၊**
**ဒဂုံတောင်ပိုင်းမြို့နယ်၊ ဖုန်း-၀၉-၄၂၀၀၈၇၁၇၇**

## ကန့်ကွက်နိုင်ပါကြောင်း

ကျွန်ုပ်၏မိတ်ဆွေမှ ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်၊ အမှတ်(၄)ရပ်ကွက်၊ ပြည်လမ်း၊ အမှတ် ၁၀၅တွင်ဆောက်လုပ်ထားသည့် ခြောက်ထပ်တိုက်၏ မြောက်ဘက်ခြမ်း (မင်္ဂလာဒုံဘက်)ကျသော တတိယထပ်(ထောင့်ခန်း)၊ အခန်းအမှတ် ၃/၄တိုက်ခန်းနှင့် ယင်းတိုက်ခန်း၌ စွဲကပ်တည်ရှိသော အကျိုးခံစားခွင့်အရပ်ရပ်တို့ကို ယင်းတိုက်ခန်းအား လက်ရှိတရားဝင်ပိုင်ဆိုင်ရောင်းချပိုင်ခွင့်ရှိကြောင်း အဆိုရှိသူ မသက်မြတ်အေး (ဘ)ဦးငွေလှိုင် ၁၂/မရက(နိုင်)၁၂၉၈၀၇ ထံမှ အပြီးအပိုင်ဝယ်ယူရန်သဘောတူညီပြီးဖြစ်ပါ၍ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ်ပေးအပ်ထားပြီး ဖြစ်ပါသည်။ အထက်ပါတိုက်ခန်းအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်တို့နှင့်ပတ်သက်၍ ကန့်ကွက်လိုသူရှိပါက ဤကြော်ငြာပါသည့်ရက်မှ စ၍ ခုနစ်ရက်အတွင်း ခိုင်လုံသောစာရွက်စာတမ်း အထောက်အထားမူရင်းများနှင့် ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို အပြီးတိုင်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်မြမင်းအောင် ဥပဒေဘွဲ့**
**တရားလွှတ်တော်ရှေ့နေ(၂၉၄၄/၈၄)**
**အမှတ် ၁၁၅၊ (ဂ)ရေကူးရွာမလမ်း၊ (၉)ရပ်ကွက်၊**
**မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၀၉-၅၁၂၅၀၄၉**

## ကန့်ကွက်နိုင်ပါကြောင်း

ဒေါပုံမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၈၊ မြေကွက်အမှတ် ၁၁၂၊ မြေကွက်တည်နေရာ ၃၁၊ သီရိရတနာလမ်း၊ ဝါဆိုရပ်ကွက်၊ ဒေါပုံမြို့နယ်၊ ဦးသိန်းအောင်အမည်ပေါက် နှစ် ၆၀ ဂရန်မြေအား အမည်ပေါက် ဦးသိန်းအောင်(ခင်ပွန်း)ကွယ်လွန်သဖြင့် ဒေါ်ပန်းညွန့် ၁၂/ဒပန(နိုင်)၀၀၄၃၉၃ က တစ်ဦးတည်းသောဇနီး တော်စပ်ကြောင်း ကျမ်းကျိန်လွှာနှင့်သေစာရင်း တင်ပြ၍ G.P ၇၇၀/၁၃ ရသူ ဦးမောင်မင်း(ခ) ဂေမင်းက အမွေဆက်ခံပိုင်ဆိုင်ကြောင်း စာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေး**
**ကော်မတီ**

## သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)၊ (၄၆)ရပ်ကွက်နေ ဦးဝင်းကြည်-ဒေါ်ချိုချိုတို့၏ သား မောင်ဝင်းကျော်အောင် ၁၂/မရက(နိုင်)၀၀၂၃၅၂ သည် မိဘများအား အကြိမ်ကြိမ်စိတ်ဆင်းရဲအောင် ပြုလုပ်နေသည့် သွနုတ္တသားဖြစ်၍ သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်သည်။ (နောက်နောင် ၄င်းနှင့်ပတ်သက်သောကိစ္စများအား တာဝန်မယူပါ။)

**ဦးဝင်းကြည် ၁၂/ဒဂမ(နိုင်)၀၀၈၁၆၈၊ ဒေါ်ချိုချို ၁၂/မရက(နိုင်)၀၁၄၄၄၉**

# စပါးတို့ရှုံးပြီး ချယ်လ်ဆီးတို့ အမှတ်ပြည့်ယူခဲ့တဲ့ပရီမီယာလိဂ်

ပရီမီယာလိဂ် လက်ကျန်ပွဲစဉ်တွေကို မတ် ၁၇ ရက်ကဆက်လက်ယှဉ်ပြိုင်ကစားတဲ့အခါ ချယ်လ်ဆီးတို့နိုင်ပွဲရရှိခဲ့ပေမယ့် စပါးတို့ အိမ်ကွင်းမှာ ရှုံးပွဲကြုံတွေ့ခဲ့ရပါတယ်။ ဝီဂန်တို့ကတော့ အိမ်ကွင်းမှာ နိုင်ပွဲရရှိခဲ့လို့ အဖိုးတန်သုံးမှတ်ကို သိမ်းပိုက်နိုင်ကာ အောင်ပွဲခံနိုင်ခဲ့ကြပါတယ်။ ဒီပွဲစဉ်တွေဟာ အမှတ်လိုအပ်ချက်ကိုယ်စီရှိကြတာမို့ ပြိုင်ဆိုင်မှုတွေ ပြင်းထန်ခဲ့တာတော့ အမှန်ပါပဲ။

**ချယ်လ်ဆီးနဲ့ ဝက်စ်ဟမ်း**

အိမ်ကွင်းမှာ ကစားရပေမယ့် ချယ်လ်ဆီးတို့ ခြေကုန်ထုတ်ခဲ့ရပါတယ်။ ချယ်လ်ဆီးဟာ ကစားကွက်ထိန်းချုပ်ပြီး အသာစီးရယူနိုင်ခဲ့ပေမယ့် ဝက်စ်ဟမ်းရဲ့ ထိုးဖောက်မှုတွေကိုလည်း ရင်ဆိုင်ခဲ့ရပါတယ်။ ပွဲချိန် ၁၉ မိနစ်မှာ ချယ်လ်ဆီးအတွက် လမ်းပတ်က အဖွင့်ဂိုးသွင်းယူပေးနိုင်ခဲ့ပါတယ်။ ပထမပိုင်း ပွဲချိန်အတွင်းမှာ တစ်ဂိုးအသာနဲ့ဦးဆောင်နိုင်ခဲ့တဲ့ ချယ်လ်ဆီးဟာ ဒုတိယပိုင်းပွဲချိန် မိနစ် ၅၀ မှာလည်း ဟာဇက်ရဲ့ ဂိုးသွင်းနိုင်မှုကြောင့် ဒုတိယဂိုးရရှိခဲ့ပြန်ပါတယ်။ ဝက်စ်ဟမ်းအသင်းဟာ ချေပဂိုးရရှိရေးကြိုးစားခဲ့ပေမယ့် ချယ်လ်ဆီးခံစစ်မှူးတွေ ဟန့်တားမှုနဲ့ ကြုံတွေ့ရပြီး ဘောလုံးဆုံးရှုံးမှုတွေများနေခဲ့တာမို့ ပွဲအပြီးမှာ ချယ်လ်ဆီးက နှစ်ဂိုးပြတ်နဲ့ အနိုင်ရရှိခဲ့ခြင်းဖြစ်ပါတယ်။

**ဆန်းဒါးလန်းနှင့် နော့ဝှစ်**

အသင်းကြီးတွေကို ဒုက္ခပေးတတ်တဲ့ နော့ဝှစ်ဟာ ဆန်းဒါးလန်းကွင်းမှာ ရဲရဲဝံ့ဝံ့နဲ့ ရင်ဆိုင်ကစားခဲ့



တာမို့ ပွဲချိန် ၂၆ မိနစ်မှာ ဟိုလာဟန်ရဲ့ သွင်းဂိုးနဲ့ ဦးဆောင်နိုင်ခဲ့ပါတယ်။ ဒါပေမယ့် ဆန်းဒါးလန်းတို့က ချေပဂိုးရရေးကြိုးစားခဲ့တာမို့ ပွဲချိန် မိနစ် ၄၀ မှာ ပယ်နယ်တီရရှိခဲ့ပါတယ်။ အဲဒီပယ်နယ်တီကို ဂတ်နာ ကန်သွင်းယူခဲ့လို့ ဆန်းဒါးလန်းတို့ ချေပဂိုးရရှိသွားပါတယ်။ နှစ်သင်းစလုံး နောက်ထပ်ဂိုးတွေသွင်းနိုင်ဖို့ ကြိုးစားခဲ့ပေမယ့် အရာမထင်ခဲ့တာမို့ တစ်ဂိုးစီသရေပွဲနဲ့ ကျေနပ်ခဲ့ရတာဖြစ်ပါတယ်။

**စပါးနှင့် ဖူလ်ဟမ်**

စပါးအသင်းဟာ အိမ်ကွင်းမှာ ဖိဖိစီးစီး ကစားခဲ့ပေမယ့် တိုက်စစ်မှူးတွေ ဂိုးသွင်းမသေသပ်ခဲ့လို့ မမျှော်လင့်ဘဲ ရှုံးပွဲကြုံတွေ့ရခြင်းဖြစ်ပါတယ်။ စပါးအသင်းဟာ ဂိုးသွင်းယူနိုင်ရေးအတွက် ဖိအားပေးကစားခဲ့ပေမယ့် ဂိုးမသွင်းနိုင်ဘဲ ဖြစ်ခဲ့ရပြီး ပွဲချိန် ၅၂ မိနစ်မှာ ဘာဘာတော့ဗ်ရဲ့ သွင်းဂိုးနဲ့ ဖူလ်ဟမ်တို့အနိုင်ရရှိသွားတာဖြစ်ပါတယ်။ စပါးတို့ အဖိုးတန်သုံးမှတ်ဆုံးရှုံးသွားခဲ့ပါတယ်။

**ဝီဂန်နှင့် နယူးကာဆယ်**

ဝီဂန်တို့အတွက် နောက်ကျဂိုးနဲ့ ကံကောင်းစွာ နိုင်ပွဲရရှိခဲ့ခြင်းဖြစ်ပါတယ်။ ဝီဂန်အသင်းဟာ အနိုင်ရလိုမှုနဲ့ စိတ်ဓာတ်ပြင်းပြင်း ကစားခဲ့တာမို့ ဘောဂျာက ပွဲချိန် ၁၈ မိနစ်မှာ တစ်ဂိုးသွင်းယူပေးခဲ့ပါတယ်။ ပထမပိုင်း ပွဲချိန်အတွင်းမှာ နယူးကာဆယ်တို့ ချေပဂိုး မသွင်းနိုင်ဘဲ ဒုတိယပိုင်းပွဲချိန် ၇၂ မိနစ်မှာ ဆန်တန်က ချေပဂိုး ပြန်သွင်းယူနိုင်ခဲ့ပါတယ်။ ဒါပေမယ့် ပွဲချိန် မိနစ် ၉၀ မှာ ကိုနေးက တစ်ဂိုးသွင်းယူခဲ့တာကြောင့် ပွဲအပြီးမှာ ဝီဂန်က နှစ်ဂိုး-တစ်ဂိုးနဲ့ နိုင်ပွဲရရှိပြီး အဖိုးတန်သုံးမှတ်ရရှိခဲ့ခြင်း ဖြစ်ပါတယ်။ ။

မိုးမြင့်လင်းလက်-ရေးသားသည်

---

နိုင်ငံတကာအားကစားသတင်း

## အင်ဒီးယန်းဝဲလ်ဖလား ရှာရာပိုဗာ ဆွတ်ခူး

နာမည်ကြီးတင်းနစ်မယ် ရှာရာပိုဗာသည် အမေရိကန်နိုင်ငံ၌ကျင်းပသည့် ဘီပီအင်န်ဘာရီဘတ်စ်အိုးပင်းတင်းနစ် ဗိုလ်လုပွဲတွင် ဒိန်းမတ်တင်းနစ်မယ် ဝေါ့ဇ်နီယာစကီကို အနိုင်ရပြီး ချန်ပီယံဆုဖလားဆွတ်ခူးနိုင်ခဲ့သည်။ **(အပေါ်ပုံ)**အသက် ၂၅ နှစ်ရှိ ရှာရာပိုဗာသည် ယင်းပြိုင်ပွဲတွင် ၁ နာရီနှင့် ၂၁ မိနစ်ကြာကစားပြီး ၆-၂၊ ၆-၂ ဖြင့် အနိုင်ရလိုက်ခြင်းဖြစ်သည်။ သူမအနေဖြင့် အင်ဒီးယန်းဝဲလ်ဖလားကို ဒုတိယအကြိမ်ဆွတ်ခူးခဲ့ခြင်းဖြစ်သည်။

## ကွင်းမာပြိုင်ပွဲ နာဒယ်ဖလား ဆွတ်ခူး

စပိန်နာမည်ကြီးတင်းနစ်ကစားသမား ရာဖေးလ်နာဒယ်သည် အမေရိကန်နိုင်ငံ အင်ဒီးယန်းဝဲလ် ၌ကျင်းပသည့် ဘီပီအင်န်ဘာရီဘတ်စ်အိုးပင်းတင်းနစ်ဗိုလ်လုပွဲ၌ အာဂျင်တီးနားတင်းနစ်ကစားသမား ဂျူအန်မာတင်ဒယ်ပိုထရိုအား အနိုင်ရပြီး ချန်ပီယံဆုဖလား ဆွတ်ခူးနိုင်ခဲ့သည်။ ရာဖေးလ်နာဒယ်က ယင်းပြိုင်ပွဲတွင် ၄-၆၊ ၆-၃၊ ၆-၄ ဖြင့် အနိုင်ရလိုက်ခြင်းဖြစ်သည်။ နာဒယ်သည် ဒူးခေါင်းဒဏ်ရာကြောင့် တစ်နှစ်ကြာ အနားယူခဲ့ပြီးနောက် ပထမဆုံးအကြိမ် ကွင်းမာပြိုင်ပွဲတွင် ဆုဖလား ဆွတ်ခူးခဲ့ခြင်းဖြစ်သည်။

ကောင်းမြတ်သူ - ရေးသားသည်

---

## အားကစားသတင်း အတိုအထွာ

မောင်ချစ်ကြည် - ရေးသားသည်

- ဘရာဇီးကလပ်ဖလာမင်ဂိုအသင်းသည် ဘရာဇီးကစားသမားဟောင်း ဂျော်ဂျင်ဟိုကို နည်းပြအဖြစ် တာဝန်ပေးမည်ဖြစ်သည်။
- ဘာစီလိုနာအသင်းနောက်ခံကစားသမား အက်ဒရီယာနိုသည် တံကောက်ကြောဒဏ်ရာရရှိနေသဖြင့် ချန်ပီယံလိဂ်ကွာတားဖိုင်နယ်ပွဲစဉ်အဖြစ် ပီအက်စ်ဂျီအသင်းနှင့်ကစားမည့်ပွဲနှင့် လွဲချော်မည်ဖြစ်သည်။
- အသက် ၂၈ နှစ်အရွယ်ရှိ အာဆင်နယ်နောက်ခံလူ ပါမာတီစကာကို လာမည့် နွေရာသီ၌ ဝုဖ်ဘတ်အသင်းက ခေါ်ယူမည်ဖြစ်သည်။
- ဆွမ်ဆီးအသင်းဂိုးသမား မိုက်ကယ်ဗွန်းကို အာဆင်နယ်ကခေါ်ယူမည်ဖြစ်သည်။
- ရက်ဒင်းတိုက်စစ်မှူး ပါဗယ်ပိုဂရက်ယက်ကို ပီအက်စ်ဂျီအသင်းက ခေါ်ယူရန် ကြိုးစားလျက်ရှိသည်။
- လိဒ်၊ ကာဒစ်နှင့် ဘော်လ်တန်အသင်းတို့မှ အငှားခေါ်ယူရန် ကြိုးစားနေသော တောင်ပံကစားသမား ရာဟင်းစတာလင်းကို အငှားချထားမည်မဟုတ်ကြောင်း လီဗာပူးတာဝန်ရှိသူများက ပြောကြားသည်။
- ချယ်လ်ဆီးဂိုးသမား ကောတိုရစ်ကို အက်သလက်တီကို မက်ဒရစ်အသင်းက ပြောင်းရွှေ့ကြေး ပေါင် ၁၇ သန်းဖြင့် ခေါ်ယူရန် ကြိုးစားနေကြောင်း ထုတ်ဖော်ပြောကြားသည်။
- ကျူပီအာနည်းပြ ဟာရီရက်နက်စ်က ဂိုးသမား ရောဘတ်ဂရင်းအား ပွဲထွက်ကစားသမားအဖြစ် အခွင့်အရေးပေးမည်ဖြစ်ကြောင်း ပြောကြားသည်။
- ရီးရဲမက်ဒရစ်နည်းပြ မော်ရင်ဟိုသည် ချန်ပီယံလိဂ်ပွဲကို ပြင်ဆင်ရန်အတွက် ဂါလာတာစာရေးအသင်းပွဲများကို သွားရောက်ကြည့်ရှုလေ့လာနေကြောင်း မီဒီယာများက ဖော်ပြသည်။

---

**အားကစားမြှင့်တင်**
**စိတ်လန်းရွှင်**
**ဆန့်ကျင်**
**မူးယစ်ဆေး**

## ပုံနှိပ်ခြင်းလုပ်ငန်းများ ဆောင်ရွက်နိုင်ပါပြီ

လူကြီးမင်းတို့၏ စာအုပ်၊ စာစောင်၊ ဂျာနယ်နှင့် သတင်းစာ ပုံနှိပ်ခြင်းလုပ်ငန်းများအား နေပြည်တော်နှင့် မန္တလေးတို့တွင် အဆင့်မီရောင်စုံဖြင့် ပုံနှိပ်ခြင်းလုပ်ငန်းအား အရည်အသွေး အထူးအာမခံဖြင့် ဆောင်ရွက်ပေးနိုင်ပြီဖြစ်ကြောင်း သတင်းကောင်းပါးအပ်ပါသည်။ အသေးစိတ်အချက်အလက်များ သိလိုပါက အောက်ပါလိပ်စာများတွင် ဆက်သွယ်စုံစမ်းနိုင်ပါသည်-

(၁) အထက်မြန်မာပြည် အစိုးရပုံနှိပ်စက်ရုံ၊ စစ-၁၁၊ ၄၈လမ်း၊ အောင်ပင်လယ်၊ မန္တလေး၊ ဖုန်း-၀၂-၆၂၉၃၀

(၂) နေပြည်တော်ပုံနှိပ်စက်ရုံ (ဇေယျာသီရိ)၊ ခရေပင်လမ်းခွဲ၊ ဇေယျာသီရိမြို့နယ်၊ နေပြည်တော်၊ ဖုန်း-၀၆၇-၃၆၁၇၃

**ပုံနှိပ်ရေးနှင့် စာအုပ်ထုတ်ဝေရေးလုပ်ငန်း**



ကြော်ငြာ


ပြည်သူ့အတွက်
SKY NET
Direct To Home (DTH)
မိမိ မိသားစု သူငယ်ချင်း အပေါင်းအသင်းများနဲ့အတူသုတ၊ ရသ၊ ကဏ္ဍစုံလင်စွာ ပျော်ရွှင်ကြည်နူးမှု အပြည့်နဲ့
ခံစားနိုင်စေမည့် SKYNET (DTH) ရုပ်သံလိုင်း
ချစ်ခင်လေးစားအပ်ပါသော မိဘပြည်သူညီအစ်ကိုမောင်နှမများခင်ဗျား နိုင်ငံတစ်ဝန်းလုံးရှိမိဘပြည်သူညီအစ်ကိုမောင်နှမများ
အားလုံးနှင့်အတူ ၂၀၁၃ ခုနှစ်မြန်မာ့ရိုးရာအတာသင်္ကြန်ကာလကိုပျော်ရွှင်ဝမ်းမြောက်စွာကြိုဆိုသောအားဖြင့် ၂၀၁၃ ခုနှစ်
မတ်လ(၉)ရက်နေ့မှဧပြီလ(၁၂)ရက်နေ့အထိကာလအတွင်း SKYNET (DTH) HD စက်များအားလက်ရှိရောင်းချပေးနေသော
ဈေးနှုန်း (၅၅,၀၀၀) ကျပ်အစား (၄၅,၀၀၀) ကျပ်ဖြင့်မိဘပြည်သူများသက်သက်သာသာဝမ်းမြောက်စွာဝယ်ယူ၍အတာသင်္ကြန်
ကာလအားလပ်ရက်များတွင်အပန်းဖြေအနားယူရင်းအားပေးကြည့်ရှုနိုင်ပါကြောင်းရှိသေလေးစားစွာသတင်းကောင်းပါးအပ်ပါသည်။
SKY NET
DTH
Full HD
1080 p
55,000 Kyats
45,000 Kyats
+
ကြည့်ရှု
ခွင့်သက်တမ်း
ချစ်ခင်လေးစားအပ်ပါသော မိဘပြည်သူညီအစ်ကိုမောင်နှမများခင်ဗျား
SKYNET (DTH) ရုပ်သံလိုင်းသက်တမ်းရှိသူများနှင့်
အသစ်ထပ်မံဝယ်ယူသူများအားလုံးတို့ကိုကျေးဇူးတုံ့ပြန်သောအားဖြင့်
၂၀၁၃ ခုနှစ် မေလ (၂၅) ရက်နေ့ အင်္ဂလန်နိုင်ငံ
ဝင်ဘာလေကွင်း တွင်ကျင်းပမည့် ဥရောပချန်ပီယံလိဂ် ဗိုလ်လုပွဲကြီးအား
ကိုယ်တိုင်သွားရောက်ကြည့်ရှုရင်ခုန်ခံစားနိုင်ရန်ပါဝင်တံစမ်းခွင့်
ရရှိမည်ဖြစ်ပါကြောင်းရှိသေလေးစားစွာသတင်းကောင်းပါးအပ်ပါသည်။

# ဆီးဂိမ်းပြိုင်ပွဲ၌ တားမြစ်ဆေးဝါးသုံးစွဲမှုစစ်ဆေးမည်

ရန်ကုန် မတ် ၁၈

**အိမ်ရှင်မြန်မာတို့ ဆီးဂိမ်းပြိုင်ပွဲအတွက်ဘက်ပေါင်းစုံမှ ပြင်ဆင်လျက်ရှိသည်။ ပြိုင်ပွဲမကျင်းပမီနှင့် ပြိုင်ပွဲကျင်းပစဉ်ကာလအတွင်း အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် ကြိုတင်ပြင်ဆင်ရာတွင် ပြိုင်ပွဲကို ဆင်နွှဲကြသည့် အားကစားသမားများ တားမြစ်ဆေးဝါးသုံးစွဲမှုရှိမရှိကိုလည်း စစ်ဆေးနိုင်ရေးအတွက်လည်းပါဝင်သည်။**

အမေး၊ အရေး၊ မောင်မောင်မြင့်ဆွေ
ဓာတ်ပုံ-တင်စိုး(မြန်မာ့အလင်း)

**"အသိပညာပေးမှုတွေ ပြုလုပ်သွားမယ်"**
(ဒေါက်တာမြလေးစိန်)

မကြာမီ မြန်မာနိုင်ငံ၌ ကျင်းပတော့မည့် (၂၇)ကြိမ်မြောက် ဆီးဂိမ်းပြိုင်ပွဲအတွက် အကျုံးဝင်သည့် အချက်များပါဝင်သော အရှေ့တောင်အာရှတားမြစ်ဆေးဝါး ဆန့်ကျင်ရေးအဖွဲ့၏ အဖွဲ့ဝင်များ တွေ့ဆုံဆွေးနွေးပွဲကို ရန်ကုန်မြို့ ဆန်းမစ်ပတ်ဗျူးဟိုတယ်၌ မကြာမီကကျင်းပခဲ့သည်။ ဆွေးနွေးပွဲ တက်ရောက်ခဲ့သည့် အားကစားဝန်ကြီးဌာနမှ ဒုတိယညွှန်ကြားရေးမှူး (ဆေးဌာန) ဒေါက်တာမြလေးစိန်နှင့် တွေ့ဆုံမေးမြန်းခဲ့သည်။

မေး။ အဲဒီဆွေးနွေးပွဲက မြန်မာနိုင်ငံမှာ ကျင်းပမယ့် ဆီးဂိမ်းပြိုင်ပွဲအတွက် အရေးကြီးတဲ့ ဆွေးနွေးပွဲဆိုတာ ရှင်းပြပေးပါဦး။

ဖြေ။ အရေးကြီးပါတယ်။ ဆီးဂိမ်းပြိုင်ပွဲမှာ မြန်မာနိုင်ငံက တားမြစ်ဆေးဝါးတွေနဲ့ ပတ်သက်ပြီး ဘယ်လိုပြင်ဆင်ထားတာတွေ၊ ဘယ်ကို စစ်ဆေးကြမှာတွေ၊ ဘယ်လိုပညာပေးမှုတွေ ပြုလုပ်သွားမှာဆိုတာတွေကို မေးမြန်းဆွေးနွေးကြတာ ဖြစ်ပါတယ်။

မေး။ ဆီးဂိမ်းအားကစားပြိုင်ပွဲမှာ တားမြစ်ဆေးတွေသုံးစွဲမှုရှိမရှိ ဘယ်လို စစ်ဆေးမှုတွေပြုလုပ်သွားမှာလဲဆိုတာလည်း သိရှိလိုပါတယ်။

ဖြေ။ အဲဒါတွေကို ဆွေးနွေးပွဲမှာ ဆွေးနွေးကြခဲ့တယ်။ ဘယ်အားကစားနည်းမှာ စစ်ဆေးရေးအဖွဲ့ဝင် ဘယ်နှဦးထားပြီး စစ်ဆေးမလဲဆိုတာတွေ၊ ဆေးစစ်မှုရလဒ်အပေါ် ဘယ်လိုအပြစ်ပေးမယ် ဆိုတာတွေ ကျွန်မတို့က တင်ပြခဲ့တယ်။ ပြီးတော့ ဆွေးနွေးခဲ့တယ်။

မေး။ ရွှေတံဆိပ် ဆွတ်ခူးထားတဲ့ အားကစားသမားတစ်ဦးအနေနဲ့ တားမြစ်ဆေးသုံးစွဲတာ စစ်ဆေးတွေ့ရှိရင် ဘယ်လိုအရေးယူမှုတွေပြုလုပ်မလဲဆိုတာ သိရှိလိုပါတယ်။

ဖြေ။ နိုင်ငံတကာအားကစား ပြိုင်ပွဲတွေမှာ ကျင့်သုံးတဲ့ စည်းမျဉ်း စည်းကမ်းအတိုင်း အပြစ်ပေးမှုခံရမှာပါ။ ရရှိထားတဲ့ ဆုတံဆိပ်တွေလည်း ရုပ်သိမ်းခံရမှာ ဖြစ်ပြီး အားကစားပြိုင်ပွဲ ဆင်နွှဲခွင့်တွေလည်း ပိတ်ပင်မှုတွေရှိမှာဖြစ်ပါတယ်။ ဒါကို အဖွဲ့ဖွဲ့ပြီး ဆောင်ရွက်မှာဖြစ်ပါတယ်။

မေး။ ဆီးဂိမ်းပြိုင်ပွဲဝင်အားကစားသမားတွေကို အသိပညာပေးမှု ဘယ်လိုပြုလုပ်ဖို့ စီစဉ်ထားတယ်ဆိုတာလည်း ရှင်းပြပေးပါဦး။

ဖြေ။ ဆီးဂိမ်းပြိုင်ပွဲတွေ ကျင်းပမယ့် ရန်ကုန်မြို့နဲ့ နေပြည်တော်တို့မှာ တားမြစ်ဆေးဝါးသုံးစွဲမှုနဲ့ ပတ်သက်ပြီး အသိပညာပေးမှုတွေ ပြုလုပ်သွားမှာပါ။ အဲဒီလို ပြုလုပ်နိုင်ဖို့အတွက် ယူနက်စကိုက ရန်ပုံငွေလည်း ရရှိထားပါတယ်။ ဒီလိုအသိပညာပေးမှုတွေ ဆောင်ရွက်တဲ့အခါ တားမြစ်ဆေးဝါးနဲ့ ပတ်သက်တဲ့ အင်္ဂလိပ်မှ မြန်မာပြန်ဆိုထားတဲ့ လက်ကမ်းစာစောင်တွေ ဖြန့်ဝေပေးတာတွေကို ဆောင်ရွက်ပေးသွားမှာ ဖြစ်ပါတယ်။

မေး။ ဆွေးနွေးပွဲမှာ အရှေ့တောင်အာရှ နိုင်ငံတွေက ကိုယ်စားလှယ်တွေ အားလုံးတက်ရောက်ကြလားဆိုတာ သိရှိလိုပါတယ်။

ဖြေ။ အရှေ့တီမောနဲ့ ဘရူနိုင်းနိုင်ငံတွေကလွဲပြီး ကျန်ကိုးနိုင်ငံက ကိုယ်စားလှယ်တွေ တက်ရောက်ကြပါတယ်။ တစ်နိုင်ငံ ကိုယ်စားလှယ်တစ်ဦးဖြစ်ပြီး ကမ္ဘာ့တားမြစ်ဆေးဝါး ဆန့်ကျင်ရေးအဖွဲ့ဝင် နှစ်ဦးလည်းတက်ရောက်ကြပါတယ်။ သူတို့ကတော့ ကနေဒါနဲ့ ဂျပန်နိုင်ငံတို့မှဖြစ်ပါတယ်။ အခြားနိုင်ငံတွေကလည်း နှစ်ဦးပါဝင်ပါတယ်။

မေး။ အခုလို တားမြစ်ဆေးဝါး ဆန့်ကျင်ရေးဆွေးနွေးပွဲမျိုး မြန်မာနိုင်ငံမှာ ယခင်က ပြုလုပ်ခဲ့ဖူးလားဆိုတာ ပြောပြပေးပါဦး။

ဖြေ။ ဒါပထမဆုံးအကြိမ် ဖြစ်ပါတယ်။ တစ်နှစ်တစ်ကြိမ်နဲ့ အရှေ့တောင်အာရှနိုင်ငံတွေမှာ အိမ်ရှင်နိုင်ငံအဖြစ် လက်ခံကျင်းပခွင့်အတွက် အဆိုပြုပြီးမှ စိစစ်ခွင့်ပြုတာပါ။ ၂၀၁၂ခုနှစ်မှာ စင်ကာပူနိုင်ငံက အိမ်ရှင်အဖြစ် ကျင်းပခဲ့ပြီး အဲဒီမှာ မြန်မာနဲ့ ဘရူနိုင်းတို့က အိမ်ရှင်အဖြစ်လက်ခံကျင်းပဖို့ အဆိုပြုခဲ့တာပါ။ အဲဒီမှာ ဆီးဂိမ်းအိမ်ရှင်ဖြစ်တဲ့ မြန်မာနိုင်ငံက အခုလို လက်ခံကျင်းပခွင့်ရရှိခဲ့တာပါ။

မေး။ တားမြစ်ဆေးဝါး ဆန့်ကျင်ရေးသင်တန်းပေးမှုတွေရော ပြုလုပ်ထားတာ ရှိပါသလားဆိုတာ သိရှိလိုပါတယ်။

ဖြေ။ ဂျပန်နိုင်ငံက ဂျာတာအဖွဲ့ရဲ့အကူအညီနဲ့ လေ့ကျင့်သင်တန်းပေးမှုကို နှစ်ကြိမ်ပြုလုပ်ပြီးပါပြီ။ တားမြစ်ဆေးဝါးတွေ စစ်ဆေးမယ့် သင်တန်းသား ၅၂ဦးကို လေ့ကျင့်ပေးထားပါတယ်။ အဲဒီ ၅၂ ဦးမှာ ကျန်းမာရေးဝန်ကြီးဌာနမှ ၅၀နဲ့ အားကစားဝန်ကြီးဌာနမှ နှစ်ဦးတို့ ဖြစ်ပါတယ်ဟု ဒေါက်တာမြလေးစိန်က ဖြေကြားသွားသည်။

ဆီးဂိမ်းအကြို ပြည်ထောင်စုဖလား အားကစားပြိုင်ပွဲတွင် ဘတ်စကက်ဘော ကစားသမားများ အကြိတ်အနယ် ယှဉ်ပြိုင်ခဲ့ကြသည်။

ပြည်တွင်းသတင်း

# နေပြည်တော်ရှိ ဥပ္ပါတသန္တိစေတီတော်မြတ်ကြီး ဗုဒ္ဓပူဇနိယပွဲ စည်ကားသိုက်မြိုက်စွာကျင်းပမည်

နေပြည်တော် မတ် ၁၈

နေပြည်တော် ပုဗ္ဗသီရိမြို့နယ်ရှိ ဥပ္ပါတသန္တိစေတီတော်မြတ်ကြီး၏ ပဉ္စမအကြိမ်မြောက် ဗုဒ္ဓပူဇနိယပွဲတော်ကြီးကို စေတီတော်မြတ်ကြီး၏ ရှေ့ဘုရားပွဲတော်ကျင်းပရာ ရင်ပြင်၌ မတ် ၁၈ ရက်မှ ၁၇ ရက်အထိ ၁၀ ရက်တိုင် စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

**အခမဲ့ဖျော်ဖြေ**

ယခုကျင်းပမည့် ပဉ္စမအကြိမ်မြောက် ကုန်စည်ပြပွဲနှင့်ဈေးရောင်းပွဲတော်ကြီးတွင် လူသုံးကုန်၊ အလှကုန်၊ စားသောက်ကုန်၊ လျှပ်စစ်ပစ္စည်းနှင့် အဝတ်အထည်များ ရောင်းချမည့်အပြင် ဧည့်ခံဖျော်ဖြေရေးအနေဖြင့် ရွှေမန်းသဘင် ဗိုလ်ညီကို အဖွဲ့ဖြစ်သည့် စည်သူဘို၊ သူရဘို၊ ရာဇာဘိုအဖွဲ့နှင့် ထွန်းလင်းဇာတ်အဖွဲ့တွင် မင်းသားအောင်ကျော်ဆန်း၊ နိုင်ဝေယံ၊ ချစ်စိုင်းနောင်၊ ရှိန်းထက်အောင်၊ စိုင်းဝဏ္ဏ၊ သားငယ်၊ ဦးအောင်ကျော်ဆန်း တည်ထောင်သည့် သဘင်အစွမ်းမိုးဆန်းပန်း ဇာတ်သဘင်အဖွဲ့ကြီး၊ ထို့အပြင် Melody World ပြိုင်ပွဲဆုရ တေးသံရှင် မိုးဆန်းချစ်သူ၊ ဆိုကရေးတီးရွှေတံဆိပ်လေးဆုရှင် မိုးစန်းငြိမ်းနှင့်သမီး ဆိုကရေးတီးရွှေတံဆိပ် ခြောက်ဆုရှင်ရွှေစင်မိုးတို့က ဗုဒ္ဓပူဇနိယပွဲတော်ကြီးတွင် မတ် ၁၈ ရက်မှ ၂၇ ရက်အထိ ၁၀ ရက်တိုင်တိုင် အခမဲ့ဖျော်ဖြေသွားမည်ဖြစ်ကြောင်း သိရသည်။

**ဆက်သွယ်စုံစမ်း**

ကုန်စည်ပြပွဲနှင့်ဈေးရောင်းပွဲတော်ကြီးတွင် ပြခန်းများဖွင့်လှစ်လိုပါက ဘုရားပွဲတော်ကျင်းပရာရင်ပြင်ရှိ ကွပ်ကဲရေးမှူးရုံးခန်းနှင့် ဖုံန်း-၀၁-၃၉၈၅၁၅၀၁-၄၂၁၁၂၂၄၇၉၊ ၀၉-၇၃၁၀၀၈၀၇ နှင့်၀၉-၄၂၁၀၁၃၃၁၈ တို့ထံသို့ ဆက်သွယ်စုံစမ်းနိုင်ကြောင်း သိရသည်။

**မင်းမင်းလတ်(မန်းတက္ကသိုလ်)**

# ဇလွန်သာသနာ့ဗိမာန်တော်အတွက် လှူဒါန်းနိုင်

ဇလွန် မတ် ၁၈

ဧရာဝတီတိုင်းဒေသကြီး ဟင်္သာတခရိုင် ဇလွန်မြို့ မာရ်အောင်မြင်ပြည်တော်ပြန် ဘုရားကြီးဝင်းအတွင်း၌ ၂၀၁၁ ခုနှစ် မေလကစ၍ သာသနာ့ဗိမာန်တော်ကြီးကို ဘုရားကြီး၏ ဘက်စုံအလှူငွေဖြင့်လည်းကောင်း၊ အနယ်နယ်အရပ်ရပ်မှ အလှူရှင်များ၏ ထည့်ဝင်လှူဒါန်းမှုဖြင့်လည်းကောင်း တည်ဆောက်လျက်ရှိကြောင်း သိရသည်။

**ကိုယ်တိုင်တက်ရောက်**

ယခုအခါ "မဟာအတုလဝေယံ ပြည်တော်ပြန်" အမည်ရှိ သာသနာ့ဗိမာန်တော်ကြီးကို ခံ့ညားထည်ဝါစွာ တည်ဆောက်ပြီးစီးပြီဖြစ်၍ ဖွင့်ပွဲအခမ်းအနားကို (၁၃၇၄ ခုနှစ် တပေါင်းလဆန်း ၉ ရက်) မတ် ၂၀ ရက် နံနက် ၉ နာရီတွင် ကျင်းပမည်ဖြစ်ရာ ရပ်ဝေးရပ်နီးမှ အလှူရှင်များအနေဖြင့် ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ ကိုယ်တိုင်တက်ရောက်ပြီး သာဓုအနုမောဒနာတရားနာကြားကြရန်နှင့် ရေစက်သွန်းချအမျှဝေနိုင်ကြောင်း သိရသည်။

သာသနာ့ဗိမာန်တော်ကြီးအတွက် အလှူငွေများ ဆက်လက်ထည့်ဝင်လှူဒါန်းနိုင်ကြောင်းနှင့် ဖုန်း-၀၄၄-၃၅၀၈၆၊ ၀၄၄-၃၅၄၆၈ သို့ ဆက်သွယ်မေးမြန်းနိုင်ကြောင်း သိရသည်။

**(ကျော်ထွန်း)**


## ရွှေမိုက်လေလံကြော်ငြာ

မန္တလေးတိုင်းဒေသကြီး၊ ညောင်ဦးခရိုင်၊ ပုဂံညောင်ဦးမြို့နယ်၊ ပုဂံမြို့ရှိ အာနန္ဒာမြတ်စွာဘုရားကြီး၏ အရံစေတီလေးဆူအား ရွှေသင်္ကန်း ပြန်လည်ကပ်လှူသွားမည် ဖြစ်ပါသည်။

ရွှေမိုက်များ လေလံဆွဲဝယ်ယူသူများသည် ဈေးပြိုင်စနစ်ဖြင့် ၃၁-၃-၂၀၁၃ရက်နောက်ဆုံးထား၍ အာနန္ဒာဘုရားရုံးခန်းတွင် လေလံဆွဲဝယ်နိုင်ပါသည်။

**ဂေါပကအဖွဲ့**
**အာနန္ဒာမြတ်စွာဘုရား**
**ပုဂံမြို့**

## လျှပ်စစ်စွမ်းအားဝန်ကြီးဌာန မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း (အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

၁။ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၊ မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်းမှ စီမံကိန်းပစ္စည်းများအား စီမံကိန်းစခန်းနှင့် ရန်ကုန် စတိုတို့မှ စီမံကိန်းနေရာအသီးသီးသို့ သယ်ယူပို့ဆောင်ရန် မြန်မာကျပ်ငွေဖြင့် တင်ဒါခေါ်ယူလိုပါသည်-

၂။ **တင်ဒါပုံစံစတင်ရောင်းချမည့်ရက်** - ၂၀-၃-၂၀၁၃ရက်

၃။ **တင်ဒါပိတ်မည့်ရက်** - ၂၈-၃-၂၀၁၃ရက်

၄။ **တင်ဒါပိတ်မည့်အချိန်** - ၁၄း၀၀နာရီ

၅။ တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို အောက်ပါလိပ်စာတွင် လာရောက်စုံစမ်းဝယ်ယူနိုင်ပါသည်။

**လျှပ်စစ်စွမ်းအားဝန်ကြီးဌာန တင်ဒါကြီးကြပ်ရေးအဖွဲ့**
**မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း၊ ပစ္စည်းစီမံရေးဌာန**
**ရုံးအမှတ် ၂၇၊ နေပြည်တော်**
**ဖုန်း-၀၆၇-၄၁၀၃၉၁၊ ၄၁၀၂၈၂**




## လေလံကြော်ငြာ

မင်္ဂလာဒုံ တပ်မြို့ စည်ပင်သာယာရေးအဖွဲ့တွင် ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်အတွက် အောက်ပါအခွင့်အရေးလိုင်စင်များကို ၂၀၁၃ခုနှစ် မတ်လ ၂၅ရက် (တနင်္လာနေ့)နံနက် ၀၉း၀၀ နာရီတွင် လေလံတင်ရောင်းချမည်ဖြစ်ပါ၍ နိုင်ငံခြားသားများမှအပ မည်သူမဆို ဆွဲဝယ်နိုင်ပါကြောင်း-

(၁) အသားများထုတ်လုပ်ရောင်းချခွင့်လုပ်ငန်းလိုင်စင်
(၂) စက္ကူဟောင်း၊ ပုလင်းခွံ/ဘူးခွံနှင့် ဂုန်နီအိတ်စသည်များ သိမ်းဆည်းခြင်းလုပ်ငန်းလိုင်စင်
(၃) အိမ်သာလိုင်စင်များ
(၄) အပေါင်ဆိုင်လိုင်စင်များ

အသေးစိတ်သိရှိလိုပါက မင်္ဂလာဒုံ တပ်မြို့ စည်ပင်သာယာရေးအဖွဲ့ရုံးသို့ ရုံးချိန်အတွင်း လာရောက်စုံစမ်းနိုင်ပါသည်။

**လေလံတင်ရောင်းချရေးအဖွဲ့၊ မင်္ဂလာဒုံ**

## အမည်ပြောင်း

မြိတ်မြို့၊ ကန်ကြီးရပ်ကွက်၊ စီလမ်းမှ ဦးအောင်မျိုးရှိန်၏သား မောင်ချစ်ရအောင်အား မောင်ချမ်းမြေ့အောင်ဟု ပြောင်းလဲခေါ်ပါရန်။

**မောင်ချမ်းမြေ့အောင်**

## ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် ၉ယ/၄၅၁၀၇ ယာဉ်လက်ဝယ်ရှိသူ ဦးမြင့်ဇော်ထွန်း ၇/ဖမန(နိုင်)၀၅၂၆၈၂ က (ကမ-၃)ပျောက်ဆုံး၍မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများ ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး၊ တောင်ငူ**

## အမည်ပြောင်း

ကချင်ပြည်နယ်၊ ရွှေကူမြို့၊ အမှတ်(၄) ရပ်ကွက်၊ မြို့မအရှေ့ရပ်နေ ဦးကျော်မင်းထိုက်၏သား မောင်သီဟဇော် ၁/ရကန(နိုင်)၀၆၁၈၉၆အား မောင်ညဏ်လင်းထက်ဟု ပြောင်းလဲခေါ်ပါရန်။

## အမည်ပြောင်း

ကချင်ပြည်နယ်၊ ရွှေကူမြို့၊ အမှတ်(၄) ရပ်ကွက်၊ ဘောဂဗလရပ်နေ ဦးခုတ်ခန်းဟန်၏သမီး မညဏ်ခန်းကျိန် ၁/ရကန(နိုင်)၀၄၆၂၀၉အား မနဲလ်ခန်းကျိန်ဟု ပြောင်းလဲခေါ်ပါရန်။

**မနဲလ်ခန်းကျိန်**

## ကျေးဇူးဆပ်ပါမည်

သီရိအဏ္ဏဝါ(၅) ON -6532(A)၏ ဂရန်နှင့် LSA ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက ပြန်လည်ပေးပို့ပါရန်။

**ဦးကြည်ဝင်း**
**အမှတ်(၅၈)၊ ၂လမ်း၊ နောက်လယ်ရပ်၊ မြိတ်မြို့**
**ဖုန်း-၀၉-၈၇၆၂၅၈၀**

## ကြော်ငြာ

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
# ပို့ဆောင်ရေးဝန်ကြီးဌာန
# မြန်မာနိုင်ငံရေကြောင်းပညာတက္ကသိုလ်
# မဟာအင်ဂျင်နီယာဘွဲ့သင်တန်းများအတွက် လျှောက်လွှာခေါ်ယူခြင်း

၁။ ပို့ဆောင်ရေးဝန်ကြီးဌာန၊ မြန်မာနိုင်ငံရေကြောင်းပညာတက္ကသိုလ်တွင် ၂၀၁၂-၂၀၁၃ ပညာသင်နှစ်အတွက် အောက်ဖော်ပြပါ မဟာအင်ဂျင်နီယာဘွဲ့သင်တန်းများကို ၂၀၁၃ ခုနှစ် မေ ၆ ရက်တွင် စတင်ဖွင့်လှစ်ပို့ချမည်ဖြစ်ပါသည်။

| စဉ် | ဖွင့်လှစ်မည့်ဌာန | ဖွင့်လှစ်မည့် သင်တန်းများ | အခြေခံဘွဲ့ လိုအပ်ချက် | လက်ခံမည့် ဦးရေ |
|---|---|---|---|---|
| (က) | ရေယာဉ်တည်ဆောက်မှုနှင့် အဏ္ဏဝါအင်ဂျင်နီယာဌာန | M.E(NA) | B.E(NA) | ၅ ဦး |
| (ခ) | ဆိပ်ကမ်းအင်ဂျင်နီယာဌာန | M.E(PH) | B.E(PH) | ၅ ဦး |
| (ဂ) | မြစ်ချောင်းနှင့်ကမ်းရိုးတန်း အင်ဂျင်နီယာဌာန | M.E(RC) | B.E(RC) | ၅ ဦး |

၂။ ဝင်ခွင့်လျှောက်ထားသူများသည် အောက်ပါသတ်မှတ်ချက်များနှင့်ပြည့်စုံကြောင်း အထောက်အထားမူရင်းများနှင့် မိတ္တူများတင်ပြရမည်-

(က) လျှောက်ထားသူနှင့် ၎င်း၏မိဘနှစ်ပါး(သုံးဦးစလုံး)သည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသားဖြစ်ရမည်။ (နိုင်ငံသားစိစစ်ရေးကတ်ပြားမူရင်း/မိတ္တူ တင်ပြနိုင်ရမည်။)

(ခ) လျှောက်ထားသူများသည် သက်ဆိုင်ရာဘာသာရပ်တွင် မဟာအင်ဂျင်နီယာဘွဲ့ သင်တန်းတက်ရောက်ရန် အဆင့်မီသူများဖြစ်ရမည်။

(ဂ) အင်ဂျင်နီယာမဟာဘွဲ့ သင်တန်းကာလမှာ နှစ်နှစ်ဖြစ်ပြီး သင်တန်းကို အချိန်ပြည့်တက်ရောက်နိုင်သူဖြစ်ရမည်။

(ဃ) ဝန်ထမ်းဖြစ်ပါက သက်ဆိုင်ရာဦးစီးဌာန/ပြည်ထောင်စုဝန်ကြီးဌာနမှ အချိန်ပြည့်တက်ရောက်ခွင့်ပြုကြောင်း ထောက်ခံချက်မူရင်းတင်ပြရမည်။

(င) သင်တန်းတက်ရောက်မည့်သူများသည် ကျန်းမာရေးကောင်းမွန်ကြောင်း သက်ဆိုင်ရာမြို့နယ်အဆင့်ဆေးရုံမှ ဆရာဝန်၏ ထောက်ခံချက်လက်မှတ်တင်ပြနိုင်ရမည်။

၃။ လျှောက်လွှာနှင့်အတူ လျှောက်ထားသူ၏ အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာ မြို့နယ်ရဲတပ်ဖွဲ့စခန်း တစ်ခုခုမှ ထောက်ခံစာမူရင်း၊ ပတ်စပို့အရွယ် ရောင်စုံဓာတ်ပုံသုံးပုံ၊ အောင်မြင်ခဲ့သော တက္ကသိုလ်များမှ ဘွဲ့လက်မှတ်မူရင်းနှင့် မိတ္တူတို့ တင်ပြရမည်။

၄။ လျှောက်လွှာပုံစံများကို ၁၈-၃-၂၀၁၃ ရက်(တနင်္လာနေ့)မှစ၍ မြန်မာနိုင်ငံရေကြောင်းပညာတက္ကသိုလ်ကျောင်းသားရေးရာဌာနတွင်ရယူနိုင်ပြီး ၁-၄-၂၀၁၃ ရက် (တနင်္လာနေ့) နောက်ဆုံးထား၍ ကိုယ်တိုင်လျှောက်ထားရမည်။ လျှောက်လွှာပါအချက်အလက်များကိုစိစစ်ပြီး မှန်ကန်ပါက စာမေးပွဲဖြေဆိုခွင့်ကတ်ပြားကို ထုတ်ပေးမည်။

၅။ ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲကို မြန်မာနိုင်ငံရေကြောင်းပညာတက္ကသိုလ် သန်လျင်(သီလဝါ)၌ ၄-၄-၂၀၁၃ ရက် (ကြာသပတေးနေ့)တွင် အောက်ပါအစီအစဉ်အတိုင်း ကျင်းပမည်ဖြစ်သည်။

| စဉ် | ဘာသာရပ် | အချိန် |
|---|---|---|
| (က) | အင်္ဂလိပ်စာ | ၁၀း၀၀ နာရီမှ ၁၂း၀၀ နာရီထိ |
| (ခ) | သက်ဆိုင်ရာဘာသာရပ် | ၁၃း၀၀ နာရီမှ ၁၅း၀၀ နာရီထိ |

၆။ လူတွေ့စစ်ဆေးခြင်းခံရမည့်သူများ စာရင်းအား ၂၃-၄-၂၀၁၃ ရက်(အင်္ဂါနေ့) တွင် ကြေညာမည်ဖြစ်ပြီး ၂၆-၄-၂၀၁၃ ရက် (သောကြာနေ့)တွင် လူတွေ့စစ်ဆေးမည် ဖြစ်ပါသည်။ မဟာဘွဲ့သင်တန်းတက်ရောက်ခွင့်ရရှိသူများ၏ အမည်စာရင်းကို ၂-၅-၂၀၁၃ ရက် (ကြာသပတေးနေ့)တွင် မြန်မာနိုင်ငံရေကြောင်းပညာတက္ကသိုလ်၌ ထုတ်ပြန်ကြေညာမည်။

၇။ ဝင်ခွင့်စာမေးပွဲဖြေဆိုရန် လာရောက်သည့်အခါ မိမိ၏ နိုင်ငံသားစိစစ်ရေးကတ်ပြားမူရင်းနှင့် စာမေးပွဲဖြေဆိုခွင့်ကတ်ပြားများကို တစ်ပါတည်း ယူဆောင်လာရမည်။

၈။ သတ်မှတ်ထားသည့် အချက်အလက်များ တိကျပြည့်စုံစွာ ရေးသားဖော်ပြခြင်းမပြုသော လျှောက်လွှာများ၊ မမှန်မကန်ဖြည့်စွက်ရေးသားဖော်ပြသော လျှောက်လွှာများနှင့် အချိန်မီမရောက်ရှိသော လျှောက်လွှာများအား ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။

၉။ အသေးစိတ်အချက်အလက်များသိရှိလိုပါက မြန်မာနိုင်ငံရေကြောင်းပညာတက္ကသိုလ်သို့ လူကိုယ်တိုင်သော်လည်းကောင်း၊ ဖုန်း-၀၉-၅၀၅၈၀၀၇ သို့လည်းကောင်း ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါသည်။

**မြန်မာနိုင်ငံရေကြောင်းပညာတက္ကသိုလ်**

# မုဒုံမြို့နယ်အသင်း(ရန်ကုန်)
# ဒသမအကြိမ်မြောက် ဂုဏဝိသိဋ္ဌပူဇော်ပွဲဖိတ်ကြားလွှာ

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတရုံး၏ ၄-၁-၂၀၁၃ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၁/၂၀၁၃ ဖြင့် ''ကမ္မဋ္ဌာနာစရိယ'' ဘွဲ့တံဆိပ်တော် ဆက်ကပ်လှူဒါန်းခြင်းခံရသော မွန်ပြည်နယ်၊ မုဒုံမြို့၊ မြို့မ ၄ ရပ်ကွက်၊ မြဟောဝန်လမ်းရှိ ဗုဒ္ဓအေးရိပ်သာ တောဇက္ကိဝိပဿနာ ကမ္မဋ္ဌာန်းကျောင်းတိုက် ပဓာန နာယကဆရာတော် ဘဒ္ဒန္တမဏိဇောတသီရိအား မုဒုံမြို့နယ်အသင်း(ရန်ကုန်) အလုပ်အမှုဆောင်အဖွဲ့နှင့် အသင်းဝင်မိသားစုတို့က ထပ်ဆင့် ဂုဏဝိသိဋ္ဌပူဇော်ပွဲ မင်္ဂလာအခမ်းအနားကို အောက်ပါအစီအစဉ်အတိုင်းကျင်းပမည်ဖြစ်ပါ၍ မုဒုံမြို့နယ်သူ မြို့နယ်သားများ ကြွရောက်ကြည်ညိုပူဇော်ကြပါရန် လေးစားစွာ ဖိတ်ကြားအပ်ပါသည်။ **(သီးခြားဖိတ်စာမပို့ပါ)**

**ကျင်းပမည့်နေ့ရက်** - ၁၃၇၄ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၂ ရက်၊ ၂၈-၃-၂၀၁၃ ရက် (ကြာသပတေးနေ့)

**ကျင်းပမည့်အချိန်** - နံနက် ၈ နာရီ

**ကျင်းပမည့်နေရာ** - လောကဝိဒူဓမ္မာရုံ (မုဒုံမြို့နယ်အသင်း-ရန်ကုန်) စွယ်တော်မြတ်စေတီတော် ပရိဝုဏ်အတွင်း မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့။

**အလုပ်အမှုဆောင်အဖွဲ့၊ မုဒုံမြို့နယ်အသင်း(ရန်ကုန်)**

## မွေးနေ့ဆုတောင်းလွှာ

ဖေဖေ Capt ဇော်ဟိန်း-မေမေ ဒေါ်စိန်စိန်မြင့်တို့၏ ၁၉-၃-၂၀၁၃ ရက်တွင်ကျရောက်သော မွေးနေ့မင်္ဂလာမှသည် နောင်နှစ်ပေါင်းများစွာတိုင် ချမ်းမြေ့ပျော်ရွှင်စွာ ချစ်သောမိသားစုနှင့် ဘဝခရီးလမ်းကို လျှောက်လှမ်းနိုင်ပါစေ။

**ချစ်သမီးလေး ရည်မွန်မောင် (Grade XI-C, TTC)**

## ဖခင်အမည်မှန်

တနင်္သာရီတိုင်းဒေသကြီး၊ သရက်ချောင်းမြို့နယ်၊ ကနက်သီရိကျေးရွာနေ မသီသီဆင့်၏ ဖခင်အမည်မှန်မှာ ဦးဘအစ်(ခ) ဦးဖိုးအင် ၆/သရခ(နိုင်)၀၃၃၉၂၈ ဖြစ်ပါသည်။

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ စမ်း/မြောက်ရပ်ကွက်၊ ဗားဂရာလမ်း၊ အမှတ် (၁၃၂/B)ရှိ နှစ်ခန်းတွဲ၊ ရှစ်ထပ်တိုက်၏ ပဉ္စမထပ်၊ ခြောက်လွှာ၊ အခန်းအမှတ် (6-A) ၊ အကျယ် ပေ ၂၀×ပေ ၇၀ ရှိ တိုက်ခန်းနှင့် အကျိုးခံစားခွင့် အရပ်ရပ်တို့အား လက်ဝယ်ထားရှိပိုင်ဆိုင်၍ ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံပြောဆိုသူ ဦးမင်းစိန် ၁၂/အစန(နိုင်)၁၅၉၀၂၈ ထံမှ ဝယ်ယူရန် ကျွန်ုပ်တို့မိတ်ဆွေက စရန်ငွေ တစ်စိတ်တစ်ဒေသပေးချေပြီးဖြစ်ပါ၍ အကျိုးသက်ဆိုင်ခွင့်ရှိသူ မည်သူမဆို ခိုင်လုံသော စာရွက်စာတမ်း အထောက်အထားမူရင်းများဖြင့် ကျွန်ုပ်တို့ထံသို့ ခုနစ်ရက်အတွင်း ကန့်ကွက်အရေးဆိုနိုင်ပါသည်။ ကန့်ကွက်ခြင်းမရှိပါက ဥပဒေနှင့်အညီ အရောင်းအဝယ် ဆက်လက်ပြုလုပ်သွားမည်ဖြစ်ကြောင်း သိစေအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

**ဦးဟိန်းသူကောင်း** — **အထက်တန်းရှေ့နေ(စဉ်-၃၆၂၆၇)**

**ဦးသန့်ဇော်** — **တရားလွှတ်တော်ရှေ့နေ (စဉ်-၇၃၄၁)**

**အမှတ် ၄၆၊ ပထမထပ် (ဝဲ)၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့**

## ကန့်ကွက်နိုင်ပါကြောင်း

ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၊ မြေတိုင်းရပ်ကွက် ၅၉၊ မြေကွက်အမှတ် ၈၇၁ အမည်ပေါက် ဦးတင်မောင်(ခ) သိပ္ပံမှူးတင် ၁၂/မရက(နိုင်)၀၆၉၅၂၀ က ဓာတ်ပုံမိတ္တူမှန်ထုတ်ပေးပါရန် လျှောက်ထားလာခြင်းနှင့် ပတ်သက်၍ ကန့်ကွက်ရန်ရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ၁၅ ရက်အတွင်း ဤဦးစီးဌာနသို့ လာရောက်၍ သက်ဆိုင်ရာ စာရွက်စာတမ်း အထောက်အထားများ တင်ပြ၍ ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်သည်အထိ ကန့်ကွက်ခြင်းမရှိပါက မြေချပါမစ်မိတ္တူမှန်ထုတ်ပေးရေးကို ဆက်လက် ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း အသိပေး ကြော်ငြာအပ်ပါသည်။

**မြေနှင့်အခွန်ဌာနခွဲ**
**မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ဒဂုံဆိပ်ကမ်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်၈၄၊ မြေကွက်အမှတ် ၅၈၈၊ မြေကွက်တည်နေရာ အမှတ် ၅၈၈၊ (၈၄)ရပ်ကွက်၊ ဒဂုံဆိပ်ကမ်းမြို့နယ် ဒေါ်ခင်ထွေးယဉ် အမည်ပေါက် ပါမစ်မြေအား အမည်ပေါက် ဒေါ်ခင်ထွေးယဉ်ထံမှ မေတ္တာဖြင့် အပိုင်ပေးစာချုပ်ဖြင့်ရရှိသူ ဦးသင်းကိုညွန့် ၁၂/ကမရ(နိုင်)၀၄၉၂၉၁ -ဒေါ်ဝေလွင်ညွန့် ၁၂/ဥကမ(နိုင်)၀၂၀၂၅၂မှ မြေချပါမစ်ပျောက်ဆုံးကြောင်း ရပ်ကွက်အုပ်ချုပ်ရေးမှူးထောက်ခံချက်၊ ရဲစခန်းထောက်ခံချက်၊ ကျမ်းကျိန်လွှာ၊ ဝန်ခံချက်တို့တင်ပြ၍ ပါမစ်ပျောက်ဖြင့် နှစ်၆၀ မြေငှားစာချုပ်ဂရန် လျှောက်ထားလာရာ ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

နေပြည်တော်၊ပျဉ်းမနားမြို့နယ်၊ရွာကောက်ရပ်ကွက်၊ မြေတိုင်းရပ်ကွက် အမှတ်၃၂/ ပေါင်းလောင်း(၂)၊ ၁၇လမ်း၊ မြေကွက်အမှတ်၉၆၁ရှိ မြေကွက်မှာ ဦးချို(ဘ)ဦးပွ ၉/လဝန(နိုင်)၀၁၁၇၆၀ အမည်ဖြင့် မြို့မြေတိုးချဲ့ရေးကော်မတီပျဉ်းမနားမြို့မှ ချထားပေးသောမြေကွက် ဖြစ်ပါသည်။

အဆိုပါမြေကွက်နှင့် မြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အား လက်ဝယ်ရရှိပိုင်ဆိုင်ထားသူ ဦးကျော်ခိုင်မှ အထက်ဖော်ပြပါ မြေကွက်အား ပိုင်ဆိုင်ကြောင်း ဝန်ခံကတိပြုသည့်အတွက် အပြီးအပိုင်ဝယ်ယူရန် ကျွန်ုပ်မှငွေပေးချေပြီး ဖြစ်ပါသည်။

သို့ဖြစ်ပါ၍ အဆိုပါမြေကွက်နှင့်ပတ်သက်၍ မြေစီမံခန့်ခွဲမှုဆိုင်ရာကိစ္စရပ်များ ဆောင်ရွက်မည်ဖြစ်ပါ၍ ကန့်ကွက်လိုပါက ယနေ့မှစ၍ ၁၄ ရက်အတွင်း တရားဝင်မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများဖြင့် လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ရက်အတွင်း လာရောက်ကန့်ကွက်ခြင်းမရှိပါက ရုံးလုပ်ငန်းကိစ္စရပ်များကိုဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**ဒေါ်အေးအေး ၅/ကလတ(နိုင်)၁၁၄၇၄၉**
**အမှတ် ၇၈၉၊ ၁၈လမ်း၊ ပေါင်းလောင်း(၂)၊ ရွာကောက်ရပ်၊ ပျဉ်းမနားမြို့**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

နေပြည်တော်၊ ပျဉ်းမနားမြို့နယ်၊ ဘောဂဝတီရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၃၂/ ပေါင်းလောင်း(၂)၊ ၁၅လမ်း၊ မြေကွက်အမှတ်၄၅၅၉ရှိ မြေကွက်မှာ ဦးပေါက်ဖော်-ဒေါ်မမကြီး (ဘ) ဦးအောင်စိန်၊ ဦးညီကြွယ် PMA -၁၄၁၅၇၈၊ ၉/ပမန(နိုင်)၀၇၅၂၁၄ အမည်ဖြင့် မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန နေပြည်တော်စည်ပင်သာယာရေးကော်မတီမှချထားပေးသောမြေကွက် ဖြစ်ပါသည်။

အဆိုပါမြေကွက်နှင့် မြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အား လက်ဝယ်ရရှိပိုင်ဆိုင်ထားသူ ဒေါ်ချိုချိုနိုင်(ဘ)-နိုင်ငံသားစိစစ်ရေးအမှတ် PMA-၁၇၃၄၇၁ မှ အထက်ဖော်ပြပါမြေကွက်အား ပိုင်ဆိုင်ကြောင်း ဝန်ခံကတိပြုသည့်အတွက် အပြီးအပိုင်ဝယ်ယူရန် ကျွန်ုပ်ကငွေပေးချေပြီး ဖြစ်ပါသည်။

သို့ဖြစ်ပါ၍ အဆိုပါမြေကွက်နှင့်ပတ်သက်၍ မြေစီမံခန့်ခွဲမှုဆိုင်ရာကိစ္စရပ်များဆက်လက်ဆောင်ရွက်မည်ဖြစ်ပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများဖြင့် ၁၄ ရက်အတွင်း ကျွန်ုပ်ထံသို့လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ရက်အတွင်း လာရောက်ကန့်ကွက်ခြင်းမရှိပါက ရုံးလုပ်ငန်းကိစ္စရပ်များကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်အသိပေးကြေညာအပ်ပါသည်။

**ဦးဝင်းဗိုလ် ၁၂/ဥကမ(နိုင်)၀၀၆၁၁၉**
**အမှတ် ၂၀၃၊ ဥက္ကလာ၇လမ်း၊ (၈)ရပ်ကွက်၊ မြောက်ဥက္ကလာပမြို့နယ်**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရွှေပြည်သာမြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ် ၃၅၊ မြေကွက်အမှတ် ၃၈(ခ)၊ မြေကွက်တည်နေရာ အမှတ် ၃၈/ခ၊ မိုးဟိန်းလမ်းသွယ်၊ (၁၁)ရပ်ကွက်၊ ရွှေပြည်သာ ဦးမြင့်သိန်း အမည်ပေါက် ပါမစ်မြေအား အမည်ပေါက်ဦးမြင့်သိန်း ၁၂/ဥကတ (နိုင်) ၀၉၃၇၀၈ ကိုယ်တိုင်မှ ပါမစ်ပျောက်ဆုံးကြောင်း ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးနှင့် ရဲစခန်းထောက်ခံစာ၊ တရားရုံး၊ ကျမ်းကျိန်လွှာတို့ကို တင်ပြ၍ ပါမစ်ပျောက်ဖြင့် နှစ် ၆၀ မြေငှားစာချုပ် (ဂရန်)လျှောက်ထားလာရာ ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**

ကြော်ငြာ

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## ပညာရေးဝန်ကြီးဌာန
### နေ့စား လပေး မူလတန်းပြ ဆရာ၊ ဆရာမ/ဓာတ်ခွဲခန်းကျွမ်းကျင်(၃)ရာထူး ခန့်ထားရေးအတွက် လျှောက်လွှာခေါ်ယူခြင်း

၁။ ၂၀၁၃-၂၀၁၄ ပညာသင်နှစ်တွင် ဆရာလိုအပ်သည့် ကျောင်းများ၌ နေ့စား လပေး မူလတန်းပြဆရာ၊ ဆရာမ/ဓာတ်ခွဲခန်းကျွမ်းကျင်(၃) ရာထူးများတွင် ခန့်ထားရန်အတွက် အောက်ဖော်ပြပါ သတ်မှတ်ချက်နှင့်ကိုက်ညီသူများ လျှောက်ထားနိုင်ပါသည်-

(က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသားဖြစ်ရမည်။
(ခ) နေ့စား လပေး မူလတန်းပြဆရာ၊ ဆရာမများအတွက် တက္ကသိုလ်တစ်ခုခုမှ ဘွဲ့တစ်ခုခု ရရှိသူဖြစ်ရမည်။
(ဂ) ဓာတ်ခွဲခန်းကျွမ်းကျင်(၃)ရာထူးအတွက် တက္ကသိုလ်တစ်ခုခုမှ သိပ္ပံဘွဲ့ရသူဖြစ်ရမည်။
(ဃ) လျှောက်ထားသူများသည် ၂၀၁၃ခုနှစ် ဇွန် ၃ရက်တွင် အသက်(၄၀)ထက်မကြီးသူ ဖြစ်ရမည်။
(င) နေ့စား လပေး မူလတန်းပြဆရာ၊ ဆရာမများအဖြစ် ရွေးချယ်ခံရသူများသည် ပထမဆင့်အနေဖြင့် နေ့စား လပေးအဖြစ် ခန့်ထားမည်ဖြစ်ပြီး တာဝန်ကျသည့်ဒေသတွင် အနည်းဆုံး(၅)နှစ် တာဝန်ထမ်းဆောင်နိုင်သူဖြစ်ရမည်။ ဆရာအတတ်သင် သင်တန်းဆင်းလက်မှတ် ရရှိပြီးပါက မူလတန်းပြဆရာ၊ ဆရာမအဖြစ် ခန့်အပ်မည်ဖြစ်သည်။
(စ) လျှောက်လွှာနှင့်အတူ ဘွဲ့လက်မှတ်မိတ္တူ(သို့) ဘွဲ့ရကြောင်း ထောက်ခံစာနှင့် တက္ကသိုလ်ဝင်စာမေးပွဲအောင်လက်မှတ်မိတ္တူ ပူးတွဲတင်ပြရမည်။ လျှောက်လွှာနှင့်အတူ အထောက်အထားများ ပူးတွဲတင်ပြနိုင်ခြင်းမရှိပါက ၂၀၁၃ခုနှစ်၊ ဇွန်လ ၃၀ရက် နောက်ဆုံးထားတင်ပြရမည်။
(ဆ) နေ့စား လပေး မူလတန်းပြဆရာ၊ ဆရာမများအဖြစ် လျှောက်ထားသူများသည် နိုင်ငံတော်မှဒေသစရိတ်ခံစားခွင့်ရှိသော မြို့နယ်၊ မြို့နယ်ခွဲ(၁၀၉)ခုမှ ဖြစ်ပါက တက္ကသိုလ်ဝင်စာမေးပွဲအောင်မြင်သူများလည်း လျှောက်ထားခွင့်ပြုမည်။

၂။ ၂၀၁၃ခုနှစ်၊ ဧပြီ ၉ရက် နံနက် ၉နာရီမှ ၁၀နာရီအထိ သက်ဆိုင်ရာ မြို့နယ်ပညာရေးမှူးရုံး၏ အစီအစဉ်ဖြင့် အင်္ဂလိပ်စာ၊ သင်္ချာနှင့် အထွေထွေဗဟုသုတဆိုင်ရာ တစ်နာရီမေးခွန်း ဖြေဆိုရမည်ဖြစ်ပါသည်။

၃။ သက်ဆိုင်ရာမြို့နယ်ပညာရေးမှူးရုံးများသို့ ပူးတွဲပါ လျှောက်လွှာပုံစံ၊ အထောက်အထားများနှင့်အတူ ၂၀၁၃ခုနှစ်၊ မတ်လ ၃၁ရက်ထက် နောက်မကျစေဘဲ လျှောက်ထားနိုင်ပါသည်။

၄။ အသေးစိတ်အချက်အလက်များကို သက်ဆိုင်ရာတိုင်းဒေသကြီး/ပြည်နယ်ပညာရေးညွှန်ကြားရေးမှူးရုံး၊ ခရိုင်နှင့်မြို့နယ် ပညာရေးမှူးရုံးများတွင် စုံစမ်းနိုင်ပါသည်။

**ပညာရေးဝန်ကြီးဌာန**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## ပညာရေးဝန်ကြီးဌာန
### နေ့စား လပေး မူလတန်းပြ ဆရာ၊ ဆရာမ/ဓာတ်ခွဲခန်းကျွမ်းကျင်(၃)ရာထူး ခန့်ထားရေးအတွက် ဆန္ဒပြုလွှာ

ဓာတ်ပုံ

၁။ အမည် ------------------------------
၂။ နိုင်ငံသားစိစစ်ရေးအမှတ် ------------------------------
၃။ အဖအမည်နှင့် နေရပ်လိပ်စာ ------------------------------
၄။ ပညာအရည်အချင်း ------------------------------
၅။ မွေးသက္ကရာဇ်/အသက် ------------------------------
၆။ လူမျိုး/ဘာသာ ------------------------------
၇။ မွေးဖွားရာဇာတိ ------------------------------
၈။ ဇနီး၊ခင်ပွန်းအမည်နှင့်နေရပ်လိပ်စာ ------------------------------
၉။ ဆက်သွယ်ရန်လိပ်စာ၊ ဖုန်းနံပါတ် ------------------------------
------------------------------
၁၀။ အမြဲတမ်းနေရပ်လိပ်စာ ------------------------------
------------------------------
၁၁။ တာဝန်ထမ်းဆောင်လိုသည့်နေရာ-

| ကျောင်း/ရုံး | မြို့နယ် | ခရိုင် | တိုင်းဒေသကြီး/ပြည်နယ် |
|---|---|---|---|
| (၁) | (၁) | (၁) | (၁) |
| (၂) | (၂) | (၂) | (၂) |
| (၃) | (၃) | (၃) | (၃) |
| (၄) | (၄) | (၄) | (၄) |
| (၅) | (၅) | (၅) | (၅) |

၁၂။ မည်သည့်ဒေသမဆို သွားရောက်တာဝန်ထမ်းဆောင်နိုင်ခြင်း ရှိ/မရှိ ------------------------------
လက်မှတ် ------------------------------
အမည် ------------------------------

**မှတ်ချက်**။ ပညာအရည်အချင်းတွင် တက္ကသိုလ်ဝင်တန်းအောင်လက်မှတ်နှင့် ဘွဲ့လက်မှတ်မိတ္တူများ ပူးတွဲတင်ပြရန်။

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## ပညာရေးဝန်ကြီးဌာန
### နေ့စား လပေး အထွေထွေလုပ်သားရာထူး(အမျိုးသားများသာ) ခန့်ထားရေးအတွက် လျှောက်လွှာခေါ်ယူခြင်း

၁။ ပညာရေးဝန်ကြီးဌာန၊ အခြေခံပညာကျောင်း/ရုံးများတွင် နေ့စား လပေး အထွေထွေလုပ်သား ရာထူးနေရာခန့်ထားရန်အတွက် အောက်ဖော်ပြပါ သတ်မှတ်ချက်နှင့်ကိုက်ညီသူ (အမျိုးသား)များ လျှောက်ထားနိုင်ပါသည်-

(က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသားဖြစ်ရမည်။
(ခ) တက္ကသိုလ်ဝင်စာမေးပွဲအောင်မြင်သူဖြစ်ရမည်။(ခန့်ထားခံရသူများသည် မူလတန်းစာပေးစာယူသင်တန်းသို့တက်ရောက်ရမည်။)
(ဂ) ၂၀၁၃ ခုနှစ်၊ ဇွန်လ ၃ ရက်တွင် အသက် (၄၀)ထက်မကြီးသူဖြစ်ရမည်။
(ဃ) လျှောက်လွှာနှင့်အတူ အောင်လက်မှတ်မိတ္တူ ပူးတွဲတင်ပြရမည်။ အောင်လက်မှတ်မိတ္တူမရှိပါက သက်ဆိုင်ရာ ကျောင်းအုပ်ကြီး၏ ထောက်ခံချက်ပါရှိရမည်။ လျှောက်လွှာနှင့်အတူ အထောက်အထားများကို ပူးတွဲတင်ပြနိုင်ခြင်းမရှိပါက ၂၀၁၃ ခုနှစ် ဇွန်လ ၃၀ရက် နောက်ဆုံးထား၍ တင်ပြရမည်။

၂။ ၂၀၁၃ခုနှစ်၊ ဧပြီ ၉ရက် နံနက် ၉နာရီမှ ၁၀နာရီအထိ သက်ဆိုင်ရာမြို့နယ်ပညာရေးမှူးရုံး၏ အစီအစဉ်ဖြင့် အင်္ဂလိပ်စာ၊ သင်္ချာနှင့် အထွေထွေဗဟုသုတဆိုင်ရာ တစ်နာရီမေးခွန်း ဖြေဆိုရမည်ဖြစ်ပါသည်။

၃။ မိမိနှင့်သက်ဆိုင်ရာ မြို့နယ်ပညာရေးမှူးရုံးများသို့ ပူးတွဲပါလျှောက်လွှာပုံစံ၊ အထောက်အထားများနှင့်အတူ ၂၀၁၃ခုနှစ်၊ မတ်လ ၃၁ရက် ထက်နောက်မကျစေဘဲ လျှောက်ထားနိုင်ပါသည်။

၄။ အသေးစိတ်အချက်အလက်များကို သက်ဆိုင်ရာ တိုင်းဒေသကြီး/ပြည်နယ်ပညာရေး ညွှန်ကြားရေးမှူးရုံး၊ ခရိုင်နှင့် မြို့နယ်ပညာရေးမှူးရုံး များတွင် စုံစမ်းနိုင်ပါသည်။

**ပညာရေးဝန်ကြီးဌာန**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## ပညာရေးဝန်ကြီးဌာန
### နေ့စား လပေး အထွေထွေလုပ်သားရာထူး(အမျိုးသားများသာ) ခန့်ထားရေးအတွက် ဆန္ဒပြုလွှာ

ဓာတ်ပုံ

၁။ အမည် ------------------------------
၂။ နိုင်ငံသားစိစစ်ရေးအမှတ် ------------------------------
၃။ အဖအမည်နှင့် နေရပ်လိပ်စာ ------------------------------
၄။ ပညာအရည်အချင်း ------------------------------
၅။ မွေးသက္ကရာဇ်/အသက် ------------------------------
၆။ လူမျိုး/ဘာသာ ------------------------------
၇။ မွေးဖွားရာဇာတိ ------------------------------
၈။ ဇနီး၊ ခင်ပွန်းအမည်နှင့် နေရပ်လိပ်စာ ------------------------------
၉။ ဆက်သွယ်ရန်လိပ်စာ၊ ဖုန်းနံပါတ် ------------------------------
------------------------------
၁၀။ အမြဲတမ်းနေရပ်လိပ်စာ ------------------------------
------------------------------
၁၁။ တာဝန်ထမ်းဆောင်လိုသည့်နေရာ-

| ကျောင်း/ရုံး | မြို့နယ် | ခရိုင် | တိုင်းဒေသကြီး/ပြည်နယ် |
|---|---|---|---|
| (၁) | (၁) | (၁) | (၁) |
| (၂) | (၂) | (၂) | (၂) |
| (၃) | (၃) | (၃) | (၃) |
| (၄) | (၄) | (၄) | (၄) |
| (၅) | (၅) | (၅) | (၅) |

၁၂။ မည်သည့်ဒေသမဆို သွားရောက်တာဝန်ထမ်းဆောင်နိုင်ခြင်း ရှိ/မရှိ ------------------------------
လက်မှတ် ------------------------------
အမည် ------------------------------

**မှတ်ချက်**။ ပညာအရည်အချင်းတွင် တက္ကသိုလ်ဝင်တန်း အောင်လက်မှတ်မိတ္တူ ပူးတွဲတင်ပြရန်။

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## ပညာရေးဝန်ကြီးဌာန
### နေ့စား လပေး အငယ်တန်းစာရေး ရာထူးခန့်ထားရေးအတွက် လျှောက်လွှာခေါ်ယူခြင်း

၁။ ပညာရေးဝန်ကြီးဌာန၊ အခြေခံပညာကျောင်း/ရုံးများအတွက် နေ့စား လပေး အငယ်တန်းစာရေး ရာထူးခန့်ထားရန်အတွက် အောက်ဖော်ပြပါ သတ်မှတ်ချက်နှင့်ကိုက်ညီသူ (အမျိုးသား၊ အမျိုးသမီး)များ လျှောက်ထားနိုင်သည်-

(က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသားဖြစ်ရမည်။
(ခ) တက္ကသိုလ်ဝင်တန်းအောင်မြင်သူဖြစ်ရမည်။
(ဂ) ၂၀၁၃ခုနှစ်၊ ဇွန်လ ၃ရက်တွင် အသက်(၄၀)ထက်မကြီးသူဖြစ်ရမည်။
(ဃ) လျှောက်လွှာနှင့်အတူ အောင်လက်မှတ်မိတ္တူ ပူးတွဲတင်ပြရမည်။ အောင်လက်မှတ်မိတ္တူမရှိပါက သက်ဆိုင်ရာ ကျောင်းအုပ်ကြီး၏ ထောက်ခံချက်ပါရှိရမည်။ လျှောက်လွှာနှင့်အတူ အထောက်အထားများကို ပူးတွဲတင်ပြနိုင်ခြင်းမရှိပါက ၂၀၁၃ ခုနှစ်၊ ဇွန်လ ၃၀ရက် နောက်ဆုံးထား၍ တင်ပြရမည်။

၂။ ၂၀၁၃ ခုနှစ်၊ ဧပြီ ၉ရက် နံနက် ၉နာရီမှ ၁၀နာရီအထိ သက်ဆိုင်ရာမြို့နယ်ပညာရေးမှူးရုံး၏ အစီအစဉ်ဖြင့် အင်္ဂလိပ်စာ၊ သင်္ချာနှင့် အထွေထွေဗဟုသုတဆိုင်ရာ တစ်နာရီမေးခွန်း ဖြေဆိုရမည်ဖြစ်ပါသည်။

၃။ သက်ဆိုင်ရာမြို့နယ်ပညာရေးမှူးရုံးများသို့ ပူးတွဲပါ လျှောက်လွှာပုံစံ၊ အထောက်အထားများနှင့်အတူ ၂၀၁၃ခုနှစ် မတ်လ ၃၁ရက်ထက် နောက်မကျစေဘဲ လျှောက်ထားနိုင်ပါသည်။

၄။ အသေးစိတ်အချက်အလက်များကို သက်ဆိုင်ရာ တိုင်းဒေသကြီး/ပြည်နယ် ပညာရေးညွှန်ကြားရေးမှူးရုံး၊ ခရိုင်နှင့်မြို့နယ်ပညာရေးမှူးရုံး များတွင် စုံစမ်းနိုင်ပါသည်။

**ပညာရေးဝန်ကြီးဌာန**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## ပညာရေးဝန်ကြီးဌာန
### နေ့စား လပေး အငယ်တန်းစာရေး ရာထူးခန့်ထားရေးအတွက် ဆန္ဒပြုလွှာ

ဓာတ်ပုံ

၁။ အမည် ------------------------------
၂။ နိုင်ငံသားစိစစ်ရေးအမှတ် ------------------------------
၃။ အဖအမည်နှင့် နေရပ်လိပ်စာ ------------------------------
၄။ ပညာအရည်အချင်း ------------------------------
၅။ မွေးသက္ကရာဇ်/အသက် ------------------------------
၆။ လူမျိုး/ဘာသာ ------------------------------
၇။ မွေးဖွားရာဇာတိ ------------------------------
၈။ ဇနီး၊ ခင်ပွန်းအမည်နှင့် နေရပ်လိပ်စာ ------------------------------
၉။ ဆက်သွယ်ရန်လိပ်စာ၊ ဖုန်းနံပါတ် ------------------------------
------------------------------
၁၀။ အမြဲတမ်းနေရပ်လိပ်စာ ------------------------------
------------------------------
၁၁။ တာဝန်ထမ်းဆောင်လိုသည့်နေရာ-

| ကျောင်း/ရုံး | မြို့နယ် | ခရိုင် | တိုင်းဒေသကြီး/ပြည်နယ် |
|---|---|---|---|
| (၁) | (၁) | (၁) | (၁) |
| (၂) | (၂) | (၂) | (၂) |
| (၃) | (၃) | (၃) | (၃) |
| (၄) | (၄) | (၄) | (၄) |
| (၅) | (၅) | (၅) | (၅) |

၁၂။ မည်သည့်ဒေသမဆို သွားရောက်တာဝန်ထမ်းဆောင်နိုင်ခြင်း ရှိ/မရှိ ------------------------------
လက်မှတ် ------------------------------
အမည် ------------------------------

**မှတ်ချက်**။ ပညာအရည်အချင်းတွင် တက္ကသိုလ်ဝင်တန်းအောင်လက်မှတ်မိတ္တူ ပူးတွဲတင်ပြရန်။

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## ပညာရေးဝန်ကြီးဌာန
### နေ့စား လပေး ဝန်ထမ်းများခန့်ထားရေးအတွက် လျှောက်လွှာခေါ်ယူခြင်း

၁။ ပညာရေးဝန်ကြီးဌာန၊ အခြေခံပညာကျောင်း/ရုံးများရှိ အောက်ဖော်ပြပါ ရာထူးနေရာများခန့်ထားရန်အတွက် လျှောက်လွှာများ လျှောက်ထားနိုင်ပါသည်-

| | | | | | |
|---|---|---|---|---|---|
| **(က)** | **စာကူးစက်လုည့်အကူ** | **- ကျား** | **(င)** | **သန့်ရှင်းရေးအကူ** | **- ကျား/မ** |
| **(ခ)** | **စက်မောင်း-၅** | **- ကျား** | **(စ)** | **အစောင့်(ကျောင်း/ရုံး)** | **- ကျား** |
| **(ဂ)** | **လုပ်သားသိပ္ပံခန်း** | **- ကျား/မ** | **(ဆ)** | **လုပ်သား(ဥယျာဉ်)** | **- ကျား** |
| **(ဃ)** | **ကျောင်း/ရုံးအကူ** | **- ကျား/မ** | | | |

၂။ အထက်ဖော်ပြပါ ရာထူးနေရာများအတွက် လျှောက်ထားသူများသည်-
(က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသား ဖြစ်ရမည်။
(ခ) ၂၀၁၃ ခုနှစ်၊ ဇွန်လ ၃ရက်တွင် အသက် (၄၀)ထက် မကြီးသူဖြစ်ရမည်။

၃။ ၂၀၁၃ ခုနှစ်၊ ဧပြီ ၉ ရက် နံနက် ၉ နာရီမှ ၁၀ နာရီအထိ သက်ဆိုင်ရာမြို့နယ် ပညာရေးမှူးရုံး၏ အစီအစဉ်ဖြင့် အင်္ဂလိပ်စာ၊ သင်္ချာနှင့် အထွေထွေဗဟုသုတဆိုင်ရာ တစ်နာရီမေးခွန်း ဖြေဆိုရမည်ဖြစ်ပါသည်။

၄။ သက်ဆိုင်ရာမြို့နယ် ပညာရေးမှူးရုံးများသို့ ပူးတွဲပါ လျှောက်လွှာပုံစံ၊ အထောက်အထားများနှင့်အတူ ၂၀၁၃ခုနှစ် မတ်လ ၃၁ရက်ထက် နောက်မကျစေဘဲ လျှောက်ထားနိုင်ပါသည်။

၅။ အသေးစိတ်အချက်အလက်များကို သက်ဆိုင်ရာ တိုင်းဒေသကြီး/ပြည်နယ် ပညာရေးညွှန်ကြားရေးမှူးရုံး၊ ခရိုင်နှင့် မြို့နယ်ပညာရေးမှူးရုံး များတွင် စုံစမ်းနိုင်ပါသည်။

**ပညာရေးဝန်ကြီးဌာန**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## ပညာရေးဝန်ကြီးဌာန
### အခြေခံပညာကျောင်း/ရုံးများတွင် နေ့စား လပေး ဝန်ထမ်းခန့်ထားရေးအတွက် ဆန္ဒပြုလွှာ

ဓာတ်ပုံ

**(စာကူးစက်လုည့်အကူ၊ စက်မောင်း(၅)၊ လုပ်သားသိပ္ပံခန်း၊ ကျောင်း/ရုံးအကူ၊ သန့်ရှင်းရေးအကူ၊ အစောင့်(ကျောင်း/ရုံး)၊ လုပ်သား(ဥယျာဉ်)**

၁။ အမည် ------------------------------
၂။ နိုင်ငံသားစိစစ်ရေးအမှတ် ------------------------------
၃။ အဖအမည်နှင့် နေရပ်လိပ်စာ ------------------------------
၄။ ပညာအရည်အချင်း ------------------------------
၅။ မွေးသက္ကရာဇ်/အသက် ------------------------------
၆။ လူမျိုး/ဘာသာ ------------------------------
၇။ မွေးဖွားရာဇာတိ ------------------------------
၈။ ဇနီး၊ ခင်ပွန်းအမည်နှင့် နေရပ်လိပ်စာ ------------------------------
၉။ ဆက်သွယ်ရန်လိပ်စာ၊ ဖုန်းနံပါတ် ------------------------------
------------------------------
၁၀။ အမြဲတမ်းနေရပ်လိပ်စာ ------------------------------
------------------------------
၁၁။ လျှောက်ထားသည့် ဦးစားပေးရာထူး (က) ---------------- (ခ) ----------------
(ဂ) ---------------- (ဃ) ----------------
(င) ---------------- (စ) ----------------
(ဆ) ----------------

၁၂။ တာဝန်ထမ်းဆောင်လိုသည့်နေရာ-

| ကျောင်း/ရုံး | မြို့နယ် | ခရိုင် | တိုင်းဒေသကြီး/ပြည်နယ် |
|---|---|---|---|
| (၁) | (၁) | (၁) | (၁) |
| (၂) | (၂) | (၂) | (၂) |
| (၃) | (၃) | (၃) | (၃) |
| (၄) | (၄) | (၄) | (၄) |
| (၅) | (၅) | (၅) | (၅) |

၁၃။ မည်သည့်ဒေသမဆို သွားရောက်တာဝန်ထမ်းဆောင်နိုင်ခြင်း ရှိ/မရှိ ------------------------------
လက်မှတ် ------------------------------
အမည် ------------------------------

19-3 (17).pmd 1 3/17/2013, 9:11 PM

# ကြော်ငြာ









## ပုဂံမြို့ လောကနန္ဒာစွယ်တော်မြတ်စေတီတော်ကြီး စိန်ဖူးတော်၊ ငှက်မြတ်နားတော်တင်လှူပွဲနှင့် လုံးတော်ပြည့် ရွှေသက်န်းကပ်လှူပြီးစီး၍ ရေစက်ချမင်္ဂလာ ဖိတ်ကြားလွှာ

မန္တလေးတိုင်းဒေသကြီး၊ ညောင်ဦးခရိုင်၊ ညောင်ဦးမြို့နယ်၊ ပုဂံမြို့၊ သီရိပစ္စယာရပ်ကွက်ရှိ မြန်မာသက္ကရာဇ် ၃၉၃ခုနှစ် အနော်ရထာမင်းတရားကြီး တည်ထားကိုးကွယ်ခဲ့သော စွယ်တော်မြတ်လေးဆူအနက် တစ်ဆူအပါအဝင်ဖြစ်သည့် လောကနန္ဒာစွယ်တော်မြတ်စေတီတော်အား ရွှေစင်ရွှေပြားအစစ်ဖြင့် ပြုလုပ်ထားရှိသည့် စိန်ဖူးတော်၊ ငှက်မြတ်နားတော်၊ ဖွန်းဘုံ၊ ဆပ်သွားဖူးများတင်လှူပွဲနှင့် လုံးတော်ပြည့်ရွှေသင်္ကန်းကပ်လှူခြင်း အောင်မြင်ပြီးမြောက်သည့်အထိမ်းအမှတ်အဖြစ် ၁၃၇၄ ခုနှစ် တပေါင်းလပြည့်နေ့ (၂၆-၃-၂၀၁၃)ရက် အင်္ဂါနေ့ နံနက် ၇း၀၀ နာရီမှ ၁၀း၀၀ နာရီအတွင်း ဗုဒ္ဓါဘိသေကအနေကဇာတင်မင်္ဂလာနှင့် စိန်ဖူးတော်၊ ငှက်မြတ်နားတော်၊ ဖွန်းဘုံ၊ ဆပ်သွားဖူးတင်လှူပူဇော်ပွဲနှင့် လှူဒါန်းမှုအစုစုအား ရေစက်သွန်းချအမျှပေးဝေခြင်းမင်္ဂလာ ပြုလုပ်သွားမည်ဖြစ်ပါ၍ ကုသိုလ်သာဓုအနုမောဒနာခေါ်ဆိုနိုင်ပါရန် မေတ္တာရှေ့ထား၍ ဖိတ်ကြားအပ်ပါသည်။

**ဂေါပကအဖွဲ့၊ လောကနန္ဒာစွယ်တော်မြတ်စေတီတော်**
**ဖုန်း-၀၆၁-၆၅၃၃၄၊ ၀၉-၂၀၄၂၆၀၉**

## သကြံန် ခုနစ်ရက်တရားစခန်း

ရန်ကုန်တိုင်းဒေသကြီး၊ လှည်းကူးမြို့နယ်၊ စာဘူးတောင်းကျေးရွာ၊ ကုသလာရာမချမ်းမြေ့ကျောင်း၊ မိုးကုတ်ဝိပဿနာအဖွဲ့ခွဲ၃၂၂မှ ပဓာနနာယကနယ်လှည့်တရားဟောဓမ္မကထိက ဆရာတော်အရှင်ကုသလမှ ကျေးဇူးတော်ရှင် မိုးကုတ်ဆရာတော်ကြီး၏ ဥပနိဿယအတိုင်း ခန္ဓာဉာဏ်ရောက် ပဋိစ္စသမုပ္ပါဒ်တရားတော်များကိုဟောကြားမည်ဖြစ်ပါ၍ ၁၂-၄-၂၀၁၃ရက် ညနေအရောက် တရားစခန်းဝင်ယောဂီများကြွရောက်ကြပါရန်။ တရားစခန်းဝင်ယောဂီများ ဝင်ကြေးပေးရန်မလို စားရေး၊ နေရေး၊ ကျန်းမာရေးများကို ဂေါပကအဖွဲ့မှ တာဝန်ယူပါသည်။

**ဂေါပကအဖွဲ့**
**စာဘူးတောင်းကျေးရွာ**

ဘယ်လိုရာထူးကြီးတဲ့ ပုဂ္ဂိုလ်ဖြစ်စေ၊ ကျောင်းဆရာလက်အောက်က ထွက်ရတာပဲ

## မျှားမြောင်လှစွာ၊ ဆရာ့ဝန်တာ

ဆုထူးရှင် (ပညာရေးတက္ကသိုလ်)
ပဉ္စမမြောက်စာအုပ်
ဖြန့်ချိရေး- မျိုးဆက်သစ်စာပေ၊ ဖုန်း-၀၉-၄၂၀၀၈၃၆၈၈



## ဗန်းမော်အသင်း(ရန်ကုန်)

(၃၄)ကြိမ်မြောက် နှစ်ပတ်လည်အစည်းအဝေး၊ သက်ကြီးပူဇော်ပွဲနှင့် ပညာရည်ချွန်ဆုချီးမြှင့်ပွဲအခမ်းအနားကို ဒဂုံမြို့နယ် ရွှေတိဂုံဘုရားတောင်ဘက်မုခ် ကျောက်စိမ်းတွင်းဓမ္မာရုံကြီးတွင် ၂၀၁၃ခုနှစ် မတ် ၂၄ရက်(တနင်္ဂနွေနေ့)နံနက် ၉ နာရီတွင် ကျင်းပမည်ဖြစ်၍ အသင်းဝင်များနှင့် ဗန်းမော်ခရိုင်သူ/ခရိုင်သားအားလုံး တက်ရောက်ကြပါရန် ဖိတ်ကြားအပ်ပါသည်။ **(သီးခြားဖိတ်စာပေးပို့ခြင်းမပြုပါ။)**

သက်ကြီးပူဇော်ပွဲအတွက် အသက်(၇၅)နှစ်နှင့်အထက် အဘိုး အဘွားများကိုယ်တိုင်တက်ရောက်အပူဇော်ခံပါရန်နှင့် ပညာရည်ချွန်ဆုအတွက် ၂၀၁၁-၂၀၁၂ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ ဂုဏ်ထူးဖြင့်အောင်မြင်သူ အသင်းသား အသင်းသူတို့၏ သားသမီးများအမည်စာရင်းကို အမှတ်စာရင်းနှင့်တကွ ဥက္ကဋ္ဌဦးစိန်မောင် ဖုန်း-၀၁-၅၄၃၃၀၄၊ ၀၉-၄၅၀၀၁၁၇၅၅၊ အတွင်းရေးမှူး ဦးတင်မောင်အေး ဖုန်း-၀၉-၅၁၆၀၅၅၂၊ အတွင်းရေးမှူး(၁) ဦးမျိုးတင့် ဖုန်း-၀၉-၅၀၀၇၂၇၄၊ ၀၁-၃၉၃၃၆၄၊ အတွင်းရေးမှူး(၂)ဦးခင်မောင်သင်း ဖုန်း-၀၉-၅၁၈၇၅၂၃၊ ၀၁-၆၆၂၅၂၈၊ စည်းရုံးရေးမှူး ဦးစန်းအောင် ဖုန်း-၀၉-၅၁၄၄၇၇၅၊ ၀၁-၅၄၆၃၃၅ တို့သို့ ဆက်သွယ်ပေးပို့ရန်နှင့် ဂုဏ်ထူးရကျောင်းသား ကျောင်းသူများကိုယ်တိုင် အခမ်းအနားသို့ တက်ရောက်၍ ဆုလက်ခံရယူကြရန်နှင့် အလှူငွေလှူဒါန်းခြင်းမပြုရသေးသူများသည်လည်း အထက်ပါပုဂ္ဂိုလ်များထံ ဆက်သွယ်လှူဒါန်းနိုင်ပါသည်။

**အမှုဆောင်အဖွဲ့**

## 7, 8, 9 Batch မေဂျာပေါင်းစုံ M.I.T ကျောင်းသား ကျောင်းသူဟောင်းများ၏ ဆရာကန်တော့ပွဲ

| | | |
|---|---|---|
| ကျင်းပမည့်နေရာ | - | M.I.T (ယခုမန္တလေးနည်းပညာတက္ကသိုလ်) |
| ကျင်းပမည့်နေ့ရက် | - | ၂၇-၄-၂၀၁၃ရက် (စနေနေ့) |
| ကျင်းပမည့်အချိန် | - | နံနက် ၁၀နာရီမှ မွန်းလွဲ ၂နာရီ |

### ဆက်သွယ်လှူဒါန်းရန်

**မန္တလေး**

၁။ ထွန်းထွန်းမင်း ဖုန်း-၀၉-၂၀၀၂၄၂၄
၂။ မင်းဇာနည်အောင်ဖုန်း-၀၉-၂၁၀၀၈၉၁
၃။ ပြည့်စုံသိန်း ဖုန်း-၀၉-၂၀၀၂၂၉၁
၄။ ထွန်းလမင်း ဖုန်း-၀၉-၂၀၀၁၀၃၀
၅။ ဘိုငွေ ဖုန်း-၀၉-၂၀၁၉၂၅၄
၆။ ဉာဏ်ကျယ် ဖုန်း-၀၉-၄၃၁၀၃၇၃၃
၇။ နိုင်ဝင်းထွန်း ဖုန်း-၀၉-၆၈၀၉၇၄၇
၈။ ငြိမ်းချမ်းစိုး ဖုန်း-၀၉-၂၀၂၀၀၅၆
၉။ ကြူကြူဆွေ ဖုန်း-၀၉-၂၀၂၉၅၆၃
၁၀။ ဖိုက်ဆလ် ဖုန်း-၀၉-၅၁၃၆၃၈၁

**နေပြည်တော်**

၁။ ဇေယျာအောင် ဖုန်း-၀၉-၄၃၀၁၉၅၉၀
၂။ ကိုကိုမောင် ဖုန်း-၀၉-၄၉၂၁၂၇၂၉

**ရန်ကုန်**

၁။ သန့်စင် ဖုန်း-၀၉-၅၀၀၉၈၁၀
၂။ သင်းသင်းအေးဖုန်း-၀၉-၄၃၂၀၀၄၉၅
၃။ စိုင်းကိုကိုဇော် ဖုန်း-၀၉-၅၄၁၆၉၁၂
၄။ ဥက္ကာ ဖုန်း-၀၉-၅၄၀၂၂၂၇

## ဒီကရီကိုအတည်ပြုလုပ်ရန်အမိန့်မထုတ်သင့်ကြောင်း ထုချေစေရန် အကြောင်းကြားစာ

**(တရားမကျင့်ထုံးကိုဥပဒေအမိန့်-၂၁၊ နည်းဥပဒေ-၂၂)**
**သန်လျင်မြို့နယ်တရားမရုံးတော်၌**
**၂၀၁၂ခုနှစ် တရားမကြီးမှုအမှတ်-၅၉နှင့်ဆက်သွယ်သည့်**
**၂၀၁၃ခုနှစ် တရားမဇာရီမှုအမှတ်-၅**

ဦးတင်ရွှေ **နှင့်** ၁။ ဦးမြင့်ဆွေ
(၄င်း၏အထွေထွေကိုယ်စားလှယ်စာ ၂။ ဦးမောင်မောင်ခင်
ရရှိသူ ဒေါ်တင်မိုးဝင့်)
**ဒီကရီအနိုင်ရသူ** **တရားရှုံးများ**

သန်လျင်မြို့၊ ပဲခူးစုရပ်ကွက်၊ ပဲခူးစုလမ်း၊ အမှတ် ၂၄ နေ (၁)တရားရှုံး ဦးမြင့်ဆွေနှင့် သန်လျင်မြို့၊ အောင်ချမ်းသာရပ်ကွက်၊ တပင်ရွှေထီးလမ်း၊ အမှတ် ၁၆ နေ (၂)တရားရှုံး ဦးမောင်မောင်ခင် (ယခုနေရပ်လိပ်စာမသိသူများ) သိစေရမည်။

၂၀၁၂ ခုနှစ် တရားမကြီးမှုအမှတ်-၅၉တွင် ကျရှိသည့်ဒီကရီကိုအတည်ပြုလုပ်ရန် ဤရုံးတော်တွင် တရားနိုင် ဦးတင်ရွှေ (၄င်း၏အထွေထွေကိုယ်စားလှယ်လွှဲစာရရှိသူ ဒေါ်တင်မိုးဝင့်)က လျှောက်ထားသည်ဖြစ်၍ မည်သည့်အကြောင်းကြောင့် အတည်ပြုလုပ်စေရန် အမိန့်ကိုမထုတ်သင့်ကြောင်း၊ အကြောင်းတစ်ခုခုရှိလျှင် ပြ၍ချေဆိုရန် သင်ကိုယ်တိုင်ဖြစ်စေ၊ ရုံးတော်အခွင့်အမိန့်ရရှေ့နေဖြစ်စေ၊ အကြောင်းပြချေဆိုနိုင်သူ အခွင့်ရကိုယ်စားလှယ်ဖြင့်ဖြစ်စေ ၂၀၁၃ ခုနှစ် ဧပြီ ၁ ရက် (၁၃၇၄ ခုနှစ် တပေါင်းလပြည့်ကျော် ၆ ရက်) မွန်းမတည့်မီ ၁၀နာရီတွင် ဤရုံးတော်ရှေ့ လာရောက်စေ။

၂၀၁၃ ခုနှစ် မတ် ၁၃ ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**ဝါဝါလွင်**
**ဒုတိယမြို့နယ်တရားသူကြီး**
**သန်လျင်မြို့နယ်တရားရုံး**

## ငြင်းချက်ထုတ်ရန်သမ္မန်စာ

**(တရားမကျင့်ထုံး ကိုဥပဒေအမိန့်-၅၊ နည်းဥပဒေ-၁ နှင့် ၅)**
**ဟုမ္မလင်းမြို့နယ်တရားမရုံး၌**
**၂၀၁၂ခုနှစ် တရားမကြီးမှုအမှတ်-၉၃**

ဦးဆန်းဝင်း(ရေလုပ်သား) **နှင့်** ၁။ ဦးခင်မောင်ထွေး ပါ(၄)
နန်းသညစ်ကျေးရွာ၊ ဟုမ္မလင်းမြို့နယ်
**တရားလို** **တရားပြိုင်များ**

တမူးမြို့၊ အမှတ်(၅)ရပ်ကွက်၊ အာရုလမ်းမ၊ ကားကြီးဝင်းအနီးနေသူ ဒေါ်စောရီ (ဒါရိုက်တာ၊ ကားပိုင်) အနောက်လွင်ပြင်ကုမ္ပဏီ သိစေရမည်။

သင့်အပေါ်၌ ဦးဆန်းဝင်းက လုပ်ငန်းလုပ်ကိုင်ခွင့်ဆုံးရှုံး၍ နစ်နာရသော နစ်နာကြေးငွေကျပ်သိန်း ၄၄၀၀၀၀၀ (ကျပ်လေးဆယ့်လေးသိန်း)နှင့် ကြားကာလ အမြတ်အစွန်းကျပ် ၅၆၀၀၀၀၀ (ကျပ်ငါးဆယ့်ခြောက်သိန်း) အပါအဝင် စုစုပေါင်းငွေကျပ် ၁၀၀၀၀၀၀၀ (ကျပ်သိန်းတစ်ရာ) ရလိုကြောင်းနှင့် လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၄င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံးအခွင့်အမိန့်ရရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၄င်းအမှုနှင့်စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၄င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၁၃ခုနှစ် မတ် ၂၁ရက် (၁၃၇၄ခုနှစ် တပေါင်းလဆန်း ၁၀ရက်) မွန်းမတည့်မီ ၁၀ နာရီတွင် အထက်ကအမည်ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၄င်းပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်နေ့ရက်တွင် သင်မလာမရောက် ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၄င်းပြင် တရားလိုက ကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်ကထုချေတင်ပြ အမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၁၃ခုနှစ် မတ် ၁ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**စူးစမ်း**
**တွဲဖက်မြို့နယ်တရားသူကြီး**
**ဟုမ္မလင်းမြို့နယ်တရားရုံး**

## ကန့်ကွက်နိုင်ပါကြောင်း

ရွှေပြည်သာမြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ် (င/၁၁)၊ မြေကွက်အမှတ် ၁၃၁၊ မြေကွက်တည်နေရာအမှတ် ၁၃၁၊ မြို့ပတ်လမ်း၊ အမှတ်(၄)ရပ်ကွက်၊ ရွှေပြည်သာမြို့နယ် ဗိုလ်မှူးဒေါ်မြင့်မြင့် အမည်ပေါက်ပါမစ်မြေအား အမည်ပေါက် ဗိုလ်မှူးဒေါ်မြင့်မြင့်ထံမှ အရပ်ကတိစာချုပ်ဖြင့် ဝယ်ယူခဲ့သူ ဒေါ်ခင်မာရီ ၁၂/လမန(နိုင်)၁၀၁၉၁၇က ပါမစ်ပျောက်ဆုံးကြောင်း ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးနှင့် ရဲစခန်းထောက်ခံစာ၊ တရားရုံးကျမ်းကျိန်လွှာတို့ကို တင်ပြ၍ ပါမစ်ပျောက်နှုန်းဖြင့် နှစ်၆၀မြေငှားစာချုပ်ဂရန်လျှောက်ထားလာရာ ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ပါကြောင်း

လှိုင်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၂၀(က+ခ)၊ မြေကွက်အမှတ် ၁၉၊ မြေကွက်တည်နေရာအမှတ် ၁၉(က/ခ)၊ ဘုရင့်နောင်လမ်း၊ လှိုင်မြို့နယ် ဦးဟုတ်ဝမ်၊ ဦးမောင်ကြည်အမည်ပေါက်ပါမစ်မြေအား အမည်ပေါက်များထံမှ အရပ်ကတိစာချုပ်ဖြင့် ဝယ်ယူထားသူ ဒေါ်လှလှမြင့် ၁၂/ကမရ(နိုင်)၀၁၀၁၂၇က ပါမစ်ပျောက်ဆုံးသည်မှာ မှန်ကန်ကြောင်း အမှတ်(၃)ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးနှင့် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ အုပ်ချုပ်ရေးမှူးရုံးထောက်ခံချက်၊ လှိုင်မြို့နယ် ပီတောက်ချောင်းရဲတပ်ဖွဲ့စခန်းထောက်ခံချက်၊ ကိုယ်တိုင်ဝန်ခံချက်၊ ကျမ်းကျိန်လွှာတို့ကိုတင်ပြ၍ ဂရန်သစ်လျှောက်ထားလာရာ ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ပါကြောင်း

အင်းစိန်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-မြို့သစ်(ခ)၊ မြေကွက်အမှတ် ၃၀/က၊ မြေကွက်တည်နေရာအမှတ်-၃၅/ခ၊ မြို့သစ်(က+ခ)ရပ်ကွက်၊ ၂လမ်း၊ အင်းစိန်မြို့နယ် ဒေါ်လှိုင်မေအမည်ပေါက် နှစ်၆၀ဂရန်မြေအား အမည်ပေါက်ဒေါ်လှိုင်မေ(ကွယ်လွန်) ခင်ပွန်းဦးသိန်းမောင်(ကွယ်လွန်)သဖြင့် (၁)ဒေါ်နွယ်နွယ်သိန်း TBN-၀၆၁၆၂၇၊ (၂) ဒေါ်အေးအေးခိုင် ၁၂/အစန(နိုင်)၀၁၃၄၈၉၊(၃)ဒေါ်ထွေးထွေးသိန်း ၁၂/အစန(နိုင်)၀၃၈၀၃၄၊ (၄)ဦးလှမင်း ၁၂/အစန(နိုင်)၀၃၈၀၂၅၊ (၅)ဒေါ်ဥမ္မာသိန်း ၁၂/အစန(နိုင်)၀၅၁၅၆၅တို့ထံမှ ကိုယ်စားလှယ်လွှဲစာ ၁၉၅၄၂/၁၁-၁၂-၁၂၊ ၁၉၄၉၁/၁၀-၁၂-၁၂၊ ၁၉၄၉၂/၁၀-၁၂-၁၂ တို့ဖြင့် GPရသူဦးစိုးနိုင်မှ သေစာရင်းမိတ္တူ၊ ကျမ်းကျိန်လွှာတို့တင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်းနှင့် အရောင်းအဝယ်စာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

ကြော်ငြာ

အထူးကျေးဇူးတင်ရှိခြင်း

## ဦးခင်အောင် (စစ်ကိုင်း)

လ/ထ ညွှန်ကြားရေးမှူး၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန

အသက်(၇၈)နှစ်

၁၆-၃-၂၀၁၃ရက် (စနေနေ့) ညနေ ၃း၅၀နာရီတွင် ကွယ်လွန်သွားခဲ့သော ကျေးဇူးရှင်ဖခင်ကြီး၏ နာရေးကိစ္စတွင် ကူညီဆောင်ရွက်ပေးခဲ့သော ဆွေမျိုးမိတ်သင်္ဂဟများ၊ နာမကျန်းစဉ်က ဂရုတစိုက်ဆေးဝါးကုသပေးခဲ့သော ရွှေဂုံတိုင်အထူးကုဆေးရုံကြီးမှ ဆရာဝန်ကြီး ဒေါက်တာဒေါ်မိမိချို၊ ဒေါက်တာဦးဆန်းလွင်နှင့်တကွ SSC 6th,5th, ICU မှ ဆရာဝန်၊ ဆရာမများနှင့် တယ်လီဖုန်းဖြင့် ဝမ်းနည်းကြောင်း အားပေးသူများ၊ ကျေးဇူးတင်ထိုက်သူအားလုံးကို အထူးကျေးဇူးတင်ရှိအပ်ပါသည်။

ကျန်ရစ်သူမိသားစု

ဝမ်းနည်းကြေကွဲခြင်း

## ဦးခင်အောင် (လက်ထောက်ညွှန်ကြားရေးမှူး၊ ငြိမ်း)

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန

ဒဂုံ/တောင်ပိုင်း၊ အမှတ်(၁)စက်မှုဇုန်ရုံးအဖွဲ့ အကြံပေး(ငြိမ်း)

အသက်(၇၈)နှစ်

ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်၊ ရန်ရှင်းလမ်း၊ အမှတ် ၂၀၂၊ အခန်း ၂နေ ဦးခင်အောင် အသက်(၇၈)နှစ် ဒဂုံ/တောင်ပိုင်း၊ အမှတ်(၁)စက်မှုဇုန်ရုံးအဖွဲ့ အကြံပေး(ငြိမ်း)သည် ၁၆-၃-၂၀၁၃ရက် ညနေ ၃း၅၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**အမှတ်(၁)စက်မှုဇုန်စီမံခန့်ခွဲရေးကော်မတီ၊ ဒဂုံ/တောင်ပိုင်း**

## ဝမ်းနည်းကြေကွဲခြင်း

ပါမောက္ခဦးမောင်မောင်(ပါမောက္ခ/ဌာနမှူး၊ ငြိမ်း)-ဒေါ်လှလှအေး(တွဲဖက်ပါမောက္ခ/ဌာနမှူး၊ ရန်ကုန်သူနာပြုတက္ကသိုလ်) (မြန်မာနိုင်ငံသူနာပြုနှင့်သားဖွားကောင်စီ၊ အဖွဲ့ဝင်)တို့၏မိခင်ကြီး ဒေါ်သိန်းကြည်သည် ၁၇-၃-၂၀၁၃ရက် (တနင်္ဂနွေနေ့) နံနက် ၇း၀၅နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူ အထူးဝမ်းနည်းကြေကွဲရပါကြောင်း။

**မြန်မာနိုင်ငံသူနာပြုနှင့် သားဖွားကောင်စီ**

ဝမ်းနည်းကြေကွဲခြင်း

## ဦးကိုကို(ဇော်ဝမ်းကြီး) B.E (Mech:) R.I.T

အသက်(၅၂)နှစ်

ဧရာဝတီတိုင်းဒေသကြီး၊ ဝါးခယ်မမြို့နယ်၊ (၄)ရပ်ကွက်၊ အမှတ် ၈၄/ဘီနေ ဒေါ်ခင်ခင်ချော၏ခင်ပွန်း ဦးကိုကို(ဇော်ဝမ်းကြီး) အသက်(၅၂)နှစ်သည် ၁၄-၃-၂၀၁၃ရက် (ကြာသပတေးနေ့) ည ၇နာရီတွင် ဝါးခယ်မမြို့နေအိမ်၌ ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**၁၉၈၇နှင့် ၁၉၉၁ခုနှစ် ရန်ကုန်စက်မှုတက္ကသိုလ်ဘွဲ့ရ အင်ဂျင်နီယာများနှင့် ဗိသုကာများ**

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး

## ဒေါ်မူမူသန်း (စိန်ကြည်စတိုး၊ မန္တလေး)

အသက်(၅၂)နှစ်

မန္တလေးမြို့၊ လမ်း ၈၀၊ တရုတ်တန်းရပ်နေ (ဦးမြသန်း-ဒေါ်လှခင်)တို့၏ သမီးငယ်၊ ၁၆လမ်း×လမ်း၈၀ထောင့်နေ ဦးမျိုးမြင့်-ဒေါ်အေးအေးသန့်တို့၏ညီမ၊ (ဦးထွန်းခင်၊ စိန်ကြည်စတိုး)၏ဇနီး၊ ကိုခင်လတ်-မနှင်းအိခိုင်၊ ဒေါက်တာခိုင်ဆုဝေ၊ မောင်ကျော်ဇင်လတ်(ခေတ္တ-USA)၊ မထားအိန္ဒြာခင်(ပညာနန်းတော်)တို့၏မိခင်၊ မောင်ဘုန်းမင်းသန့်၊ မယွန်းပန်းချီခင်တို့၏ဘွားဘွားသည် ၁၈-၃-၂၀၁၃ရက်(တနင်္လာနေ့)နံနက် ၁၁နာရီတွင် ဝိတိုရိယဆေးရုံ၌ကွယ်လွန်သွားပါသဖြင့် ၂၀-၃-၂၀၁၃ရက် (ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၂နာရီတွင် ရေဝေးသုသာန်၌ ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (အမှတ် ၂၂၉၊ ကံ့ကော်မြိုင် ၃လမ်း၊ ဗိုလ်ချုပ်ရွာ၊ သုဝဏ္ဏနေအိမ်မှကားများ မွန်းလွဲ ၁၂း၃၀နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

## ဦးတင်အောင်ဝင်း (မုဒုံ)

အသက်(၄၀)

မွန်ပြည်နယ်၊ မုဒုံမြို့၊ ဘုရားလေးဆူရပ်၊ အမှတ် ၃၅၄နေ ဦးသောင်းမြ-(ဒေါ်သန်းမြင့်)တို့၏သား၊ ဦးကျော်စိုး-ဒေါ်ဌေးဌေးကြည်၊ ဦးမျိုးခိုင်-ဒေါ်ယဉ်ညီအေးတို့၏မောင်၊ မတင်တင်ဆွေ၏အစ်ကို၊ တူ၊ တူမ ငါးယောက်တို့၏ဦးလေးသည် ၁၇-၃-၂၀၁၃ရက်(တနင်္ဂနွေနေ့) နံနက် ၁၀း၅၀နာရီတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၁၈-၃-၂၀၁၃ရက် (တနင်္လာနေ့) မွန်းလွဲ ၁နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။

ကွယ်လွန်သူအားရည်စူး၍ ၂၃-၃-၂၀၁၃ရက် (စနေနေ့) နံနက်ပိုင်းတွင် မုဒုံမြို့ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ ကျောင်း ဒါယိကာမကြီး

## ဒေါ်စန္ဒာအောင်

အသက်(၅၅)နှစ်

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ (၃)ရပ်ကွက်၊ ၁၀လမ်း၊ အမှတ် ၁၈၁နေ ဒေါက်တာဦးဇော်မြင့် (အောင်ဇမ္ဗူဆေးကုခန်း)၏ဇနီး၊ ဦးသန့်ဇင်-ဒေါ်ချိုချိုမြင့်၊ ဦးမောင်မောင်မြင့်-ဒေါ်သန်းသန်းနုကျော်၊ ဦးမြင့်သိန်း-ဒေါ်နီလာအောင် (စက်မှုသီးနှံ၊ တောင်ကြီး)တို့၏ညီမ၊ ဒေါက်တာမောင်မောင်အောင်-ဒေါက်တာမေသက်ဦး(U.S.A)၊ ဦးရဲထွဋ် - ဒေါ်ဝေဝေမြင့်တို့၏အစ်မသည် ၁၇-၃-၂၀၁၃ရက် (တနင်္ဂနွေနေ့) ညနေ ၃း၁၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၉-၃-၂၀၁၃ရက် (အင်္ဂါနေ့) ညနေ ၅နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ ညနေ ၃း၃၀နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု

## မြတ်စိုးငြိမ်း

**Assistant IT Manager**

**ELEVEN MEDIA GROUP**

အသက်(၂၈)နှစ်

ရန်ကုန်မြို့၊ ကြည့်မြင်တိုင်မြို့နယ်၊ အိုးဘိုရပ်ကွက်၊ တန်ဆောင်းကြီးလမ်း၊ အမှတ် ၁၂နေ ဦးကျော်ငြိမ်း(ဦးစီးအရာရှိ၊ ငြိမ်း၊ပြည်တွင်းအခွန်များဦးစီးဌာန)၊ဒေါ်စမ်းစမ်းအေး (လက်ထောက်မန်နေဂျာ၊ ငြိမ်း)တို့၏သား၊ မောင်အောင်ဖြိုးငြိမ်း (Y Talk)၊မဖြူစင်ငြိမ်း(Final Part -B ဆေး-၁)တို့၏အစ်ကိုသည် ၁၈-၃-၂၀၁၃ရက်တွင် ကွယ်လွန်သွားပါသဖြင့် ၂၀-၃-၂၀၁၃ရက် (ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၂နာရီတွင် ထိန်ပင်အအေးတိုက်မှထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။(နေအိမ်မှကားများမွန်းတည့် ၁၂နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

## ဦးမောင်ကြီး (ဦးစီးအရာရှိ၊ ငြိမ်း)

သတ္တုတွင်းဦးစီးဌာန၊ နေပြည်တော်

အသက်(၆၁)နှစ်

မြိတ်မြို့၊ ကွက်သစ်ရပ်နေ (ဦးဘညိန်-ဒေါ်ရှင်ဝါ)တို့၏သား၊ ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ နတ်ချောင်းရပ်ကွက်နေ ဦးချစ်ဆွေ-ဒေါ်ခင်အေးတို့၏သားသမက်၊ နေပြည်တော်၊ ဇမ္ဗူသီရိမြို့နယ်၊ သုခသိဒ္ဓိရပ်ကွက်၊ တိုက် ၄၃၄၂၊ အခန်း ဝ၄နေ ဒေါ်ဖြူဖြူဆွေ (အမှတ်-၂၊ သတ္တုတွင်းလုပ်ငန်း)၏ခင်ပွန်း၊ မထက်လင်းအိ၊ မခိုင်ဇင်ဇင်တို့၏ဖခင်သည် ၁၆-၃-၂၀၁၃ရက် (စနေနေ့) ညနေတွင် ကွယ်လွန်သွားပါသဖြင့် ၁၇-၃-၂၀၁၃ရက် (တနင်္ဂနွေနေ့) နံနက် ၁၁နာရီတွင် ကွေ့ကြီးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း။

ကွယ်လွန်သူအားရည်စူး၍ ၂၂-၃-၂၀၁၃ရက်(သောကြာနေ့)တွင် ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

ဝမ်းနည်းကြေကွဲခြင်း

## ဦးမောင်ကြီး (ဦးစီးအရာရှိ၊ ငြိမ်း)

သတ္တုတွင်းဦးစီးဌာန၊ နေပြည်တော်

အသက်(၆၁)နှစ်

ဒေါ်ဖြူဖြူဆွေ(အမှတ်-၂၊ သတ္တုတွင်းလုပ်ငန်း)၏ခင်ပွန်း ဦးမောင်ကြီး အသက် (၆၁)နှစ်သည် ၁၆-၃-၂၀၁၃ရက် (စနေနေ့)တွင် ကွယ်လွန်သွားကြောင်း သိရပါသဖြင့် မိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

**ညွှန်ကြားရေးမှူးချုပ်နှင့် ဝန်ထမ်းမိသားစုများ**

**သတ္တုတွင်းဦးစီးဌာန**

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး

## ဒေါ်ခင်မျိုးဆွေ B.A (History)

ပရစိမ်း(အထက်မင်းလှ)၊ (၁၉၇၄-၁၉၇၈) မကွေးကောလိပ်

အလုပ်ရုံစုမှူး၊ က·စ·စ (၁၇)

အသက်(၆၀)

မကွေးတိုင်းဒေသကြီး၊ အထက်မင်းလှမြို့၊ မြို့မရပ်ကွက်နေ ဆရာကြီးဦးခို-ဒေါ်ခင်မြင့်(မြင့်သီဂီရပ်ရှင်ရုံ)တို့၏ပဉ္စမမြောက်သမီး၊ (ဦးမောင်မောင်)-ဒေါ်ခင်မြမူ(တရားရုံးချုပ်ရှေ့နေ)၊ (ဦးတင်မြင့်၊ မြို့နယ်ပညာရေးမှူး)-ဒေါ်ခင်စောမူ(အလပြ၊ ငြိမ်း)၊ ဦးစောမြင့် (လုံခြုံရေးအရာရှိ၊ ငြိမ်း)-ဒေါ်ခင်ဆွေမူ၊ ဒေါက်တာခင်လေးဆွေ(သွားဘက်ဆိုင်ရာဆရာဝန်၊ ငြိမ်း)တို့၏ညီမ၊ ဒေါ်ခင်သန်းဆွေ (HT. Myanmar Company Singapore)၊ ဒေါ်ကြည်ကြည်ဆွေ(အော်တိုအိတ်ချိန်း)၊ ဒေါ်ခင်စောယု(ကထိက၊ မကွေးတက္ကသိုလ်)၊ ဦးမြင့်ဇော်(ဦးစံတင်နာရီဆိုင်)-ဒေါ်ခိုင်မာလာ (အထပြ၊ ငြိမ်း)၊ ဦးထွန်းအောင်ကျော် (Victory Company Singapore)၊ ဦးဇော်ဝဏ္ဏတို့၏အစ်မသည် ၁၇-၃-၂၀၁၃ရက် (တနင်္ဂနွေနေ့)တွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး သွေးရောဂါကုဌာန၌ကွယ်လွန်သွားပါသဖြင့် ၁၈-၃-၂၀၁၃ရက် (တနင်္လာနေ့)တွင် မင်းလှမြို့ အမှတ်(၃)သုသာန်၌ သင်္ဂြိုဟ်ပြီးစီးပါကြောင်း။

ကျန်ရစ်သူမိသားစု

အထူးဝမ်းနည်းကြေကွဲခြင်း

## ဦးဝင်းငွေ (Service Engineer)

အသက်(၄၈)နှစ်

ဦးဝင်းငွေ (Service Engineer) အသက်(၄၈)နှစ်သည် ၁၇-၃-၂၀၁၃ရက် နံနက်ပိုင်းတွင် ရုတ်တရက် ကွယ်လွန်သွားပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါကြောင်း။

**Amtt. Co., Ltd.**

**မန်နေဂျင်းဒါရိုက်တာနှင့် ဝန်ထမ်းများ**

ဘုရား၊ ရဟန်း ဒါယိကာမကြီး

## ဒေါ်လှလှဝင်း

(မြောင်းမြမြို့၊ မကျီးချောင်း၊ လှည်းဆိပ်ရွာ)

အသက်(၆၄)နှစ်

ဧရာဝတီတိုင်းဒေသကြီး၊ မြောင်းမြမြို့နယ်၊ မကျီးချောင်းကျေးရွာအုပ်စု၊ လှည်းဆိပ်ရွာနေ (ဦးအုန်းရွှေ-ဒေါ်ထွေး)တို့၏သမီး၊ ဦးပေါ်ဆန်း၏ညီမ၊ ရှေ့နေ (ဒဂုံ)ဦးလှမြင့်၊ ဦးဖိုးကုလား၊ ဦးသိန်းဇံ၊ ဒေါ်သန်းသန်းဆွေ၊ ဒေါ်စန်းစန်းဝင်းနှင့် ဦးခင်မောင်ဝင်း (သတင်းစာကိုယ်စားလှယ်)တို့၏အစ်မကြီးသည် ၁၆-၃-၂၀၁၃ရက်တွင် နေအိမ်၌ ကွယ်လွန်သွားပါ၍ ၂၂-၃-၂၀၁၃ရက်တွင် ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးရှိ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

ရဟန်း၊ ကျောင်း ဒါယကာကြီး

## ဦးအောင်ဆန်း

747 အုတ်လုပ်ငန်း

(ဆားတလင်း)

အသက်(၄၆)နှစ်

ရန်ကုန်တိုင်းဒေသကြီး၊ လှည်းကူးမြို့နယ်၊ဆားတလင်းကျေးရွာနေ(ဦးချစ်စိန်-ဒေါ်ခင်ရီ)တို့၏သား၊ဦးညွန့်ရွှေ-ဒေါ်နှင်းရီတို့၏သားသမက်၊ ဦးတင်ဝင်း-ဒေါ်သန်းသန်းနွဲ့၊ ဦးအောင်သန်းတို့၏ညီ၊မောင်၊ ဦးအောင်ဇော်-ဒေါ်မြမြမိုး၊ ဦးဆန်းထွန်းဝင်း-ဒေါ်သန်းသန်းစိုး၊ (ဦးဇော်လင်း)-ဒေါ်အိအိခိုင်၊ ဦးမင်းသူ-ဒေါ်သန်းသန်းဝေတို့၏အစ်ကို၊ မမြတ်သဇင်အောင်၊ မောင်ဝင်းသူရ၊ မောင်အောင်မြင့်မြတ်တို့၏ဖခင်၊ ဒေါ်နွယ်နီဝင်း၏ခင်ပွန်းသည် ၁၈-၃-၂၀၁၃ရက် (တနင်္လာနေ့)တွင် ကွယ်လွန်သွားပါသဖြင့် ၂၂-၃-၂၀၁၃ရက်(သောကြာနေ့)မွန်းလွဲ ၁နာရီတွင် ဆားတလင်းကျေးရွာသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ မိတ်ဆွေသင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

ဘုရား၊ရဟန်း၊ကျောင်းဒါယကာ

## ဦးစိုးမောင်

(ပျော်ဘွယ်မြို့နယ်၊ ရှမ်းစုရွာ)

အသက်(၈၀)

ပျော်ဘွယ်မြို့နယ်၊ရှမ်းစုရွာ၊ မင်္ဂလာဦးဘုရားဒါယကာကြီး (ဦးသက်ရှည်-ဒေါ်လေး)တို့၏မြေး၊ (ဦးတင်-ဒေါ်ငွေညွန့်)တို့၏သား၊ (ဦးမောင်စိန်-ဒေါ်စိုးရှင်)၊ (ဦးစိန်ဆိုင်-ဒေါ်စိုးရင်)တို့၏မောင်၊(ဦးမင်းစိုး)-ဒေါ်ခင်ရီ၊(ဦးအောင်ကျော်)-ဒေါ်ဝင်းရှိန်၊ ဦးတင်နွယ်-ဒေါ်ကျင်ရှိန်တို့၏အစ်ကို၊(ဦးချစ်လှိုင်)-ဒေါ်ထွန်း၊ ဦးလှဦး-ဒေါ်စန်းနွဲ့၊ (ဦးအောင်ကြည်)-ဒေါ်သန်းသန်းငွေ၊ ဒေါ်အေးအေးနွဲ့၊ ဦးငွေဝင်း၊ ဒေါ်ငွေငွေနွဲ့၊ ဒေါ်အေးအေးသိန်းတို့၏ဦးလေး၊ တူ၊ တူမ ၂၆ယောက်၊ မြေး ၂၃ယောက်တို့၏အဘိုးသည် ရန်ကုန်မြို့၊ ရွှေတောင်ကြား(၁)ရပ်ကွက်၊ အင်းလျားမြိုင်လမ်း၊ အမှတ် ၅၁နေအိမ်၌ ၁၇-၃-၂၀၁၃ရက် (တနင်္ဂနွေနေ့) မွန်းလွဲ ၁း၁၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၉-၃-၂၀၁၃ရက် (အင်္ဂါနေ့) နံနက် ၁၁နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (အထက်ပါနေအိမ်မှကားများ နံနက် ၉နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

## ကိုသက်နိုင် (တောင်ကြီး)

အသက်(၅၀)

အမှတ် ၆၀(ပထမထပ်)၊ နံ့သာလမ်း၊ ဌာနာရပ်ကွက်၊အလုံမြို့နယ်နေ(ဦးသက်ရှည်-ဒေါ်လှမြင့်)တို့၏သား၊ ဦးစိုးမင်း-ဒေါ်မြင့်မြင့်သက်၊မသက်သက်နွယ်တို့၏မောင်၊ မစန္ဒာသက်၏အစ်ကို၊ မောင်ဝင်းမင်းဦး-မမေသူစိုး၊ မဖြိုးအိစိုးတို့၏ဦးလေးသည် ၁၈-၃-၂၀၁၃ရက် (တနင်္လာနေ့) နံနက် ၄း၁၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ကွယ်လွန်သူ၏ဆန္ဒအရ ယင်းနေ့မွန်းတည့် ၁၂နာရီတွင် နေအိမ်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပြီးဖြစ်ပါသည်။

ကွယ်လွန်သူအားရည်စူး၍ ၂၄-၃-၂၀၁၃ရက်(တနင်္ဂနွေနေ့)နံနက် ၇နာရီမှ ၁၀နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ ဆွမ်း ဒါယိကာမကြီး

## ဒေါ်လှရှင် (ကျိုက်ထိုမြို့)

အသက်(၈၉)နှစ်

ကျိုက်ထိုမြို့၊ မြောက်ပိုင်းရပ်ကွက်၊ ကုန်သည်လမ်းနေ (ဦးလင်း-ဒေါ်ငွေစိန်)တို့၏သမီးကြီး၊ (ဦးဘွန်နား)-ဒေါ်ကြင်၊ (ဦးပဥ္စင်း ဦးကျင်ဆိုင်) - ဒေါ်ကျင်မွား၊ ဦးမောင်လှိုင်-(ဒေါ်ကြင်ရင်)တို့၏အစ်မကြီး၊ဦးမောင်စိန်-ဒေါ်စန်းရီ၊ဦးချိန်စွမ်း-ဒေါ်မွေး(USA)တို့၏မိခင်၊ ဒေါက်တာသိန်းဇံ-မမြမြရီ၊ ဒေါက်တာသက်လွင်-မလှဲ့လှဲ့အေး၊ ကိုကျော်ထွေး-မစီစီလွင်၊ ကိုအေးထွန်း - မရွှေယင်းမာ (USA)၊ ကိုမောင်မောင်-မနန်စီ(USA)၊ မောင်ကျော်ကျော်ဇင်(USA)တို့၏အဘွား၊ မြစ် ၁၀ယောက်တို့၏ ဘွားဘွားကြီးသည် ၁၈-၃-၂၀၁၃ရက် ၇နာရီတွင် နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၂၀-၃-၂၀၁၃ရက် မွန်းလွဲ ၁နာရီတွင် ကျိုက်ထိုမြို့ ဇေယျာမွန်သုသာန်သို့ ပို့ဆောင်ဂူသွင်းသင်္ဂြိုဟ်ပါမည်။ ကျန်ရစ်သူမိသားစု

## ဒေါက်တာဒေါ်ခင်သန်းရီ

အသက်(၈၁)နှစ်

အမေရိကန်နိုင်ငံ၊ အာရီဇိုးနားပြည်နယ်၊ စကော့စ်ဒေးမြို့နေ ဒေါက်တာ(ဦးကြည်ဝင်း)၏ဇနီး၊ ဦးဉာဏ်မော်-ဒေါ်ညိုညိုဆင့်၊ ဒေါက်တာလှမြတ်မွန်၊ ဒေါက်တာမြတ်ရည်မွန်၊ ဒေါက်တာကျော်ခိုင်ဆွေတို့၏မိခင်၊ လျှမ်းဝေမော်၊ ကျော်မျိုးမော်၊မြတ်လေးဆွေတို့၏အဘွားသည် ၁၅-၃-၂၀၁၃ရက်တွင် အမေရိကန်နိုင်ငံ စကော့စ်ဒေးမြို့၌ ကွယ်လွန်သွားပြီဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟ အပေါင်းတို့အား အကြောင်းကြားသိစေအပ်ပါသည်။

ကျန်ရစ်သူမိသားစု

ခရစ်တော်၌အိပ်ပျော်ခြင်း

## ဆရာမ ရှဒန်နန်အောင်

အသက်(၅၅)နှစ်

ရန်ကုန်မြို့၊စမ်းချောင်းမြို့နယ်၊ မြေနီကုန်း(မြောက်)ရပ်ကွက်၊ မြဝတီလမ်း၊ အမှတ် ၆ (လေးလွှာ)နေ သင်းထောက်ဦးလယောက်အောင်ဖန်း၏ ဇနီးသည် ၁၈-၃-၂၀၁၃ရက် နံနက် ၂း၁၀နာရီတွင် အာရှတော်ဝင်ဆေးရုံတွင် ခရစ်တော်၌ အိပ်ပျော်သွားပြီဖြစ်ပါသဖြင့် ၂၀-၃-၂၀၁၃ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၁၀နာရီတွင် ရေဝေးခရစ်ယာန်ဂိုဏ်းပေါင်းစုံ ဘုရားကျောင်း၌ဝတ်ပြုပြီး သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးနေ ဆွေမျိုးမိတ်သင်္ဂဟတို့အား အကြောင်းကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု

ခရစ်တော်၌အိပ်ပျော်ခြင်း

## Rev. Cin Do Kaang B.th, M. Div. D.D

အသက်(၅၅)နှစ်

ချင်းပြည်နယ်၊ ဒေါ်လွှောင်ကျေးရွာနေ(U Suan Pau - Daw Niang Zam)၊ ထုတ်လိုင်ကျေးရွာနေ (U Vum Za Mang) - Daw Tun Za Cing၊ အင်းစိန်မြို့နယ်နေ (BP RAI) - Daw Akhu တို့၏သားသမက်၊ (Daw Neam Man Cing) Daw Dorithy တို့၏ခင်ပွန်း၊ Ma Zam Suan Huai, Ma Cing Thian Vung, (Pau Thiang Piang), Mg Pau Thian Siam, Mang Khat Kim, Ma Zam Cingh Khai တို့၏ဖခင်၊ Daw Don Cing - U Thang Khaw Zam, Daw Dim Uap - U Ngul Za Ngin, U Lamh Mang - Daw Ngoih Khan Cing, U Ngin Za Kap - Daw San San Htay, Daw Cing Niang - U Tual Khan Khai တို့၏ညီ/မောင်၊ Daw Thian Za Huai- U Thang Za Pau, U Ngo Khan Cin - Daw Thian Pum Huai တို့၏အစ်ကို၊ တူ၊တူမ၂၃ယောက်တို့၏ဦးလေးသည် ၁၈-၃-၂၀၁၃ရက် နံနက် ၃း၂၀နာရီတွင် ရန်ကုန်ပြည်သူ့ဆေးရုံ၌ ခရစ်တော်၌အိပ်ပျော်သွားပါ၍ ၂၀-၃-၂၀၁၃ရက် မွန်းတည့် ၁၂နာရီတွင် ရေဝေးခရစ်ယာန်ဂိုဏ်းပေါင်းစုံသုသာန်၌ ဂူသွင်းသင်္ဂြိုဟ်ပါမည်။ (ကားများကို စီးယင်းနှစ်ခြင်းဘုရားကျောင်းမှနှစ်စီး၊ F.G.A အသင်းတော်မှတစ်စီး၊ သန်လျင်နေအိမ်မှတစ်စီး၊ ယုဇန ပိတောက်ကွေ့မှ တစ်စီး အသီးသီး နံနက် ၁၀း၃၀နာရီတွင်ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု

## လောင်ချို(ခ)ဒေါ်ချို (ပုသိမ်)

အသက်(၉၁)နှစ်

ပုသိမ်မြို့နေ (ဦးတန်းဝါး-ဒေါ်လော်ဖန်း)တို့၏သမီး၊ ပုသိမ်မြို့၊ အမှတ်(၁) စဥ့်အိုးဘိုလမ်းနေ [ဦးတန်တိတ်အုပ်(ခ)ဦးအုပ်ရာ]၏ဇနီး၊ ဦးဟန်ရင်-ဒေါ်စန်းမြင့်၊ (ဦးဟန်တီ)-ဒေါ်စောကျင်၊ ဦးဟန်ဟို-ဒေါ်ရှုရီ၊ ဦးဟန်နီ-ဒေါ်ယုကွေ့ဖေး၊ ဦးကြည်ဟုန်-ဒေါ်လိမိန်(ဦးသန်းနိုင်-ဒေါ်ရှုသင်း)၊ (မောင်ပုတို)တို့၏မိခင်၊ မြေး ၁၈ယောက်၊ မြစ်ရှစ်ယောက်တို့၏အဘွားသည် ၁၇-၃-၂၀၁၃ရက် (တနင်္ဂနွေနေ့) ည ၁၁း၁၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၉-၃-၂၀၁၃ရက် မွန်းလွဲ ၂နာရီတွင် ရေဝေးသုသာန်၌ သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (အမှတ် ၁၃၊ နတ်စင်လမ်း၊ ကျောက်မြောင်းနေအိမ်မှကားများ မွန်းလွဲ ၁၂း၃၀နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

## ဒေါ်ခင်နွဲ့

(လဝက၊ ငြိမ်း)

အသက်(၇၀)

ရန်ကုန်မြို့၊ ကြည့်မြင်တိုင်မြို့နယ်၊ ဈေးကလေးရပ်ကွက်၊ ၅လမ်း၊ အမှတ် ၃၁/ခနေ (ဦးစံမြ)-ဒေါ်တင်ရွှေတို့၏သမီး၊ ဦးမောင်မောင်ဦး(လ/ထညွှန်မှူး၊ ငြိမ်း၊ လဝက)၏ဇနီး၊ ဦးစိုးမြင့်ဦး (United Wood Co.,) - မအိအိဇင် (United Wood Co.,)၊ ကိုတင့်ဇော်မျိုး-မစုသက်မွန်၊ ကိုကျော်မင်းဦး-မမြတ်သန္တာဦး (Myanmar Times)တို့၏မိခင်၊ မြေးငါးယောက်တို့၏အဘွားသည် ၁၇-၃-၂၀၁၃ရက် (တနင်္ဂနွေနေ့) ည ၁၀း၁၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၉-၃-၂၀၁၃ရက် (အင်္ဂါနေ့) မွန်းတည့် ၁၂နာရီတွင် ထိန်ပင်အအေးတိုက်မှ ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။(နေအိမ်မှကားများ နံနက် ၁၀နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး

## ဒေါ်တိုးတင်

အလပြ(ငြိမ်း)အထက(ဇီးကုန်း)

အသက်(၅၉)နှစ်

ပဲခူးတိုင်းဒေသကြီး၊ ဇီးကုန်းမြို့နေ (ဦးခင်-ဒေါ်ခင်သိန်း)တို့၏သမီး၊ ရွာမလမ်းနေ ဦးသောင်း-ဒေါ်ခင်သန်းတို့၏သမီးချွေးမ၊ ရန်ကုန်မြို့၊ အမှတ် ၆၈၆၊ ငွေပုလဲလမ်း၊(၃၅)ရပ်ကွက်၊ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်နေ (ဦးခင်မောင်ကြည်)၏ဇနီး၊ ကိုနေမျိုး-မခင်စုစုလွင်တို့၏မိခင်၊ မစံနဒီနေမျိုး၏အဘွားသည် ၁၈-၃-၂၀၁၃ရက် (တနင်္လာနေ့) နံနက် ၅နာရီတွင် နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၂၀-၃-၂၀၁၃ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၁၁နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၁၀နာရီတွင် ထွက်ခွာပါမည်။)

ကွယ်လွန်သူအားရည်စူး၍ ၂၄-၃-၂၀၁၃ရက် (တနင်္ဂနွေနေ့)တွင် အမှတ် ၆၈၆၊ ငွေပုလဲလမ်း၊ (၃၅)ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ် နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ ကျောင်း ဒါယိကာမကြီး

## ဒေါ်စန္ဒာအောင်

ဆသရ(ငွေစာရင်း-ငြိမ်း)

B.Sc (Zoo)

အသက်(၅၅)နှစ်

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ (၃)ရပ်ကွက်၊ ၁၀လမ်း၊ အမှတ် ၁၈၁နေ (ဦးငွေအောင်-ဒေါ်မြသန်း)တို့၏သမီး၊ (ဦးအောင်မြင့်)-ဒေါ်သောင်းခင်တို့၏သမီးချွေးမ၊ ဒေါက်တာဇော်မြင့် (အောင်ဇမ္ဗူဆေးခန်း)၏ဇနီး၊ ဒေါက်တာမျိုးနန္ဒအောင်(ခေတ္တဗဟိုဝန်ထမ်း တက္ကသိုလ်၊ ဖောင်ကြီး)၊ မောင်မျိုးဇော်မင်းတို့၏မိခင်သည် ၁၇-၃-၂၀၁၃ရက် (တနင်္ဂနွေနေ့) ညနေ ၃း၁၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၉-၃-၂၀၁၃ရက် (အင်္ဂါနေ့)ညနေ ၅နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ ညနေ ၃း၃၀နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ ကျောင်း ဒါယကာကြီး

## ဦးတင်ဝင်း(ခ) ဦးတင်ခိုင် (ဒေးဒရဲ)

ဗဟိုကုန်သွယ်ရေး၊ ကုန်ပစ္စည်းစစ်ဆေးရေးနှင့် ကိုယ်စားလှယ်လုပ်ငန်း (စစ်/ကိုယ်၊ ငြိမ်း)

အသက်(၇၇)နှစ်

ဒေးဒရဲမြို့၊ ကမ်းနားလမ်းနေ (ဦးစိန်ညွန့်မောင် - ဒေါ်သန်းကြီး)တို့၏သား၊ (ဦးမောင်ညွန့်-ဒေါ်သန်းလေး)တို့၏သားသမက်၊ ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၃၅)ရပ်ကွက်၊ ဗိုလ်မင်းရောင်လမ်း၊ အမှတ် ၁၄နေ ဒေါ်သောင်းစိန်၏ခင်ပွန်း၊ ဦးစန်းမြင့်-(ဒေါ်နွယ်နွယ်ဝင်း)၊ ဦးလှဝင်း-ဒေါ်ကြည်ကြည်ဝင်း (အမက-၂၄၊ မြောက်ဒဂုံ)၊ ဒေါ်နီနီဝင်း (အထက-၅၊ တောင်ဒဂုံ)၊ ဦးစိုးအောင်ဝင်း-ဒေါ်ဝါဝါထွန်း၊ (ဦးစိုးနိုင်ဝင်း)၊ ဦးထင်လင်း-ဒေါ်နှင်းစုလှိုင်၊ ဦးသန်းစိုး၊ ဦးဇော်ဝင်း - ဒေါ်သူဇာဝင်းတို့၏ဖခင်၊ မြေးကိုးယောက်၊ မြစ်သုံးယောက်တို့၏အဘိုးသည် ၁၈-၃-၂၀၁၃ရက်(တနင်္လာနေ့) နံနက် ၄နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၀-၃-၂၀၁၃ရက် (ဗုဒ္ဓဟူးနေ့) မွန်းတည့် ၁၂နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ် ပါကြောင်း။ (နေအိမ်မှကားများ နံနက် ၁၁နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု

ရဟန်းဒါယိကာမကြီး

## ဒေါ်စန်းစန်းမြင့်

အသက်(၆၇)နှစ်

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊(၂၈)ရပ်ကွက်၊ အောင်သုခလမ်း၊ အမှတ် ၄၃နေ(ဦးကိုကိုကြီး)-ဒေါ်တင်မြတို့၏သမီးကြီး၊ဦးအေးချစ်(ဒု-ညွှန်ကြားရေးမှူး၊ငြိမ်း)၏ဇနီး၊ ဦးပဥ္စင်း ဇာကုလ၊ ဦးနိုင်ဦး-ဒေါ်နှင်းနှင်းထွေးတို့၏ အစ်မ၊ ဦးကိုကိုနိုင်-ဒေါ်ချိုချိုခိုင်၊ ကိုထွန်းတင့်နိုင်၊ ကိုစိုးသန်းနိုင်-မစန္ဒာအောင်ချမ်း၊ ကိုမျိုးသန်းနိုင် - မညီညီထိုက်တို့၏မိခင်၊ အရှင်တိက္ခ၏မယ်တော်၊ မြေးရှစ်ယောက်တို့၏အဘွားသည် ၁၈-၃-၂၀၁၃ရက်(တနင်္လာနေ့)နံနက်၈နာရီတွင် သဃ်င်္န်းကျွန်း စံပြဆေးရုံ၌ ကွယ်လွန်သွားပါ၍ ၂၀-၃-၂၀၁၃ရက် (ဗုဒ္ဓဟူးနေ့) ညနေ ၃နာရီတွင် ကျီစုသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ ၂နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု

## ဒေါ်ခင်စန်း (ဒိုက်ဦး)

အသက်(၆၆)နှစ်

ဒိုက်ဦးမြို့၊ အမှတ်(၂)ရပ်ကွက်၊ မေဓာဝီလမ်းနေ (ဦးအောင်သိန်း-ဒေါ်လှကြည်)တို့၏သမီး၊ ရှမ်းစုကျေးရွာနေ ဒေါ်တင်အေး၊ ဒေါ်ခင်သန်း၊ဒေါ်အေးမြင့်တို့၏တူမ၊ ပဲခူးမြို့နေ(ဦးတင်ဝင်း)-ဒေါ်စိန်စိန်တို့၏ညီမ၊ ရန်ကုန်မြို့နေ ဦးသန်းအေး-ဒေါ်မြမြစိန်၊ ဒိုက်ဦးမြို့နေ ဒေါ်စန်းဝင်း(သ/မဦးစီး)၊ ဒေါ်ခင်ခင်ဝင်း (အထပြ)၊ ဒေါ်အေးဝင်း၊ ကိုဇော်မိုး၊ မချိုချိုဦး၊ ကိုမင်းသိန်း(လဝက)-ဒေါ်ညိုညိုလွင်တို့၏အစ်မသည် ၁၇-၃-၂၀၁၃ရက်(တနင်္ဂနွေနေ့)တွင် ကွယ်လွန်သွားပါ၍ ၁၉-၃-၂၀၁၃ရက် မွန်းတည့် ၁၂နာရီတွင် ဒိုက်ဦးမြို့ ရွာတန်းရှည်သုသာန်၌ သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီး မိတ်သင်္ဂဟအပေါင်းအား အသိပေးအပ်ပါသည်။

ကျန်ရစ်သူမိသားစု

ပြန်ကြားရေးဝန်ကြီးဌာန၊ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း၊ မြန်မာ့အလင်းသတင်းစာတိုက်၊ ရန်ကုန်-မန္တလေးလမ်းဟောင်း၊ ခရေပင်လမ်းခွဲ၊ ဇေယျာသီရိမြို့နယ်၊ နေပြည်တော်တွင် ထုတ်ဝေသည်။ နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၄၅၊ ဖက်စ် ၀၆၇-၃၆၁၄၆၊ မေးလ် mmalin.npt @gmail.com၊ ရန်ကုန်ရုံးခွဲ-အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၁၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ ကြော်ငြာ ၀၁-၅၄၅၈၃၄။ R/488

**ပြည်ထောင်စုလွှတ်တော်အစည်းအဝေး**

# အသုံးစရိတ်များကို ကာမိရန်အတွက် ရငွေများ လုံလောက်စွာရရှိရန်လိုအပ်

**နေပြည်တော် မတ် ၁၈**

ယနေ့ပြည်ထောင်စုလွှတ်တော် အစည်းအဝေးတွင် လယ်ယာမြေနှင့် အခြားမြေများ သိမ်းဆည်းခံရမှုများကြောင့် ပြည်သူများနစ်နာမှု မရှိစေရေးအတွက် စုံစမ်းရေးကော်မရှင်၏ အစီရင်ခံစာအပိုင်း(၂)ကို ကော်မရှင်အဖွဲ့ဝင် ဦးစိုင်းထွန်းစိန်က ရှင်းလင်းတင်သွင်းသည်။

**ဆက်လက်တင်သွင်း**

အစီရင်ခံစာအပိုင်း(၁)ကို မတ်လ ၁ ရက်က ရှင်းလင်းတင်သွင်းခဲ့ပြီး အစီရင်ခံစာများကို အပိုင်းလိုက် ဆက်လက်တင်သွင်းသွားမည်ဖြစ်ကြောင်း၊ အစီရင်ခံစာတင်သွင်းမှုအားလုံးပြီးဆုံးပါက လွှတ်တော်က ဆွေးနွေးအတည်ပြုနိုင်ရန် ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ ယခုတင်သွင်းသည့် အစီရင်ခံစာနှင့်စပ်လျဉ်း၍ သုံးသပ်ဆောင်ရွက်နိုင်ရန် ပြည်ထောင်စုအစိုးရအဖွဲ့နှင့် သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းများသို့ ပေးပို့သွားမည်ဖြစ်ကြောင်း သိရသည်။

ပထမအကြိမ် ပြည်ထောင်စုလွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေး ကျင်းပစဉ်။ (သတင်းစဉ်)

အစီရင်ခံစာနှင့်ပတ်သက်၍ ရခိုင်ပြည်နယ်မဲဆန္ဒနယ်အမှတ် (၁)မှ **ဒေါက်တာအေးမောင်**က "စုံစမ်းရေးကော်မရှင်အနေနဲ့ တင်ပြတာတွေ ကောင်းပါတယ်၊ စီမံကိန်းတစ်ခုလုပ်မယ်ဆိုတဲ့ အကြောင်းပြချက်နဲ့ မူလသိမ်းဆည်းစဉ်ကရည်မှန်းချက်ကို အကောင်အထည်မဖော်နိုင်တာတွေလည်း အများကြီးရှိပါတယ်၊ အဲဒါမျိုးကျတော့ ကျွန်တော်တို့က မူလပိုင်ရှင်ရဲ့သဘောထားကို ပြန်ပြီး မေးစမ်းကြည့်ရပါတယ်၊ လယ်ယာမြေ၊ အခြားမြေတွေနဲ့ပတ်သက်ပြီး နစ်နာကြေးတွေပေးတဲ့နေရာမှာ ကုမ္ပဏီနဲ့ ပြည်သူတွေကြားမှာ ဖြစ်သင့်ဖြစ်ထိုက်တဲ့ နစ်နာကြေးရရှိအောင်၊ ပြည်သူတွေဘက်ကလည်း မနစ်နာရအောင်၊ ကုမ္ပဏီဘက်ကလည်း မနစ်နာရအောင် ကျွန်တော်တို့ကကြားကနေ အဆင်ပြေအောင်ညှိပေးတဲ့သဘောပါပဲ၊ အဲဒီလိုဆောင်ရွက်တဲ့နေရာမှာ ကျွန်တော်တို့က တိုင်းဒေသကြီးနဲ့ ပြည်နယ်အစိုးရအဖွဲ့တွေ၊ ဝန်ကြီးဌာနတွေ၊ ကုမ္ပဏီတွေ၊ ပြည်သူတွေနဲ့ တိုက်ရိုက်ကွင်းဆင်းပြီး နှစ်ဦးနှစ်ဖက်အဆင်ပြေအောင်၊ ကျေနပ်အောင် လုပ်ဆောင်ပေးခြင်းပဲ ဖြစ်ပါတယ်"ဟု ပြောပြခဲ့သည်။

ထို့ပြင် နိုင်ငံတော်သမ္မတ၏ သဘောထားမှတ်ချက်များနှင့်အတူ ပြန်လည်ပေးပို့လာသော **၂၀၁၃ ခုနှစ်၊ အနည်းဆုံးအခကြေးငွေ ဥပဒေကြမ်း**နှင့်စပ်လျဉ်း၍ သဘောထားမှတ်ချက်များအပေါ် ထောက်ခံဆန္ဒမဲများသည့်အတွက် နိုင်ငံတော်သမ္မတ သဘောထားမှတ်ချက်ပြုထားသည့်အတိုင်း ပြင်ဆင်သွားမည်ဖြစ်ကြောင်း ဆုံးဖြတ်ခဲ့သည်။

*စာမျက်နှာ ၇ ကော်လံ ၄* ❁

# မန္တလေး နိုင်ငံတကာလေဆိပ် အဆင့်မြှင့်တင်မည်

**မောင်သစ္စာ-ရေးသည်**

**နေပြည်တော် မတ် ၁၈**

မြန်မာနိုင်ငံသည် နိုင်ငံတကာနှင့် ဆက်ဆံထိတွေ့မှုများပြားလာသည်နှင့်အမျှ ခရီးသွားလုပ်ငန်းလည်း တိုးတက်ဖွံ့ဖြိုးလာလျက်ရှိရာ လေကြောင်းခရီးစဉ်များဖြင့် သွားလာမှုအဆင်ပြေချောမွေ့စေရန်အတွက် မန္တလေး နိုင်ငံတကာလေဆိပ်ကို အဆင့်မြှင့်တင်မှုများ ပြုလုပ်သွားမည်ဟု ပို့ဆောင်ရေးဝန်ကြီးဌာန လေကြောင်းပို့ဆောင်ရေးဦးစီးဌာနမှ တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

"လေကြောင်း ခရီးစဉ်တွေနဲ့ သွားလာမှု အဆင်ပြေချောမွေ့စေဖို့နဲ့ လေဆိပ်တွေရဲ့ ဝန်ဆောင်ပေးနိုင်မှု အဆင့်မြှင့်တင်စေဖို့အတွက် မန္တလေး နိုင်ငံတကာလေဆိပ်ကို အဆင့်မြှင့်တင်မှုတွေပြုလုပ်ဖို့ ဆောင်ရွက်နေခြင်းဖြစ်ပါတယ်"ဟု ၄င်းက ပြောကြားသည်။

**တာဝန်ပေးဆောင်ရွက်**

လေဆိပ် အဆင့်မြှင့်တင်နိုင်ရေးအတွက် ပြည်တွင်းမှ ကုမ္ပဏီများကို အဆိုပြုလွှာများ ဖိတ်ခေါ်နေပြီး လေဆိပ်အဆင့်မြှင့်တင်မှုလုပ်ငန်းများအတွက် လိုအပ်သောစည်းကမ်းသတ်မှတ်ချက်များဖြင့် ပြည့်စုံသောကုမ္ပဏီအား တာဝန်ပေးဆောင်ရွက်စေမည်ဖြစ်သည်။

မြန်မာနိုင်ငံတွင် နိုင်ငံတကာလေဆိပ်များအဖြစ် ရန်ကုန် နိုင်ငံတကာလေဆိပ်၊ နေပြည်တော် နိုင်ငံတကာလေဆိပ်၊ မန္တလေး နိုင်ငံတကာလေဆိပ်နှင့် တည်ဆောက်ဆဲ ဟံသာဝတီ နိုင်ငံတကာလေဆိပ်တို့ ရှိနေသည်။ မြန်မာနိုင်ငံတစ်ဝန်းတွင် အရပ်ဘက်သုံး မြို့ပြလေဆိပ်ပေါင်း ၄၆ ခုခန့်ရှိနေသည်။ လေဆိပ်သစ်အချို့ကိုလည်း တိုးချဲ့တည်ဆောက်ရန် စီစဉ်လျက်ရှိသည်။

မန္တလေး နိုင်ငံတကာလေဆိပ်သည် မြန်မာနိုင်ငံ၏ လက်ရှိလေဆိပ်များတွင် အကြီးဆုံးလေဆိပ်တစ်ခုဖြစ်သည်။ လေယာဉ်ပြေးလမ်း အရှည်ပေ ၁၄၀၀၀ ရှိရာ အရှေ့တောင်အာရှတွင် လေယာဉ်ပြေးလမ်း အရှည်ဆုံးလေဆိပ်လည်းဖြစ်သည်။ တစ်ဖန် တစ်နှစ်လျှင် ခရီးသည်အဝင်အထွက် သုံးသန်းခန့်အထိ လက်ခံနိုင်သောလေဆိပ်လည်း ဖြစ်သည်။

**စတင်ဖွင့်လှစ်**

မန္တလေး နိုင်ငံတကာလေဆိပ်ကို ၂၀၀၀ ပြည့်နှစ် စက်တင်ဘာ ၁၇ ရက်က စတင်ဖွင့်လှစ်ခဲ့ပြီး မန္တလေးမြို့မှ တောင်ဘက် ၂၀ မိုင်ခန့်အကွာတွင် တည်ရှိသည်။ ခရီးသည်တင် ဘိုးရင်း လေယာဉ်ကြီးများ ဆင်းသက်နိုင်သော လေဆိပ်ဖြစ်သည်။

(မြန်မာ့အလင်း)

**ယနေ့မာတိကာ**

**အာရုံစူးစိုက်လုပ်ကိုင်ရေးသည် အရေးအကြီးဆုံး အချက်တစ်ခုပင်ဖြစ်**
ခေါင်းကြီး စာမျက်နှာ-၂

**ထိုင်းဝန်ကြီးချုပ် ရင်လပ်ရှင်နာဝပ် နယူးဇီလန်သို့ ခရီးထွက်မည်**
စာမျက်နှာ-၄

**နေဂြိုဟ်တွင် ပေါက်ကွဲမှုဖြစ်ပွား ကမ္ဘာသို့ အလင်းတန်းများ ကျရောက်**
စာမျက်နှာ-၅

**ရခိုင်ပြည်နယ်အတွင်း ပိုလီယိုကာကွယ်ဆေး တိုက်ကျွေးမှုအောင်မြင်ရေး ဝိုင်းဝန်းကူညီဆောင်ရွက်ပေး**
ဆောင်းပါး စာမျက်နှာ-၆

**နိုင်ငံအတွက် ရွှေဆုများ ယူပေးဖို့ ကြိုးစားနေတဲ့ နပန်းအဖွဲ့**
စာမျက်နှာ-၁၂

**အင်ဒီးယန်းဝဲလ်ဖလား ရှာရာပိုဗာ ဆွတ်ခူး**
စာမျက်နှာ-၁၃

**အချပ်ပိုပါရှိ**

ယနေ့ထုတ် မြန်မာ့အလင်းသတင်းစာတွင် ကြော်ငြာအချပ်ပို (က)မှ (ဃ)အထိ ပါရှိပါသည်။

**ပြည်တွင်းသတင်းနှင့်ကြော်ငြာ**

# နွေရာသီ အခြေခံရေကူးသင်တန်း ဖွင့်မည်

**ရန်ကုန် မတ် ၁၈**

ရေကူးအားကစားနည်း တိုးတက်ပြန့်ပွားလာသည်နှင့်အမျှ ရေကူးကျွမ်းသူ၊ စံချိန်စံညွှန်းကောင်းသူ မျိုးဆက်သစ် ရေကူးအားကစားသမားများ ပေါ်ထွက်လာမည်ဖြစ်ပြီး နိုင်ငံကိုယ်စားပြု အားကစားသမားများ မွေးထုတ်နိုင်ရန်ရည်ရွယ်ချက်ဖြင့် အားကစားဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံ ရေကူးအဖွဲ့ချုပ်တို့ကကြီးမှူး၍ ၂၀၁၃ ခုနှစ် နွေရာသီ အခြေခံရေကူးသင်တန်း (၂/၂၀၁၃) ကို ဧပြီ ၁ ရက်မှ မေ ၄ ရက်အထိ ရန်ကုန်မြို့ ဒဂုံမြို့နယ် ဦးဝိစာရလမ်းရှိ အမျိုးသားရေကူးကန်၌ ဖွင့်လှစ်မည်ဖြစ်သည်။

အဆိုပါ သင်တန်း၌ မျိုးဆက်သစ် အသက် ၁၂ နှစ် ကလေးများအတွက် တစ်နေ့ ခုနစ်ကြိမ်ခွဲခြား၍ လက်တွေ့သင်ကြားမည်ဖြစ်ရာ နံနက်ပိုင်းတွင် ၆ နာရီခွဲမှ ၈ နာရီ၊ ၇ နာရီခွဲမှ ၉ နာရီ၊ ၈ နာရီခွဲမှ ၁၀ နာရီ၊ မွန်းလွဲပိုင်းတွင် ၁ နာရီခွဲမှ ညနေ၃ နာရီ၊ ၂ နာရီခွဲမှ ညနေ ၄ နာရီ၊ ညနေ ၃ နာရီခွဲမှ ၅ နာရီနှင့် ညနေ ၄နာရီခွဲမှ ၆ နာရီ သင်ကြားပေးသွားမည်ဖြစ်သည်။ အမျိုးသား အမျိုးသမီး အသက် ၁၂ နှစ်အထက် သင်တန်းကို တစ်နေ့နှစ်ကြိမ် လက်တွေ့သင်ကြားမည်ဖြစ်ရာ နံနက်ပိုင်းတွင် အမျိုးသားအတွက် နံနက် ၉ နာရီခွဲမှ ၁၁ နာရီ၊ မွန်းလွဲပိုင်းတွင် ၁ နာရီခွဲမှ ညနေ ၃ နာရီ၊ အမျိုးသမီးများအတွက် နံနက် ၈ နာရီခွဲမှ ၁၀ နာရီနှင့် မွန်းလွဲပိုင်းတွင် ၂ နာရီခွဲမှ ညနေ ၄ နာရီအထိဖြစ်ကာ သင်္ကြန်ရုံးပိတ်ရက် ၁၃ ရက်မှ ၂၁ ရက်အထိ သင်တန်းခေတ္တ ပိတ်ရက်သတ်မှတ်ထားသည်။ သင်တန်းသို့တက်ရောက်လိုပါက မတ် ၂၉ရက်နောက်ဆုံးထား၍ ပတ်စ်ပို့စ်ဆိုဒ် ဓာတ်ပုံသုံးပုံနှင့်သင်တန်းကြေးငွေကျပ် ၂၅၀၀၀ဖြင့် အမျိုးသားရေကူးကန်၌အမည်စာရင်းပေးသွင်းရမည်ဖြစ်သည်။ သင်တန်းတက်သူများအားရှပ်အင်္ကျီတစ်ထည် မေတ္တာလက်ဆောင်ပေးမည်ဖြစ်ပြီး သင်တန်းဆင်း လက်မှတ် ချီးမြှင့်မည်ဖြစ်ကာ သင်တန်းနှင့်စပ်လျဉ်း၍ သိရှိလိုပါက ဖုန်း-၀၁-၃၇၈၅၅၀ သို့ ဆက်သွယ်ပြီး စုံစမ်းနိုင်ကြောင်း သိရှိရသည်။ **(မြန်မာ့အလင်း)**

# ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေရှိ မင်းအိုချမ်းသာဘုရား ရွှေထီးတော်အသစ် တင်လှူပူဇော်ပွဲ ကျင်းပမည်

**ညောင်ဦး မတ် ၁၈**

ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေ ပုဂံမြို့ဟောင်းရှိ ကောဇာသက္ကရာဇ် ၄၇၄ ခန့် ကျန်စစ်သားမင်းကြီးတည်ထားကိုးကွယ်တော်မူခဲ့သည့် မင်းအိုချမ်းသာဘုရားတွင် ဟောင်းနွမ်းနေသည့် ထီးတော်အစား ထီးတော်သစ် တင်လှူပူဇော်ပွဲကို မတ် ၂၅ ရက် တပေါင်းလဆန်း ၁၄ ရက်တွင် ကျင်းပမည်ဖြစ်ကြောင်း သိရသည်။**(အပေါ်ပုံ)**

အဆိုပါ ထီးတော်တင်လှူပူဇော်ပွဲသည် အများပြည်သူကောင်းမှုဖြစ်ပြီး အရံစေတီတော်များကို အလှူရှင်အချို့က တင်လှူပူဇော်မည်ဖြစ်သည်။ မင်းအိုချမ်းသာဘုရားကို ကျန်စစ်သားမင်းကြီး သက်တော် ၇၀ ကျော် နာမကျန်းဖြစ်နေစဉ် သီဟိုဠ်မင်းက သရီရဓာတ်တော်ကိုးဆူ ဆက်သလာရာ ကျန်စစ်သားမင်းကြီးက ငါသည်အိုမင်းမစွမ်းရှိချေပြီ၊ ထို့ကြောင့် သာသနာတော် စည်ပင်ပြန့်ပွားပါစေရန် ရည်ရွယ်ဆုတောင်းပြီး အဆိုပါ ဓာတ်တော်များကို ဌာပနာ၍ စေတီတော် တည်ထားခဲ့သောကြောင့် မင်းအိုချမ်းသာဟု အမည်တွင်ခဲ့ကြောင်း သိရသည်။ **(ခရိုင် ပြန်/ဆက်)**

# ရှေးဦးသူနာပြုနှင့် အခြေခံကျန်းမာရေး သင်တန်းဆင်း

**ပူတာအို မတ် ၁၈**

ကချင်ပြည်နယ် ပူတာအိုခရိုင် နောင်မွန်းမြို့နယ် ပန်နန်းဒင်မြို့နယ်ခွဲတွင် တည်ရှိသော ခါကာဘိုရာဇီ အမျိုးသားဥယျာဉ်၌ မတ် ၃ ရက် နံနက်ပိုင်းက ရှေးဦးသူနာပြုနှင့် အခြေခံကျန်းမာရေးသင်တန်းဆင်းပွဲ ကျင်းပရာ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနဦးစီးမှူး ဦးထိန်လင်းက သင်တန်းဆင်းအမှာစကားပြောကြားပြီး စာကြည့်တိုက်အကြောင်းသိကောင်းစရာနှင့် စာပေဖတ်ရှုကြရေးနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးတို့ကို ပညာပေးဟောပြောသည်။ ထို့နောက် သားငှက်ထိန်းသိမ်းရေးအဖွဲ့ နယ်မြေတာဝန်ခံ ဦးသန်းဇော်က ဒေသခံများ၏ ကျန်းမာရေး ဖွံ့ဖြိုးတိုးတက်လာစေရန်နှင့် ကျန်းမာရေး အသိရှိစေရန်အတွက် သဘာဝဝန်းကျင်နှင့် သားငှက်တိရစ္ဆာန်ထိန်းသိမ်းရေးဦးစီးဌာနနှင့် မြန်မာနိုင်ငံ သားငှက် ထိန်းသိမ်းရေးအဖွဲ့တို့ ပူးပေါင်းပံ့ပိုးမှုဖြင့် နောင်မွန်းမြို့နယ် ကျန်းမာရေးဦးစီးဌာနမှ ရှေးဦးသူနာပြုနှင့် အခြေခံကျန်းမာရေးသင်တန်းကို ရက်သတ္တတစ်ပတ်ကြာဖွင့်လှစ်ပို့ချခဲ့ခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။ ဆက်လက်၍ သင်တန်းတွင် ဆုရရှိသူများအား ဆုများပေးအပ်ချီးမြှင့်၍ တက်ရောက်လာသူ သင်တန်းသား ၃၄ ဦးတို့အား ငွေကျပ်ခြောက်သိန်းကျော် တန်ဖိုးရှိ ဆေးဝါးပစ္စည်းမျိုးစုံတို့ကို ပေးအပ်လှူဒါန်းခဲ့ကြောင်း သိရသည်။ (၀၄၀)

# ရန်ကုန်မဟာကုန်စည်ပြပွဲ ၂၀၁၃ ကျင်းပမည်

**ရန်ကုန် မတ် ၁၈**

မြန်မာ့နှစ်သစ်ကူး အတာသင်္ကြန်အကြို ရန်ကုန်မဟာကုန်စည်ပြပွဲ ၂၀၁၃ YANGON MEGA EXPO 2013, Including; Building Materials, Electronics, Automobile or Job Fair ကို Dagon Exhibitions Limited မှ ကြီးမှူးစုစည်းကာ မတ် ၃၀ ရက်မှ ဧပြီ ၂ ရက်အထိ ရန်ကုန်တိုင်းဒေသကြီး ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ် မင်းဓမ္မလမ်းရှိ MCC ခန်းမ၌ စည်ကားသိုက်မြိုက်စွာ ခင်းကျင်းပြသမည်ဖြစ်သည်။

ပြပွဲတွင် ပြည်တွင်းပြည်ပမှ အိမ်ရာအဆောက်အအုံအရောင်းပြခန်းနှင့် အိမ်တွင်းအလှဆင်ပစ္စည်းများ၊ ဆောက်လုပ်ရေးလုပ်ငန်းသုံး ပစ္စည်းများ၊ ခေတ်မီ ပရိဘောဂပစ္စည်းများ၊ သန့်ရှင်းရေးနှင့် မီးဖိုချောင်သုံးပစ္စည်းများ၊ အရည်အသွေးအဆင့်မီ အိမ်သုတ်ဆေးများ၊ စက်မှုလက်မှုလုပ်ငန်းသုံးပစ္စည်းများ အီလက်ထရွန်နစ်နှင့် လျှပ်စစ်ပစ္စည်းများ၊ မိုဘိုင်းဖုန်းများ၊ ကွန်ပျူတာနှင့် ဆက်စပ်ပစ္စည်းများ၊ စီးပွားရေးနှင့် ငွေကြေးဆိုင်ရာ ဝန်ဆောင်မှု ဘဏ်လုပ်ငန်းများ၊ ပြည်သူလူထုစိတ်ဝင်စားသော ကားအရောင်းပြခန်းများ၊ ကားနှင့်ဆက်စပ်ပစ္စည်းများကို သုံးစွဲသူပြည်သူလူထု ကျယ်ပြန့်စွာ တိုက်ရိုက်ဆက်သွယ်ဝယ်ယူနိုင်စေရန် ရည်ရွယ်၍ စီစဉ်ကျင်းပသည့်ပွဲဖြစ်သည်။

ယင်းအပြင် Online Register ပြုလုပ်သူ ပထမဆုံး အယောက်၃၀၀ အား အမှတ်တရလက်ဆောင်ပေးအပ်မည်ဖြစ်ပြီး လာရောက်ကြည့်ရှုလေ့လာဝယ်ယူသူများကို ရုပ်ရှင်ဒါရိုက်တာ မောင်တင်ဦး ဦးစီးသည့် "Heart of Art" Performance & Art Creation Group မှ ရုပ်ရှင်နှင့်ကြော်ငြာ သရုပ်ဆောင်ပြိုင်ပွဲ New Faces Contest 2013 ကျင်းပကာ ပထမဆုကျပ် ၁၀ သိန်း၊ ဒုတိယ ကျပ်ခုနစ်သိန်း၊ တတိယ ကျပ် ငါးသိန်းချီးမြှင့်မည်ဖြစ်ကြောင်း သိရသည်။ (၃၄၉)

**ဘုရား ကျောင်းကန် ခြင်းမချန် မီးရန် သတိထားပါ**


# ရှင်သာမဏေအပါး(၁၀၀)ရှင်ပြု နားသမင်္ဂလာ ကျေးဇူးတင်လွှာ

၁၀-၃-၂၀၁၃ရက်တွင် ပြုလုပ်ခဲ့သော ရှင်အပါး(၁၀၀) သာသနာပြုပွဲကြီး ဖြစ်မြောက်အောင် ဦးစီးဆောင်ရွက်ပေးခဲ့ပါသော တောင်ဥက္ကလာပ၊ အမှတ်(၅)ဝိုင်း၊ မဟာဝေဇယန္တာကျောင်းမှ ဆရာတော်ဦးကောဝိဒနှင့် သံဃာတော်များအားလည်းကောင်း၊ လှည့်လည်ရေးအစီအစဉ်များကို ဆောင်ရွက်ပေးခဲ့သော ဘယကျော်သူ ၁၆ လမ်း၊ အောင်မင်္ဂလာမွှေးရုံမှ အဖွဲ့သူ အဖွဲ့သားများနှင့် ရုပ်မိ ရုပ်ဖများအားလည်းကောင်း၊ မောင်ရင်လောင်း (၁၀၀)အား ပြင်ဆင်ပေးသူ ကိုသန်းထွန်းနှင့်အဖွဲ့အားလည်းကောင်း၊ MRTV-4 အဖွဲ့သားများအားလည်းကောင်း၊ ဆွေမျိုး၊ မိတ်ဆွေသူငယ်ချင်းများနှင့်တကွ အလှူပွဲကြီးဖြစ်မြောက်အောင်မြင်အောင် ဆောင်ရွက်ပေးကြသူအားလုံးတို့အား အလှူရှင်မိသားစုတို့မှ အထူးပင် ကျေးဇူးတင်ရှိပါသည်။

**အလှူဒါယကာ ဦးချစ်နိုင်- ဒါယိကာမ ဒေါ်မိုးမိုးခိုင်**
**(သမီး)မအိကြာဖြူ (သား)မောင်ကျော်ဇင်သိုက်**
**မိသားစု**






**ကန့်ကွက်နိုင်ပါကြောင်း**

ပုဇွန်တောင်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၇စီ၊ မြေကွက်အမှတ် ၁၂၇၊ မြေကွက်တည်နေရာအမှတ်-၇၊ ပိတောက်လမ်း၊ ၆ ရပ်ကွက်၊ ပုဇွန်တောင်မြို့နယ် ဦးစံရွှေ ၁၂/ပဇတ(ဧည့်)၀၀၀၀၀၈- ဒေါ်လှသန်း ၁၂/ပဇတ(နိုင်)၀၀၇၈၈၂ အမည်ပေါက် နှစ် ၆၀ ဂရန်မြေအား အမည်ပေါက်တစ်ဦးဖြစ်သူ ဒေါ်လှသန်း(မိခင်)နှင့် ဦးအောင်လှ(ဖခင်)တို့ အသီးသီးကွယ်လွန်သဖြင့် (၁) ဒေါ်ညိုညိုမြင့် ၁၂/သကတ(နိုင်)၀၀၄၄၁၉၊ (၂) ဦးလှဝင်း ၁၂/ပဇတ(နိုင်)၀၀၇၆၆၀၊ (၃) ဒေါ်စန်းစန်းဆွေ ၁၂/သကတ(နိုင်)၀၃၄၅၇၈၊ (၄) ဦးအေးထွန်း ၁၂/ပဇတ(နိုင်)၀၀၇၆၂၇တို့က သားသမီးများတော်စပ်ကြောင်း ကျမ်းကျိန်လွှာတင်ပြ၍ ပူးတွဲအမည်ပေါက် ဦးစံရွှေ ၁၂/ပဇတ(ဧည့်)၀၀၀၀၀၈နှင့်အတူ အမွေဆက်ခံပိုင်ဆိုင်ကြောင်းနှင့် အရောင်းအဝယ်စာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ပြည်တွင်းသတင်းနှင့်ဆောင်းပါး

# ကန္ဒရဝတီ-ရှမ်းခရီးသည်တင် မှန်လုံယာဉ်တိမ်းမှောက် လေးဦးသေဆုံး၊ ၂၅ဦးဒဏ်ရာရရှိ

**လွိုင်ကော် မတ် ၁၈**

ရှမ်းပြည်နယ် (တောင်ပိုင်း)ပင်လောင်းမြို့နယ်အတွင်း လွိုင်ကော်-အောင်ပန်းလမ်းပေါ်ရှိ နောင်ဝိုးတောင်ကုန်းအဆင်းတွင် လွိုင်ကော်-တောင်ကြီးပြေးဆွဲသော ကန္ဒရဝတီ-ရှမ်းခရီးသည်တင် မှန်လုံယာဉ်တစ်စီး မတ် ၁၄ ရက် ညနေက တိမ်းမှောက်၍ ခရီးသည်လေးဦး သေဆုံးပြီး ၂၅ ဦးဒဏ်ရာရရှိသော ဖြစ်ရပ်တစ်ခု ဖြစ်ပွားခဲ့ကြောင်း သိရှိရသည်။

ယင်းနေ့ ညနေ ၄ နာရီခန့်က လွိုင်ကော်မြို့နယ် မထောခူ ကျေးရွာအုပ်စု ရေနီကန်ကျေးရွာနေ ဦးချစ်စမ်းမောင် ၃၄နှစ် မောင်းနှင်သော ၂ခ/.... ကန္ဒရဝတီ-ရှမ်း ခရီးသည်တင် မှန်လုံ ခြောက်ဘီးယာဉ်သည် လွိုင်ကော်-အောင်ပန်း လမ်းအတိုင်း ပင်လောင်းမြို့ဘက်မှ ဖယ်ခုံမြို့ဘက်သို့ မောင်းနှင်လာစဉ် ပင်လောင်းမြို့နယ် နောင်ဝိုးတောင်ကုန်းအဆင်း၌ ဘရိတ်ပေါက်ကာ လမ်းယာဘက် ရေမြောင်းအတွင်းသို့ ထိုးကျ တိမ်းမှောက်ခဲ့ခြင်းဖြစ်သည်။

အဆိုပါ ယာဉ်ပေါ်တွင် ခရီးသည်၊ ယာဉ်မောင်းနှင့် ယာဉ်နောက်လိုက် စုစုပေါင်း ၃၃ ဦးလိုက်ပါလာခဲ့ပြီး ယာဉ်တိမ်းမှောက်မှုကြောင့် လေးဦးသေဆုံးကာ ၂၅ ဦးဒဏ်ရာရရှိခဲ့သည်။ ဒဏ်ရာရလူနာများအား လွိုင်ကော်နှင့် ပင်လောင်းဆေးရုံများသို့ ပို့ဆောင်ထားကြောင်း သိရသည်။

**ကြီးမြင့်နိုင်(လွိုင်ကော်)**

# ကျန်းမာရေးအသိပညာပေး ဆွေးနွေးဟောပြော

**ကြည့်မြင်တိုင် မတ် ၁၈**

အများပြည်သူနှင့်အဖွဲ့အစည်းအသီးသီးအား ဗဟိုပြု၍ကျန်းမာရေး အသိပညာများကို တိုးမြှင့်လာစေရန်အတွက် HIVကာကွယ်တားဆီးရေးအသိပညာပေးဆွေးနွေးပွဲကို မတ်၁၄ရက်နံနက်က ကြည့်မြင်တိုင်မြို့နယ် မြို့နယ်ရဲတပ်ဖွဲ့အစည်းအဝေးခန်းမ၌ ကျင်းပရာ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးစိုးသင်နှင့် ရဲတပ်ဖွဲ့ဝင် မိသားစုများ၊ ဖိတ်ကြားထားသူများ တက်ရောက်ခဲ့သည်။ အခမ်းအနားတွင် MANA ဗဟိုမှ ဒုတိယဥက္ကဋ္ဌ ဦးစောငွေနှင့် National Program Officer ဒေါ်ခင်အေးမြင့်တို့က အမှာစကားပြောကြားခဲ့သည်။ **(ဝဲပုံ) (၀၄၂)**

# ဖယောင်းတိုင်ထွန်းပြီး အိပ်ပျော်သည့် အဘိုးအို မီးလောင်သေဆုံး

**ဖျာပုံ မတ် ၁၈**

ဖြစ်ပွားပုံမှာ မတ် ၂ ရက် ည ၁၁ နာရီက သလိပ်ကြီးကျေးရွာအုပ်စု ကျေးရွာအုပ်ချုပ်ရေးမှူး ဦးမောင်နိုင်က သလိပ်ချောင်းကျေးရွာနေ ဦးနီ (ခ) ဦးသန်းထွန်း အသက်၇၀နှစ်သည် နေအိမ်၌ မီးလောင်သေဆုံးနေကြောင်း ဖုန်းဆက်အကြောင်းကြားသဖြင့် ဖျာပုံရဲစခန်းမှ ရဲအုပ်ကျော်ဇင်ဝင်းနှင့် အဖွဲ့သည် အခင်းဖြစ်ရာသို့ သွားရောက်စစ်ဆေးကြည့်ရှုရာ သလိပ်ကြီးချောင်းဖျားကျေးရွာ သလိပ်ချောင်းဘေး ဓနိခြံအတွင်း ဓနိမိုး၊ ဓနိကာကြမ်းခင်း နေထိုင်သော ဦးနီ၏နေအိမ်၌ ည ၁၀ နာရီ၁၅မိနစ်ခန့်က မီးစတင် လောင်ကျွမ်းပြီး ဦးနီသည် မီးလောင် ဒဏ်ရာဖြင့်သေဆုံးနေကြောင်းတွေ့ရှိရသည်။ ဦးနီသည် တစ်ဦးတည်း နေထိုင်၍ အရက်သေစာသောက်စားစဉ် ကော်ခွက်ဘူးပေါ်တွင် ဖယောင်းတိုင်တင်ထွန်းခဲ့ကြောင်း၊ မူးယစ်အိပ်ပျော်နေစဉ်ခန်းဆီးသို့ မီးကူးစက်၍ တစ်အိမ်လုံး မီးလောင်ကျွမ်းခဲ့ခြင်းဖြစ်ကြောင်း မီးလောင်ကျွမ်းမှုကြောင့် နေအိမ်တန်ဖိုးငွေကျပ်၅၀၀၀၀ဆုံးရှုံးခဲ့ကြောင်း သိရသည်။ ဦးနီမီးလောင် သေဆုံးရခြင်းမှာ ဓမ္မတာအတိုင်း သေဆုံးရခြင်း ဟုတ်မဟုတ်သိရှိရန် ဖျာပုံရဲစခန်းက သေမှုသေခင်း အမှတ် ၁၁/၁၃ဖြင့် အမှုဖွင့်အရေးယူထားကြောင်း သိရှိရသည်။

**(ပုသိမ်လုကြည်)**

# အကောက်ခွန်မဲ့ကုန်ပစ္စည်းများ စစ်ဆေးတွေ့ရှိ

**ဝေါ မတ် ၁၈**

ပဲခူးတိုင်းဒေသကြီး ဝေါမြို့နယ် ဆပ်သွားခြုံကျေးရွာအနီး မိုင်တိုင်အမှတ် ၈၁/၄တွင် (Mobile Team-2) လရ-၂အဖွဲ့သည် တရားမဝင် ကုန်ပစ္စည်းများနှင့် အကောက်ခွန်မဲ့ ကုန်ပစ္စည်းများ သယ်ဆောင်လာသော မော်တော်ယာဉ်များကို ရပ်တန့်စစ်ဆေးရာ မတ် ၁၄ရက် မွန်းလွဲ ၂ နာရီက ယာဉ်မောင်းကရင်ကြီးမောင်းနှင်လာသော ယာဉ်အမှတ် ပ/... ယာဉ်ပေါ်တွင် ပူရှိန်းတောင့်၁၂ဖာ၊ အချိုရည် ၁၃ဖာ၊ ငရုတ်ဆော့ရှစ်ဖာ၊ပဲနို့ ၃၂ဖာ၊ Coconut Creem လေးဖာ ကာလတန်ဖိုးငွေကျပ်၃၆၃၈၀၀ ကိုလည်းကောင်း၊ ယာဉ်မောင်းဌေးဝင်းမောင်းနှင်လာသောယာဉ်အမှတ်၅ခ/... ယာဉ်ပေါ်တွင် အချိုရည် ၄၅ကတ် အပါအဝင်ပစ္စည်းလေးမျိုး ကာလတန်ဖိုး ငွေကျပ် ၂၈၀၄၀၀၀ ကို လည်းကောင်း၊ ယာဉ်မောင်းသန်းဌေး မောင်းနှင်လာသော ယာဉ် အမှတ် ၈ခ/... ယာဉ်ပေါ်တွင် ကလေးဝတ်၊ မဝတ်၊ ကျားဝတ် အင်္ကျီတစ်အိတ်၊ ကလေးဝတ်အင်္ကျီတစ်အိတ်၊ မဝတ်ဘောင်းဘီတစ်အိတ် ကာလတန်ဖိုးငွေကျပ် ၁၂၁၂၃၀၀ကို လည်းကောင်း စစ်ဆေးတွေ့ရှိရသည့်အတွက် အသီးသီးအမှုဖွင့်အရေးယူခဲ့ကြောင်းသိရှိရသည်။ **(ဘုန်းသော်-ဝေါ)**

# သက်ကြီးရွယ်အိုများအား အခမဲ့ကျန်းမာရေးစောင့်ရှောက်ပေးလျက်ရှိ

**ကျိုင်းတုံ မတ် ၁၈**

ကျန်းမာရေးဝန်ကြီးဌာန၏ လမ်းညွှန်ချက်ဖြင့် ရှမ်းပြည်နယ် (အရှေ့ပိုင်း)ကျိုင်းတုံမြို့ အထွေထွေရောဂါကုဆေးရုံကြီး ပြင်ပလူနာဌာနတွင် ဆေးရုံအုပ်ကြီး ဒေါက်တာသိန်းလွင် ကြီးကြပ်ပြီး ဒေါက်တာရဲကျော်စီ အထူးကုဆရာဝန်ကြီး(ဆေးပညာ)၊ ဒေါက်တာမျိုးညွန့် အထူးကုဆရာဝန်(ဆေးပညာ) ခေါင်းဆောင်သော လက်ထောက်ဆရာဝန်ငါးဦးနှင့် သူနာပြု ၁၀ ဦးပါဝင်သောအဖွဲ့သည် အသက် ၆၀ ကျော် အဘိုး၊ အဘွားများအား အပတ်စဉ်သောကြာနေ့တိုင်း နံနက် ၁၀ နာရီမှစတင်ကာ အခမဲ့ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိသည်။

**လာရောက်**

ယင်းသက်ကြီးရွယ်အိုများ အခမဲ့ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းသို့ ကျိုင်းတုံမြို့နယ်အတွင်းရှိ ရပ်ကွက်/ကျေးရွာများမှ အသက် ၆၀ကျော် အဘိုး၊ အဘွားများ လာရောက်ကာ ကျန်းမာရေးစစ်ဆေးလျက်ရှိပြီး အဆိုပါ အခမဲ့ ကျန်းမာရေးစောင့်ရှောက်မှုစနစ်ကို ဝမ်းသာကျေနပ်လျက်ရှိကြောင်းနှင့် နေ့စဉ်လူနာ ၃၀ မှ ၅၀ အထိ လာရောက်ကျန်းမာရေး စစ်ဆေးလျက်ရှိကြောင်း သိရသည်။

**ရန်နိုင်(သီလ၀)**

**ဓာတ်ဆီဖြည့်မှု သတိပြု**

**ပူပြင်းသော ရာသီကာလ နေ့လယ်ချိန်များတွင် မော်တော်ယာဉ်များ ဓာတ်ဆီဖြည့်ခြင်းနှင့်ဓာတ်ဆီလဲလှယ်ခြင်းများပြုလုပ်စဉ် ပွတ်တိုက်မှု**(Friction)**မှ သဘာဝတည်ငြိမ် လျှပ်စစ်**(Static Electricity)**တို့ ဖြစ်ပေါ်တတ်မှုကြောင့် မီးလောင်မှုများ ဖြစ်ပွားနိုင်ပါသဖြင့် ရာသီဥတုပူပြင်းချိန်တွင် ပလတ်စတစ်ပုံး၊ ပလတ်စတစ်ပိုက်တို့ဖြင့် ဓာတ်ဆီဖြည့်ခြင်းနှင့်လဲလှယ်ခြင်းများကို သတိပြုရှောင်ကြဉ်ကြပါရန်။**

မီးသတ်ဦးစီးဌာန

ရထားပို့ဆောင်ရေးဝန်ကြီးဌာန
မြန်မာ့မီးရထား
အိတ်ဖွင့်တင်ဒါ (Open Tender) ခေါ်ယူခြင်း

၁။ အောက်ပါပစ္စည်းများကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသည်-

| စဉ် | တင်ဒါအမှတ် | ပစ္စည်းအမျိုးအမည် |
| --- | --- | --- |
| (က) | [illegible] | e-government System ပစ္စည်း(9)items (Computer,Copier,UPS,Server, Firewall Router, Network Cable & Portal-Software) |
| (ခ) | [illegible](CME)(YUG) | Raw Material & Tools(126)items (EN-24,MS,Brass Round Bar, [illegible] Rubber [illegible] Tools များ) |

တင်ဒါပိတ်မည့်နေ့/အချိန် - အမှတ်စဉ်(က) - [illegible](၁၂၀၀)နာရီ
- အမှတ်စဉ်(ခ) - [illegible](၁၂၀၀)နာရီ

၂။ တင်ဒါပုံစံများကို [illegible]

[illegible] -294352, 291994.

## ကန့်ကွက်နိုင်ပါကြောင်း

မရမ်းကုန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၅၆/သမိုင်း၊ မြေကွက်အမှတ် ၉/က၊ မြေကွက်တည်နေရာအမှတ် ၁၂၊ မေခလမ်း၊ (၇)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ် ဒေါက်တာကြေးမုံဝင်းအမည်ပေါက် မြေပိုင်မြေ၊ အိမ်ရာမြေအား အမည်ပေါက် ဒေါ်ကြေးမုံဝင်း ၁၂/မရက(နိုင်)၁၀၈၉၀၅ က မရွှေ့မပြောင်းနိုင်သည့်ပစ္စည်းကို ရောင်းကြောင်းလက်မှတ်စာ စာချုပ် ၅၅၇/၈၅ (၃၁-၅-၈၅)မိတ္တူမှန်တင်ပြ၍ အိမ်သစ်ဆောက်ရန်မြေပုံကူးနှင့် မြေတိုင်းတာရန်အတွက် မြေတိုင်းလျှောက်ထားလာရာ ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

[illegible]

UNIVERSITY OF CAMBRIDGE

edexcel
Approved Centre No. 93711

MYANMAR NOBLE COLLEGE

✳ နိုင်ငံတကာတက္ကသိုလ်များသို့ဝင်ရောက်ခွင့်ဖြေဆိုနေသူများအတွက် Myanmar Noble College တွင် (၂၂-၄-၂၀၁၃ မှ ၂၁-၆-၂၀၁၃)ရက်ထိ Foundation Leading to University Entrance ဖွင့်လှစ်သွားမည်ဖြစ်ပါသည်။

✳ တက္ကသိုလ်ဝင်တန်းဖြေဆိုထားသူများ/ဖြေဆိုအောင်မြင်ပြီးသူများနှင့် နိုင်ငံတကာတက္ကသိုလ်များဝင်ခွင့်ဖြေဆိုရန်ပြင်ဆင်နေသူများတက်ရောက်နိုင်ပါသည်။

✳ English Proficiency, Mathematics အပါအဝင်နိုင်ငံတကာတက္ကသိုလ်ဝင်ခွင့်အတွက်လိုအပ်သောဘာသာရပ်များကို Native Speaker Teacher များ၊ ဘာသာရပ်ဆိုင်ရာပါရဂူ ဆရာ/ဆရာမကြီးများမှကိုယ်တိုင်သင်ကြားပို့ချမည်ဖြစ်ပါသည်။

✳ HND Foundation / International University Entrance(Local/Abroad) များအတွက်စီစဉ်ထားခြင်းဖြစ်ပါသည်။

✳ သင်တန်းချိန်အား(၁၂း၃၀ မှ ၁၆း၀၀) ချိန်ထိဖွင့်လှစ်ပို့ချမည်ဖြစ်ပြီး သင်တန်းသားဦးရေကန့်သတ်ဖွင့်လှစ်မည်ဖြစ်၍တက်ရောက်လိုသူများ စာရင်းလက်ခံလျက်ရှိပါသည်။အသေးစိတ်သိရှိလိုပါက Myanmar Noble College ကျောင်းသားရေးရာဌာနဖုန်း (၂၂၀၄၇၆ / ၀၉၇၃၁၆၃၉၇၅) သို့ဆက်သွယ်စုံစမ်းနိုင်ပါသည်။

Myanmar Noble College
No.(108), Hninsi Street (Upper), Ahlone Township, Yangon, Myanmar.
Ph- 01-220476 , 09-73163975
www.myanmarnoblecollege.com

ကြော်ငြာ

# မင်္ဂလာဧည့်ခံပွဲကျေးဇူးတင်လွှာ

မန္တလေးမြို့၊ နန်းရှေ့၊ အကွက်(၁)၊ အမှတ်(၃၃)၊ လှည်းတန်းရပ်နေ
(ဦးသောင်း)-ဒေါ်ညို တို့၏သား

**မောင်လွင်လွင်ထွန်း**
**B.A (Philosophy)**
**လမင်း မော်တော်ယာဉ်မောင်းအတတ်သင်တန်းကျောင်းလုပ်ငန်း၊ ဆင်ဖြူကန်ကွင်း၊ မန္တလေး**

နှင့်

ရွှေဘိုမြို့၊ ရွှေဘိုတက္ကသိုလ်ဝင်းအတွင်းနေ
(ဦးသန်းကွန့်၊ ကထိက၊ ရူပဗေဒ)-ဒေါ်ခင်တီမာ တို့၏သမီး

**မခိုင်ခိုင်သန်း**
**B.Sc (Maths:)**

တို့၏ ၁၀-၃-၂၀၁၃ရက် မန္တလေးမြို့ Oriental House ခန်းမ၌ ကျင်းပပြုလုပ်ခဲ့သော မင်္ဂလာဧည့်ခံပွဲအခမ်းအနားတွင် မင်္ဂလာမော်ကွန်းတင်လက်မှတ်ရေးထိုးပေးပါသော ဦးစိုးသိန်း (မန္တလေးတိုင်းဒေသကြီးတရားသူကြီးချုပ်)နှင့်ဇနီး ဒေါ်ခင်သောင်းစိုး၊ မင်္ဂလာအောင်စံပယ်ပန်းကုံး ချီးမြှင့်ပေးပါသော ဦးရဲအောင်မြင့်(မန္တလေးတိုင်းဒေသကြီး ဥပဒေချုပ်)နှင့်ဇနီး ဒေါ်သန်းသန်းစု၊ မင်္ဂလာလက်ထပ်လက်စွပ်ဆင်မြန်းပေးပါသော ဦးအောင်မောင်း(မြို့တော်ဝန်) မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီနှင့်ဇနီး ဒေါ်အေးအေးမြင့်တို့အားလည်းကောင်း၊ မင်္ဂလာအခမ်းအနားသို့ ကြွရောက်ချီးမြှင့်ပေးပါသော ဦးသိန်းဦး (တိုင်းဒေသကြီးဦးစီးမှူး၊ ကညန၊ မန္တလေး)၊ ဦးကံညွန့်(ညွှန်ကြားရေးမှူး၊ ပစန၊ နေပြည်တော်)၊ ဒေါ်ဥမ္မာအေး (တိုင်းဒေသကြီး မန်နေဂျာ၊ မြန်မာ့အာမခံလုပ်ငန်း)၊ ရဲမှူးသိန်းကိုကို(ယာဉ်ထိန်းရဲတပ်ဖွဲ့)၊ ရဲမှူးမြင့်လွင် (ခရိုင်ရဲတပ်ဖွဲ့မှူး)တို့အားလည်းကောင်း၊ မင်္ဂလာအခမ်းအနားမှူးအဖြစ် ဆောင်ရွက်ပေးပါသော ဒေါ်ခင်ညွန့်ဝေ (ဒု-ကြီးကြပ်ရေးမှူး) မြန်မာ့အာမခံလုပ်ငန်း၊ မင်္ဂလာပန်းကြဲပေးပါသော မမြမ္ဘူနိုင်၊ မင်္ဂလာလက်စွပ်ကလပ်နှင့် မင်္ဂလာပန်းကုံး ကိုင်ဆောင်ပေးပါသော မသုမွန်စိုး၊ မပြည့်မွန်ကျော်(မြန်မာ့အာမခံလုပ်ငန်း)တို့အားလည်းကောင်း၊ မင်္ဂလာဝတ်စုံစီစဉ်ပေးပါသော Designer ကိုမျိုးမင်းစိုး၊ မင်္ဂလာသတို့သမီးအား မိတ်ကပ်အလှပြင်ပေးပါသော ကိုမင်းမောင်နှင့် အဖွဲ့၊ မင်္ဂလာအခမ်းအနား ပန်းအလှဆင်ပေးပါသော မယ်ကင်းနှင့်အဖွဲ့တို့အားလည်းကောင်း၊ မင်္ဂလာတေးသံသာသီချင်းဖြင့် သီဆိုဖျော်ဖြေဂုဏ်ပြုပေးပါသော ဦးစိန်မြင့်(ရွှေချည်ထိုး၊ ပန်းချီ၊ အနုပညာရှင်)နှင့် မြို့မတေးဂီတအဖွဲ့၊ ဓာတ်ပုံနှင့်ဗီဒီယိုမှတ်တမ်းတင်ရိုက်ကူးပေးပါသော ကိုမျိုးဝင်းနိုင်(စိန်မိုဃ်းဗီဒီယိုရိုက်ကူးရေးအဖွဲ့)တို့အားလည်းကောင်း၊ မင်္ဂလာအခမ်းအနား အောင်မြင်စွာကျင်းပပြုလုပ်နိုင်ရေးအတွက် အဘက်ဘက်မှ ဝိုင်းဝန်းကူညီပေးပါသော ကညန၊ မြန်မာ့အာမခံလုပ်ငန်း၊ မန်းစည်ပင်ဝန်ထမ်းများ၊ လမင်းမော်တော်ယာဉ်မောင်းသင်တန်းကျောင်းမှဝန်ထမ်းများ၊ နှစ်ဖက်သောဆွေမျိုးမိတ်သင်္ဂဟများနှင့် ကျေးဇူးတင်ထိုက်သူများအားလုံးကို အထူးလှိုက်လှဲစွာ ကျေးဇူးတင်ရှိပါကြောင်း။

**နှစ်ဖက်သောမိဘများနှင့် မောင်လွင်လွင်ထွန်း-မခိုင်ခိုင်သန်း**

# လက်ထပ်ပြီးစီးကြောင်းနှင့် မင်္ဂလာဧည့်ခံပွဲကျေးဇူးတင်လွှာ

24, Nelson Drive, Randolph 2A, MA 02368, Boston, U.S.A နေ
Wang Kay Hock - Tan Shu Inn တို့၏သား

**Wang Sein Aye (a) မောင်စိန်အေး**
**B.Sc (Zoology)**

နှင့်

ရန်ကုန်မြို့၊ ရွှေပြည်သာမြို့နယ်၊ (၂/၃၀)ရပ်ကွက်၊ မြသီတာလမ်း၊ အမှတ် (၁၅၀)နေ
(ဦးစိန်လှိုင် (a) Jack)-ဒေါ်တင်မေ(ခ)ဒေါ်ငယ် တို့၏သမီးငယ်

**မလှိုင်ငယ်သွေး**
**B.A (Hons:), M.A (History) ကထိက၊ သမိုင်းဌာန၊ ရန်ကုန်တက္ကသိုလ်**

တို့၏ ၇-၂-၂၀၁၃ရက် (ကြာသပတေးနေ့)တွင် မင်္ဂလာမော်ကွန်းတင်လက်မှတ်ရေးထိုးပေးပါသော ရန်ကုန်တိုင်းဒေသကြီး တရားလွှတ်တော်ဒုတိယညွှန်ကြားရေးမှူး ဦးကျော်စွာငြိမ်း၊ အသိသက်သေများအဖြစ် လက်မှတ်ရေးထိုးပေးပါသော ဒေါက်တာမျိုးသန့် (ပါမောက္ခ/ဌာနမှူး၊ ဘူမိဗေဒဌာန၊ ရန်ကုန်အနောက်ပိုင်းတက္ကသိုလ်)နှင့် ဇနီး ဒေါက်တာရွှေစင်ဘုန်းနိုင် (တွဲဖက်ပါမောက္ခ၊ သမိုင်းဌာန၊ ရန်ကုန်တက္ကသိုလ်)၊ ၁၁-၂-၂၀၁၃ရက် (တနင်္လာနေ့)တွင် မင်းကွန်းတိပိဋကကျောင်းတိုက် ရွှေရတုခန်းမတွင် ကျင်းပပြုလုပ်သော မင်္ဂလာဧည့်ခံပွဲတွင် မေတ္တာဖြင့် မင်္ဂလာလက်ဖွဲ့များပေးပို့ပေးပါသော ပညာရေးဝန်ကြီးဌာနမှ ဒုတိယဝန်ကြီး ဒေါက်တာဘရွှေနှင့်ဇနီး၊ အငြိမ်းစားဆရာကြီး၊ ဆရာမကြီးများနှင့် ဆွေမျိုးမိတ်သင်္ဂဟများ၊ မင်္ဂလာဧည့်ခံပွဲသို့ ကြွရောက်ချီးမြှင့်ကြပါသော အငြိမ်းစားပါမောက္ခ ဒေါက်တာကျော်ဝင်းနှင့်ဆရာကြီး ဆရာမကြီးများ၊ ဒေါက်တာမြင့်သိန်း (ဒု-ညွှန်ချုပ်၊ ငြိမ်း)နှင့်ဇနီး ဒေါက်တာမာဂရက်ဝေါင်း (ပါမောက္ခ/ဌာနမှူး၊ သမိုင်းဌာန၊ ရန်ကုန်တက္ကသိုလ်)၊ တက္ကသိုလ်အသီးသီးရှိ သမိုင်းဌာနများမှ ပါမောက္ခများ၊ တွဲဖက်ပါမောက္ခများ၊ ကထိကများ၊ လ/ထ ကထိကများ၊ နည်းပြများနှင့် နှစ်ဖက်သော မိဘဆွေမျိုးမိတ်သင်္ဂဟများ၊ ကျေးဇူးတင်ထိုက်သူအားလုံးအား အထူးပင်ကျေးဇူးတင်ရှိပါကြောင်း။

**နှစ်ဖက်သော မိဘများနှင့် မောင်စိန်အေး-မလှိုင်ငယ်သွေး**

## ကွာရှင်းပြတ်စဲခြင်း

အမှတ် ၁၁၊ ၁၁၄လမ်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်နေ ဦးဇော်မိုးဝင်း၊ ဒေါ်နွယ်နွယ်ထိုက်တို့၏သား မောင်ဖြိုးမောင်မောင်ကျော် ၁၂/မဂတ(နိုင်) ၀၉၅၇၄၆ သည် အိမ်ထောင်ရေးဖောက်ပြန်ပါသဖြင့် ၆-၃-၂၀၁၃ ရက်၌ ကျောက်တံတားမြို့နယ် တရားရုံး ဒုတိယမြို့နယ်တရားသူကြီး(၁)ဒေါ်လဲ့လဲ့ဝါ ရှေ့မှောက်တွင် ကွာရှင်းလက်မှတ်ရေးထိုးခဲ့ကြောင်း ကြေညာအပ်ပါသည်။

**မရတနာနိုင်ဦး**
**၁၂/တမန(နိုင်)၁၀၇၆၇၆**
**၇၅၊ အင်းဝလမ်း၊ ကျောက်မြောင်း၊ တာမွေမြို့နယ်**

## သားအဖြစ်မှ အမွေပြတ် ရာသက်ပန်စွန့်လွှတ်ခြင်း

ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၄၅)ရပ်ကွက်နေ ကျွန်တော် ဦးကြည်ရှိန် ၁၂/မရက(နိုင်) ၀၆၄၂၀၅ ၏သား မောင်မင်းရှိန် ၁၂/မရက(နိုင်)၀၀၁၀၀၂ သည် အကြိမ်ကြိမ် အခါခါ စိတ်ဆင်းရဲအောင် အမျိုးမျိုးပြုလုပ်နေပါသဖြင့် ယနေ့မှစ၍ သားအဖြစ်မှ အမွေပြတ် ရာသက်ပန် စွန့်လွှတ်လိုက်သည်။

## အကြင်လင်မယားအဖြစ်မှ တရားဝင်ကွာရှင်းပြတ်စဲခြင်း

ကျွန်တော် ဦးကျော်မင်းသူ ၁၄/ကလန(နိုင်)၀၀၄၀၄၂ နှင့် ဇနီး ဒေါ်စိုးစိုးရည်တို့သည် စိတ်သဘောထားချင်း မတိုက်ဆိုင်သဖြင့် ၁၅-၃-၂၀၁၃ရက်တွင် ဒေါပုံ တရားရုံးတော်၌ တရားဝင် ကွာရှင်းပြတ်စဲကြောင်း လက်မှတ်ရေးထိုးပြီး ဖြစ်ပါ၍ ၄င်းနှင့်ပတ်သက်သော ကိစ္စအဝဝအား တာဝန်မယူပါကြောင်း။

# လက်ထပ်ပြီးစီးခြင်း

မန္တလေးတိုင်းဒေသကြီး၊ မြင်းခြံမြို့၊ အမှတ်(၁၃)နေ
ဦးသန်းထွန်း-ဒေါ်မြဝင်း တို့၏သား

**မောင်ဟိန်းထက် I.M.T (CD 33)**

နှင့်

ရန်ကုန်တိုင်းဒေသကြီး၊ ရွှေပြည်သာစက်မှုဇုန်၊ အမှတ် ၃၆/၃၈၃၊ ပြည်နဝဒေးလမ်းနေ
ဦးထူးထူးအောင်-ဒေါ်ကြူကြူလွင် တို့၏တစ်ဦးတည်းသောသမီး

**မနန်းကြူအောင် M.B.,B.S (YGN)**

တို့သည် ၁၃-၃-၂၀၁၃ရက်တွင် နှစ်ဖက်မိဘများ၏ သဘောတူညီမှုအရ ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်၊ သမိုင်း(၁)ရပ်ကွက်၊ ၂ လမ်းရှိ ရတနာမဥ္ဇူမမ္ဘရိပ်သာကျောင်းတိုက်၌ မင်္ဂလာဆွမ်းကျွေး၍ လက်ထပ်ပြီးစီးပါသည်။ **မောင်ဟိန်းထက်-မနန်းကြူအောင်**

## ဝန်ထမ်းအလိုရှိသည် (ပြည်တွင်း၌သာခန့်ထားရန်)

**(1)Fine Jewellery Sales & Marketing ဝန်ထမ်း မ (၅) ဦး အလိုရှိသည်။**
- အင်္ဂလိပ်ဘာသာစကားပြောကျွမ်းကျင်သူ
- အရောင်းနှင့်ဈေးကွက်တာဝန်ကို တက်ကြွစွာလုပ်ကိုင်နိုင်သူဖြစ်ရမည်။
- လူမှုဆက်ဆံရေး အထူးကောင်းမွန်ရန်လိုအပ်သည်။
- အသက်(၂၀)မှ (၃၀)အတွင်း
- ရုပ်ရည်ပြေပြစ် ကျော့ရှင်းရန်လိုအပ်သည်။
- လက်ဝတ်ရတနာလုပ်ငန်းအား ဝါသနာပါစိတ်ဝင်စားသူဖြစ်ရမည်။
- အရည်အချင်းရှိ ဝန်ထမ်းများကို ထိုက်တန်သောခံစားခွင့် ရရှိမည်။

**(2)ယာဉ်မောင်း (၁)ဦး အလိုရှိသည်။**

ကိုယ်ရေးအကျဉ်း၊ မှတ်ပုံတင်မိတ္တူ၊ သန်ခေါင်းစာရင်းမိတ္တူ၊ အလုပ်သမားမှတ်ပုံတင်၊ ရဲစခန်းထောက်ခံစာ၊ ရပ်ကွက်ထောက်ခံစာ၊ ဓာတ်ပုံနှစ်ပုံနှင့်အတူ ကြော်ငြာပါသည့်ရက်မှ တစ်ပတ်အတွင်း လာရောက်လျှောက်ထားနိုင်ပါသည်။

**ဆက်သွယ်ရန်- SP GEMS & JEWELLERY**
**No.30(A), Pyay Road, 7 miles Mayangone Tsp, Yangon.**
**Monday to Friday 9:30 AM to 5:00 PM**

## အများသိစေရန် ကြေညာခြင်း

ကျွန်မ ဒေါ်ခင်ကြည် ၁၂/ဥကမ(နိုင်)၁၂၉၅၄၉၊ အမှတ် ၂၄၄၊ မေယုလမ်းမကြီး၊ (က)ရပ်ကွက်၊ မြောက်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့နေသူမှ အောက်ပါအတိုင်း အသိပေးကြေညာအပ်ပါသည်။

ကျွန်မ ဒေါ်ခင်ကြည်သည် အိမ်အမှတ်-၂၄၄၊ မေယုလမ်းမကြီး၊ (က)ရပ်ကွက်၊ မြောက်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့ရှိ အိမ်၊ မြေအား ကျွန်မတစ်ဦးတည်းမှ အမည်ပေါက်ပိုင်ဆိုင်နေထိုင်လျက်ရှိပါသည်။ အဆိုပါ အိမ်၊ မြေနှင့် ပတ်သက်၍ ကျွန်မမှ အခြားမည်သူတစ်ဦးတစ်ယောက်ကိုမျှ ရောင်းချထားခြင်း၊ လွှဲပြောင်းထားခြင်း၊ ပေးကမ်းစွန့်လွှတ် လှူဒါန်းထားခြင်းမရှိပါ။ သားသမီးများကိုလည်း လွှဲပြောင်း၊ ပေးကမ်း၊ ရောင်းချထားခြင်းမရှိပါ။ ထို့ကြောင့် အထက်ပါ အိမ်၊ မြေနှင့်ပတ်သက်ပြီး ကျွန်မဒေါ်ခင်ကြည်မသိရှိဘဲ မည်သူမျှ လွှဲပြောင်းခြင်း၊ ရောင်းချခြင်း၊ ပေါင်နှံခြင်း၊ ပေးကမ်းလှူဒါန်းခြင်းများ မပြုလုပ်ကြရန်နှင့် ထိုသို့ပြုလုပ်ပါက ပြုလုပ်သူများ၏ တာဝန်သာဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**ဦးလှမင်းထွန်း LL.B, D.B.L**
**အထက်တန်းရှေ့နေ(စဉ်-၂၇၅၂၈)**
**အမှတ်(၂၉)၊ ဇမ္ဗူရာဇ်ရွှေစင်လမ်း၊ (၂)ရပ်ကွက်၊ ဝေဘာဂီ၊**
**မြောက်ဥက္ကလာပမြို့နယ်၊ ဖုန်း-၀၉-၄၉၂၈၀၂၁၇**

**ဒေါ်ခင်ကြည် ၁၂/ဥကမ(နိုင်)၁၂၉၅၄၉**
**အမှတ်-၂၄၄၊ မေယုလမ်းမကြီး၊ (က)ရပ်ကွက်၊**
**မြောက်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့။**



## အိမ်နှင့်ခြံရောင်းမည် (ကျပ်သိန်း ၇၅၀)

မြောက်ဥက္ကလာပ၊ နွယ်နီ ၅လမ်းထိပ်၊ အနံပေ (၂၀×၁၅)×အလျား ပေ ၆၀ ထောင့်ကွက်

**ဆက်သွယ်ရန်**
**ဖုန်း-၀၁-၂၂၇၃၂၉၊**
၀၉-၇၃၀၀၂၁၉၂

## ပျောက်ဆုံး

ကျွန်တော် ခိုင်မင်းထက်၏ နိုင်ငံကူးလက်မှတ်အမှတ် ၆၆၅၈၂၂ နှင့် ကျွန်မ မတင်မိုးသိန်း၏ နိုင်ငံကူးလက်မှတ်အမှတ် ၁၉၂၉၀၅ ပျောက်ဆုံးသွားသဖြင့် တွေ့ရှိပါက ပြန်လည်အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၅၁၁၃၈၀၆၊**
၀၉-၄၀၂၅၅၄၆၆၆

## သားအဖြစ်မှအမွေပြတ်စွန့်လွှတ်ခြင်း

မင်္ဂလာဒုံမြို့နယ်၊ ၂/က၊ စံပြရပ်ကွက်၊ အမှတ် ၁၁၇၊ ဓမ္မသုခအပြင်လမ်းနေ ဦးခင်လေး ၆/မအရ(နိုင်)၀၇၇၅၂၆သည် သားဖြစ်သူ မောင်လေးဝင်း ၁၀/ခဆန(နိုင်) ၀၆၂၅၈၂ အား မိဘဆိုဆုံးမစကား နာခံခြင်းမရှိသဖြင့် ယနေ့မှစ၍ သားအဖြစ်မှ အမွေပြတ် စွန့်လွှတ်လိုက်ပါသည်။ ၄င်းနှင့်ပတ်သက်သည့် ကိစ္စအဝဝကို တာဝန်မယူပါကြောင်း။ **ဖခင်-ဦးခင်လေး**

## ကြော်ငြာ

# သုံးလပြည့်မွေးနေ့ဆုတောင်း

ချစ်သမီးလေး ရှင်ဘုန်းပြည့်အောင်၏ ၁၉-၃-၂၀၁၃ ရက်တွင် ကျရောက်သော သုံးလပြည့်မွေးနေ့မှစ၍ နှစ်ပေါင်းများစွာတိုင် စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းတို့နှင့် ပြည့်စုံပြီး ချစ်သောဖေဖေ မေမေတို့နှင့်အတူ ပျော်ရွှင်ချမ်းမြေ့သော ဘဝလေးပိုင်ဆိုင်ပါစေ။

**နှစ်ဖက်သော ဘိုးဘိုး၊ ဘွားဘွား**
**ဦးဦး၊ ဒေါ်ဒေါ်နှင့်**
**ဖေဖေ-ဦးဇော်လင်းထိုက်**
**(Managing Director)**
**(Thig Min Yadanar Co.,Ltd.)**
**မေမေ-ဒေါ်ဟန်သီလွင်ဦး**

### မော်တော်ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၁က/၇၉၀၆၊ Toyoto Hilux.LN 80, P/U(4x2)R ယာဉ်လက်ဝယ်ရှိသူ ဘဒ္ဒန္တပဏ္ဍဝံသ ၁၄/ဝခမ(သ)ဝဝဝ၁၄၁ က ယာဉ်မှတ်ပုံတင်စာအုပ်(ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန၊ ခရိုင်ရုံး (ရန်ကုန်မြောက်ပိုင်း)၊ အင်းစိန်မြို့နယ်**

### စာရေးဆရာ မိုးဦး(ကောင်းထက်)၏ စာမူကိစ္စအဝဝနှင့် ပတ်သက်ပြီး အများသိစေရန် ကြေညာချက်

ကွယ်လွန်သူစာရေးဆရာ မိုးဦး(ကောင်းထက်)၏ စာမူကိစ္စအဝဝနှင့်ပတ်သက်ပြီး ဇနီးဖြစ်သူ ကျွန်မဒေါ်တင်တင်ဝင်း ၁၂/ဥကတ(နိုင်)ဝ၇၇၅၅၇ က အများသိစေရန် ကြေညာအပ်ပါသည်။

စာရေးဆရာမိုးဦး(ကောင်းထက်)၏ ထုတ်ဝေခြင်းမပြုရသေးသော စာမူများ၊ ထုတ်ဝေပြီး စာမူများနှင့် အခြားစာပေလက်ရာ မည်သည်ကိုမဆို ပုံနှိပ်ထုတ်ဝေလိုခြင်း၊ တစ်နည်းနည်းဖြင့် လွှဲပြောင်းအသုံးပြုလိုခြင်းများ ပြုလုပ်လိုပါက ကျွန်မဒေါ်တင်တင်ဝင်း၏ ခွင့်ပြုချက်ဖြင့်သာ ပြုလုပ်ဆောင်ရွက်ပါရန် ကြေညာအပ်ပါသည်။

**ဒေါ်တင်တင်ဝင်း**
**အမှတ်-၂၃၃၊ ပင်းယ ၁၀ လမ်း၊**
**၅ ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်**
**ဖုန်း-ဝ၉-၄၅ဝဝ၄၇၆၉၅**

**အယူတော်ခံမှုကိုဆိုင်ရန် ချိန်းဆိုသည့်နေ့ရက်ကို အယူတော်ခံတရားပြိုင်များသို့ ကြားသိစေသည့်**

### အကြောင်းကြားစာ

**(တရားမကျင့်ထုံး ကိုဒ့်ဥပဒေအမိန့်-၄၁၊ နည်းဥပဒေ-၁၄)**
**ရန်ကုန်တိုင်းဒေသကြီး တရားလွှတ်တော်**
**၂၀၁၂ခုနှစ် တရားမ ပထမအယူခံမှုအမှတ်-၃၁၅**

ဒေါ်ခင်မမငွေး **နှင့်** ၁။ ဦးသန်းငွေး
၂။ ဒေါ်ကြည်ကြည်(ခ)ဒေါ်မြင့်မြင့်အေး
အမှတ်(၂၆/၂၈)၊ အလံပြဘုရားလမ်း၊
စံပြဖဆပလရပ်ကွက်၊ မင်္ဂလာတောင်
ညွန့်မြို့နယ်
၃။ ဦးဂျင်မီ(ခ)ဦးငြိမ်းငွေး(ခ)ဦးဇော်ထွန်း
၄။ ဒေါ်ခင်ငွေးကြည်(ခ)ဒေါ်ကြည်ကြည်ငွေး
အမှတ်(၂၆/၂၈)၊ အလံပြဘုရားလမ်း၊
စံပြဖဆပလရပ်ကွက်၊ မင်္ဂလာတောင်ညွန့်
မြို့နယ်၊ ရန်ကုန်မြို့
၅။ ဦးသိန်းငွေး
အမှတ်(၂၆/၂၈)၊ အလံပြဘုရားလမ်း၊
စံပြဖဆပလရပ်ကွက်၊ မင်္ဂလာတောင်ညွန့်
မြို့နယ်
၆။ ဒေါ်ရွှေဥငွေး

**အယူခံတရားလို** **အယူခံတရားပြိုင်များ**

၂၀၁၂ ခုနှစ် အောက်တိုဘာလ ၁၁ ရက်စွဲပါ ရန်ကုန်အရှေ့ပိုင်းခရိုင် တရားရုံး၊ တရားမကြီးမှုအမှတ် ၈၇/၂၀၁၁ ၏ စီရင်ချက်နှင့် ဒီကရီ အယူတော်ခံမှု။

အထက်အမည်ပါအမှုမှ အယူခံတရားပြိုင်အမှတ်(၂) ဒေါ်ကြည်ကြည်(ခ) ဒေါ်မြင့်မြင့်အေး၊ အယူခံတရားပြိုင်အမှတ်(၄)ဒေါ်ခင်ငွေးကြည်(ခ)ဒေါ်ကြည်ကြည်ငွေး၊ အယူခံတရားပြိုင်အမှတ်(၅) ဦးသိန်းငွေး(ယခုနေရပ်လိပ်စာမသိ)သူများ သိစေရမည်။

ယခုအမှုတွင် ရန်ကုန်အရှေ့ပိုင်းခရိုင် တရားရုံးတော်မှ ချမှတ်ပေးသည့် ဒီကရီကို ဒေါ်ခင်မမငွေးက အယူတော်ခံရာ ဤရုံးတော်တွင် မှတ်တမ်းတင်စာရင်းသွင်း၍ ဤအယူခံမှုကို ၂၀၁၃ ခုနှစ် ဧပြီ ၅ ရက် (၁၃၇၄ ခုနှစ် တပေါင်းလပြည့်ကျော် ၁၀ ရက်) တွင်ဆိုင်ရန် ဤရုံးတော်က ချိန်းဆိုလိုက်သည်။

သင်တို့ကိုယ်တိုင်ဖြစ်စေ၊ သင်တို့ရှေ့နေဖြစ်စေ၊ အယူခံမှုတွင် သင်တို့အတွက် ရှက်ဆောင်ရန် တရားဥပဒေအရ ခွင့်ပြုထားသူ ကိုယ်စားလှယ်ဖြစ်စေ ဤရုံးသို့ မလာမရောက်ရှိခဲ့လျှင် ၄င်းအယူခံမှုကို သင်တို့မရှိသည့်အခါတွင် တစ်ဖက်သတ်ပြုလုပ်၍ စီရင်ဆုံးဖြတ်လိမ့်မည်။

ထို့ပြင် သင်တို့ကအယူခံနိုင်ခွင့်ရှိသော ဤအမှုတွင် ဒီကရီကို အမိန့်-၄၁၊ နည်းဥပဒေ-၂၂ အရ ကန့်ကွက်လိုလျှင် အမိန့်-၄၁၊ နည်းဥပဒေ-၂၂အရ ချိန်းဆိုထားသည့် အချိန်အတွင်း ဤကဲ့သို့ သင်တို့ကကန့်ကွက်ကြောင်း ဤအယူခံမှု ရုံးတော်၌ အကြောင်းကြား အစီရင်ခံစာ တင်သွင်းရမည်။

၂၀၁၃ခုနှစ် မတ် ၁၄ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**အမိန့်အရ**
**(ကျော်စွာငြိမ်း)**
**ဒုတိယညွှန်ကြားရေးမှူး**
**ရန်ကုန်တိုင်းဒေသကြီးတရားလွှတ်တော်**

# ဂုဏ်ယူဝမ်းမြောက်ခြင်း

ပြည်ထောင်စု သမ္မတမြန်မာနိုင်ငံတော်၊ နိုင်ငံတော်သမ္မတရုံးအမိန့်ကြော်ငြာစာအမှတ် ၁/၂၀၁၃ဖြင့် **သီဟသုဓမ္မသိင်္ဂီ**ဘွဲ့တံဆိပ် ထပ်မံချီးမြှင့်ခြင်းခံရသော မြန်မာနိုင်ငံလုံးဆိုင်ရာ ထေရဝါဒဗုဒ္ဓဘာသာအဖွဲ့ချုပ်နှင့် နယ်စပ်တောင်တန်းဒေသသာသနာ့နုဂ္ဂဟအသင်းကြီးဗဟိုအဖွဲ့ ဒု-ဥက္ကဋ္ဌနှင့် ရန်ကုန်တိုင်းဒေသကြီး သာသနာ့နုဂ္ဂဟအဖွဲ့ဥက္ကဋ္ဌ မဟာသဒ္ဓမ္မဇောတိကဓဇ၊ သီရိသုဓမ္မမဏိဇောတဓရ ဦးကျော်ခင်မြင့်၊ မောင်ရင့်ကျူး(မြောင်းမြ)၏ဇနီး လေးစားချစ်ခင်ရပါသော အစ်မကြီး သီဟသုဓမ္မသိင်္ဂီ ဒေါ်ခင်ခင်စိန်အား လှိုက်လှဲစွာဂုဏ်ယူဝမ်းမြောက်ကြောင်း မော်ကွန်းတင်အပ်ပါသည်။

**ကပ္ပတိန် ဒေါက်တာဦးရဲအောင်(လူမှုထူးချွန်)-သီဟသုဓမ္မသိင်္ဂီဒေါ်ခင်လှဲလှဲဝင်း(ခ)ဒေါ်လှဲလှဲဝင်း**


## 1ST USA COLLEGES SEMINAR

### အမေရိကန်ပညာရေးဟောပြောပွဲ

[illegible]

Mandalay
March 23, 12 pm to 4 pm
Utopia Hall,
22 Street, Bet: 82x83

FIND OUT HOW YOU CAN ATTEND TOP USA UNIVERSITY RIGHT AFTER 10th GRADE for DEGREES & CAREERS

in Science, Engineering, Technology, Medical Sciences, IT, Business, Management & More

Yangon
March 25, 10 am to 2 pm
Summit Park View Hotel,
Alone Road, Dagon Tsp.

Meet Univ. Reps. for Admissions & Scholarships

Academic Telesis

Please Call: 01-500092, 09-420087726

www.academictelesis.com


**ပြင်ဆင်မှုကိုဆိုင်ရန် ချိန်းဆိုသည့်နေ့ရက်ကို ပြင်ဆင်မှုလျှောက်ထားခံရသူများသို့ကြားသိစေသည့်**

### အကြောင်းကြားစာ

**ရန်ကုန်တိုင်းဒေသကြီး တရားလွှတ်တော်**
**၂၀၁၂ ခုနှစ် တရားမပြင်ဆင်မှုအမှတ် -၄၆၃**

ဒေါ်ခင်မမငွေး **နှင့်** ၁။ ဦးသန်းငွေး
၂။ ဒေါ်ကြည်ကြည်(ခ)ဒေါ်မြင့်မြင့်အေး
အမှတ်(၂၆/၂၈)၊ အလံပြဘုရားလမ်း၊
စံပြဖဆပလရပ်ကွက်၊ မင်္ဂလာတောင်ညွန့်
မြို့နယ်၊ရန်ကုန်မြို့
၃။ ဦးဂျင်မီ(ခ)ဦးငြိမ်းငွေး(ခ)ဦးဇော်ထွန်း
၄။ ဒေါ်ခင်ငွေးကြည်(ခ)ဒေါ်ကြည်ကြည်ငွေး
အမှတ်(၂၆/၂၈)၊ အလံပြဘုရားလမ်း၊
စံပြဖဆပလရပ်ကွက်၊ မင်္ဂလာတောင်ညွန့်
မြို့နယ်၊ ရန်ကုန်မြို့
၅။ ဦးသိန်းငွေး
အမှတ်(၂၆/၂၈)၊ အလံပြဘုရားလမ်း၊စံပြ
ဖဆပလရပ်ကွက်၊ မင်္ဂလာတောင်ညွန့်မြို့
နယ်၊ ရန်ကုန်မြို့
၆။ ဒေါ်ရွှေဥငွေး

**လျှောက်ထားသူ** **လျှောက်ထားခံရသူများ**

၂၀၁၂ ခုနှစ် ဩဂုတ်လ ၂၀ရက်နေ့စွဲပါ ရန်ကုန်အရှေ့ပိုင်းခရိုင်တရားရုံး၊ တရားမကြီးမှုအမှတ် (၈၇/၂၀၁၁) အမိန့်ကို ပြင်ဆင်မှု။

အထက်အမည်ပါအမှုမှ လျှောက်ထားခံရသူအမှတ်(၂)ဒေါ်ကြည်ကြည်(ခ) ဒေါ်မြင့်မြင့်အေး၊ လျှောက်ထားခံရသူအမှတ်(၄)ဒေါ်ခင်ငွေးကြည်(ခ)ဒေါ်ကြည်ကြည်ငွေး၊ လျှောက်ထားခံရသူအမှတ်(၅)ဦးသိန်းငွေး(ယခုနေရပ်လိပ်စာမသိ)သူများ သိစေရမည်။

ယခုအမှုတွင် ရန်ကုန်အရှေ့ပိုင်းခရိုင်တရားရုံးတော်မှ ချမှတ်ပေးသည့် အမိန့်ကိုလျှောက်ထားသူက ပြင်ဆင်မှုတင်သွင်းရာဤရုံးတော်တွင်မှတ်တမ်းတင်စာရင်းသွင်း၍ ဤပြင်ဆင်မှုကို ၂၀၁၃ ခုနှစ် ဧပြီ ၅ရက်(၁၃၇၄ ခုနှစ် တပေါင်းလပြည့်ကျော် ၁၀ရက်)တွင် ဆိုင်ရန် ဤရုံးတော်က ချိန်းဆိုလိုက်သည်။

သင်တို့ ကိုယ်တိုင်ဖြစ်စေ၊ သင်တို့၏ရှေ့နေဖြစ်စေ၊ ပြင်ဆင်မှုတွင် သင်တို့အတွက်ရှက်ဆောင်ရန်တရားဥပဒေအရခွင့်ပြုထားသူကိုယ်စားလှယ်ဖြစ်စေ ဤရုံးသို့ မလာမရောက်ရှိခဲ့လျှင် ၄င်းပြင်ဆင်မှုကိုသင်တို့မရှိသည့်အခါတွင် တစ်ဖက်သတ်ပြုလုပ်၍ စီရင်ဆုံးဖြတ်လိမ့်မည်။

၂၀၁၃ခုနှစ် မတ် ၁၄ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**အမိန့်အရ**
**(ကျော်စွာငြိမ်း)**
**ဒုတိယညွှန်ကြားရေးမှူး**
**ရန်ကုန်တိုင်းဒေသကြီးတရားလွှတ်တော်**

### ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာဒုံမြို့နယ်၊ ပလရ(အေးသာယာကွက်သစ်) ရပ်ကွက်၊ အေးသာယာ(၁)လမ်း၊ အမှတ် ၅၃၅/က-၆၂ ဟု ခေါ်တွင်သော ပေ (၃၀×၅၀)ရှိ မြေကွက်နှင့် မြေပေါ်တွင် ဆောက်လုပ်ထားသော အဆောက်အအုံနှင့်တကွ မြေပေါ်ရှိ သီးပင်စားပင်များ၊ မြေနှင့်ပတ်သက်သော အကျိုးခံစားခွင့်အရပ်ရပ်ကို လက်ရှိပိုင်ဆိုင်၍ လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသည်ဟု အဆိုပြုသူ ဦးထွန်းထွန်း ၁၂/မရက(နိုင်)ဝ၃၂၅၅၇ ထံမှ အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန် ကျွန်ုပ်၏မိတ်ဆွေက စရန်ငွေပေးချေပြီးဖြစ်ပါသည်။ ကန့်ကွက်လိုသူများရှိပါက ဤကြေညာပါသည့်ရက်မှ ၇ ရက်အတွင်း ခိုင်လုံသောအထောက်အထား စာရွက်စာတမ်းမူရင်းများတင်ပြ၍ ကျွန်ုပ်ထံ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက် ကျော်လွန်ပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

**ဦးမောင်မောင်ဝင်း**
**တရားလွှတ်တော်ရှေ့နေ(၂၀၇၇)**
**အမှတ်(၁၁၃)၊ ၃၁ လမ်း၊ ပန်းဘဲတန်းမြို့နယ်၊**
**ရန်ကုန်မြို့၊ ဖုန်း-ဝ၁-၃၇၇၇၁ဝ**

### သတိပေးတားမြစ်ခြင်း

ရန်ကုန်မြို့၊ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ် ၂၆၊ မြေကွက်အမှတ် ၇၅၂/က၊မြေကွက်အမှတ် ၇၅၃/က၊ မြေကွက်အမှတ် ၇၅၃/ခ မြေကွက်များ၏ မြေချပါမစ်မူရင်းများနှင့် အဆက်အစပ်စာချုပ်များမှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးသူအား ကျေးဇူးဆပ်ပါမည်။ အဆိုပါ ပါမစ်မြေကွက်များအား ရောင်းချခြင်း၊ ပေါင်နှံခြင်း၊ ပေးကမ်းခြင်းစသည့်တစ်နည်းနည်းဖြင့် လွှဲပြောင်းခြင်းများ မပြုလုပ်ရန် သတိပေးတားမြစ်အပ်ပါသည်။ လက်ဝယ်ထားရှိသူအား ဥပဒေနှင့်အညီ တရားစွဲဆိုသွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**ဒေါ်ဘီဘီသိန်း**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၈၇၉၁)**
**ဖုန်း-ဝ၉-၇၃၁ဝ၅၄၃၄**

### အထွေထွေကိုယ်စားလှယ်လွှဲစာ ရုပ်သိမ်းကြောင်းကြေညာခြင်း

ကျွန်တော်မှ ၂၁-၅-၂၀၁၂ ရက်တွင် ရန်ကုန်မြို့ စာချုပ်စာတမ်း မှတ်ပုံတင်ရုံး၌ ဦးထွန်းထွန်းငွေး ၁၂/စခန(နိုင်)ဝ၁၈၃၈၉ အား အထွေထွေကိုယ်စားလှယ်လွှဲစာ လွှဲအပ်ထားခြင်းကို ပြန်လည်ရုပ်သိမ်းကြောင်း ကြေညာအပ်ပါသည်။

**ဦးအောင်မြတ်**
**၁၂/စခန(နိုင်)ဝ၁၈၂၇၆**

### သမီးအဖြစ်မှအမွေပြတ်စွန့်လွှတ်ခြင်း

ကျွန်မ၏သမီးဖြစ်သူ တစ်အိမ်တည်းနေ မဥမ္မာသောင်း ၆/ထဝန(နိုင်)ဝဝဝ၄ဝ၉ အား ကျွန်မတို့ မကျန်းမမာဖြစ်နေကြစဉ် ပွဲရုံလုပ်ငန်းကို ခေတ္တဦးဆောင်စေထားပါသည်။ ၄-၁-၂၀၁၀ ရက် ဖခင်ကွယ်လွန်သွားပြီး ကျွန်မဆေးကုသမှုခံယူနေစဉ် သားသမက်ဖြစ်သူ နေမျိုးသွင် ၁၀/မလမ(နိုင်)ဝဝ၁၄၆၃ နှင့် ၄င်းတို့ ပူးပေါင်းကြံစည် အကွက်ဆင်ကြကာ မိဘ၏ ပွဲရုံလုပ်ငန်းကို အလွဲသုံးစားပြု၍ လုယူခြင်း၊ အသစ်ဝယ်ယူထားသည့် အိမ်တစ်လုံးကိုပါ အလွဲသုံးစား စွပ်စွပ်စွဲစွဲအကွက်ဆင်တရားစွဲဆို အပိုင်သိမ်းရန်ပြုလုပ်နေကြခြင်း၊ မိခင်နှင့်မောင်နှမများသိက္ခာကို ကျဆင်းစေခြင်း စသည့် မဖြစ်သင့်သော ကိစ္စရပ်များ ပေါ်ပေါက်စေသောကြောင့် ယနေ့မှစ၍ ၄င်းတို့နှစ်ဦးအား သေခန်း၊ ရှင်ခန်း၊ အမွေခန်းပြတ်စွန့်လွှတ်လိုက်ပါကြောင်း ကြေညာအပ်ပါသည်။ **(မေးမြန်းခြင်းသည်းခံပါ။)**

**ဒေါ်အေးပွန်**
**၆/ထဝန(နိုင်)ဝ၁၁၃၄၇**
**ထားဝယ်မြို့၊ တနင်္သာရီတိုင်းဒေသကြီး**

### ကန့်ကွက်နိုင်ပါသည်

[illegible]

LL.B

[illegible]

### ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဥက္ကလာပမြို့နယ်၊ ရွှေပေါက်ကံမြို့သစ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၁/၂)၊ မြေကွက်အမှတ်(၁၁/၂၇)၊ ပုဂံလမ်း၊ အကျယ်အဝန်း ပေ(၄၀×၆၀)ရှိ မြေကွက်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်တို့ကို မြေချပါမစ်အမည်ပေါက်ပိုင်ဆိုင်သူ ဦးဝင်းအောင် ၁၄/ဟသတ(နိုင်)၁၈၃၄၄၈ ထံမှ အဆက်စပ်စာချုပ်ဖြင့် လက်ဝယ်ပိုင်ဆိုင်သည့် ဒေါ်ခင်အုန်းမြင့် ၁၂/ဒဂန(နိုင်)ဝဝ၄၉၄၁ ထံမှ ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေပြီးဖြစ်ပါသည်။ အဆိုပါ မြေကွက်နှင့် အကျိုးခံစားခွင့်အရပ်ရပ်တို့ကို ပိုင်ဆိုင်ကြောင်း ကန့်ကွက်လိုသူရှိပါက ယနေ့မှစ၍ ခုနစ်ရက်အတွင်း ပိုင်ဆိုင်မှုအထောက်အထား အပြည့်အစုံမူရင်းတို့ဖြင့် ကျွန်ုပ်ထံလာရောက်ကန့်ကွက်နိုင်ပါသည်။ ၄င်းရက် ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို အပြီးအပြတ် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**ဒေါ်သဇင်မင်းမောင်**
**ဝ၉-၇၃၁၆၅၃၇၁၊ ဝ၉-၅၁၇၅၂၅၅**